
မြန်မာတို့၏ရွှေနိုင်ငံ

The Golden Land of Myanmar



သူရမြင့်မောင်

THU RA MYINT MAUNG

မြန်မာတို့၏ ရွှေနိုင်ငံ

The Golden Land of Myanmar

သုတေသနစာကြည့်တိုက်
ဗဟုသုတထောက်ထွန်းကာပြန်ဝေငှားရေးဦးစီးဌာန

စာမူခွင့်ပြုချက်အမှတ် - ၁၁၂၇/ဃင (၁၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၉၆၅၅/၂၀၀၁ (၁၁)

ပုံနှိပ်ခြင်း

ပထမအကြိမ် ၊ ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ

အုပ်ရေ - (၁၀၀၀)

ဘာသာပြန်

တင်နွယ်မောင်၊ ဦးဝင်းထွန်း၊ ကိုသန်းထူး

မျက်နှာဖုံးဒီဇိုင်းကာလာခွဲ

ကျော်စိုးလှိုင်(အနာဂတ်ကမ္ဘာ)

အတွင်းအပြင်အဆင်

ကိုဝင်းထွန်း(အနာဂတ်ကမ္ဘာ)

ပုံနှိပ်သူ

ဦးရဲမြင့်၊ ချမ်းသာရောင်စုပုံနှိပ်တိုက် (၀၆၁၀၃)

အမှတ်(၅၃/၆)၊ ၅၅ လမ်း၊ ပဌမတောင်ပြိုနယ်၊

ရန်ကုန်မြို့။

စာအုပ်ချုပ်

ကိုကော်ဝမ်း (သစ်လွင်ဇေ)

အမှတ် (၅၃/၂)၊ ၅၅ လမ်း၊ ပဌမတောင်ပြိုနယ်၊

ရန်ကုန်မြို့။

ISBN 978-99971-0-218-X

အမှာစကား

ပြည်ထောင်စုမြန်မာနိုင်ငံတွင် အမြဲတမ်း ရစ်ခွေစီးဆင်း၍ ငွေသားရောင် တဖိတ်ဖိတ်တလက်လက်ဖြင့် တောက်ပနေသည့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်များ၊ စိမ်းမြမြစိမ်း၍ ညို့ညို့မောင်းမောင်း သစ်ရိပ်ဆောင်းသည့် ကချင်ရိုးမ၊ ရခိုင်ရိုးမ၊ ပဲခူးရိုးမ၊ ရှမ်းရိုးမ၊ တနင်္သာရီရိုးမတောင်တန်းကြီးများ၊ ရှုမျှော်လေတိုင်း မဆုံးနိုင်သော ရွှေရောင်ကမ္ဘလာကြီးများ ခင်းထားသည့်အလား ဝင်းဝါ ထိန်လင်း တောက်ပလှသည့် စပါးခင်းကြီးများ၊ ဖြူဖြူဖွေးဖွေး၍ ကြည်နူးဖွယ် လွမ်းဆွတ်ဖွယ် သဒ္ဒါကြည်ညိုဖွယ် ဆွဲဆောင်နိုင်စွမ်းရှိသည့် တောင်ထိပ် တောင်ခါးပန်းများတွင် တည်ထားကိုးကွယ်သော စေတီတော်များ စသည်တို့ဖြင့် မြန်မာနိုင်ငံရှုခင်းတို့သည် အလှဆုံးရှုခင်းများအဖြစ် တည်ရှိနေကြသည်။ တစ်ဖန် နှစ်ပေါင်း သန်း(၄၀) သက်တမ်းရှိခဲ့သည့် ပုံတောင်ဒေသမှ ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ကျောက်ခေတ် ကြေးခေတ် သံခေတ် အဆက်ဆက်မှ တူးဖော်တွေ့ရှိ ရရှိထားသည့် ရှေးဟောင်းပစ္စည်းများ၊ နှစ်ပေါင်း ၁၀၀၀၀ ခန့်က ပြဒါးလင်းဂူမှ နံရံပန်းချီများ၊ နှစ်ပေါင်း ၂၅၀၀ ကျော်သက်တမ်းရှိသော ကမ္ဘာကျော်အုံခိုးဖွယ်ရာတစ်ပါး အပါအဝင်ဖြစ်သည့် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီး၊ ပုဂံခေတ် ပုဂံမြို့ဟောင်းရှိ ထောင်ချီ၍ တည်ထားကိုးကွယ်ပြီး စောင့်ရှောက်ထိန်းသိမ်းလျက်ရှိသည့် ဘုရားအဆူပေါင်း ၂၀၀၀ ကျော် ရှေးဟောင်း ပုထိုးစေတီများ၊ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ မိုင်းမော၊ ပျူခေတ်မြို့တော်ဟောင်းများနှင့် ပျူခေတ်အမွေအနှစ်များ၊ အင်းဝရှိ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ခေတ်က တည်ထားခဲ့သောစေတီတော် ဆင်းတုတော်၊ ပင်းယဂူကြီး (၃) လုံး၊ ပင်းယခေတ် တစ်ဆူတည်းသော လောကဒုဿမာရ်အောင်ဆင်းတုတော်ကြီး၊ ရှေးခေတ်အမွေအနှစ်များ၊ တပ်မတော် အစိုးရလက်ထက် ပြန်လည်တည်ဆောက်ထားသည့် မန္တလေးမြို့ မြနန်းစံကျော် ရွှေနန်းတော်ကြီး၊ ရွှေဘိုမြို့ ရွှေဘုံရတနာ ရွှေနန်းတော်၊ ပဲခူးမြို့မှ ကမ္ဘောဇသာဒီရွှေနန်းတော်ကြီးများတို့သည် မြန်မာ့ဂုဏ်ရောင်ကို ထွန်းလင်းပြောင်၍ ဂုဏ်ဆောင်လျက်ရှိသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ ဤကား မြန်မာတို့၏ ရွှေနိုင်ငံတော် ယဉ်ကျေးမှု ရတနာများ၊ သဘာဝရတနာပစ္စည်းများဖြင့် ချမ်းသာ ကြွယ်ဝပုံတို့ကို အကျဉ်းမျှ ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

မြန်မာတို့၏ရွှေနိုင်ငံ (The Golden Land of Myanmar) စာအုပ်သည် မြန်မာနိုင်ငံအကြောင်း မိတ်ဆက်နိဒါန်းဟု ဆိုနိုင်ပါသည်။ ဤစာအုပ်ကို ပြုစုသူ ဝိုလ်မှူးချုပ် သူရမြင့်မောင်သည် မြန်မာနိုင်ငံတော်၏ပြည်နယ် (၇)ခု၊ တိုင်း (၇) ခုနှင့် ကမ္ဘာပေါ်တွင် ရှေးဟောင်း မြို့တော်အဖြစ် ကျော်ကြားထင်ရှားသော ပုဂံမြို့ဟောင်းအပါအဝင် (၁၅) ခုကို (၁) တိုင်း/ပြည်နယ်အကြောင်း သိကောင်းစရာ (၂) တိုင်းနှင့် ပြည်နယ်အတွင်းရှိ စေတီပုထိုးများ ဆင်းတုတော်များနှင့် သမိုင်းအကျဉ်း၊ တိုင်းနှင့်ပြည်နယ်အတွင်းရှိ ကြည့်ရှုလေ့လာစရာ ရှုခင်းသာများဟု ခေါင်းစဉ်များတပ်၍ ပြုစုထားပါသည်။ ဤတွင် ရန်ကုန်တိုင်း၌ ရန်ကုန်မြို့မြေပုံ၊ မန္တလေးမြို့မြေပုံ၊ ပုဂံမြို့မြေပုံ၊ ကော့သောင်းမြို့တို့ကိုလည်း သူ့တိုင်းများတွင်ထည့်သွင်း၍ ပြထားသည်ကို တွေ့ရပါသည်။

စာရေးသူသည် မြန်မာတို့၏ ရွှေနိုင်ငံအကြောင်းကို နိဒါန်းသွယ်၍ ရှာချင့်စဖွယ်၊ နေထိုင်ချင့်စဖွယ်ကောင်းပုံကို ရေမြေတောတောင် သဘာဝ ရာသီဥတုအလှများနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ကြွယ်ဝပုံ၊ မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှု၊ လူမှုရေး ဓလေ့ထုံးစံ ပြောဆိုဆက်ဆံတတ်ပုံတို့ကိုပါ ပေါ်လွင်အောင် တိုတိုတုတ်တုတ်နှင့် ရှင်းရှင်းလင်းလင်း ရေးသားထားပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အကြောင်း သိကောင်းစရာတွင်လည်း သူ၏စာဖတ်ရှုသူတို့ အချိန်တိုတိုအတွင်းမှာပင် သိသာမှတ်ရှုရလောက်အောင် အချက်အလက် ပြည့်ပြည့်စုံစုံဖြင့် ဖော်ပြပြုစုပြီး ကြိုးပမ်းထားသည်ကို တွေ့ရရာ စာရေးသူ၏ စေတနာကို သိမြင်လာပါသည်။

ဤစာအုပ်တွင် မြန်မာနိုင်ငံတော်၏သမိုင်းဝင်ပုဂ္ဂိုလ်များ၏ရုပ်တုများ၊ ထင်ရှားကျော်ကြားသော အဆောက်အအုံများ၊ ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့ တည်ထားကိုးကွယ်သော တန်ခိုးကြီးစေတီပုထိုးများရှိရာတွင် တိုင်းနှင့်ပြည်နယ်အသီးသီးရှိ များပြားလှသော စေတီပုထိုးများအနက် ရွေးထုတ်ထားသောဓာတ်ပုံများ၊ တည်ဆောက်ပြုပြင်မြန်ပြည်တစ်ခွင်မှ တံတားကြီးများ၊ ဟိုတယ်ကြီးများ စသည်တို့ကိုပါ စုံလင်အောင် ဓာတ်ပုံများဖြင့် ဖော်ပြထားသည်။ အချို့အဆောက်အအုံများ၊ ရုပ်တုများကို နောက်ခံအကြောင်းအရာ အတိုချုပ်ရှင်းလင်းချက်များပါ ထည့်သွင်း ဖော်ပြပေးထား၏။

ဤစာအုပ်၏တစ်မူထူးခြားချက်ကား စာများများရေးသားခြင်းထက် အဆင့်အတန်းမြင့်သော ဓာတ်ပုံလက်ရာများဖြင့် တစ်အုပ်လုံး ရိုက်ကူးတင်ပြထားခြင်းဖြစ်သည်။ ရှေးတရုတ်စကားပုံတစ်ခုရှိသည်။ အရုပ်ကားတစ်ချပ် စကားလုံးတစ်ထောင်ဟု ဆိုရိုးရှိခဲ့သည်။ ယခုလည်း ဤစာအုပ်ပြုစုသူသည် အပင်ပန်းခံ၍ မြန်မာနိုင်ငံတော်အတွင်းရှိ ဖော်ပြသင့်သော အဆောက်အအုံ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ တပ်မတော်အစိုးရလက်ထက်တည်ဆောက်တိုးတက်လာမှုများကို သေချာစွာစုစည်း၍ သူတတ်စွမ်းသမျှ စုစည်းတင်ပြလိုက်ခြင်းမှာ အံ့သြဖွယ် ချီးကျူးဖွယ်ပင်ဖြစ်သည်။

မြန်မာနိုင်ငံတော်၏ လူမှုရေး၊ မြို့ပြယဉ်ကျေးမှုတည်ဆောက်ရေးလုပ်ငန်းအချို့ကိုလည်း သမိုင်းဝင်မှတ်တမ်းတင်ရာရောက်သည်။ ကျွန်တော်တို့သည် နေ့စဉ်ထုတ်သတင်းစာများတွင် နေ့စဉ်ဖော်ပြပုံနှိပ်ထုတ်ဝေနေသောသတင်းများ၊ ဓာတ်ပုံသတင်းများကို ကြည့်မြင် ဖတ်ရှုနေကြသည်။ သို့သော် တစ်နေ့တာပြီးလျှင် နောက်တစ်နေ့တာထွက်လာသောသတင်း၊ သတင်းဓာတ်ပုံများကို ကြည့်မြင်ဖတ်ရှုရပြန်သည်။ ဤသို့ဖြင့် သတင်းနှင့်သတင်းဓာတ်ပုံတို့သည် သတင်းစာများတွင်သာရှိ၍ ပြန့်ကျဲနေသည်ဟုဆိုရမည်။ ယခုကဲ့သို့ မှတ်တမ်း တင်ထိုက်သော သတင်းဓာတ်ပုံများကို တစ်စုတစ်စည်းတည်း ဖော်ပြလိုက်ခြင်းသည် မြန်မာနိုင်ငံ၏သမိုင်းအထောက်အထားမှတ်တိုင် အဖြစ် ကျန်ရစ်ပေသည်။

ဤတွင် ကျွန်တော်တို့ကျော်လွန်ဖြတ်သန်းခဲ့သော ၁၉၉၆-ခုနှစ်၊ မြန်မာ့ခရီးသွားနှစ် အခမ်းအနားအကြောင်းနှင့် မြန်မာ့ခရီးသွားနှစ်ဆိုင်ရာဓာတ်ပုံကဏ္ဍာသည်လည်း တပ်မတော်အစိုးရ၏ တိုးချဲ့လုပ်ကိုင်လာသော ကမ္ဘာလှည့်ခရီးသွားဆက်သွယ်ရေးကို မော်ကွန်းတင်ပေးထားခြင်းလည်း များစွာကျေးလူးတင်ဖွယ်ဖြစ်သည်။

စာရေးသူသည် ဤသို့မြန်မာနိုင်ငံအကြောင်းကို အတိတ်၊ ပစ္စုပ္ပန်ကာလ ဆက်စပ်၍ အံ့သြဖွယ်၊ ရင်သပ်ရှုမောဖွယ်အလှရတနာများကို စုဆောင်းပြုစုလိုက်ခြင်းသည် ကမ္ဘာလှည့်ခရီးသည်များ၊ မိမိနိုင်ငံရှိ ဗဟုသုတလိုက်စားလိုသူများအတွက် အဖိုးမဖြတ်နိုင်သော စာအုပ်တစ်အုပ်ဖြစ်ကြောင်း ရည်ညွှန်းရေးသားလိုက်ပါသည်။ ပြုစုသူ ဇိုလ်မှူးချုပ် သူရမြင့်မောင်အား လည်း ချီးကျူးဂုဏ်ပြုလိုက်ပါသည်။

ထီလာစစ်သူ

နေ့စွဲ ။ ။ ၇ ရက် ဇွန်လ ၂၀၀၁ ခုနှစ်
နေ့ရက်။ ။ ကြာသပတေးနေ့
အချိန် ။ ။ ၀၉ : ၂၀ နာရီ
နေရာ ။ ။ ရန်ကုန်မြို့။

FOREWORD

In the Union of Myanmar the Ayeyawady, Chindwin, Thanlwin and Sittaung rivers which constantly flow in twists and turns from north to south and sparkle under the bright sun; those mountain ranges in Kachin, Rakhine and Shan States and in Bago and Tanintharyi Divisions covered by dark green forests; those paddy fields that have turned gold and are extending farther than eye could reach; and, those admirable whitewashed pagodas built on the tops and brinks of the hills are the picturesque scenes that form the beautiful landscape of Myanmar.

The 40 million-year old fossils from Pon-Taung area; the artifacts of stone-age and successive ages; the wall paintings in 10,000-year old Pyadalin Cave; the glorious Shwedagon Pagoda which being one of the world wonders; over 2000 pagodas of Bagan era in ancient Bagan which are well-preserved; cultural heritage from ancient city states such as Vishnu, Hanlin, Srikissara, Mongmaw and Pyu cities; ancient pagodas and Buddha Images of Pinya, Innwa and Konbaung era; Mya Nan San Kyaw Palace in Mandalay, Shwebon Yadana Palace in Shwebo and Kanbawza Thardi Palace in Bago all of which been rebuilt under the Military Government are the historical landmarks that briefly symbolize the grandeur of ancient Myanmar during successive dynasties.

This book, The Golden Land of Myanmar, is supposed to be an introduction to the Union of Myanmar. The author, Brig-Gen Thura Myint Maung, has compiled and presented the facts about the Union of Myanmar made up of 14 states and divisions including their historical and cultural structures and tourist attraction sites. Moreover, maps of Yangon, Mandalay, Bagan and Kawthoung are also displayed division-wide in this book.

In his introduction the author has portrayed the beautiful landscape of Myanmar and its richness in cultural heritage and Myanmar people's culture, tradition and customs in his brief and simple style of writing. When I found that he has tried his utmost to help the readers learn thoroughly about the Union of Myanmar in the shortest possible way by presenting such facts and figures I felt deep appreciation upon his noble aim in writing this book.

The unique feature of this book is that Myanmar's image has been vividly described in photographs rather than in words. Hence, the author's impressive work on compiling and presenting such data within his capacity is, in my opinion, worthy of praise.

Last, but not least to mention is that this book would provide useful and valuable information to the tourists as well as to those who wish to know more about the Union of Myanmar and its people.

Htilar Sit Thu
1996 The Great Poet Laureate JAPAN
2001 The Literary Messenger of Friendship CHINA

Dated: 7 th June, 2001.
YANGON.

စေတနာ မေတ္တာ အမှာစကား

သူရမြင့်မောင်က "မြန်မာတို့၏ ရွှေနိုင်ငံ"ဟု ခေါ်ပြုတင်စား ရေးသားထားပါသည်။ လွန်စွာမှန်ကန်ပါသည်။ ယခုအခါ "မြန်မာတို့၏ ရွှေနိုင်ငံ" သာမက "အံ့ဖွယ်မြန်မာနိုင်ငံ" Magic Land ဟူ၍ပင် ဆိုချင်ပါသည်။

"မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် မိရိုးဖလာယဉ်ကျေးမှု ပကတိရိုးသားမှုသက်သက်နှင့် ရေမြေတောတောင်သဘာဝအတိုင်း ကျန်ရစ်တည်ရှိနေသေးသည့် ချစ်စရာနိုင်ငံတစ်နိုင်ငံ" ဟူသည့် အယူအဆကို ပိုမိုသဘောကျနှစ်ခြိုက်ပါသည်။ ကဗျာဆရာကြီး ထီလာစစ်သူက မြန်မာနိုင်ငံ၏ရှေးဟောင်းယဉ်ကျေးမှုစံကို သက်သေသာဓကစုံလင်စွာ ရှင်းလင်းပြဆိုထားပါသည်။ မြန်မာသာမက၊ အရှေ့တောင်အာရှသာမက၊ ကမ္ဘာကပါ မြန်မာတို့၏ နှစ်ပေါင်းသန်းလေးဆယ်က ပုံတောင်ဒေသ၊ ကျောက်ဖြစ်ရုပ်ကြွင်းကို လက်ခံအတည်ပြုမော်ကွန်းဝင် မော်ကွန်းတင်ခဲ့ပါပြီ။

ကမ္ဘာတွင် မြန်မာနိုင်ငံတစ်နိုင်ငံတည်းသာ ရှေးဟောင်းယဉ်ကျေးမှုတစ်စုတစ်စည်းတည်း တည်ရှိရာနိုင်ငံအဖြစ် ပုဂံဒေသက သက်သေပြလျက်ရှိပါသည်။ ပုဂံအားမာန်သည် မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ အံ့မခန်းအားမာန် စံတင်ဖွယ်ရာဖြစ်ပါသည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ရေမြေတောတောင် ပင်ကိုသဘာဝဆက်လက်တည်ရှိသော နိုင်ငံဖြစ်ပါသည်။ သဘာဝသယံဇာတ တောတောင်ရေမြေများတွင် Virgin Forest အများဆုံးတည်ရှိသည့် သဘာဝအလှနိုင်ငံဖြစ်ပါသည်။

စာရေးသူသည် စစ်မှုထမ်းစဉ်အတွင်း မြန်မာ့မြေအနှံ့ ခြေဆန့်ခဲ့သူဖြစ်သည်။ ရောက်လေရာရာဒေသအသီးသီး အနည်းနည်းအပုံပုံ ပြည့်စုံကုံလုံစွာ ဒေသန္တရ ဗဟုသုတအပြည့်အဝမှတ်တမ်းတင်ထားသည်။ မြန်မာတိုင်းရင်းသားဘဝဓလေ့ကို မမေ့လိုသော စေတနာ သဘောကို လေ့လာပါက တွေ့လာရမည်ဖြစ်ပါသည်။ မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အခြေခံကို ဧကန်အမှန်တရားအဖြစ် ဖော်ပြထားသည်။

ကမ္ဘာအကြောင်းသိရှိလေ့လာတတ်ကြသော်လည်း မြန်မာ့အကြောင်း တစေ့တစောင်းကိုပင် မသိချင်၊ မမြင်ချင်၊ မလေ့လာချင်သူတို့အဖို့ သူရမြင့်မောင်က စေတနာမေတ္တာဖြင့် မသိမသာဆွဲဆောင်ခေါ်ယူကာ လေ့လာသူဖြစ်အောင် စွမ်းဆောင်ရေးသားထားပါသည်။

ဤသည်ပင် စာရေးသူ၏ စေတနာအရင်းခံဖြစ်ပါသည်။ မြန်မာမှန်လျှင် ပုဂံသို့ရောက်ရပါမည်။ "မြန်မာတို့၏ ရွှေနိုင်ငံ" ကို အမှန်ရောက်လိုပါက၊ သိလိုပါကဖတ်ရှု လေ့လာအပ်သော မှတ်တမ်းကောင်း စာတစ်အုပ်အဖြစ် အကဲဖြတ်မိပါသည်။

မြန်မာမှန်လျှင် "မြန်မာတို့၏ ရွှေနိုင်ငံ"ကို ဖတ်ပါ၊ မှတ်ပါ၊ လေ့လာပါဟု စေတနာမေတ္တာထား၍ ဤအမှာစကားကို ရေးသားလိုက်ရပါသည်။

တက္ကသိုလ်တင်ခ

ရက်စွဲ ။ ။ ၂၀၀၁- ခုနှစ်၊ ဇွန် ၂၅ ရက်
နေရာ ။ ။ ရန်ကုန်မြို့

FOREWORD

Theauthor, Thura Myint Maung, has specifically named the country "The Golden Land of Myanmar" in his book. An absolutely correct term, indeed. Moreover, I should call it "The Magic Land".

Particularly, I profoundly appreciate his idea of portraying Myanmar as a beautiful country in Southeast Asia where enjoyable enchantment of her traditional culture and nature reserves remain intact.

Today's great poet of Myanmar, Htila Sitthu has also vividly described the status of Myanmar's earliest civilization in his foreword. The fossils that were unearthed in Pon Taung area in Myanmar have proved to be the earliest primates of some 40 million years ago ever found in the world.

Myanmar is distinguished among other countries in the wrold for Bagan where a collection of ancient Myanma culture can be observed in a single area.

Myanmar is also a beautiful country blessed with abundant natural resources. It is a mountainous country with a vast area of natural rain forests.

The author has travelled throughout the country during his military service. He used to thoroughly study and take note of the culture and life of the indigenous races wherever he reached. The reader will notice his sincere wish to preserve the life and culture of his countrymen residing in respective regions in Myanmar.

The author has written this book from experience to compel the reader to turn one page after another and learn more about Myanmar.

I would like to approve this book as a good idea to provide a wide range of information about Myanmar to both foreigners and locals alike.

My simple suggestion is that those who want to visit Myanmar should read this book.

Tekkatho Tin Kha

Date : 25th, June, 2001

Yangon.

နိဒါန်းစကား

ဝန်ထမ်းဘဝတုန်းက မြန်မာပြည်အနှံ့ခရီးသွားခဲ့ဖူးသည်ကို ပြန်သတိရမိသည်။

ရဟတ်ယာဉ်၊ လေယာဉ်၊ ရထား၊ ကားစသည့်ပို့ဆောင်ရေးယာဉ်အသီးသီးဖြင့် နေရာဒေသအသီးသီးသို့ ရောက်ခဲ့ဖူးသည်။ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းစသည်ဖြင့် ပြည်နယ်နှင့်တိုင်းတွေစုံလှ၏။ စစ်ဆင်ရေး၊ လေ့လာရေး၊ မှတ်တမ်းတင်၊ သတင်းကိစ္စ၊ ရုပ်ရှင်ဇာတ်ကား၊ ဒီဒီယိုဇာတ်လမ်း၊ ရုပ်မြင်သံကြားအစီအစဉ်စသည်ဖြင့် သွားလာခဲ့ရသော ကိစ္စတွေကလည်း အမျိုးစုံလှသည်။

ထိုစဉ်ကကြုံတွေ့ရသောအခက်အခဲမှာ တစ်နေရာရောက်တိုင်း ဒေသခံများအား ၎င်းတို့ဒေသ၏အကြောင်းတွေကို စပ်စပ်စုစုမေးရ၏။ ဒေသခံတွေ ပြောသမျှကို မှတ်ရသည်။ မှတ်တမ်းအထောက်အထားတွေပြန်ရှာ၍ တိုက်ဆိုင်စစ်ဆေးရသည်။ မှတ်တမ်းပြုစုရသည်။ ပြီးလျှင် ဒေသတွင်းရှိထူးခြားသော နေရာများသို့ ကိုယ်တိုင်ရောက်အောင် သွား၏။

"ကြားအောင်နားထောင်၊ မြင်အောင်ကြည့်၊ ရောက်အောင်သွား"ဟု ဆရာသမားတစ်ဦးက ဆုံးမခဲ့ဖူးသည်ကို အမြဲတမ်းသတိရမိသည်။ ထိုအဆုံးအမအတိုင်းဆောင်ရွက်သဖြင့် သတင်းအချက်အလက်တို့သည် နီးနီးစပ်စပ်ပြည့်ပြည့်စုံစုံရခဲ့သည်။ ဒါက ဝန်ထမ်းဘဝမှာတုန်းက တာဝန်နှင့် ဖြစ်သဖြင့် သက်ဆိုင်ရာဒေသခံတို့၏ ပံ့ပိုးကူညီမှုတွေကို အလွယ်တကူရခဲ့ခြင်းဖြစ်သည်။

ယခုတော့ ဝန်ထမ်းဘဝတာဝန်တွေလည်းမရှိတော့သဖြင့် ခရီးထွက်သည့်အခါ ဒေသခံတို့၏ ပံ့ပိုးကူညီမှုတွေကို မျှော်လင့်နေ၍မရတော့။ ဒေသတစ်နေရာသို့ သွားတော့မည်ဆိုလျှင် ထိုနေရာဒေသတို့၏ နောက်ခံသမိုင်း၊ ဒေသခံလူမျိုးတို့၏ ဓလေ့စရိုက်၊ ဒေသတွင်းရှိ ထူးခြားသော နေရာများ၊ စိတ်ဝင်စားဖွယ်ရာများစသည်တို့ကို အကြမ်းဖျဉ်းတော့ လေ့လာရပေမည်။ ထိုအခါ စာရွက်စာတမ်းတွေ အထောက်အထားတွေ ရှာဖွေရတော့မည်။ စာကြည့်တိုက်သို့ဝင်ရမည်။ စာအုပ်တွေငှားရမည်။ အချက်အလက်တွေထုတ်ရမည်။ သည့်အတွက်အချိန်တွေ မြောက်များစွာ ကုန်မည်။ မြန်မာပြည်၏ စတုရန်းမိုင်(၂)သိန်း (၆)သောင်းကျော် ဧရိယာအတွင်း သိစရာတွေက များလှသည်။ သမိုင်းအစဉ်အလာကြီးမားသော လူမျိုးတို့နေထိုင်ရာ တိုင်းပြည်ဖြစ်သည်နှင့်အညီ ဖြစ်စဉ်ဖြစ်ရပ်တွေက အစုံအလင်၊ တစ်ပုံတစ်ပင်၊ ကိုယ့်တိုင်းပြည်၏အကြောင်းကို ကိုယ်တိုင် အသေးစိတ်သိဖို့ပင် လွယ်လှသည်မဟုတ်။

သည်အခက်အခဲတွေကို တစ်ပိုင်တစ်နိုင် တစ်ဖက်တစ်လမ်း ပြေလည်စေသော်ငှာ ဆရာသူရမြင့်မောင်က ယခုသည်စာအုပ်ကို စေတနာရှေ့ထား၍ ပြုစုလိုက်ပုံရသည်။ သည်စာအုပ်အတွင်း၌ တိုင်းနှင့်ပြည်နယ်အစုံက ထူးခြားသော နေရာတို့၏အကြောင်းကို အထောက်အထားစာတမ်းပုံ ဝေဝေဆာဆာဖြင့် ဖော်ပြထားသည်။ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေထားသည့်အတွက်လည်း ရပ်ဝေးမြေခြားမှ ခရီးသွားဧည့်သည်တို့အတွက်ပါ ခရီးသွားလမ်းညွှန်အဖြစ် အဆင်ပြေစေနိုင်သော စာအုပ်တစ်အုပ်ဖြစ်နေပြန်ပါသည်။

"ကဲ - မိသားစုများ မြန်မာပြည်အနှံ့ ဘုရားဖူးသွားကြမည်လား။"

ဆရာသူရမြင့်မောင်ရဲ့ သည်စာအုပ်ကို ဆောင်ကိုဆောင်ထားမှ ဖြစ်မည်ဟု နိဒါန်းစကားနှင့်တကွ သတင်းကောင်းပါးပါရစေခင်ဗျား။

မြသန်းစံ (၉- ၉- ၂၀၀၀)

FOREWORD

This book reminds me of my career through which I have travelled the length and breadth of Myanmar.

To recount my experience in travelling, I have been to various states and divisions such as Shan and Kayin, Kachin and Kayah, Ayeyawady and Tanintharyi etc by a variegated means of transport sometimes by copter and sometimes by Fokker, sometimes by train and sometimes by plane. And the purpose of travel has varied; sometimes on operation and sometimes on excursion, sometimes on documentation and sometimes on presentation.

During these tours the problem I have very often been faced with was the dire need to be well informed of the local people and their culture and tradition. I had to approach the local populace to seek information in a rather inquisitive way. Then I compiled the data collected verifying with respective authorities.

I am almost always reminiscent of the watchword of one of my mentors: "Be watchful, go personally to get first-hand information." Heedfulness of his advice or words of admonition made me able to collect information to the fullest possible. However, one thing is that I could have done so because I was an officer with some responsibility, which had facilitated my data collection or helped quenched my thirst for knowledge or maybe my curiosity.

Nonetheless, life has changed with my retirement, which could no longer help me find out what a new place or environment was. And this started to compel me to stand on my own feet in collection and compilation of data. I now need to go to libraries or resource centres, costing me precious time to spare.

As known to all, ours is a country with a vast area to conquer - ie to find out who is who and which is which in a particular entity. In addition, Myanmar has a great history to explore, and this makes it difficult to catch up with the monumental events and momentous occasions.

This is where this book comes in. It seems to me that Saya Thura Myint Maung has endeavoured to contribute his share to fulfilling this requirement. His compilation covers the whole country with a host of photos as documental evidence. Another advantage is that since his is published in English version, this will be of dramatic help to the tourists and travellers from abroad.

Well, Do you have any vacation arrangement? Take Saya's guidebook along!!

Mya Than San (9- 9- 2000)

ဥယျောဇဉ်

မြန်မာနိုင်ငံအကြောင်းသိကောင်းစရာ ဤမှတ်တမ်းစာအုပ်အား ပြုစုတင်ပြသူ ကျွန်တော့်အနေဖြင့် စာရေးဆရာ စစ်စစ်တစ်ယောက် မဟုတ်သည့်အတွက် စာပေအရေးအသား မကျွမ်းကျင်သော်ငြားလည်း မြန်မာပြည်အကြောင်း သိကောင်းစရာများကို လွယ်လွယ်ကူကူဖြင့် တစေ့တစောင်းကြည့်ကောင်းရုံလောက်သာ ပြုစုတင်ပြနိုင်ခြင်းဖြစ်ပါသဖြင့် အားလုံးပြီးပြည့်စုံမည်လည်းမဟုတ်သေးပါ။ အကယ်၍ စာပေအရေးအသား အချက်အလက် အသုံးအနှုန်းများ ချွတ်ချော်ချို့ယွင်းချက်များတွေ့ရှိပါလျှင်လည်း ဖတ်ရှုလေ့လာသူများအနေဖြင့် ဖြည့်စွက်ပေးသွားလိမ့်မည်ဟု ကျွန်တော်ယုံကြည်မိပါသည်။ အလားတူပင် အမိမြန်မာပြည်အကြောင်း စိတ်ဝင်စား၍ ဆက်လက်ပြီး ပိုမိုပြည့်စုံစွာ ရေးသားပြုစုသူများရှိပါကလည်း ဤစာအုပ်သည် တစ်စိတ်တစ်ဒေသအားဖြင့် အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ပါသည်။ အမိမြန်မာပြည်နှင့် ပတ်သက်၍ ဘာသာဓလေ့ထုံးစံယဉ်ကျေးမှု တောတောင်သဘာဝများက အံမခန်းလောက်အောင် နက်နဲဆန်းကျယ် များပြားလှပါသည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် မိရိုးဖလာယဉ်ကျေးမှု ပကတိရိုးသားမှုသက်သက်နှင့် ရေမြေတောတောင် သဘာဝအတိုင်း ကျန်ရစ်တည်ရှိနေသေးသည့် ချစ်စရာနိုင်ငံ တစ်နိုင်ငံဖြစ်ပါသည်။ ရောက်ဖူးသူတိုင်းကလည်း ထိုကဲ့သို့ရှေးမူမပျက် ထိန်းသိမ်း စောင့်ရှောက်ခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ်များကို ကြည့်ရှုငေးမောအံ့သြခြီးမွမ်း၍ မကုန်ဖြစ်နေကြပါသည်။ ဥပမာအားဖြင့် ပုဂံမြေကို ရောက်ခဲ့ကြသူတိုင်း ပုဂံမြေက မခွာနိုင်။ ပြန်ကာနီးတွင်လည်း အခါခါလှည့်ပတ်ကြည့်ရှုကြသကဲ့သို့ တကယ်ပြန်ရမည်ဆိုတော့လည်း မြန်မာပြည်နှင့် ပုဂံကို တစ်ခါရောက်ဖူးရုံမျှဖြင့် လွမ်းလျှက်နှင့်ခွဲခွာရသည်ချည်းပါပေ။။။ ထို့အတူ "နောက်တစ်ကြိမ် ပြန်လာပါဦးမည်၊ မြန်မာပြည်ရယ်"လို့ စိတ်ထဲက တိုးတိုးရွရွ ရွတ်ဖတ်၍ သွားကြသလို နှုတ်မှလည်း တွေ့ရသူမြန်မာများကို နောက်တစ်ကြိမ် သူတို့ပြန်လာကြပါဦးမည်ဟု နှုတ်ဆက်၍ ပြန်ကြပါသည်။

ကျွန်တော်တို့ မြန်မာလူမျိုးများအနေဖြင့် ကိုယ့်ကိုယ်ကို မြန်မာလူမျိုးဖြစ်ရခြင်း၊ ဗုဒ္ဓဘာသာဝင်ဖြစ်ခြင်းနှင့် ယဉ်ကျေးသော အဖွဲ့အစည်း အသိုင်းအဝိုင်းတွင် လူလာဖြစ်ရသည်ကိုပင် ကျေနပ်နှစ်သိမ့်မဆုံးဖြစ်ရပါတော့သည်။ ရုပ်ဝတ္ထုတိုးတက်မှုကို ကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံထက်ရာထောင်မက တိုးတက်နေကြသည့် နိုင်ငံအများအပြားကို ကမ္ဘာပေါ်တွင် ဒေသမရွေး နေရာအနှံ့တွေ့ရှိနိုင်ပါလိမ့်မည်။ သို့သော် စိတ်ပိုင်းဆိုင်ရာ ငြိမ်းချမ်းသာယာအေးချမ်းမှုဘက်က ကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံတွင် နေထိုင်ကြရသည့် လူသားများလောက် ဘယ်လူသားမှ စိတ်၏သုခချမ်းသာရရှိကြမည်မဟုတ်ပါ။ ရုပ်ပိုင်းအရ တဲပုတ်ကလေးနှင့်နေရငြားလည်း စိတ်ချမ်းသာမှုအနေအားဖြင့် တာဝတိံသာ နတ်ပြည်လောက်ချမ်းသာနေကြသည့် မိသားစုအများအပြားကို မြန်မာပြည်အနှံ့အပြားတွင် တွေ့ရှိနိုင်ကြပါလိမ့်မည်။ ဥပမာအားဖြင့် ဆင်းရဲသားမြန်မာမိသားစုဘဝ နေထိုင်ကြပုံကိုကြည့်ရှုပါက မေတ္တာတရားအပြည့်အဝထားရှိ ပြုမူဆက်ဆံကြသည့် လူနေမှုဘဝကို တွေ့မြင်ကြရပါလိမ့်မည်။ မြန်မာမိသားစုထမင်းဝိုင်းလေးသည် အမိ၊ အဖ၊ ညီအစ်ကို၊ မောင်နှမစုံညီလှပါသည်။ စားသောက်သည့် ဟင်းလျာကောင်းမှု၊ ညံ့မှုအပေါ် အဓိကမထားဘဲ မိသားစုချစ်ခင်မှုသာ အဓိကထား သုံးဆောင်စားသုံးနေကြသည်ကို မြင်တွေ့ရသူတိုင်း ကြည်နူးဆွတ်ပျံ့ သာမောလှပေသည်။ မြန်မာတို့၏ ဤကဲ့သို့ ချစ်ခင်စရာကောင်းသော ဓလေ့ကလေးများကြောင့်ပင် နိုင်ငံခြားဧည့်သည်တော်များ မြန်မာပြည်အနှံ့တောင်ပေါ် မြေပြန့် ဘယ်ဒေသပဲရောက်ရောက် မြန်မာလူမျိုးတို့၏ ဟန်ဆောင်မှုမပါ လှိုက်လှဲပျူငှာသောအပြုံးများဖြင့် ခရီးဦးကြိုဆိုနှုတ်ဆက်မှုကို နွေးထွေးစွာခံစားရမည်မှာ မလွဲပါပေ။

သူရမြင့်မောင်

PREFACE

First and foremost, I would like to admit that this book cannot be a perfect one, for the writer of this lacks the efficient writing skill as I am not a professional author. Nonetheless, this book can provide the reader with a distant profile of Myanmar, the Golden Land. Such being the case, should there be any unforced errors in grammar, usage and style of writing, the readers are expected to correct what they think is wrong.

And what is more, this book can in part be of help to those who would exert effort to compile a more thorough look about Myanmar.

In fact, Myanmar presents a wide range of interest-its religion, customs, cultural moves and beautiful landscape. Those who have been to Myanmar are invariably attracted by the cultural heritage preserved in such a way that they maintain the original style. For instance, those who have been to Bagan always find it difficult to leave it without looking back at it at least twice. And when they depart, they pledge to visit it again.

By this, we Myanmar people are delighted with being Myanmar, being Buddhists and being born to a civilized community. From the perspective of materialistic development, there are many a nation in various parts of the world that are for more developed than Myanmar. However, from the psychological aspect no people can lead a more prosperous life than ours in terms of peace of mind. One might come across certain families in different parts of Myanmar living in shabby and rickety cottages. Nevertheless, these people are overwhelmed with ecstasy as if they were in Tavatimsa, the second of six celestial abodes.

A glance at the life of a poor Myanmar family would lead the beholder into a social community where there prevails loving kindness and compassion. It is very pleasing to watch a Myanmar family at dinner table _ the way they chat with one another, the tradition of offering the first piece of meal to the elderly persons etc. This is the reason why the tourists and travellers are attracted by the warm hospitality of Myanmar people.

I, the writer of this book, have compiled the Golden Land of Myanmar for two main reasons. This book is meant for those indigenous races residing within the union but not being able to travel to find out and take pride in the wonders of our country endowed with natural beauty. Another purpose is that I would like to introduce Myanmar and give a distant profile to travellers and tourists as well as all the people from around the world.

I wish all human beings on this earth physical and mental well-being.

Thu Ra Myint Maung

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	မြန်မာတို့၏ ရွှေနိုင်ငံ	၁
၂။	ပြည်ထောင်စု မြန်မာနိုင်ငံတော်	၆
၃။	ပြည်ထောင်စု မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး	၂၃
၄။	သွားရောက်လည်ပတ် ပြည်အနှံ့	၂၆
၅။	မြန်မာတိုင်းရင်းသားများနှင့် ဝိုးရာဝတ်စားဆင်ယင်မှု	၂၈
၆။	ရန်ကုန်တိုင်း	၃၇
၆-၁	ရွှေတိဂုံစေတီတော်မြတ်ကြီး	၄၀
၆-၂	ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် အရှေ့ဘက်စောင်းတန်း	၄၂
၆-၃	ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တောင်ဘက်စောင်းတန်း	၄၃
၆-၄	မဟာဝိဇယစေတီ	၄၄
၆-၅	ဆူးလေဘုရား	၄၅
၆-၆	ဗိုလ်တဆောင်စေတီ	၄၆
၆-၇	သီရိမင်္ဂလာကမ္ဘာအေးစေတီ	၄၇
၆-၈	မဟာပါသာဏလိုဏ်ဂူ	၄၈
၆-၉	လောကချမ်းသာ အဘယ လာဘမုနိ ကျောက်တော်ကြီး ဘုရား ရုပ်ပွားတော်မြတ်ကြီး	၄၉
၆-၁၀	မယ်လမုဘုရား	၅၁
၆-၁၁	စွယ်တော်မြတ်စေတီ (ရန်ကုန်)	၅၂
၆-၁၂	ကျိုက်ခေါက်စေတီတော်မြတ်ကြီး	၅၃
၆-၁၃	ကျိုက်မော်ဝန်း ရေလယ်စေတီတော်	၅၄
၆-၁၄	ဓနုတ်စေတီတော်(တွံတေးမြို့)	၅၅
၆-၁၅	ရွှေဆံတော်စေတီတော်မြတ်ကြီး	၅၆
၆-၁၆	လွတ်လပ်ရေးကျောက်တိုင်	၅၇

Contents

Serial	Subject	Page
1.	The Golden Land of Myanmar	3
2.	The Union of Myanmar	15
3.	The Union of Myanmar 135 Ethnic Groups	23
4.	Places for excursion	26
5.	Myanmar nationalities and their costume	28
6.	Yangon Division	37
6-1	The Shwedagon Pagoda	40
6-2	Great Shwedagon Pagoda and eastern stairway	42
6-3	Great Shwedagon and the southern stairway	43
6-4	Maha Wizaya Zedi	44
6-5	Sule Pagoda	45
6-6	Botahtaung Pagoda	46
6-7	Thiri Mingalar Kaba Aye Zedi (World Peace Pagoda)	47
6-8	Maha Pasana Cave	
6-9	Lawka Chantha Abhaya Labha Muni Marble Buddha Image	49
6-10	Mai Lamu (Miss mangrove) Pagoda	51
6-11	Swedaw Myat (Tooth Relic) Pagoda (Yangon)	52
6-12	Kyaikkauk Pagoda (Thanlyin)	53
6-13	Kyeik-Hmaw-Wun Yay Lei Pagoda	54
6-14	Danoke Pagoda(Twantay Township)	55
6-15	Shwe Sandaw Pagoda	56
6-16	Independence Monument (Yangon)	57

မာတိကာ

စဉ်		အကြောင်းအရာ	စာမျက်နှာ
	၆-၁၇	ဗိုလ်ချုပ်ကြေးရုပ်နှင့် ဗိုလ်ချုပ်အောင်ဆန်း ပန်းခြံ	၅၈
	၆-၁၈	ရန်ကုန်မြို့တော်ခန်းမ	၅၉
	၆-၁၉	ဦးဝိစာရကျောက်တိုင်	၆၀
	၆-၂၀	ဝန်ကြီးများရုံး	၆၁
	၆-၂၁	ပြည်သူ့လွှတ်တော်	၆၂
	၆-၂၂	ရန်ကုန်တက္ကသိုလ်	၆၃
	၆-၂၃	ရန်ကုန်ပြည်သူ့ဆေးရုံကြီး	၆၄
	၆-၂၄	ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်	၆၅
	၆-၂၅	ကန်တော်ကြီး	၆၆
	၆-၂၆	အင်းယားကန်	၆၇
	၆-၂၇	ရန်ကုန်-သန်လျင်တံတား	၆၈
	၆-၂၈	ဘုရင့်နောင်တံတား	၆၉
	၆-၂၉	ထရိတ်ဒါးဟိုတယ်	၇၀
	၆-၃၀	ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်	၇၀
	၆-၃၁	မြန်မာနိုင်ငံ မူးယစ်ဆေးဘဲး ပယျောက်ရေးအထိမ်းအမှတ်ပြတိုက်	၇၂
	၆-၃၂	အခြားေ ာကတန်ခိုးကြီးဘုရားများ ထင်ရှားသော နေရာဌာနများနှင့် မှတ်တမ်းတင်ဓာတ်ပုံများ	၇၃-၈၂
၇။	မန္တလေးတိုင်း		၈၃
	၇-၁	မဟာမုနိဘုရား (မန္တလေး)	၈၇
	၇-၂	ကျောက်တော်ကြီးဘုရား	၈၉
	၇-၃	သုဓမ္မာဇရုပ်	၉၀
	၇-၄	အတုမရှိ ကျောင်းတော်ကြီး	၉၁
	၇-၅	မန္တလေးနန်းမြို့ရိုးနှင့် ကျုံး	၉၂
	၇-၆	ပုပ္ပါးတောင်	၉၃
	၇-၇	ဦးပိန်တံတား	၉၄
	၇-၈	တောင်ပြုန်းနတ်ပွဲ	၉၅
	၇-၉	ကျောက်ဆည်ဆင်အက	၉၆

Contents

Serial		Subject	Page
	6-17	Bogyoke Aung San bronze statue and Park (Yangon)	58
	6-18	Yangon City Hall	59
	6-19	U Wisara Statue	60
	6-20	The Ministers' Office	61
	6-21	People's Congress (Pyithu Hluttaw)	62
	6-22	Yangon University	63
	6-23	Yangon General Hospital	64
	6-24	People's Square and People's Park	65
	6-25	Kandawgyi (The Great Lake)	66
	6-26	Innya Lake	67
	6-27	Yangon - Thanlyin Bridge	68
	6-28	Bayintnaung Bridge	69
	6-29	Traders Hotel	70
	6-30	Yangon International Airport	71
	6-31	Drug Elimination Museum in Myanmar	72
	6-32	Documentary photos of famous pagodas and famous places	73-82
7.	**Mandalay Division**		86
	7-1	Mahamuni Image (Mandalay)	87
	7-2	Kyauktawgyi Pagoda	89
	7-3	Thudhamma Zayat (Rest-house)	90
	7-4	Atumashi (Unrivalled) Monastery	91
	7-5	Mandalay Palace Wall and Moat	92
	7-6	Mount Popa	93
	7-7	U Pein Bridge	94
	7-8	Taungpyone Nat Festival	95
	7-9	Dancing Elephants at Kyaukse	96

မာတိကာ

စဉ်		အကြောင်းအရာ	စာမျက်နှာ
	၇-၁၀	ပြင်ဦးလွင်မြို့	၉၇
	၇-၁၁	ရတနာဂူရှုခင်းတော်ပွဲ	၉၈
	၇-၁၂	အခြားသော တန်ခိုးကြီးဘုရားများ ထင်ရှားသော နေရာဌာနများနှင့် မှတ်တမ်းတင်စာတမ်းပုံများ	၉၉-၁၀၆
	၇-၁၃	ပုဂံရှေးဟောင်းမြို့တော်	၁၀၇
	၇-၁၄	ရွှေစည်းခုံစေတီတော်ကြီး	၁၁၀
	၇-၁၅	အာနန္ဒာဘုရား	၁၁၁
	၇-၁၆	အာနန္ဒာဂူအတွင်းမှ ဗုဒ္ဓရုပ်ပွား‌တော်များ	၁၁၂
	၇-၁၇	သဗ္ဗညုဘုရား	၁၁၃
	၇-၁၈	ဓမ္မရံကြီးဘုရား	၁၁၄
	၇-၁၉	ဖူးဘုရား	၁၁၅
	၇-၂၀	အလိုဒေါ်ပြည့်ဘုရား	၁၁၆
	၇-၂၁	ကန်တော်ပလွင်	၁၁၇
၈	ပဲခူးတိုင်း		၁၂၃
	၈-၁	ရွှေသာလျောင်း ရုပ်ပွား‌တော်မြတ်ကြီး	၁၂၅
	၈-၂	ရွှေမော်ဓောဘုရား	၁၂၇
	၈-၃	ကျိုက်ပွန်ဘုရားကြီး	၁၂၈
	၈-၄	မဟာစေတီတော်မြတ်ကြီး	၁၂၉
	၈-၅	နရာဏီသိမ်တော်	၁၃၀
	၈-၆	ကမ္ဘောဇသာဒီနန်းတော်	၁၃၁
	၈-၇	ရွှေဆံတော်စေတီ(တောင်ငူမြို့)	၁၃၂
	၈-၈	သီရိခေတ္တရာရှေးဟောင်းသုတေသနပြတိုက်	၁၃၃
	၈-၉	စိန်ရေသစ်တောစခန်း	၁၃၄
	၈-၁၀	အခြားသော တန်ခိုးကြီးဘုရားများ ထင်ရှားသော နေရာဌာနများနှင့် မှတ်တမ်းတင်စာတမ်းပုံများ	၁၃၅-၁၃၉

Contents

Serial	Subject	Page
7-10	Pyin Oo Lwin	97
7-11	Ratanagu Pagoda and Nats Festival	98
7-12	Documentary photos of famous pagodas and famous places	99-106
7-13	**Ancient Bagan City**	109
7-14	Shwezigon Pagoda	110
7-15	Ananda Temple	111
7-16	Buddha Images inside Ananda Temple	112
7-17	Thatbyinnyu Pagoda	113
7-18	Dhammayangyi Pagoda	114
7-19	Buphaya (Gourd Pagoda)	115
7-20	Alodawpyi Phaya (Wish - fulfilling Pagoda)	116
7-21	Kantawpalin Pagoda	117
8.	**Bago Division**	123
8-1	Shwethalyaung (Reclining) Buddha Image	125
8-2	Shwe Mawdaw Pagoda	127
8-3	Kyaikpon Pagoda	128
8-4	Mahazedi Pagoda	129
8-5	Narani Ordination Hall	130
8-6	Kambawzathadi Palace	131
8-7	Shwe Hsandaw Pagoda	132
8-8	Srikhissara Archaeology Museum	133
8-9	Seinyay Forest Camp	134
8-10	Documentary photos of famous pagodas and famous places	135-139

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၉။	စစ်ကိုင်းတိုင်း	၁၄၁
၉-၁	စစ်ကိုင်းတောင်ရိုး	၁၄၅
၉-၂	ဥမင်ကိုးဆယ်စေတီ	၁၄၆
၉-၃	ဇေတဝန်ဘုရား	၁၄၇
၉-၄	ဆွမ်းဦးပုည၌ရှင်	၁၄၈
၉-၅	တောင်ဖီလာစေတီ	၁၅၀
၉-၆	ကောင်းမှုတော်စေတီ	၁၅၁
၉-၇	အရိယဝံသချောင်	၁၅၂
၉-၈	ရွှေတန်ဆာဘုရား	၁၅၃
၉-၉	ရွှေချက်သိုစေတီ	၁၅၄
၉-၁၀	အောင်မြေဘုရား	၁၅၅
၉-၁၁	မော်ဒေမြင်သာ(မြို့ဒေါင့်)စေတီ	၁၅၆
၉-၁၂	အညာသီဟတောဘုရား	၁၅၇
၉-၁၃	စေတီတော်ကြီး(၂)ဆူ	၁၅၈
၉-၁၄	ဖိုလ်ဝင်းတောင်	၁၅၉
၉-၁၅	ရွှေဂူကြီးဘုရား	၁၆၀
၉-၁၆	ရွှေမုဒ်ထောဘုရား	၁၆၁
၉-၁၇	မြို့ချက်အောင်မြေ	၁၆၂
၉-၁၈	ရတနာပုံရွှေဘုံသာစေတီ	၁၆၃
၉-၁၉	မြသိန်းတန်စေတီတော်	၁၆၄
၉-၂၀	မင်းကွန်းခေါင်းလောင်း	၁၆၅
၉-၂၁	ပဟိုရ်စည်တော်	၁၆၆
၉-၂၂	အလောင်ဘုရားအုတ်နန်းပြာသဒ်တော်	၁၆၇
၉-၂၃	ခေါင်းလောင်းတော်နှင့်ခေါင်းလောင်းစင်	၁၆၈
၉-၂၄	အုတ်ကျောင်းတော်ကြီး	၁၆၉
၉-၂၅	မဟာနန္ဒာကန်	၁၇၀
၉-၂၆	ရေကန်တော်ကြီး	၁၇၁
၉-၂၇	စစ်ကိုင်းတံတား	၁၇၂
၉-၂၈	အခြားသော တန်ခိုးကြီးဘုရားများ။ ထင်ရှားသောနေရာဌာနများနှင့် မှတ်တမ်းတင် ဓာတ်ပုံများ	၁၇၃-၁၈၉

Contents

Serial	Subject	Page
9.	**Sagaing Division**	144
9-1	Sagaing Hill	145
9-2	U Min Koesei(Ninety Caves Pagoda)	146
9-3	Zatawun Pagoda	147
9-4	Soon-U Ponnyashin Pagoda	148
9-5	Taungphilar Zedi	150
9-6	Kaunghmudaw Pagoda	151
9-7	Ariya Wuntha secluded monastery	152
9-8	Shwe Tansar Pagoda	153
9-9	Shwe Chettho Zedi	154
9-10	Aungmyay Pagoda (Shwebo)	155
9-11	Mawdaw Myintha(or)Myodaung Zedi	156
9-12	Anya Thihadaw Pagoda	157
9-13	Two Great Pagodas	158
9-14	Pho - Win Taung (Mountain)	159
9-15	Shwe Gugyi Pagoda (Myedu)	160
9-16	Shwe Moat Htaw Pagoda (Kalemyo)	161
9-17	Myochat Aungmyay Pagoda	162
9-18	Ratanapon Shwe Bontha Pagoda (Kalemyo)	163
9-19	Mya Theindan Pagoda	164
9-20	Mingun Bell	165
9-21	Bahosi (The Royal Drum of Shwebo)	166
9-22	King Alaungphaya Monument	167
9-23	The Bell of Shwebo	168
9-24	Ok-Kyaungdawgyi (The Great brick monastery)	169
9-25	Maha Nanda Lake	170
9-26	Yaykandawgyi (Great Royal Lake)	171
9-27	Sagaing Bridge	172
9-28	Documentary photos of famous pagodas and famous places	173-189

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၀။	မကွေးတိုင်း	၁၉၁
၁၀-၁	မြသလွန်စေတီတော်	၁၉၅
၁၀-၂	ရွှေပြည်အေး(ကသိနာရုံ)ဘုရား	၁၉၆
၁၀-၃	ပခန်းဦးမင်းကျော်နတ်	၁၉၇
၁၀-၄	မင်းဘူးမြို့မှ နဂါးပွက်တောင်	၁၉၈
၁၀-၅	ဆောမြို့နယ်ရှိ မြန်မာ့ရိုးရာရေမောင်း	၁၉၉
၁၀-၆	မန်းရွှေစက်တော်ရာဘုရား	၂၀၃
၁၀-၇	အခြားသော တန်ခိုးကြီးဘုရားများ ထင်ရှားသော နေရာဌာနများနှင့် မှတ်တမ်းတင်စာတမ်းများ	၂၀၀-၂၀၇
၁၁။	ရောဝတီတိုင်း	၂၀၈
၁၁-၁	လေးကျွန်းရန်အောင် ဖောင်တော်ဦးစေတီ	၂၀၉
၁၁-၂	ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး	၂၁၀
၁၁-၃	ဧလွန် ပြည်တော်ပြန် မာရ်အောင်မြင် ရုပ်ပွား‌တော်	၂၁၁
၁၁-၄	အခြားသော တန်ခိုးကြီးဘုရားများ ထင်ရှားသော နေရာဌာနများနှင့် မှတ်တမ်းတင်စာတမ်းများ	၂၁၂-၂၁၉
၁၁-၅	စစ်သူကြီး မဟာဗန္ဓုလရုပ်တု	၂၂၀
၁၁-၆	ဗိုလ်မြတ်ထွန်းတံတား	၂၂၁
၁၂။	တနင်္သာရီတိုင်း	၂၂၆
၁၂-၁	ကော့သောင်းမြို့	၂၂၇
၁၂-၂	ဘုရင့်နောင်မင်းတရားကြီးရုပ်တု	၂၂၈
၁၂-၃	ကမ္ဘာအကြီးဆုံး ပုလဲရတနာကြီး	၂၂၉
၁၂-၄	အခြားသော တန်ခိုးကြီးဘုရားများ ထင်ရှားသော နေရာဌာနများနှင့် မှတ်တမ်းတင်စာတမ်းများ	၂၃၀-၂၃၇

Contents

Serial	Subject	Page
10.	**Magway Division**	194
10-1	Mya Thalun Pagoda (Magwe)	195
10-2	Kuthinayon Pagoda (Salin Township)	196
10-3	Pakhan U Min Kyaw Nat	197
10-4	The Nagapwet hillock in Minbu Township	198
10-5	Myanmar traditional wooden hydro-power rice polishing machine	199
10-6	Mann Shwesettawyar Pagoda	203
10-7	Documentary photos of famous pagodas and famous places	200-204
11.	**Ayeyawady Division**	208
11-1	Laykyun Yan Aung Phaungdaw Oo Pagoda	209
11-2	Shwe Muhtaw Pagoda (Pathein)	210
11-3	Phidawbyan Mahn Aung Myin Buddha Image	211
11-4	Documentary photos of famous pagodas and famous places	212-219
11-5	The Military Commander Maha Bandoola	220
11-6	Bo Myat Tun Bridge	221
12.	**Tanintharyi Division**	226
12-1	Kawthoung Township	227
12-2	King Bayint Naung Statue	228
12-3	World Largest Pearl	229
13-4	Documentary photos of famous pagodas and famous places	230-237

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၃။	ရှမ်းပြည်နယ်	၂၃၉
၁၃-၁	တောင်ကြီးမြို့	၂၂၄
၁၃-၂	ဖောင်တော်ဦးဘုရားပွဲ (အင်းလေး)	၂၄၅
၁၃-၃	ပင်းတယ ရွှေဉာဏ်ဘုရား	၂၄၆
၁၃-၄	အင်းလေးကန်	၂၄၈
၁၃-၅	ရေကန်တောင်နဂါးရုံဆုတောင်းပြည့်ဘုရားကြီး	၂၄၉
၁၃-၆	အခြားသော တန်ခိုးကြီးဘုရားများ။ ထင်ရှားသော နေရာဌာနများနှင့် မှတ်တမ်းတင်ဓာတ်ပုံများ	၂၅၀-၂၅၈
၁၃-၇	ကမ္ဘာကျော် ဂုတ်ထိပ်တံတားကြီး	၂၅၉
၁၃-၈	တာချီလိတ်မြို့နယ်နှင့် မူဆယ်မြို့နယ် ရှုခင်းများ	၂၆၀-၂၆၁
၁၄။	ကချင်ပြည်နယ်	၂၆၃
၁၄-၁	ကချင်မနောပွဲ	၂၆၈
၁၄-၂	အင်းတော်ကြီးဘုရား	၂၆၉
၁၄-၃	အခြားသော တန်ခိုးကြီးဘုရားများ။ ထင်ရှားသော နေရာဌာနများနှင့် မှတ်တမ်းတင် ဓာတ်ပုံများ	၂၇၀-၂၇၄
၁၅။	ရခိုင်ပြည်နယ်	၂၇၅
၁၅-၁	လက်ဝဲသလုံးတော်ဓာတုစေတီ	၂၈၁
၁၅-၂	ရတနာ့မာရ်အောင်စေတီ	၂၈၂
၁၅-၃	သကျမာရ်အောင်စေတီ	၂၈၃
၁၅-၄	ဇိနမာရ်အောင်စေတီ	၂၈၄
၁၅-၅	လောကမာရ်အောင်စေတီ	၂၈၅
၁၅-၆	မင်္ဂလာမာရ်အောင်မေတ္တာ	၂၈၆
၁၅-၇	ရွှေသောင်းပုထိုးတော်ကြီး	၂၈၇
၁၅-၈	ကိုးသောင်းပုထိုးတော်ကြီး	၂၈၈
၁၅-၉	ကူတောင်ဘုရား	၂၈၉
၁၅-၁၀	ထုတ်ကန်ဒီမ်ပုထိုးတော်ကြီး	၂၉၀
၁၅-၁၁	မဟာမုနိဘုရား	၂၉၂

Contents

Serial	Subject	Page
13.	**Shan State**	242
13-1	Taunggyi Townhip	244
13-2	Phaungdaw Oo Pagoda Festival (Innlay)	245
13-3	Shwe U-Min Pagoda in Pindaya	247
13-4	Innlay Lake	248
13-5	Yekan Taung Nagayone Pagoda	249
13-6	Documentary photos of famous pagodas and famous places	250-258
13-7	World Famous Goat Htake Viaduct	259
13-8	View of Tachileik Township and Muse Township	260-261
14.	**Kachin State**	266
14-1	Kachin Manaw Festival	268
14-2	Inndaw Gyi Pagoda	269
14-3	Documentary photos of famous pagodas and famous places	270-274
15.	**Rakhine State**	279
15-1	Letwe Thalondaw Datu Relic Pagoda	281
15-2	Yadana Mahn Aung Pagoda	282
15-3	Thekkya Mahn Aung Pagoda	283
15-4	Zina Mahn Aung Pagoda	284
15-5	Lawka Mahn Aung Pagoda	285
15-6	Mingalar Mahn Aung Pagoda	287
15-7	Shitthoung Pattodawgyi	287
15-8	Koethaung Pattodawgyi	288
15-9	Kutaung Pagoda	289
15-10	Htokkant Ordination Pattodawgyi	290
15-11	Maha Muni Buddha Image	292

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၅-၁၂	လက်ဆည်ကန်	၂၉၃
၁၅-၁၃	မြောက်ဦးနန်းတော်ကုန်း	၂၉၄
၁၅-၁၄	ရခိုင်ပြည်နယ် ဗုဒ္ဓပြတိုက်	၂၉၅
၁၅-၁၅	ရခိုင်ယဉ်ကျေးမှုပြတိုက်	၂၉၆
၁၅-၁၆	စစ်တွေဟိုတယ်	၂၉၇
၁၅-၁၇	စစ်တွေပွိုင့်ရှုခင်းသာ	၂၉၈
၁၅-၁၈	ငပလီဟိုတယ်	၂၉၉
၁၅-၁၉	ငပလီကမ်းခြေ အပန်းဖြေစခန်း	၃၀၀
၁၅-၂၀	ကမ်းသာယာအပန်းဖြေစခန်း	၃၀၂
၁၆။	ကရင်ပြည်နယ်	၃၀၃
၁၆–၁	သေဋမာရ်အောင်ဘုရားကြီး	၃၀၈
၁၆-၂	ဇွဲကပင်တောင် နောက်ခံဖြင့် လုံမွိန်ဥယျာဉ်ရှိ ဆင်းတုတော်	၃၀၉
၁၆-၃	ရွှေယင်မျှော်ပြည်တော်အေးစေတီ	၃၁၀
၁၆-၄	ဒူဝေစေတီ	၃၁၁
၁၆-၅	ရှေးဟောင်းသမိုင်းဝင် ဘုရင်ညီနောင်ဂူဘုရား	၃၁၂
၁၆-၆	ရှေးဟောင်းသမိုင်းဝင် ဓာဒုန်ဂူဘုရား	၃၁၃
၁၆-၇	ကော့ဂွန်းဂူဘုရား	၃၁၄
၁၆-၈	ကော့ကသောင်ဂူဘုရား	၃၁၅
၁၆-၉	ကျောက်ကလပ်စေတီ	၃၁၆
၁၆-၁၀	ရွှေမြင်းဝန်စေတီတော်မြတ်ကြီး	၃၁၇
၁၆-၁၁	အခြားသော တန်ခိုးကြီးဘုရားများ။ ထင်ရှားသော နေရာဌာနများနှင့် မှတ်တမ်းတင် ဓာတ်ပုံများ	၃၁၈-၃၂၁
၁၇။	မွန်ပြည်နယ်	၃၂၃
၁၇-၁	ကျိုက်ထီးရိုးစေတီ	၃၂၈
၁၇-၂	တောင်ဝိုင်းဘုရားနှင့် ဦးဇိနစေတီ	၃၃၀
၁၇-၃	ပတ္တမြားစေတီနှင့် ဇင်းကျိုက်စေတီတော်	၃၃၁
၁၇-၄	အခြားသော တန်ခိုးကြီးဘုရားများ။ ထင်ရှားသော နေရာဌာနများနှင့် မှတ်တမ်းတင် ဓာတ်ပုံများ	၃၃၂-၃၄၁

Contents

Serial	Subject	Page
15-12	Let-se Lake	293
15-13	Mrauk-U Palace Hill	294
15-14	Buddhist Museum in Rakhine State	295
15-15	Rakhine Culture Museum	296
15-16	Sittway Hotel	297
15-17	Sittway View-point	298
15-18	Ngapali Hotel	299
15-19	Ngapali Beach Resort	300
15-20	Kanthayar beach resort	302
16.	**Kayin State**	306
16-1	The Glorious Thehta Mahn Aung Pagoda	308
16-2	Buddha Images in Lumbini Garden at the foot of Zwegabin Hill	309
16-3	Shweyinhmyaw Pyidaw Aye Pagoda	310
16-4	Duway Pagoda	311
16-5	Ancient Bayin Nyinaung Cave Pagoda	312
16-6	Historical Sadan Cave Pagoda	313
16-7	Kawgun Cave Pagoda	314
16-8	Kawkathaung Cave Pagoda	315
16-9	Kyaukkalat Pagoda	316
16-10	Shwe Myin Wun Pagoda	317
16-11	Documentary photos of famous pagodas and famous places	318-321
17.	**Mon State**	326
17-1	Kyaik Hteeyoe Pagoda	328
17-2	Taung Waing Pagoda and U Zina Pagoda	330
17-3	Padamya Pagoda and Zinkyaik Pagoda	331
17-7	Documentary photos of famous pagodas and famous places	332-341

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၈။	ကယားပြည်နယ်	၃၄၇
	၁၈-၁ တောင်ကွဲစေတီနှင့် တိုင်းရင်းသူ	၃၄၈
	၁၈-၂ တောင်ကွဲစေတီနှင့် ကိန္နရီ၊ ကိန္နရာ မောင်နံ	၃၄၉
	၁၈-၃ ငွေတောင်ဆည်	၃၅၀
	၁၈-၄ ပဒေါင်(ခေါ်)ကယန်းတိုင်းရင်းသူမျာ	၃၅၁
	၁၈-၅ လောပိတရေတံခွန်	၃၅၂
	၁၈-၆ လောပိတလျှပ်စစ် ဓာတ်အားပေးစက်ရုံ	၃၅၃
	၁၈-၇ သီရိမင်္ဂလာဘုံကျောင်း(မင်္ဂလာဟော်ကြီး)	၃၅၄
၁၉။	ချင်းပြည်နယ်	၃၅၈
	၁၉-၁ ထူးဆန်းလှပသော ဆုတောင်းပြည့် ရိ(ဒ်)ရေကန်ကြီး	၃၆၀
	၁၉-၂ တစ်မစ်ချိုင့်ဝှမ်း၏ ရှုခင်း	၃၆၂
	၁၉-၃ ဖလမ်းမြို့၏ တစ်စိတ်တစ်ဒေသရှုခင်းအလှ	၃၆၃
	၁၉-၄ ချင်းလုံမပျိုဖြူများ လက်ဖက်ခူးနေကြပုံ	၃၆၄
	၁၉-၅ လက်ဖက်ခူးရာမှအပြန်	၃၆၄
	၁၉-၆ ချင်းလုံမပျိုနှင့် ချင်းတောင်ပန်းသီး	၃၆၅
၂၀။	၁၉၉၆ ခုနှစ်၊ မြန်မာ့ခရီးသွားနှစ်ဖွင့်ပွဲ အခမ်းအနား ကျင်းပရေး ညစာစားပွဲကျင်းပရေးနှင့် လှည့်လည်ပြသဖျော်ဖြေရေးသတင်းမှတ်တမ်း	၃၆၆
၂၁။	ရာဇဂဟ သီရိပစ္စယ ဂဇရာဇ ရတနာဆင်ဖြူတော်	၃၇၀

Contents

Serial	Subject	Page
18.	Kayah State	346
	18-1 Taungkwe Zedi (Split-boulder Pagoda) and a native girl	348
	18-2 Taungkwe Zedi and A mythical-bird couple	
	18-3 Ngwe Taung Dam	350
	18-4 Padaung (or) Kayan damsels	351
	18-5 Lopita Waterfall	352
	18-6 Hydroelectric Power Plant (Lawpita)	353
	18-7 Thiri Mingalapon Monastery	354
19.	Chin State	358
	19-1 The unique heart-shaped Reh Lake in Chin State	360
	19-2 The Tik Mik valley in Chin State	362
	19-3 A partial view of Phalam in Chin State	363
	19-4 Chin Belles picking tea-leaves	364
	19-5 Homeward Bound after picking tea-leaves	264
	19-6 A Chin Belle & The Apples on Chin Hill	265
20.	The Record of the opening ceremony, the dinner and the Entertainment programmes of the Visit Myanmar Year 1996.	366
21.	The White Elephant (Yaza Gaha Thiri Pissaya Gaza Yaza)	370

မြန်မာတို့၏ ရွှေနိုင်ငံ

နိဒါန်း

၁။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင်တည်ရှိပြီး ပထဝီအနေအထားအရ ကုန်းတွင်းပိုင်းနှင့်ပင်လယ်ပိုင်း ဆက်စပ်ရောနှော နေသော နိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် အခြားသောနိုင်ငံများနှင့် ကူးလူးဆက်ဆံသွားလာရန် လွယ်ကူသောနိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အိမ်နီး ချင်းနိုင်ငံများအဖြစ် မြောက်ဘက်တွင် တရုတ်နိုင်ငံ၊ အရှေ့ဘက်တွင် လာအိုနိုင်ငံ၊ အရှေ့ဘက်နှင့်အရှေ့တောင်ဘက်တွင် ထိုင်းနိုင်ငံ၊ အနောက် ဘက်နှင့် အနောက်တောင်ဘက်တွင် အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ ဝန်းရံတည်ရှိနေပါသည်။

၂။ မြန်မာနိုင်ငံသည် သဘာဝအလှတရားများ စုဝေးဖြစ်ပေါ်ရာ ဒေသဖြစ်သည်နှင့်အညီ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းစသည့် မြစ်ကြီးများသည် မြောက်မှတောင်သို့စီးဆင်းသွယ်တန်း အလှပန်းဆင်ထားကြပါသည်။ အရှေ့ရိုးမ၊ အနောက်ရိုးမ၊ ပဲခူးရိုးမ၊ ရှမ်း တောင်တန်း စသည့် ရိုးမတောင်တန်းကြီးများကလည်း ရှုမျှော်မဆုံးသည့် ရှုခင်းရှကွက် သဘာဝအလှတို့ဖြင့် အားဖြည့်ပေးထားလျက်ရှိပါသည်။ ကမ္ဘာပေါ်တွင် ရှားပါးလှသည့် ရာသီဥတုမျိုးစုံရှိမှုကိုလည်း မြန်မာပြည်တွင် ထိတွေ့ခံစားရပါမည်။ ရေခဲမှုံးဖုံးလွှမ်းထားသဖြင့် အေးလွန်းသောရာသီဥတု၊ သမန္နေးပိုင်းရာသီဥတု၊ ကန္တရဆန်သည့် ပူပြင်းခြောက်သွေ့သောရာသီဥတု ပင်လယ်ကမ်းစပ်၏ အေးမြနွေးထွေးသော ရာသီဥတုမျိုးစုံကိုလည်း ထိတွေ့ခံစားနိုင်ပါသည်။ ရေမြေတောတောင်သဘာဝ၊ ရာသီဥတု မျှတမှုကြောင့်လည်း သဘာဝသစ်တောကြီးများ နေရာအနှံ့ပေါက်ရောက် နေကြသည့်အပြင် စားသုံးရန်သီးနှံမျိုးစုံကိုလည်း ဒေသမရွေး ဖြစ်ထွန်းနေသည်မှာ ဘုရားပေးသောဆုတစ်ခုဟုပင် မှတ်ယူရပါမည်။ ထိုသို့သော သဘာဝတရားတို့၏အလှများသာမက ယဉ်ကျေးမှုလည်း နှစ်ပေါင်းထောင်သောင်းသိန်းသန်းကပင် စတင်ဖြစ်ထွန်းတည်ရှိခဲ့သော မြန်မာ့ ယဉ်ကျေးမှုမှာ လွန်စွာမှပင်အခြေခိုင်မာလှပါသည်။ ဘာသာတရားအားဖြင့် ဗုဒ္ဓ၏အဆုံးအမဖြင့် ရပ်တည်နေကြသော မြန်မာလူမျိုးများဖြစ်သည့် အလျောက် အရာရာတွင်မေတ္တာတရားကို အခြေခံထားခြင်းကြောင့် လူမှုဆက်ဆံရေးနယ်ပယ်တွင် အေးချမ်းတည်ငြိမ်သော လူ့အဖွဲ့ အစည်းကို ဖန်တီးနိုင်ကြပါသည်။ တစ်ချိန်တစ်ခါက ကမ္ဘာ့ခရီးသွားကြီး မာကိုပိုလိုသည် ဧရာဝတီကမ်းနဘေး ပုဂံဒေသရှိ ရွှေရောင်ဝင်းနေသည့် စေတီပုထိုးများကို ရှုမငြီးအောင် ဖူးမြော်တွေ့မြင်ရသဖြင့် ရင်သပ်ရှုမော အံ့သြစွာဖြင့် "ရွှေနိုင်ငံ၊ ရွှေနိုင်ငံ"ဟု ခေါ်မြည် တမ်းတခဲ့ကြောင်း သိခဲ့ရဖူးပါသည်။ မြန်မာနိုင်ငံသည် သဘာဝအလှတရား ယဉ်ကျေးမှုနှင့် ဘာသာတရားအားလုံးသောအရာများသည် ရွှေကဲ့သို့ ဝင်းဝါထိန်လက် နေခြင်းကြောင့် ရွှေနိုင်ငံဟု ခေါ်ဆိုရခြင်းဖြစ်ပါသည်။

၃။ မြန်မာနိုင်ငံ၏ ပထဝီအသွင်အပြင် မြစ်ချောင်းအင်းအိုင်၊ ရေမြေတောတောင် သဘာဝများသည် လွန်စွာမှပင် စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။ မြန်မာနိုင်ငံမြစ်များသည် များသောအားဖြင့် မြောက်မှတောင်သို့ စီးဆင်းလျက်ရှိရာတွင် ထင်ရှားသောမြစ်ကြီးများမှာ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်နှင့် သံလွင်မြစ်တို့ဖြစ်ကြသည်။ မြန်မာပြည်မြောက်ပိုင်း ကချင်ပြည်နယ်ဒေသရှိ "မေခနှင့် မလိခ" မြစ်ငယ်နှစ်ခုကို အခြေပြုစီးဆင်းလာသော ဧရာဝတီမြစ်ကြီးသည် မြန်မာပြည်၏ ဦးခေါင်းပိုင်းမှ ခြေဖျားပိုင်းအထိ စိတ်ဝင်စားဖွယ် သွယ်တန်း စီးဆင်းနေသည်မှာ ရှုမငြီးဖွယ်ရာဖြစ်ပါသည်။ ဧရာဝတီမြစ်ကြီးသည် လမ်းပန်း ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးတွင်သာမက တစ်မြေ တည်းနေ တစ်ရေတည်းသောက်ဆိုသည့် စကားရပ်အတိုင်း တိုင်းရင်းသားသွေးစည်းချစ်ကြည်မှုကိုလည်း အထောက်အကူပြုသက်သေပြုလျက် ရှိပါသည်။ ဧရာဝတီမြစ်ကြီးနည်းတူ အခြားသော ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်တို့မှာလည်း သူ့တာဝန်နှင့်သူပင် မြန်မာနိုင်ငံအလှကို ဘက်ပေါင်းစုံ ဖြည့်စွက်နေကြပါသည်။

၄။ မြန်မာနိုင်ငံ၏ တောတောင်ရေမြေသဘာဝနှင့် ရာသီဥတုမှာလည်း ကမ္ဘာတွင်ရှိသမျှ မြေအနေအထားနှင့် ရာသီဥတုများကို တစ်နေရာတည်း နိုင်ငံတစ်ခုတည်းတွင် စုပေါင်း နမူနာ ပြဘီသကဲ့သို့ ရှိနေပါသည်။ မြန်မာပြည်မြောက်ပိုင်း ကချင်ပြည်နယ်ဒေသရှိ တောင်တန်းကြီးများအနက် မြောက်ဘက်ဆုံး "ခါကာဘိုရာဇိ" တောင်တန်းကြီးများ တည်ရှိရာဒေသတွင် ရာသီဥတု အအေးလွန်ကာ ရေခဲသောဒေသဖြစ်သဖြင့် ကမ္ဘာဝင်ရိုးစွန်းရေခဲသောဒေသနှင့် အဆင်အပြင်တူညီလှပါသည်။ မြန်မာပြည် အရှေ့မြောက်ခြမ်း ရှမ်းကုန်းမြေမြင့်ဒေသကို လေ့လာမည်ဆိုပါက တောတောင်စိမ့်စမ်းများဖြင့် ပြန့်ပြူးသာယာလှပ်ရှိသည့်အပြင် မျှတသောအအေးဓာတ်များ ရစ်ပတ်လွှမ်းခြုံထားသဖြင့် ကမ္ဘာ၏ သမအေးပိုင်းဒေသများနှင့် သွား၍ဆင်နေပါသည်။ ဥပမာ- အနောက်ဥရောပနိုင်ငံများနှင့် ဆင်တူလျက်ရှိပါသည်။ ကန္တာရဆန်သည့် မြန်မာဖိုင်ငံ ရပ်ဝန်းဒေသတစ်ခုမှာ မြန်မာပြည်အလယ်ပိုင်း မိုးနည်းရေရှား ရပ်ဝန်းဒေသပင်ဖြစ်ပါသည်။ အနောက်မြောက်ဘက် ချင်းတောင်တန်းကြီးများ အနောက်ဘက် ရခိုင်ရိုးမတောင်တန်းများ၊ အလယ်ပိုင်းရှိ ပဲခူးရိုးမတောင်တန်းကြီးများနှင့် ရန်ကုန်-မန္တလေးကားလမ်း၏ အရှေ့ဘက်အခြမ်း အရှေ့ရိုးမတောင်တန်းကြီးများမှာလည်း သူ့နေရာနှင့်သူ ရာသီဥတု သဘာဝအတား အဆီးများသဖွယ် အကန့်လိုက်၊ အကန့်လိုက် မြန်မာနိုင်ငံကြီးကို ဝန်းရံစောင့်ရှောက်နေသည့်အလား ဖြစ်ထွန်းပေါ်ပေါက်နေပါသည်။ ရခိုင်ကမ်းရိုးတန်း၊ တနင်္သာရီကမ်းရိုးတန်းစသည့် ဒေသများမှာလည်း သမန္တရာသီဥတုကို ခံစားရသဖြင့် ပင်လယ်ကမ်းရိုးတန်း၏အလှကို ပိုမိုကြည်နူးခံစားရမည့် ဒေသများအဖြစ် မှတ်ယူရပါမည်။

၅။ မြန်မာနိုင်ငံသည် သဘာဝအလှတို့၏ စုဝေးရာဒေသဖြစ်ရုံမျှမကသေးဘဲ သဘာဝတွင်းထွက် ကျောက်သံပတ္တမြား (အထူးသဖြင့် ကမ္ဘာမှာရှားပါး၍ အဖိုးထိုက်တန်သော ပတ္တမြား၊ ကျောက်စိမ်းတုံးများ)၊ ဓာတ်သတ္တုအမျိုးမျိုးလည်း ထွက်ရှိသည့်အပြင် ဘုရားပေးသောဆုတစ်ခုဟု ဆိုရလောက်အောင်ပင် နာမည်ကျော်ကြားသော ထွက်ကုန်ပစ္စည်းတစ်မျိုးမှာ မြန်မာ့ကျွန်းသစ်ပင်ဖြစ်ပါသည်။ (မြန်မာ့ကျွန်းသစ်သည် ကမ္ဘာတွင် ထင်ရှားရခြင်းမှာ မြန်မာပြည်မိုးခေါင်ရေရှားရပ်ဝန်းပါမကျန် စိုက်ပျိုးဖြစ်ထွန်းနိုင်သော်လည်း ၎င်းကျွန်းမျိုးအား အခြားနိုင်ငံ၊ ဥပမာ- မြန်မာနိုင်ငံနှင့် ဆက်စပ်နေသော တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် စိုက်ပျိုးကြည့်သောအခါ မြန်မာနိုင်ငံလောက် မဖြစ်ထွန်းသည့်အပြင် အရည်အသွေးကလည်း အဆင့်မမီလှကြောင်း သိရပါသည်။) မြန်မာနိုင်ငံ၏ သဘာဝစွမ်းအင် ထူးခြားချက်တစ်ရပ်မှာ ရေနံစိမ်းနှင့် ဓာတ်ငွေ့များဒေသအနှံ့အပြား ထွက်ရှိနေသည့်အပြင် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သော မြစ်ချောင်း ဆည်မြောင်းများလည်း အများအပြား ရှိနေသေးသဖြင့် အနာဂတ်တွင် စွမ်းအင်ကိုအသုံးချ၍ ပေါကြွယ်ဝသော မြေပေါ်မြေအောက်သယံဇာတ ပစ္စည်းများနှင့် အသိဉာဏ်ပါးနပ်သိလွယ်လှသော မြန်မာ့လုပ်သားများ၏ စွမ်းအားကိုပေါင်းစပ်ဖြည့်ဆည်းပြီး ဆောင်ရွက်မည်ဆိုပါက မကြာမီ စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာမည့် အလားအလာကောင်းများလည်းရှိနေပါသည်။

၆။ မြန်မာ့သမိုင်းအစဉ်အလာရ မြန်မာလူမျိုးဟု ပေါ်ပေါက်ခဲ့ပြီ. မြန်မာပြည်ဟု ဖြစ်လာသည့် သမိုင်းလမ်းကြောင်းကပင် စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ မြန်မာလူမျိုးများသည် မြောက်ဖက် မွန်ဂိုလီးယားဒေသမှ ရေကြည်ရာမြက်နုရာ အုပ်စုလိုက်၊ တောင်ဘက်သို့ ရွှေ့လျားဆင်းသက်လာသည်ဟု သမိုင်းအဆိုရှိပါသည်။ မြန်မာပြည်၏ မူလဒေသခံ လူနည်းစုလူမျိုးများအနေဖြင့် ပျူ၊ ကမ်းယံ၊ သက်လူမျိုးဟူ၍ ရှိနေရာမှ ထိုရွှေ့လာသော လူမျိုးများနှင့် ဒေသခံလူမျိုးများရောနှောနေထိုင်ခဲ့ရာမှ ရေမြေတောတောင် သဘာဝဒေသများကိုလိုက်ပြီး ဒေသခွဲလူမျိုးများပေါ်ပေါက်ခဲ့ရသည်။ ၎င်းတို့မှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည်ဖြင့် လူမျိုးစုပေါင်း(၁၃၅) မျိုးရှိခဲ့ပါသည်။ ယဉ်ကျေးမှုအဆင့်အတန်းများအနေဖြင့်လည်း ခိုင်မာမြင့်မားသည့် သက်သေအထောက်အထားများစွာရှိသည်။ မြန်မာပြည် နေရာဒေသတွင် ရှေးနှစ်သန်းပေါင်းများစွာကပင် သက်ရှိသတ္တဝါများနေထိုင်ခဲ့သည့် အထောက်အထားများကို ပခုက္ကူခရိုင်၊ မြို့မြို့နယ်ရှိ ပုံတောင် ပုံညာဒေသတွင် တွေ့ရှိရသော ကျောက်ဖြစ်ရုပ်ကြွင်းများက သက်သေခံလျက်ရှိနေပေသည်။ ကျောက်ခေတ်လူသားတို့ ဘဝအစနေထိုင်ခဲ့ကြသည့် ကျောက်လက်နက်၊ ရှေးခေတ်ပန်းချီလက်ရာများကို ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွာငံမြို့နယ်အတွင်းရှိ ပြဒါးလင်းဂူတွင် တွေ့ရှိရခြင်းက မြန်မာတို့၏ ရှေးကျလှသော ယဉ်ကျေးမှုများကို အခိုင်အမာသက်သေထူလျက်ရှိပါသည်။

၇။ မြန်မာနိုင်ငံသည် ဗုဒ္ဓ၏ဆုံးမခြင်း မေတ္တာတရားကို အခြေခံထားသည်။ မြန်မာ့တိုင်းရင်းသားအများစုသည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကိုးကွယ်ကြပါသည်။ အခြားသော ဘာသာတရားများကိုလည်းလေးစားသူများဖြစ်ကြပါသည်။ မည်သည့်ဘာသာမဆို လွတ်လပ်စွာကိုးကွယ်နိုင်သည့် နိုင်ငံဖြစ်သည့်အလျောက် အခြားသူများ၏ ဘာသာတရားကိုလည်း အစဉ်လေးစားကူညီဖေးမတတ်ကြသည်မှာ မြန်မာလူမျိုးတို့၏ ဓလေ့စရိုက်တစ်ခုပင်ဖြစ်ပါသည်။ ဗုဒ္ဓဘာသာအပေါ် သက်ဝင်ယုံကြည်မှုနှင့်ပတ်သက်၍ ရန်ကုန်မြို့ မရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် မန္တလေး၊ ပုဂံဒေသရှိ စေတီပုထိုး ကျောင်းကန်ဘုရားတန်ဆောင်းများစွာက မြန်မာလူမျိုးတို့၏ ဘာသာတရားအပေါ် အလေးထား

ရှိသေလေးစား ကိုင်းရှိုင်းကြည်ညိုမှုကို သက်သေပြလျက်ရှိပါသည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ထူးခြားသော ဝိသေသတစ်ခုမှာ ငြဟ္မစိုရ် တရားလေးပါးခေါ်သည့် မေတ္တာ-(အချင်းချင်းအပေါ် စာနာထောက်ထား ချစ်ခင်မြတ်နိုးတတ်ခြင်း)၊ ကရုဏာ-(အချင်းချင်းအပေါ် ညှာတာသနားထောက်ထားကြင်နာတတ်ခြင်း)၊ မုဒိတာ-(သူတစ်ထူးကောင်းစား ကြီးပွားသည်ကို ဝမ်းမြောက်ဝမ်းသာဖြစ်တတ်ခြင်း)၊ ဥပေက္ခာ-(သည်းခံခွင့်လွှတ်တတ်မှုရှိခြင်း၊ မိမိအပေါ် မကောင်းကြံသည်ကိုပင် သည်းခံခွင့်လွှတ် ဥပေက္ခာပြုတတ်နိုင်ခြင်း)စသော မြင့်မြတ်သည့် အကျင့်တရားများကို အခြေခံထားသည့်လူမျိုးဖြစ်ခြင်းကြောင့်လည်း မည်သည့်ဧည့်မဆို အပြုံးနှင့် ဆက်ဆံတတ်ပြီး စေတနာဗလပွနှင့် ကူညီဖေးမ ဧည့်ခံတတ်ကြသည်မှာ ရွှေမြန်မာတို့၏ ဓလေ့ထုံးစံတစ်ခုပင်ဖြစ်ပါသည်။ ထို့ကြောင့်လည်း နိုင်ငံခြားဧည့်သည်များသည် မြန်မာနိုင်ငံသို့ တစ်ခါရောက်ပြီးလျှင် နောက်တစ်ခေါက် ပြန်လာပါဦးမည်ဟု ပြောကြား၍ ဝမ်းနည်းစွာထွက်ခွာသွားတတ်ကြပါသည်။ ဤမျှနှစ်လိုဖွယ်အတိနှင့် ပြည့်စုံသော မြန်မာနိုင်ငံသို့ တစ်ခါတစ်ခေါက် ဘလည်လာရောက်ကြပါရန် မြန်မာ့ရှုခင်း၊ မြန်မာ့ယဉ်ကျေးမှု၊ ဖော်ရွေတတ်သည့် မြန်မာ့ဓလေ့များက ဧည့်သည်တော်များကို အမြဲဖိတ်ခေါ်လျက်ရှိပါသည်။

THE GOLDEN LAND OF MYANMAR

Introduction

1. The Union of Myanmar is situated in southeast Asia. It borders China on the north, Laos and Thailand on the east and India and Bangladesh on the west. With its coastline bordering the Bay of Bengal and the Andaman Sea it also has sea lanes linking the rest of the world.

2. Myanmar is known as a beautiful country for its landscape adorned with flora and founa. Its four large rivers, namely, the Ayeyawady, the Chindwin, the Thanlwin and the Sittaung flow from the north down to the south where they end in the Andaman Sea. Among them, the mighty Ayeyawady, which being the longest, serves as an artery of traffic. It is rather interesting with its headwaters, the Meikha and the Malikha, both rise in the mountains in the northernmost area of Kachin State and converge near Myitkyina where they form the Ayeyawady. Apart from the rivers and lakes, and the valleys and lowlands, the country's mountain ranges, namely, the East Yoma, the West Yoma and Bago Yoma that extend from the north to the south; and the Shan Plateau add to its landscape. These surrounding mountain ranges also serve as the country's natural barriers.

3. Again, its tropical climate has turned this mountainous country into the vast landscape adorned with densely grown natural rain forests on these mountain ranges where the world-famous valuable teak and other hardwoods are grown. Thanks to its geographical situation and climatic conditions, the country has a vast area of fertile land where variety of consumer crops can also be grown. However, its physical features and climatic conditions in some parts of the country are similar to those of countries in the temperate zone in the western hemisphere. At the northernmost part of Kachin State where Mt. Khakhaborazi, the highest peak in Myanmar, and the mountain ranges are situated the weather is extremely cold and the whole area is covered with ice. On the Shan Plateau in eastern Myanmar, the weather is rather cold all year round and, with occasional falls of mist and fogs in the times of winter the region is, in many respects, similar to some countries in western Europe.

4. In addition, Myanmar is a country blessed with abundant natural resources. Among its mineral wealth are the precious rubies and the massive jades that can be rarely found elsewhere in other parts of the world. Another specific product of Myanma soil is the world-famous valuable teak which is considered to be a blessing. Moreover, if the huge oil and gas deposits and potential hydroelectric power together with the potential manpower of skilled workers shall be utilized propects of industrial development are foreseeable in the near future.

5. Myanmar as a race had moved nomadically in groups from Mongolia in the north down to the south and settled in this country. These nomads known to be Myanmar mixed with the ethnic minorities such as Pyus, Kanyans and Thets who were then the aboriginal inhabitants of this country. With the passage of time, these mixed races began to live in separate groups in different regions and brought out some regional ethnic groups. Thus, they become the indigenous races such as Kachin, Kayah, Kayin, Chin, Bamar, Mon, Rakhine, Shan and so on. Totally, 135 indigenous races are residing in Myanmar. The fossils quite recently unearthed in Pone-taung Pone-nya area in Myine Township of Pakokku District have confirmed the strong evidences of earliest primates who lived in Myanmar millions of years ago. Similarly, some stone-weapons and ancient paintings of stone-age people found previously in Pyadalin Cave strongly proved the existence of Myanmar's earliest civilization.

6. Such archaelogical and historical findings have prop up the theory that the civilization of Myanmar has taken thousands of years almost parallel to that of mankind. With the introduction of Buddhist culture to Myanmar in Bagan era its civilization was influenced by Buddha's teachings. Thus, Buddhism began to take root in Myanmar society since then. The majority of Myanmars profess Buddhism while the remaining minority profess other religions. At the same time, the majority Buddhists, who respect the freedom of religion provided under the constitution do not hesitate to help the others who profess different religions whenever they are in need, thus, enhancing fraternity in the society.

7. So strong was their devotion to Buddhism that these Buddhists began to build pagodas and temples elsewhere in the country. These shining golden pagodas, temples and monasteries nowadays stand not only as the religious structures but also as the cultural heritage of Myanmar. As a matter of fact, it was learned that the Great Traveller Marco Polo had once happened to see the numerous shining Temples in Bagan by the riverside of Ayeyawady and that, its panoramic view had compelled him to express these three little words in amazement. The Golden Land! The Golden Land!

Since the devout Myanmars practice the following noble rules of conduct; such as Metta (Benevolence), Karuna (Sympathy), Mudita (Sharing happiness upon other's success) and Upekkha (Forgiveness) in relationship with any other persons; they always welcome and treat any guests with their friendly smiles and warm hospitality. That is why many a number of tourists who had once visited Myanmar often left with a pledge to come back again if there is any chance.

Welcome to the Golden Land where the unique cultural heritage can be found. Feel safe in the least polluted environment amid friendly smiles and warm hospitality. Enjoy the serene beauty of its vast Landscape!

ပြည်ထောင်စုမြန်မာနိုင်ငံတော်

တည်နေရာ

၁။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ အင်ဒိုချိုင်းနားကျွန်းဆွယ်၏ အနောက်ဘက်ပိုင်း မြောက်လတ္တီတွဒ် ၉ ဒီဂရီ ၃၀မိနစ်နှင့် ၂၈ဒီဂရီ ၃၀မိနစ်အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၁၀ မိနစ်နှင့် ၁၀၁ဒီဂရီ ၁၁မိနစ်အကြား အရှေ့တောင်အာရှ၏ အကြီးဆုံးသောကျွန်းဆွယ်ပေါ်တွင် တည်ရှိသည်။

နယ်နိမိတ်

၂။ မြန်မာနိုင်ငံနှင့် နယ်မြေချင်း ဆက်စပ်လျက်ရှိသည့် နိုင်ငံများမှာ အနောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်၊ အနောက်မြောက်ဘက်တွင် အိန္ဒိယနိုင်ငံ၊ အရှေ့မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အရှေ့ဘက်တွင် လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဖြစ်ကြသည်။ ၎င်းနိုင်ငံများနှင့် ဆက်စပ်လျက်ရှိသော အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်သည် ခန့်မှန်းခြေ စုစုပေါင်း ၃၈၀၀ မိုင်ရှည်သည်။ မြန်မာနိုင်ငံတောင်ဘက်တွင် အက်ဒမန် (ကပွလီ)ပင်လယ်၊ မုတ္တမပင်လယ်ကွေ့၊ ဘင်္ဂလားပင်လယ်အော်တို့ရှိသည်။ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် အနောက်ဘက်နတ်မြစ်ဝမှ တောင်ဘက် ကော့သောင်းမြို့အထိ မိုင်ပေါင်း (၁၃၈၅)မိုင် ရှည်လျားသည်။

ဧရိယာအကျယ်အဝန်း

၃။ မြန်မာနိုင်ငံ၏ ဧရိယာအကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း (၂၆၁၂၂၈)ဖြစ်သည်။ တောင်နှင့် မြောက် အလျားရှည်ပြီး၊ အရှေ့နှင့်အနောက် အနံကျဉ်းမြောင်းသော နိုင်ငံဖြစ်သည်။ အရှည်ဆုံးအကွာအဝေးသည် (၁၂၇၅)မိုင်ဖြစ်ပြီး၊ အကျယ်ဆုံး(၅၈၂)မိုင်ဖြစ်သည်။

မြေမျက်နှာသွင်ပြင်

၄။ မြန်မာနိုင်ငံသည် တောင်ကုန်းတောင်တန်းများထူထပ်ပြီး၊ အများဆုံးကို မြောက်ဘက်၊ အရှေ့ဘက်နှင့် အနောက်ဘက်တို့တွင် တွေ့ရသည်။ ကျယ်ပြန့်သောလွင်ပြင်များနှင့် မြစ်ဝှမ်းဒေသများကို နိုင်ငံ၏အလယ်ပိုင်းတွင် အများဆုံးတွေ့ရပါသည်။ တောင်ကုန်းတောင်တန်းများသည် မြောက်မှတောင်သို့ အတန်းလိုက်တည်ရှိသည်။ မြောက်ဘက်တွင် မြင့်မားသောတောင်တန်းများသည် တောင်ဘက်သို့ တဖြည်းဖြည်း နိမ့်ဆင်းသွားသည်။ မြန်မာနိုင်ငံ၏ ပထဝီအသွင်အပြင်ကို (၄)မျိုးခွဲခြားနိုင်သည်။ အရှေ့ဘက်တွင် ကုန်းမြင့်ကြီးများ၊ အနောက်ဘက်တွင် တောင်တန်းကြီးများ၊ အလယ်ပိုင်းမြေပြန့်လွင်ပြင်နှင့် ရခိုင်ကမ်းရိုးတန်းတို့ ဖြစ်သည်။


၅။ တောင်တန်းများသည် မြောက်မှတောင်သို့ နိမ့်ဆင်းသွားသောကြောင့် မြစ်ချောင်းများသည်လည်း မြောက်ဘက်ကုန်းမြင့်တွင် မြစ်ဖျားခံပြီး၊ တောင်ဘက်ပင်လယ်ထဲသို့ စီးဝင်ကြသည်။ မြန်မာနိုင်ငံ၏ ထင်ရှားသောမြစ်ကြီး(၄)ခုမှာ ဧရာဝတီမြစ်၊ သံလွင်မြစ်၊ ချင်းတွင်းမြစ်နှင့် စစ်တောင်းမြစ်တို့ ဖြစ်ကြသည်။ ဧရာဝတီမြစ်သည် (၁၂၃၈)မိုင် ရှည်လျားပြီး၊ မြန်မာနိုင်ငံအတွက် အသုံးအဝင်ဆုံးမြစ် ဖြစ်သည်။ သံလွင်မြစ်သည် (၇၉၆)မိုင်၊ ချင်းတွင်းမြစ်သည် (၆၉၁)မိုင်နှင့် စစ်တောင်းမြစ်သည် (၁၈၆)မိုင် ရှည်လျားသည်။

ရာသီဥတု

၆။ မြန်မာနိုင်ငံသည် မုတ်သုံရာသီဥတုရှိသည်။ နွေရာသီ၊ မိုးရာသီနှင့် ဆောင်းရာသီဟူ၍ ရာသီ(၃)မျိုး ရှိသည်။ နွေရာသီသည် မတ်လမှ မေလလယ်ထိ၊ မိုးရာသီသည် မေလလယ်မှ အောက်တိုဘာလထိ၊ ဆောင်းရာသီသည် အောက်တိုဘာလမှ ဖေဖော်ဝါရီလထိဖြစ်သည်။

၇။ မြန်မာနိုင်ငံတွင် ရခိုင်ပြည်နယ်နှင့် တနင်္သာရီကမ်းရိုးတန်းဒေသများသည် မိုးများပြီး၊ တစ်နှစ်ပျမ်းမျှ မိုးရေချိန်မှာ (၁၅၀)လက်မရှိသည်။ မြစ်ဝကျွန်းပေါ်ဒေသသည် တစ်နှစ်ပျမ်းမျှ (၈၀)လက်မ ဖြစ်ပြီး၊ မိုးနည်းရပ်ဝန်း အလယ်ပိုင်းဒေသသည် မိုးရေချိန်လက်မ (၄၀)ခန့်သာ ရရှိသည်။ မြန်မာနိုင်ငံတွင် ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့သည် အအေးဆုံးလများဖြစ်ပြီး၊ ဧပြီလနှင့် မေလတို့သည် အပူဆုံးလများဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်


ကချင်ပြည်နယ်
ကယား
ကရင်
ချင်းပြည်နယ်
စစ်ကိုင်းတိုင်း
တနင်္သာရီတိုင်း
ပဲခူးတိုင်း
ပဲခူးရိုးမတောင်တန်း
ပြည်နယ်
ပြည်နယ်
ပြည်နယ်

မြန်မာနိုင်ငံအလယ်ပိုင်းတွင် မွန်းတည့်ချိန်၌ အပူချိန် (၁၀၀)ဒီဂရီဖာရင်ဟိုက်မှ (၁၀၈)ဒီဂရီ ဖာရင်ဟိုက်ထိ ဖြစ်ပြီး၊ တစ်ခါတစ်ရံ အပူချိန်ပို၍ မြင့်မားသည်။

သဘာဝပေါက်ပင်များ

၈။ တစ်နှစ်အတွက် မိုးရေချိန်ပမာဏကိုလိုက်၍ သစ်တောအမျိုးမျိုးကို တွေ့ရသည်။ တစ်နှစ်လျှင် မိုးရေချိန်(၁၀၀)လက်မကျော်သော ဒေသများတွင် အပူပိုင်းအမြဲစိမ်းတောကို တွေ့ရသည်။ မိုးရေချိန် (၄၀)လက်မနှင့် (၁၀၀)လက်မအကြားတွင် သစ်ရွက်ကြွေတောကို တွေ့ရပြီး၊ မိုးရေချိန်(၄၀)လက်မအောက် နည်းသောဒေသများတွင် သစ်ပင်ကြီးအနည်းငယ်နှင့် ခြုံပင်များကိုသာ တွေ့ရသည်။ သို့ရာတွင် မြန်မာနိုင်ငံသည် ကျွန်းအပါအဝင် အဖိုးတန်သစ်အမျိုးအပြားကို ပိုင်ဆိုင်ထားသည်။

လူဦးရေ

၉။ ၁၉၉၈-ခုနှစ်၊ စိမ်ကိန်းသက်တမ်းအရ မြန်မာနိုင်ငံလူဦးရေသည် (၄၆,၄၀၀,၀၀၀)ကျော် ဖြစ်သည်။

လူမျိုးများ

၁၀။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုး အမြောက်အများ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နေထိုင်သောနိုင်ငံဖြစ်သည်။ ဘာသာစကား(၁၀၀)ကျော်ကို ပြောဆိုသုံးစွဲသော လူမျိုးစုပေါင်း (၁၃၅)စု ရှိသည်။ လူဦးရေကြီးများသော လူမျိုးစုများမှာ ဗမာ၊ ရှမ်း၊ ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မွန်နှင့် ရခိုင်တို့ ဖြစ်ကြသည်။ ဗမာလူမျိုးသည် လူဦးရေ၏ ၆၈ ရာခိုင်နှုန်းဖြစ်ပြီး အကြီးမားဆုံးအရေအတွက်ဖြစ်သည်။

ဘာသာစကား

၁၁။ မြန်မာဘာသာစကားသည် အဓိကအသုံးပြုသော ဘာသာစကားဖြစ်သည်။ နိုင်ငံ၏ ရုံးသုံးစကားလည်းဖြစ်သည်။ အင်္ဂလိပ် ဘာသာစကားသည် ဒုတိယဖြစ်ပြီး၊ ကျောင်းများ၊ ကောလိပ်နှင့် တက္ကသိုလ်များတွင်သင်ကြားသည်။ ပြည်နယ်များတွင် အဓိကကျသော ဒေသသုံးဘာသာစကား(ဒေသစကား)ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုသည်။ မြို့ကြီးများတွင် မြန်မာစကားအပြင် တရုတ်နှင့် အင်္ဂလိပ်(ဟိန္ဒူ) စကားကိုလည်း ပြောဆိုကြသည်။

ကိုးကွယ်မှု

၁၂။ မြန်မာနိုင်ငံအတွင်း လူဦးရေ၏ ၈၀ရာခိုင်နှုန်းကျော်သည် ထေရဝါဒဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။ ခရစ်ယာန်၊ အစ္စလာမ်နှင့် ဟိန္ဒူဘာသာများကိုလည်း အချို့ကိုးကွယ်ကြသည်။ မြန်မာနိုင်ငံတွင် ကိုးကွယ်မှုဆိုင်ရာ လွတ်လပ်မှုအပြည့် ရှိသည်။

နိုင်ငံတော်အလံ

၁၃။ မြန်မာနိုင်ငံ၏ နိုင်ငံတော်အလံသည် အောက်ခံတစ်ခုလုံး အနီရောင်ဖြစ်ပြီး၊ အပေါ်ဝဲဘက် ထောင့်တွင် အပြာရောင်စတုရန်းကွက် ရှိသည်။ ယင်းအပြာရောင်စတုရန်းကွက်ထဲတွင် စပါးနှံနှင့် စက်သွား(ပင်နီယံ) ပုံပါရှိသည်။ ၎င်းပုံကို ကြယ်ပြု(၁၄)မှင့်သည် စက်ဝိုင်းသဏ္ဌာန် ပတ်ဝိုင်းထားသည်။

ငွေကြေးစနစ်

၁၄။ မြန်မာနိုင်ငံ၏ ငွေကြေးနစ်သည် (၁၀၀ပြား - ၁ကျပ်)ကို အခြေခံ၍ သတ်မှတ်ထားသည်။ တရားဝင် လက်ခံအသုံးပြုသောငွေများမှာ (၁၀၀၀)ကျပ်တန်၊ (၅၀၀)ကျပ်တန်၊ (၂၀၀)ကျပ်တန်၊ (၁၀၀)ကျပ်တန်၊ (၉၀)ကျပ်တန်၊ (၅၀)ကျပ်တန်၊ (၄၅)ကျပ်တန်၊ (၁၅)ကျပ်တန်၊ (၁၀)ကျပ်တန်၊ (၅)ကျပ်တန်၊ (၁)ကျပ်တန်နှင့် ပြား(၅၀)တန်တို့ဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ

၁၅။ လယ်ယာစိုက်ပျိုးရေးသည် မြန်မာနိုင်ငံ၏စီးပွားရေးအဆောက်အအုံကြီးတွင်အခြေခံအကျဆုံးသောကဏ္ဍဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်စေရန်အတွက် ဘက်စုံကြိုးပမ်းမှုများကို ပြုလုပ်နေကြသည်။ ထိုသို့ကြိုးပမ်းမှုများပြုလုပ်ရာတွင် နည်းစနစ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အကျိုးရှိစေရေးအတွက် အခြေခံမူ(၅)ချက်ချမှတ်ထားသည်။ ၎င်းတို့မှာ -

(က) စိုက်ပျိုးရန်သင့်တော်သော မြေကွက်များကိုဖော်ထုတ်ပြီး တိုးချဲ့ရန်၊

(ခ) ရေပေးဝေမှု လုံလောက်စေရန်၊

(ဂ) လယ်ယာသုံးပစ္စည်းကိရိယာများကို စက်များအစားထိုးတပ်ဆင်ရန်၊

(ဃ) လယ်ယာစိုက်ပျိုးရေး နည်းစနစ်များကို ပြုပြင်ပြောင်းလဲရန်၊

(င) အရည်အသွေးမြင့်မားသော မျိုးစေ့များကို ထုတ်လုပ်အသုံးပြုရန်၊

အထက်ဖော်ပြပါ ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ရန်အတွက် နိုင်ငံတော်က ကူညီပံ့ပိုးမှု အသီးသီးပေးလျက်ရှိပါသည်။

၁၆။ တောင်သူလယ်သမားများ အပိုင်းမှလည်း ရာသီဥတုအခြေအနေ၊ ဈေးကွက်အခြေအနေနှင့်ကိုက်ညီစေရန် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များကို တိုးတက်ပေါများရန်အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံတော်၏ အဓိကသီးနှံဖြစ်သော စပါးထုတ်လုပ်ရာတွင် တွဲဖက်အကူသီးနှံများကိုလည်း နွေရာသီစိုက်ပျိုးခြင်း၊ မိုးရာသီအတွင်း နှစ်သီးစားစိုက်ပျိုးခြင်းတို့ဖြင့် ထုတ်လုပ်လျက်ရှိသည်။ တစ်နှစ်ပတ်လုံး စိုက်ပျိုးပြီး သုံးသီးစားထုတ်လုပ်ရန်အတွက် ဆည်ရေကို အသုံးပြုသည်။ နိုင်ငံတော်၏ အရန်အဖြစ် စပါးစိုက်မြေများကို ထားရှိခြင်း၊ စပါးစိုက်ပျိုးခြင်း၊ တွဲဖက်ငါးမွေးမြူခြင်းများကို ဖြစ်နိုင်သောနည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ၁၉၉၄-၉၅ခုနှစ်၊ စာရင်းများအရ စပါးကို ဧကပေါင်း(၁၅. ၁၅)သန်း စိုက်ပျိုးပြီး၊ စပါးတင်းပေါင် (၉၀၁၆)သိန်းခန့် ထွက်ရှိသည်။ ၎င်းပမာဏသည် ပြည်တွင်းစားသုံးရန် လုံလောက်သည့်အပြင် ၁၉၉၄-ခုနှစ်တွင် နိုင်ငံခြားသို့ ဆန်တန်ချိန်တစ်သန်း တင်ပို့နိုင်ခဲ့သည်။

မွေးမြူရေးနှင့် ငါးလုပ်ငန်းကဏ္ဍ

၁၇။ မွေးမြူရေးနှင့် ငါးလုပ်ငန်းကဏ္ဍသည် ထုတ်လုပ်မှုအပိုင်းတွင် တိရစ္ဆာန်မွေးမြူရေးနှင့် ပုစွန်မွေးမြူရေးသည် တိုးတက်လာသည်။ တိရစ္ဆာန်မွေးမြူရေးအပိုင်းတွင် ခေတ်မီသားဖောက်နည်းစနစ်ကို အလေးထားခြင်း၊ မျိုးကောင်းတိရစ္ဆာန် ပျံ့နှံ့မှုများကို အလေးထားခြင်းနှင့် ကုသမှုဆိုင်ရာ အလေးထားခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ တိရစ္ဆာန်များအတွက် ဆေးဝါးထုတ်လုပ်မှု၊ အစာထုတ်လုပ်မှုများကို နိုင်ငံခြားကုမ္ပဏီများနှင့် ဖက်စပ်ဆောင်ရွက်လျက်ရှိသည်။

၁၈။ ငါးလုပ်ငန်းကဏ္ဍတွင် ငါးလုပ်ငန်းဥပဒေကို နောက်ဆက်တွဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ငါးထုတ်လုပ်မှုတိုးတက်မြင့်မားစေရန် ငါးပြုန်းတီးမှုကိုကာကွယ်ရန်အတွက် ကြိုးကြပ်ကွပ်ကဲမှုများပြုလုပ်သည်။ ငါးသားပေါက်များကို ဖြန့်ပြူး သည်။ မိသားစုငါးမွေးမြူရေးကန်များ အဆင့်မြင့်မားလာစေရန်နှင့် တိမ်ကောမသွားစေရန် ကာကွယ်မှု များကိုလည်း ပြုလုပ်သည်။ ပုဂ္ဂလိကငါးလုပ်ငန်းရှင်များကို စီးပွားဖြစ်ထုတ်လုပ်မှုတွင် ပါဝင်ခွင့်ပြုထားသည်။ နိုင်ငံခြားကုမ္ပဏီများ၊ ပြည်တွင်းလုပ်ငန်းရှင်များနှင့် ဖက်စပ်ပြုလုပ်ပြီး၊ နိုင်ငံတော်မှလည်း ငါး၊ ပုစွန်၊ ရေထွက်ပစ္စည်း ရောင်းဝယ်ထုတ်လုပ်မှု တိုးတက်စေရန် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

၁၉။ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် တိုးတက်လာသည့်အတွက် တစ်နှစ်အတွင်း အသား ပိသာထောင်ပေါင်း (၂၃၂၂၂) နှင့် ငါး၊ ပုစွန်ပိသာထောင်ပေါင်း (၇၁၅၆၆၉) ထုတ်လုပ်နိုင်ကြောင်း ၁၉၉၉-၂၀၀၀ စာရင်းဇယားများအရ တွေ့ရသည်။

သစ်တောကဏ္ဍ

၂၀။ မြန်မာနိုင်ငံ စုစုပေါင်းဧရိယာ၏ (၄၇. ၅)ရာခိုင်နှုန်းသည် သစ်တောများဖြင့် ဖုံးအုပ်လျက်ရှိ သည်။ သစ်တောဥပဒေနှင့်အညီ သစ်တောများမပြုန်းတီးစေရန် စနစ်တကျကာကွယ်တားဆီးမှု လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ကျွန်းသစ်၊ သစ်မာနှင့် အခြား သစ်တောထွက်ပစ္စည်းများကို စနစ်တကျရေရှည်ထုတ်လုပ်နိုင်ရန်အတွက် လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

၂၁။ အရန်သစ်တော၊ ဘေးမဲ့သစ်တောများကိုလည်း တည်ဆောက်ထားသည်။ ပတ်ဝန်းကျင်ကာကွယ်ရန် ဘေးမဲ့သစ်တောများကို ကာကွယ်ရန်အတွက် အစီအစဉ်များဆောင်ရွက်ထားပြီးဖြစ်သည်။ ကျွန်း၊ သစ်မာ၊ စက်မှုကုန်ကြမ်းများသာမက ကျေးရွာသုံး လောင်စာထင်းဖြည့်တင်းပေးရန်အတွက် ပျိုးပင်စိုက်ပျိုးခြင်း၊ စိုက်ပျိုးကွက်ထူထောင်ခြင်းများလည်း ဆောင်ရွက်ထားပြီးဖြစ်သည်။ ပြည်သူလူထု၏ပူးပေါင်းဆောင်ရွက်မှုနှင့် တင်းကြပ်သောလုပ်ငန်းစဉ်များအရ စိမ်ချက်များဆောင်ရွက်လျက်ရှိသည်။

၂၂။ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောဦးစီးဌာနနှင့် မြန်မာနိုင်ငံသစ်တောစိမ်ကိန်း ဖက်စပ်ကော်ပိုရေးရှင်း၊ ၁၉၉၃-ခုနှစ်တွင်ဖွဲ့စည်းသော လူထုဖက်စပ်များမှ သစ်တောထွက်ပစ္စည်းထုတ်လုပ်မှုတိုးတက်စေရန် အားထုတ်ကြိုးပမ်းလျက် ရှိသည်။ ပြည်တွင်းပြည်ပများ၌ ဈေးကွက်ရရှိစေရန် ကြိုးပမ်းလျက်ရှိသည်။ သစ်တောကဏ္ဍသည် နိုင်ငံခြားငွေဒုတိယအများဆုံးရရှိသည်။

သတ္တုကဏ္ဍ

၂၃။ သတ္တုထွက်ကုန်ပစ္စည်းများကို မြန်မာနိုင်ငံအနှံ့အပြားတွင်တွေ့နိုင်သည်။ သံ၊ သံရိုင်း၊ မဂ္ဂနိ အရော၊ နီကယ်၊ ခရိုမီယမ်၊ တန်စတင် (အဖြူက်နက်)၊ ကိုဘော့၊ ခနောက်စိမ်း၊ ကြေးနီ၊ ခဲ၊ သွပ်နှင့် သံဖြူသတ္တုများကိုထုတ်လုပ်သည်။ အခြားသတ္တု(တွင်းထွက်)များမှာ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးတို့ ဖြစ်သည်။ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ ကြောင်၊ ဥဿဖယား၊ ဂေါ်မုတ်နှင့် အဖိုးတန်ပယင်းကျောက်များလည်း ထွက်ရှိသည်။

၂၄။ စက်မှုကုန်ကြမ်းများအဖြစ် အသုံးပြုသော သတ္တု(တွင်းထွက်)များမှာ သလင်းကျောက်၊ ထုံးကျောက်၊ မီးခဲကျောက်၊ ဂရက်ဖိုက်(ခဲပုပ်)နှင့် အခြားသောတွင်းထွက်အများအပြားဖြစ်သည်။ သတ္တုရှာဖွေရေးလုပ်ငန်းကို စနစ်တကျဆောင်ရွက်ပြီး ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေရေးအတွက် စိမ်ကိန်းများကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ အဖိုးတန်သတ္တုများနှင့် ကျောက်မျက်ရတနာများ တူးဖော်ရှာဖွေမှုကို နိုင်ငံတော်တစ်ခုတည်းသာမက ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဖက်စပ်အဖွဲ့များပါ ပြုလုပ်လျက်ရှိပါသည်။ သဘာဝဓာတ်ငွေ့နှင့် အခြားသတ္တုရှာဖွေမှုများကို ပြည်တွင်းပြည်ပကုမ္ပဏီများ အပြန်အလှန်အကျိုးရှိရေးအပေါ် မူတည်ပြီး ဆောင်ရွက်လျက်ရှိသည်။

၂၅။ ၁၉၉၄-၉၅ စာရင်းများအရ ရေနံစိမ်းစည်ပေါင်း (၅. ၇)သန်းနှင့် သဘာဝဓာတ်ငွေ့ (၅၁၉၀၉၀)ကုဗပေ ထုတ်လုပ်ခဲ့သည်။ သတ္တုကဏ္ဍ၏ အသားတင်ထုတ်ကုန်သည် ကျပ်သန်းပေါင်း (၈၁၀)ရှိကြောင်း ယာယီစာရင်းများ၌ ဖော်ပြထားသည်။

စက်မှုကဏ္ဍ

၂၆။ စက်မှုကဏ္ဍတွင် နိုင်ငံတော်ပိုင်စက်ရုံ၊ အလုပ်ရုံများတွင်သာမက ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံများတွင်ပါ ကုန်ထုတ်အင်အားစုများတိုးမြင့်လာစေရန်အတွက် ကူညီပံ့ပိုးမှုအသီးသီးကို နိုင်ငံတော်မှ ဆောင်ရွက်နေသည်။ ကုန်ပစ္စည်းထုတ်လုပ်မှုတွင် နိုင်ငံတော်ပိုင်စက်ရုံ၊ အလုပ်ရုံများသည် ပြည်တွင်း ပြည်ပ လုပ်ငန်းရှင်များနှင့် ဖက်စပ်လုပ်ကိုင်လျက်ရှိသည်။ နိုင်ငံတော်မှလည်း ကုန်ထုတ်လုပ်မှု တိုးတက်လာစေရန် ပြည်တွင်းလုပ်ငန်းရှင်များကို လိုအပ်သောပစ္စည်းများ၊ ကုန်ကြမ်းပစ္စည်းများ၊ လောင်စာများကို ထောက်ပံ့ခြင်းဖြင့် အားပေးလျက်ရှိသည်။ နည်းစနစ်၊ အတတ်ပညာ ဖလှယ်မှုများကို စီစဉ်ပေးခြင်း၊ ကုန်သွယ်မှုဈေးပွဲတော်များ ကျင်းပပေးခြင်း၊ လိုအပ်သောကူညီပံ့ပိုးမှုများ ဖြည့်တင်းပေးခြင်းတို့ ဖြစ်သည်။

၂၇။ သကြား၊ ဆား၊ စီးကရက်၊ အုတ်ခဲ၊ အထပ်သား၊ စက္ကူ။ ဓာတ်ဆီ၊ ရေနံဆီ၊ ဒီဇယ်ဆီ၊ ဓာတ်မြေ သြဇာနှင့် စွမ်းအားသုံးစိုက်ပျိုးကိရိယာများ၊ ထုတ်လုပ်မှုတွင် တိုးတက်လာလျက်ရှိသည်ကို စက်မှုကဏ္ဍ ၁၉၉၄-၉၅ခုနှစ်စာရင်းများအရ တွေ့ရသည်။ ယာယီကိန်းဂဏာန်းများအရ အသားတင် ထွက်ကုန်တန်ဖိုးသည် ကျပ်သန်းပေါင်း(၅၇၉၉)အထိဖြစ်သည်။

လျှပ်စစ်စွမ်းအားကဏ္ဍ

၂၈။ လျှပ်စစ်စွမ်းအားကဏ္ဍတွင် နှစ်တိုအတွက် အသေးစားရေအားလျှပ်စစ်စွမ်းအားထုတ်စီမံကိန်းများနှင့် လေတိုက်အားသုံးစွမ်းအား စက်ရုံများကို တည်ဆောက်လျက်ရှိသည်။ နှစ်ရှည်စီမံကိန်းအဖြစ် အကြီးစားရေအားလျှပ်စစ် စွမ်းအားထုတ်စက်ရုံများကို တည်ဆောက်ဆဲဖြစ်သည်။ ၁၉၉၃-၉၄ခုနှစ်၊ ယာယီကိန်းဂဏာန်းများအရ စုစုပေါင်းစွမ်းအား(၁၁၆၃)မီဂါဝပ် ထုတ်လုပ်ပေးလျက်ရှိသော လျှပ်စစ်စွမ်း အားထုတ် စက်ရုံများကို တည်ဆောက်ထားပြီး ဖြစ်သည်။ ၎င်းစက်ရုံများမှ ၁ နာရီကို လျှပ်စစ်(၃၀၆၁)ကီလိုဝပ် ထုတ်ပေးသည်။ တစ်နိုင်ငံလုံးအနေနှင့် မြို့ပေါင်း(၃၁၄)မြို့၊ ကျေးရွာပေါင်း(၉၆၅)ရွာတို့ကို လျှပ်စစ်ဓာတ်အားပေးထားပြီး ဖြစ်သည်။

ဆောက်လုပ်ရေးကဏ္ဍ

၂၉။ ပြည်သူလူထုနှင့်ပူးပေါင်း၍ နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကတို့မှ ဆောက်လုပ်ရေးလုပ်ငန်းအမျိုးမျိုး ဆောင်ရွက်လျက်ရှိသည်။ ယာယီကိန်းဂဏာန်းများအရ လမ်းအရှည် (၁၆၇၇၀)မိုင်၊ တံတားကြီးပေါင်း (၉၅)ခုတည်ဆောက်ပြီး ဖြစ်သည်။ မြို့တော်စည်ပင်သာယာရေးနှင့် မြို့သစ်များတွင် တည်ဆောက်မှုကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ ၁၉၉၃-၉၄ခုနှစ်၊ စာရင်းများအရ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနသည် လူနေအိမ်စီမံကိန်းများအတွက် စုစုပေါင်းမြေကွက်(၁၅၀၉၄၇)ကို ချထားပြီးဖြစ်သည်။

သယ်ယူပို့ဆောင်ရေးကဏ္ဍ

၃၀။ ကုန်ပစ္စည်းထုတ်လုပ်မှုတွင် တိုးတက်လာသည်နှင့်အညီ ကုန်ပစ္စည်းများ ချောမွေ့စွာစီးဆင်းရေးအတွက် လုံလောက်သော သယ်ယူပို့ဆောင်မှုကိုဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ ယင်းလိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့သည့် ခရီးသည်သယ်ယူပို့ဆောင်ရေးကို ဆောင်ရွက်ပေးရန်အတွက် ဘက်ပေါင်းစုံ သယ်ယူပို့ဆောင်ရေးကို ဆောင်ရွက်လျက်ရှိသည်။ ၁၉၉၄-၉၅ခုနှစ်၊ ယာယီစာရင်းများအရ နိုင်ငံတော်အစိုးရပိုင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး၏ ခရီးသည်ပို့ဆောင်ပြီး မိုင်အရှည်သည် (၁၇၆၆)သန်းခရီးမိုင် ဖြစ်သည်။

၃၁။ မြန်မာ့မီးရထား၏ ခရီးသည်ပို့ဆောင်ပြီး မိုင်အရှည်သည် (၃၄၀၀)သန်း ခရီးမိုင်ဖြစ်ပြီး၊ ကုန်ပစ္စည်း ပို့ဆောင်မှု ခရီးမိုင်အရှည်သည် (၅၈၇)သန်း ဖြစ်သည်။ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောပို့ဆောင်ရေး၏ ခရီးသည်ပို့ဆောင်ပြီးမိုင်သည် (၂၀)သန်း ခရီးမိုင်ဖြစ်၍ ကုန်ပစ္စည်းပို့ဆောင်ပြီး မိုင်သည် (၃၁၁၃)သန်း ဖြစ်သည်။ မြန်မာ့လေကြောင်း၏ ပြည်တွင်းခရီးသည် ပို့ဆောင်ပြီးမိုင်သည် (၁၆၇)သန်း ခရီးမိုင်ဖြစ်ပြီး၊ ကုန်ပစ္စည်းသယ်ပို့ပြီး ခရီးမိုင်သည် (၁. ၈)သန်း ဖြစ်သည်။

ကုန်သွယ်မှုကဏ္ဍ

၃၂။ စျေးကွက်အခြေခံသည့်စီးပွားရေးစနစ်ကို လိုက်လျောညီထွေဖြစ်စေရန်ကုန်သွယ်မှုကဏ္ဍသည် နိုင်ငံတော်ပိုင်ကဏ္ဍ၊ သမဝါယမပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကပိုင်ကဏ္ဍတို့ဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဖွံ့စည်းထားသည်။ အစိုးရပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးစျေးကွက်ကို အခြေခံသည့် စီးပွားရေးစနစ်နှင့်အညီ ကုန်သွယ်မှု၊ ရောင်းဝယ်ဖောက်ကားမှုတို့ကို စိမ်အုပ်ချုပ်ရန်နှင့် စီးပွားရေးဆိုင်ရာ ကြိုးပမ်းမှုများကို တိုးမြှင့်စေရန်တို့အတွက် လိုအပ်သည့်ဆောင်ရွက်ချက်များကို ပြုလုပ်လျက်ရှိသည်။ လက်ရှိကုန်သွယ်မှု စနစ်အောက်တွင် အရေးကြီးသည့် ပုဂ္ဂလိက ကူးသန်းရောင်းဝယ်မှုလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အားပေးအားမြှောက်ပြုလုပ်ရန်အတွက် တည်ဆဲကုန်သွယ်မှုဥပဒေနှင့် ယင်း၏စည်းမျဉ်းစည်းကမ်းများကို

ပြုပြင်မှုများ ပြုလုပ်လျက်ရှိသည်။ တစ်ဆက်တည်းတွင် ပုဂ္ဂလိကလုပ်ငန်း အများအပြားပေါ်ထွက် လာခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ် မတ်လအထိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသည့် ပုဂ္ဂလိကလုပ်ငန်းအရေအတွက်သည် (၃၈၇၈၃)ဖြစ်သည်။

၃၃။ ၁၉၉၄-၉၅ခုနှစ် ယာယီကိန်းဂဏန်းများအရ ထွက်ကုန်ဝင်ငွေသည် စုစုပေါင်းကျပ်သန်း (၄၇၇၃) ဖြစ်ပြီး၊ ယင်းအထဲမှ နိုင်ငံတော်ပိုင် ကဏ္ဍသည် ကျပ်သန်း (၂၂၇၉)၊ သမဝါယမပိုင်ကဏ္ဍသည် ကျပ်(၉၆)သန်း၊ ပုဂ္ဂလိကကဏ္ဍသည် ကျပ်(၂၃၉၈)သန်း ဖြစ်ပါသည်။

ယဉ်ကျေးမှု

၃၄။ မြန်မာလူမျိုးများသည် ဘာသာရေးကိုအလေးထားပြီး တစ်ဖက်သားကိုကူညီရန်အတွက် အမြဲတမ်းအဆင်သင့်ဖြစ်လျက်ရှိသည်။ စိတ်ထားဖြူစင်ကြသည်။ ဓလေ့ထုံးစံအားဖြင့် ငယ်သူများသည် ကြီးသူများအပေါ် ရိုသေလေးစားကြသည်။ မြန်မာတို့သည် ပျော်ရွှင်မှုနှင့် ပြည့်နေသော လူမျိုးများဖြစ်သည်။ ဘာသာ၊ သာသနာတည်တံ့ခိုင်မြဲရေးအတွက် အလှူဒါနများ ပြုလုပ်သည့်ပွဲတော်များရှိသည်။ အကျော်ကြားဆုံးသော ပွဲတော်များမှာ နှစ်သစ်သကြန်ပွဲတော်၊ ကဆုန်ပွဲတော်၊ သီတင်းကျွတ်မီးထွန်းပွဲတော်၊ တန်ဆောင်တိုင်ပွဲတော်နှင့် မြင်းခင်းသဘင်တို့ ဖြစ်သည်။

မြို့တော်များ

၃၅။ ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏မြို့တော်ဖြစ်၍ မန္တလေးမြို့သည် ရတနာပုံခေတ် မြန်မာဘုရင်တို့၏ မြို့တော်ဖြစ်ရုံသာမက မြန်မာ့ယဉ်ကျေးမှု၏ အချက်အချာဖြစ်သည်။ ပုဂံမြို့သည် ရှေးဟောင်းဘုရားစေတီပေါင်း (၄)သန်းခန့်ရှိခဲ့သည်။ ပုဂံသည် ဗုဒ္ဓသာသနာအခြေကျ၍ ဖွံ့ဖြိုးတိုးတက် ခဲ့ရာအဓိကဒေသဖြစ်သည်။ ပြည်နယ်နှင့် တိုင်းမြို့တော်များမှာ -

- မြစ်ကြီးနားမြို့ ကချင်ပြည်နယ်။
- လွိုင်ကော်မြို့ ကယားပြည်နယ်။
- ဘားအံမြို့ ကရင်ပြည်နယ်။
- ဟားခါးမြို့ ချင်းပြည်နယ်။
- စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်း။
- ထားဝယ်မြို့ တနင်္သာရီတိုင်း။
- ပဲခူးမြို့ ပဲခူးတိုင်း။
- မကွေးမြို့ မကွေးတိုင်း။
- မန္တလေးမြို့ မန္တလေးတိုင်း။
- မော်လမြိုင်မြို့ မွန်ပြည်နယ်။
- စစ်တွေမြို့ ရခိုင်ပြည်နယ်။
- ရန်ကုန်မြို့ ရန်ကုန်တိုင်း။
- တောင်ကြီးမြို့ ရှမ်းပြည်နယ်။
- ပုသိမ်မြို့ ဧရာဝတီတိုင်း တို့ ဖြစ်ကြသည်။

၃၆။ သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ အရေးပါသောထင်ရှားသည့် အရပ်ဒေသများမှာ ကချင်ပြည်နယ်ရှိ အင်းတော်ကြီးကန်နှင့် ဧရာဝတီမြစ်ကြီး ဖြစ်ပေါ်လာစေရန် ပေါင်းဆုံစီးဆင်းပေးသည့် မေခနှင့် မလိခတို့၏ မြစ်ဆုံအရပ်၊ ရှမ်းပြည်နယ်တွင် အင်းလေးကန်နှင့် ပင်းတယရှု၊ မြန်မာနိုင်ငံအလယ်ပိုင်းတွင် ပုဂံဒေသနှင့် ပုပ္ပါးတောင်၊ မန္တလေးတိုင်းတွင် ပြင်ဦးလွင်(ယခင်မေမြို့)၊ ရခိုင်ပြည်နယ်တွင် ဝေလီကမ်းခြေ၊ တနင်္သာရီတိုင်းတွင် မောင်းမကန် ကမ်းခြေ၊ ဧရာဝတီတိုင်းတွင် ချောင်းသာ၊ ငွေဆောင်နှင့် ကမ်းသာယာကမ်းခြေတို့ဖြစ်ပြီး ယင်းတို့သည် ရှုခင်းအလှထူးခြားသည့် အသွင်အပြင်တို့ကြောင့် ထင်ပေါ်ကျော်ကြားခြင်းဖြစ်သည်။

သမိုင်းနောက်ခံ

၃၇။ တိဗက်-မြန်မာအန္တယ်ဝင် မြန်မာများသည် သမိုင်းမတင်မီခေတ်ကာလမှာပင် မြောက်ဘက်ကုန်းမြင့်ဒေသများမှ မြန်မာပြည်အလယ်ပိုင်းသို့ ဝင်ရောက်လာပြီး အခြေချနေထိုင်ကြသည်။ မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်း၊ လက်ရှိတောင်တွင်းကြီးမြို့အရပ်ဒေသတွင် ဗိဿနိုးမြို့နိုင်ငံတော်သည် အေဒီ တစ်ရာစုမှ လေးရာစုအထိ ပေါ်ထွန်းခဲ့သည်။ ထိုနည်းတူစွာ စစ်ကိုင်းတိုင်း၊ ဝက်လက်ဒေသတွင် ဟန်လင်းကြီးမြို့နိုင်ငံတော်သည် အေဒီနှစ်ရာစုမှ အေဒီကိုးရာစုအထိပေါ်ထွန်းခဲ့သည်။ ပြည်မြို့အနီးရှိ သရေခေတ္တရာတတိယမြို့နိုင်ငံတော်သည် အေဒီသုံးရာစုနှင့် အေဒီကိုးရာစုအတွင်း သမိုင်းတွင်ထင်ရှားကျော်ကြားသည့် ယဉ်ကျေးမှုရှိပြီး မြို့တော်များဖြစ်ကြသည်။

၃၈။ တစ်ချိန်တည်းတွင် အေဒီ သုံးရာစု၌ မွန်လူမျိုးတို့သည် သုဝဏ္ဏာဘူမိမြို့ကို တည်ထောင်ခဲ့၍ အေဒီ လေးရာစု၌ အနောက်ဘက်တွင် ရခိုင်တို့သည် ဝေသာလီပြည်ကို တည်ထောင်ခဲ့သည်။ အေဒီ ကိုးရာစုတွင် ပုဂံနိုင်ငံကို တည်ထောင်ခဲ့၍ အေဒီ-၁၁ရာစုတွင် ဘုရင်အနော်ရထာ (အနုရုဒ္ဓ၊ အေဒီ ၁၀၄၄-၁၀၇၇)သည် ပထမမြန်မာဧကရာဇ်နိုင်ငံတော်ကို တည်ထောင်ခဲ့သည်။ သို့သော် အေဒီ-၁၃ရာစုတွင် မွန်ဂိုဘုရင် ကူဗလေခန်၏ ကျူးကျော်စစ်ကြောင့် ပုဂံမင်းဆက်ပျက်ခဲ့ရသည်။

၃၉။ ဒုတိယမြန်မာဧကရာဇ်နိုင်ငံတော်ကို ဘုရင့်နောင် (အေဒီ ၁၅၅၀-၁၅၈၁)မှ ထူထောင်ခဲ့သည်။ ၎င်းမင်းလက်ထက်တွင် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် နယ်နိမိတ် အကြီးမားဆုံး နိုင်ငံတော်ဖြစ်ခဲ့သည်။ တတိယမြန်မာနိုင်ငံတော်ကို ကုန်းဘောင်မင်းဆက်၏ ဘုရင်အလောင်းဘုရား (၁၇၅၂-၁၇၆၀)မှ တည်ထောင်ခဲ့သည်။ သို့သော် တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲ (၁၈၈၅)ဖြစ်ပွားပြီးနောက် မြန်မာနိုင်ငံသည် ဗြိတိသျှနယ်ချဲ့တို့၏ ကိုလိုနီတစ်ခုဖြစ်ခဲ့ရသည်။

၄၀။ ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၂-ခုနှစ်တွင် ဖက်ဆစ်ဂျပန်တို့သည် မြန်မာနိုင်ငံကို သိမ်းပိုက် ခဲ့သည်။ မဟာမိတ်တပ်ဖွဲ့များ၏ အကူအညီဖြင့် ၁၉၄၅-ခုနှစ်တွင် ဖက်ဆစ်တို့ကို မြန်မာနိုင်ငံမှ မောင်းထုတ် နိုင်ခဲ့သည်။ နှစ်ပေါင်း(၁၀၀)ကျော်ကြာသည်အထိ ဗြိတိသျှတို့၏ အုပ်ချုပ်မှုအောက်တွင် ရှိနေပြီးမှ ၁၉၄၈-ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် မြန်မာနိုင်ငံသည် လွတ်လပ်ရေးကို ပြန်လည်ရရှိခဲ့သည်။

ရာသီဥတု

၁။ ကမ္ဘာအရပ်ရပ်တွင် နွေနှင့်ဆောင်းဟူ၍ အဓိကရာသီဥတုကြီးနှစ်မျိုး ရှိပါသည်။ သို့သော် မြန်မာနိုင်ငံ၌မူ နွေဥတုနောက်ပိုင်း၌ မိုးရွာပြီး တိမ်ထူထပ်၍ အပူသက်သာသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၌ မိုးမကျမီပူပြင်းသော နွေဥတု၊ မိုးဥတုနှင့် ဆောင်းဥတုဟူ၍ ဥတုသုံးမျိုး ရှိပါသည်။

၂။ နွေဥတု။ ။မြန်မာနိုင်ငံတွင် ဖေဖော်ဝါရီလအကုန်မှ မေလဒုတိယပတ်အထိ ပူပြင်းခြောက်သွေ့သော နွေဥတုဖြစ်သည်။ ပင်လယ် ကမ်းရိုးတန်းနှင့်နီးသော ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းတို့တွင် အပူသက်သာသည်။ အပူခိုန်သည် အထက်သို့တက်လျှင် လျော့နည်းသွားတတ်သဖြင့် ကုန်းမြင့်တောင်ပေါ်ဒေသများဖြစ်သော ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်တို့တွင် နွေဥတု၌ အပူသက်သာသောကြောင့် သွားရောက်လည်ပတ် အနားယူနိုင်သည်။ တောင်ပေါ်ဒေသတို့တွင် ပူပြင်းခြင်း မရှိ၊ အေးမြသဖြင့် တောင်ကြီးမြို့၊ ကလောမြို့၊ ပြင်ဦးလွင်မြို့များသို့ သွားရောက်လည်ပတ် အနားယူနိုင်ပါသည်။

၃။ မိုးဥတု။ ။မြန်မာနိုင်ငံတွင် မေလတတိယပတ်မှ အောက်တိုဘာလအထိ မိုးဥတုဖြစ်ပါသည်။ တောင်တန်းများ၏ လေတင်အရပ်များဖြစ်သော ရခိုင်ကမ်းမြောင်ဒေသ၊ တနင်္သာရီကမ်းမြောင်ဒေသ တို့တွင် မိုးအများဆုံးရွာသွန်းသည်။ မြစ်ဝကျွန်းပေါ်ဒေသနှင့် ကုန်းမြင့်တောင်တန်းများ၌လည်း မိုးများသည်။ မြန်မာနိုင်ငံအလယ်ပိုင်း မြေနိမ့်ဒေသသည် ပူပြင်းခြောက်သွေ့သည့်အပြင် မိုးအနည်း

ဆုံးလည်းဖြစ်သည်။ တစ်နှစ်ပတ်လုံး ရွာသွန်းသော စုစုပေါင်းမိုးရေချိန်သည် ရခိုင်၊ တနင်္သာရီဒေသတို့တွင် လက်မ(၁၅၀)ကျော်၊ မြစ်ဝကျွန်းပေါ်ဒေသတွင် လက်မ(၈၀)ကျော်၊ တောင်ပေါ်ဒေသများတွင် လက်မ(၆၀)ကျော် ရွာသွန်းသော်လည်း မြန်မာနိုင်ငံအလယ်ပိုင်းတွင်မူ လက်မ(၄၀)ထက် မပိုပေ။

၄။ ဆောင်းဥတု။ ။မြန်မာနိုင်ငံတွင် နိုဝင်ဘာလမှ ဖေဖော်ဝါရီလအထိ ဆောင်းဥတုဖြစ်ပါသည်။ ဆောင်းဥတုတွင်အေး၍ ခြောက်သွေ့သည်။ ထိုရာသီတွင် တိုက်ခတ်သောလေမှာ မြောက်လေများ ဖြစ်သည်။ မြန်မာနိုင်ငံထက် ပိုအေးသော အာရှတိုက်ကုန်းတွင်းပိုင်းမှလာသောလေများဖြစ်၍ လေအေးများဖြစ်သည်။ ကုန်းမြေပေါ်မှလာသောလေများဖြစ်၍ ရေငွေ့ပါဝင်မှု အလွန်နည်းသဖြင့် ခြောက်သွေ့သောလေများဖြစ်သည်။ ရှမ်းကုန်းမြင့်ဒေသအချို့အရပ်များတွင် ညနှင့်နံနက်ခင်းများ၌ ရေခဲ အမှုတ်အောက်ရောက်သည်အထိ အပူချိန်ကျဆင်းတတ်သည်။ ကချင်ပြည်နယ်မြောက်ဖျားရှိ တောင်ထိပ်များတွင်မူ အလွန်အေးမြ၍ ဆီးနှင်းရေခဲများ ဖုံးလွှမ်းနေသည်။ ပင်လယ်ကမ်းရိုးတန်းဒေသများဖြစ်သော ရခိုင်ကမ်းမြောင်ဒေသ၊ တနင်္သာရီကမ်းရိုးတန်းဒေသတို့တွင် အေးလွန်းခြင်းမရှိဘဲ၊ သင့်တင့်မျှတသော အပူချိန်ကိုရရှိပါသည်။

စိုက်ပျိုးရေး

၁။ စိုက်ပျိုးရေးလုပ်ငန်းသည် မြန်မာနိုင်ငံ၏ အဓိကကုန်ထုတ်လုပ်ငန်း ဖြစ်ပါသည်။ ပြည်တွင်းစားသုံးမှု ပိုလျှံသော စိုက်ပျိုးထွက်ကုန်ပစ္စည်းများကို နိုင်ငံခြားတိုင်းပြည်များသို့ တင်ပို့ရောင်းချကြသည်။ ထို့ကြောင့် နိုင်ငံခြားဝင်ငွေ များစွာရရှိသည်။ မြန်မာနိုင်ငံ၏ အရေးကြီးသော စိုက်ပျိုးသီးနှံများမှာ- ဆန်စပါး၊ ဂျုံ၊ ပြောင်းဖူး၊ နှံစားပြောင်း၊ ပဲအမျိုးမျိုး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ကြံ၊ ဝါ၊ ဂုန်လျှော်၊ ရော်ဘာပင်နှင့် အခြားစားသုံးသီးနှံပင်များ ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံ၏ရာသီဥတုသည် မျှတသည့်အပြင် သီးနှံပင်များစိုက်ပျိုးရန် မြေဩဇာကောင်းမွန် သည့်မြေနေရာ အများအပြားရှိသဖြင့် စိုက်ပျိုးသီးနှံပင်များအားလည်းကောင်း၊ ဥယျာဉ်ခြံမြေအတွက် လည်းကောင်း ကောင်းစွာအသုံးပြုနိုင်ပါသည်။ တန်ဖိုးရှိနေရာများ အများအပြားရှိသည့်အပြင် စိုက်ပျိုးရေးအတွက် လိုအပ်သော"ရေ"အား ဆည်မြောင်းတာတမံများဖြင့် ဖူလုံစွာသုံးနိုင်ရေး၊ ဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။

သစ်တော

မြန်မာနိုင်ငံ၏ ရာသီဥတုသည် အများအားဖြင့် ပူအိုက်စွတ်စိုသော ရာသီဥတုဖြစ်သည်။ ထိုရာသီဥတုမျိုးသည် သစ်ပင်များ ရှင်သန်ပေါက်ဖွားကြီးထွားရန် များစွာအထောက်အကူပြုသည်။ ထို့ကြောင့် မြန်မာနိုင်ငံအရပ်ရပ်တွင် သစ်ပင်ကြီးများပေါက်သော သစ်တောများရှိသည်။ မြန်မာနိုင်ငံ မြောက်ဘက်ဆုံးဒေသရှိ ရေခဲဆီးနှင်းများအစဉ်ဖုံးလွှမ်းနေသည့် တောင်ထိပ်များမှအပ မည်သည့်နေရာ၌ မဆို သစ်တောများပေါက်ရောက်သည်။ မိုးရေချိန်များသည့်ဒေသများတွင် အပင်များကြီး၍ ပေါက်ရောက်မှု ထူထပ်သည်။ မိုးရေချိန်နည်းသည့်ဒေသများတွင် အပင်များငယ်၍ ပေါက်ရောက်မှုကဲ့သည်။ မြန်မာနိုင်ငံ၏ သဘာဝပေါက်ပင်နှင့် သစ်တောများကို အောက်ပါအတိုင်း ခွဲခြားနိုင်သည်-

(က) အမြဲစိမ်းသစ်တော။ ဤသစ်တောမျိုးကို မိုးများသောရခိုင်ဒေသ၊ တနင်္သာရီ ဒေသ၊ ပဲခူးရိုးမတောင်ပိုင်း၊ မြန်မာနိုင်ငံမြောက်ပိုင်းတို့တွင် တွေ့ရသည်။ သစ်ပင်များ တွင် အရွက်များ မပြတ်မလတ်ရှိနေသဖြင့် အမြဲစိမ်းတောဟု ခေါ်သည်။


(ခ) ရွက်ပြတ်တော။ ဤတောမျိုးကို မိုးရေချိန်အသင့်အတင့်ရသော ဒေသများ၌တွေ့ရသည်။ အပင်များကြီးထွားသော်လည်း မြေကြီးတွင် တစ်နှစ်ပတ်လုံး ရေမရရှိသဖြင့် ခြောက်သွေ့သည့်အချိန်၌ အရွက်ကြွေသည်။ ထို့ကြောင့် ရွက်ပြတ်တောဟု ခေါ်သည်။ ဤသစ်တောတွင် အဖိုးတန်သစ်များဖြစ်သည့် ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ ပိတောက်စသည်တို့ရရှိသည်။ သစ်ပင်ကြီးများနှင့်အတူ ဝါးပင်များလည်း ရောနှောပေါက်ရောက်သည်။

(ဂ) **ခြောက်သွေ့တော**။ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းသည့်ဒေသများတွင် အပင်များ ကျဲကျဲပေါက်သော ခြောက်သွေ့တောများကို တွေ့ရသည်။ မိုးနည်းသည့် ဒေသဖြစ်၍ အရွက်မှရေငွေ့ပျံမှု မများစေရန် အရွက်များမှာ သေးငယ်ကြသည်။ အပင်များတွင် ဆူးများလည်း ရှိတတ်သည်။ ပေါက်ရောက်သည့်အပင်များမှာ ရှားပင်၊ ထနောင်းပင်၊ သနပ်ခါးပင်၊ ဇီးပင် စသည်တို့ ဖြစ်သည်။

(ဃ) **တောင်ပေါ်တော**။ ကုန်းမြေမြင့်လျှင် အပူချိန်လျော့နည်းသည့်အတွက် ကုန်းမြင့်တောင်ပေါ်ဒေသများတွင် အအေးဒဏ်ကို ခံနိုင်သည့်အပင်များ ပေါက်ရောက် သည့်တောင်ပေါ်တောကို တွေ့ရသည်။ ပေါက်ရောက်သောအပင်များမှာ ထင်ရှူး၊ သစ်ချ၊ သစ်အယ် စသည်တို့ဖြစ်သည်။

(င) **ဒီရေတော**။ ဤတောမျိုးကို ပင်လယ်ကမ်းစပ် ဆားငံပင်လယ်ရေဝင်သောနေရာများတွင် တွေ့ရသည်။ ပေါက်ရောက်သော အပင်များမှာ ဆားငံရေဒဏ်ခံနိုင်သည့် အပင်မျိုးများဖြစ်သည်။ မြေကြီးသည် ဆားငံရေများဖြင့် ပြည့်ဝနေ၍ လေမရှိသဖြင့် သစ်ပင်တို့၏ အမြစ်များသည် မြေမျက်နှာပြင်အထက်တွင် ပေါ်နေတတ်သည်။ ဤသစ်တောမှ ထင်ရှားသော အပင်များမှာ လမု၊ ကနစို စသည်တို့ဖြစ်သည်။

မြန်မာ့သစ်တောများမှ သစ်၊ ဝါး၊ ကြိမ်၊ ထင်း၊ မီးသွေး၊ ပျဉ်းရည်၊ ပျဉ်းဖယောင်း၊ ချိတ်၊ ဆိုးဆေးအဖြစ်အသုံးပြုနိုင်သော သစ်ခေါက်၊ သစ်သီးများ၊ သားရေနယ်ရာတွင် အသုံးပြုရသော သစ်ခေါက်များ၊ ပရေဆေးပင်များ၊ သစ်ခွပန်းများ ရရှိသည်။


INDIA
CHINA
BANGLADESH
LAOS
THAILAND
BAY OF BENGAL
GULF OF MOATTAMA
GULF OF THAILAND

THE UNION OF MYANMAR

Location

1. Myanmar is situated on the west of southeast Asia, between North Lattitude 9° 30' and 28° 30' and between East Longitude 92° 10' and 101° 11'. It is the largest country in South East Asia.

Boundary

2. Myanmar borders Bangladesh on the west, India on the northwest, China on the northeast and Laos and Thailand on the east. Its 1385-mile long coastline borders Bay of Bengal, Andaman sea and Gulf of Martaban.

Area

3. Myanmar has an area of 261,228 square miles. The country is long in south-north direction and narrow in east-west direction. The longest part covers 1,275 miles and the widest 582 miles.

Physical feature

4. Myanmar is a mountainous country with mountain ranges on the north, east and west. Wide plains and river valleys are commonly seen in the central part. Mountain ranges and hills are in row from north to south. High ranges start from north and lower down southwards. Its physical feature can be divided into four parts namely, the eastern highlands, western mountain ranges, central plains and coastal regions.

5. Almost all the rivers and streams in the country rise in the northern highlands and flow into the southern sea. Four famous rivers are Ayeyawady, Thanlwin, Chindwin and Sittaung. Ayeyawady is 1,238 miles long and the most useful river in the country. Thanlwin is 796 miles long. Chindwin is 691 miles long and Sittaung is 186 miles long.

Climate

6. Myanmar has a tropical climate which can be divided into three seasons such as summer, rainy season and winter. Summer falls from the end of February to mid-May. Rainy season falls from mid-May to October and winter falls from October to February.

7. Rakhine State and Tanintharyi coastal regions receive heavy rains and their average annual rainfall is 150 inches. The Deltaic region has an average annual rainfall of 80 inches and the dry zone has only 40 inches. December and January are the coldest months while April and May are the hottest. In central Myanmar, temperature is usually high, ranging from 100°F to 108°F and sometimes it is even higher.

Natural Forests

8. Types of forests vary with quantity of rainfalls. In the areas with annual rainfall of over 100 inches are found rain forests. Between 40 inches and 100 inches are deciduous forests and below 40 inches are some big trees and shrubs. Valuable teak and other hardwoods are grown in Myanmar's rain forests.

Population

9. According to the official 1998 statistics Myanmar has a population of 46.40 millions.

Race

10. Myanmar is the country in which many ethnic groups live together in unity and fraternity. There are about 135 indigenous races who speak 100 different dialects or more. Large races are Bamar, Shan, Kachin, Kayin, Mon and Rakhine.

Among the populace Bamar stands out as a majority at 68 percent.

Language

11. Myanmar is the official language while English is used as a second language and taught at schools, universities and colleges. In the states their own dialects are widely used. In major cities, Myanmar, Chinese and Hindi are spoken.

Religion

12. Eighty percent of the population profess Theravada Buddhism. Some people profess Christianty, Islam and Hinduism. Myanmar citizens have freedom of religion.

The State Flag

13. Myanmar's flag has the whole background red and on the left top of it is a blue square in which an ear of paddy and a pinion are set with 14 stars circling around them.

Currency

14. Myanmar monetary unit is kyat (one kyat = 100 pyas) and official denominations are 1000, 500, 200, 100, 90, 50, 45, 15, 10, 5 kyats and 50 pyas.

Agriculture

15. Agriculture plays the main role in the country's infrastructure and so the Government has made all-round efforts to help develop agricultural production. Government has set the following guidelines to effect technical improvements: -

(a) To develop and extend arable lands

(b) To get enough water supply

(c) To mechanize agricultural tools and equipment

(d) To reform and improve agricultural techniques

(e) To produce and cultivate high-yield strains

The Government has given out all-round support to help implement the above-mentioned measures for agrarian reforms.

16. Myanmar farmers are also making relentless efforts to help increase agricultural production in accordance with the conditions of weather and markets. In addition to the production of main crop, the paddy, other alternate crops and double crops have been cultivated in summer and in rainy season. Water is irrigated from dams and reservoirs to produce triple crops during a year-long cultivation. The Government has undertaken reservation of arable land, cultivation of paddy and additional breeding of fishes. According to the 1994-95 statistics, a total of 15.15 million acres has been cultivated to produce 9,016 lakh of baskets. That output was more than enough for local consumption and 1,000,000 tons of rice was exported in 1994.

Livestock Breeding and Fisheries Sector

17. In the sector of livestock breeding and fisheries, production has increased in livestock breeding and prawn farming. In livestock breeding the Government has given priority to advanced ferilization method, spreading thoroughbred livestock population and veterinary treatment. Joint ventures have been set up with foreign firms to produce vaccines and animal feeds.

18. In the fisheries sector, Fishery Act has been enacted with all amendments and measures are taken to produce fishes accordingly and protect extinction in addition to the distribution of fry. Independent fish farms are helped with updated methods to prevent the collapse. Independent fish farmers are allowed to participate in commercial breeding. Setting up JVs with entrepreneurs, foreign and local alike,the Government has worked for the increased production and trading of fishes, prawns and other marine products.

19. As Livestock breeding and marine products sector has developed, 1999-2000 statistics showed that 232,122,000 visses of meat and 715,669,000 visses of fish and prawns were produced.

Forest Sector

20. A total area of 47.5 percent of Myanmar is covered with forests. The Government is taking measures in accordance with the forestry law against deforestation. It has also taken the tasks of long term production of teak, hardwood and other forest products.

21. Forest reserves and natural parks have been established in certain areas. The Government has already taken measures to protect the environment. To have teak, hardwood, industrial raw materials and firewood for rural consumption nurseries and plantations have already been set up. With people's cooperation strict measures are taken up for afforestation.

22. Myanma Timber Enterprise, Forestry Department and Myanmar Forestry JVC of 1999 are trying to increase production of forest products and get markets inside and outside the country. Forests sector is the second largest foreign exchange earner.

Mining Sector

23. From metal ore deposits in Myanmar, iron, manganese, nickel, chromium, tungsten, cobalt, antimony, copper, lead, zinc and tin are extracted. Other mineral products such as oil, gas and coal and precious stones such as ruby, sapphire, jade, cat's eye, topaz, garnet and amber are also produced.

24 Minerals used as industrial raw materials are crystal, limestone, gypsum, graphite and many others. The Government is doing mining systematically. Exploration of crude oil and natural gas has been done under plans. Production of precious metals and gems is done not only by the Government but also by independent companies and JVCs. Exploration of oil and other metals is done on the basis of mutual benefits.

25. According to 1994-95 statistics, 5.7 million barrels of oil and 519,090 cubic feet of natural gas have been produced. According to temporary statistics, net product of the mining sector has reached Kyat 810 million.

Industrial Sector

26. The Government has taken measures to help increase production levels in state-owned and private-run factories. In the production line, state-owned factories are operating under JVCs. The Government is also supporting local entrepreneurs with machinery, raw materials and energy. Other sources of support are in terms of technology, seminars and trade exhibitions in addition to other necessary help.

27 Sugar, salt, cigarette, brick, timber, plywood, paper, petrol, diesel, fertilizer and power propelled agricultural machines were increasingly produced, according to 1994-95 industry sector statistics. Preliminary figures showed that net product of Industry sector was kyats 5,799 million.

Electric Power Sector

28. In the short-term electric power sector, small hydro-power projects and wind power stations are being set up. High-tension hydro-power plants included in long term projects are still under construction. According to temporary figures, power stations producing a total of 1,163 mw have already been set up. These stations have been producing a total of 3,061 kw per hour. In the country, 314 towns and 965 villages have been powered with electricity.

Construction Sector

29 In cooperation with the people, the state and private sector have undertaken different construction project According to temporary figures, a total of 16,770 miles of roads and 95 bridges have been constructed Priority has been given to the development of cities and construction of new towns. According to 1993-94 statistics, Department of Human Settlement and Housing Development (D H S H D) has alotted 150,947 plots of land for housing projects.

Transport Sector

30. As the production of commodities and goods has increased means of transportation are required for steady flow of goods. To fulfill the needs multiple measures are taken to bring about safe and smooth passenger transportation. According to temporary statistics, the state-owned Road Transport Enterprise has extended to a total of 1766 miles in carrying the passengers.

31 Myanma Railways has extended to 3.400 million miles in carrying passengers and 587 million miles in carrying freight. The Myanma Five Star shipping line has extended to 20 million miles in carrying the passengers.

and 3,113 million miles in carrying freight. The Myanma Airways domestic flights have extended to 167 million miles in carrying passengers and 1.8 million miles in carrying freight.

Trade Sector

32. In accordance with market-oriented economy the trade sector has been set up with state-owned, cooperatives-owned and private-owned sectors. State-owned bussiness organizations, in accordance with market oriented economic system, have taken neccessary measures to manage trade and commerce and to develop bussiness efforts. To help develop important private trading and commercial firms under the current trade system existing trade law and its provisions have been amended. Consequently, a large numberof private firms have been set up. Up to March 2000, private firms which have been registered at the Ministry of Commerce reached 38783.

33. According to temporary statistics of 1994-95, total production income is kyats 4,773 million among which state sector has kyats 2,279 million, cooperatives sector kyats 96 million and private sector kyats 2,398 million.

Culture

34. Myanmar people are devoted to religion and are always ready to help others. They are honest and kind and traditionally, they pay respect to elders. Myanmars are usually cheerful and they hold festivals for donations and development of sarsana. Among them, most famous are Myanmar New Year Thingyan(water) festival, Kason festival (Buddha's Birthday), Thadingyut lighting festival, Dasaungtaing festival and Myinkhin (equestrian) festival.

Capital

35. Yangon is the capital of Myanmar. Mandalay, the old capital until the last Myanmar King, becomes the centre of Myanmar culture and traditional arts and crafts. Bagan was the ancient capital of the First Myanmar Kingdom and is famous for its numerous pagodas which once numbered about four millions. Theravada Buddhism has flourished since Bagan-era.

Capital Cities of States and Divisions

Myitkyina	Kachin State
Loikaw	Kayah State
Pha-an	Kayin State
Hakha	Chin State
Sagaing	Sagaing Division
Dawei	Tanintharyi Division
Bago	Bago Division
Magway	Magway Division
Mandalay	Mandalay Division
Mawlamyine	Mon State
Sittway	Rakhine State

Yangon	Yangon Division
Taunggyi	Shan State
Pathein	Ayeyarwady Division

36. Inndawgyi Lake and Confluence (Myitsone) (the junction of Meikha and Malikha where the Ayeyawady is formed) in Kachin State, Inlay Lake and Pindaya caves in Shan State, Mt. Popa in central Myanmar, Pyin Oo Lwin (Maymyo) in Mandalay Division, Ngapali Beach in Rakhine State, Chaungtha and Ngwe Saung Beaches in Ayeyarwady Division and Maungmagan Beach in Tanintharyi Division are tourists attraction sites of Myanmar. They are famous for their natural beauty and unique features.

Historical background

37. Forebearers of Myanmars, during a prehistoric time, migrated from their native place of Central Asia to the Land of Myanmar. During the period from the first to fourth century AD, there appeared a Pyu City State called Beikthanoe in Magway division of central Myanmar. Similarly, Hanlingyi City State appeared around Wetlet area of Sagaing division from 2nd to 9th century AD. The third City State of Sri Khittaya was founded in the period from 3rd to 9th century AD near the city of Pyay (Prome).

38. Almost the same time, Mons founded Suvanna Bhumi in the southern coast and Rakhines founded Wethali in their western coastal strip. Then Myanmar history began with Anawrahta's ascension to the throne in 1044 AD. He established the first Myanmar Kingdom. But Mongols and Chinese under Kublai Khan invaded and destroyed Bagan and ended the Dynasty in the 13th century.

39. During the reign of King Bayintnaung (1550-1581AD), Myanmar became the most powerful country in southern Asia. Then King Alaungphaya (1752-1760) of Konbaung dynasty founded the third Myanmar Kingdom. But later, after the third Anglo-Myanmar war the upper Myanmar was annexed into the British colony on 1st January 1886.

40. During the second World War, in 1942, the Japanese occupied Myanmar. The British were able to re-occupy Myanmar in 1945. After more than a hundred years under the British rule, Myanmar regained her independence on 4th January, 1948

CLIMATE

1 Myanmar has a tropical climate which can be divided into three seasons namely; summer, rainy season and winter

2. Summer: Summer falls in Myanmar from the end of February to the second week of May. During this period the weather is dry and the temperature is relatively high in most parts of the country. However, in some coastal regions such as Rakhine and Mon states, Tanintharyi, Ayeyawady and Yangon Divisions the weather is less hotter than in the dry belt which covers Mandalay and Magway Divisions in central Myanmar. As temperature falls with the change of altitude some hilly region and plateau such as Kachine and Shan States have a moderate weather in summer. Taunggyi, Kalaw and Pyin Oo Lwin have become the summer resorts in the Shan Plateau where people can go there on vacation.

3. Rainy Season: Rainy season falls with the entry of monsoon on the third week of May and from then on to October. The heavy rainfall areas in Myanmar are the coastal regions such as Rakhine and Tanintharyi Divisions situated against the mountain ranges. The rainfalls in the deltaic and the hilly regions are also relatively heavy. But the low land areas in central Myanmar are the driest with lowest rainfalls. Rakhine and Tanintharyi regions have an annual rainfall of over 150 inches while the deltaic region and the hilly regions have 80 inches and 60 inches respectively. However, the annual rainfall in the Central Myanmar does not exceed 40 inches.

4. Winter: Winter falls from November to February. With the trade winds blowing in from the northeast where they have passed the inner highlands of Asia at which the weather is much colder than in Myanmar it is dry and cold during this season. The temperature often falls to below freezing point at nights and at early mornings in some places in the Shan Plateau. In the northernmost part of Kachin State where snow-capped mountains can be found the weather is extremely cold .In contrast, the weather in coastal regions, the Rakhine and Tanintharyi, is fair with its temperature being moderate.

AGRICULTURE

1. Myanmar is an agro-based country. With its economy based on agriculture the country exports farm produce that exceed local consumption, thus, earning a large amount of hard currency. The main crops largely grown in Myanmar are; namely, paddy, wheat, maize, millet, beans and pulses, groundnut, sunflower, sugarcane, cotton, jute, rubber and other consumer crops.

2. With its temperate climate and fertile spots in many parts of the country the vast land can be used for plantation of variety of crops as well as for setting up orchards. Besides, adequate water can be irrigated from dams and reservoirs which have been constructed region-wise in the country.

FOREST

Generally, the climate of Myanmar is hot and wet. Such a climate supports much towards thriving of vegetation life. Thus, many parts of Myanmar is covered with forests where large timber trees can been seen. Trees grow well in every part of Myanmar except on the snow-capped mountains in the northernmost region. Dense forests with large trees can be seen in area where rain is heavy. Sparse forests area comprising plants and shrubs are found in regions with lowest annual rainfall.

The natural forests of Myanmar are divided as follows:

(A) **Evergreen forest**

Evergreen forests are found in Rakhine State,TanintharyiDivision, southern Bago Yoma mountain range and northern Myanmar where rainfall is high. As the foliage of the trees and shrubs persist and remain green throughout the year, they are called evergreen forests. Huge and tall trees grow together with bamboo, rattan and vine in the evergreen forests. Empiphytes such as orchids also grow on the high trees.

(B) Deciduous forest

Deciduous forest can be found in areas which receive medium amount of rainfall. Though trees are big, they shed leaves in the dry season as the soil lacks moisture during the time. Thus, they are called deciduous forests. Valuable tree species such as teak, Pyinkadoe (*Xylia dolabriformis*), Thitya (*Shorea obtusa*), Padauk (*Pterocarpuis macroacarpus*) are found in deciduous forest. Bamboo is also grown together with big trees.

(C) Arid forest

Arid forest is found in the dry zone of Myanmar. The trees of the forests have small leaves in order to prevent loss of water through vaporization. Some of the plants have thorns. They are sparse forests. Shar (*Acacia catechu*), Htanaung (*Acica leucophloea*), Thanakha (*Limonia acidissima*) and Jujube (*Zizphus jujuba*) grow in such forests.

(D) Hill forest

As temperature is low in high elevations, forests comprising cold-resistant trees are found in mountainous regions. Trees such as pine, oak, chestnut and sweet chestnut grow in these areas.

(E) Mangrove forests

Mangrove forests can be found in brackish areas of the coastal regions. Brackish-water-resistant trees grown in the forests. As the soil cannot hold air as it is saturated with salt water, the trees have stiltlike roots and stems. Lamu (*Sonneratia caseolaris*) and Kanazoe (*Heritiera fomes*) are famous among the mangroves.

Forest products in Myanmar include hardwood, bamboo, firewood, honey, bee-wax, lac, fruits, bark that can be used in making leatherware, medicinal trees and plants and orchids.

ပြည်ထောင်စုမြန်မာနိုင်ငံတော် အတွင်းရှိ ပြည်နယ်/တိုင်းအလိုက် ခရိုင်၊ မြို့နယ်စာရင်း

State, Division, District and Township in the Union of Myanmar

၁။ ကချင်ပြည်နယ်

(က) မြစ်ကြီးနားခရိုင်

(၁) မြစ်ကြီးနားမြို့နယ်

(၂) ဝိုင်းမော်မြို့နယ်

(၃) အင်ကျန်းယန်မြို့နယ်

(၄) မိုးကောင်းမြို့နယ်

(၅) မိုးညှင်းမြို့နယ်

(၆) ဖားကန့်မြို့နယ်

(၇) တနိုင်းမြို့နယ်

(၈) ချီဖွေမြို့နယ်

(၉) ဆော်လော်မြို့နယ်

(ခ) ဗန်းမော်ခရိုင်

(၁) ဗန်းမော်မြို့နယ်

(၂) ရွှေကူမြို့နယ်

(၃) မိုးမောက်မြို့နယ်

(၄) မဲစီမြို့နယ်

(ဂ) ပူတာအိုခရိုင်

(၁) ပူတာအိုမြို့နယ်

(၂) ဆွမ်ပရာဘွမ်မြို့နယ်

(၃) မချမ်းဘောမြို့နယ်

(၄) နောင်မွန်းမြို့နယ်

(၅) ခေါင်လန်ဖူးမြို့နယ်

1. **Kachin State**

(a) Myitkyina District

(1) Myitkyina Township

(2) Waingmaw Township

(3) Injann Yan Township

(4) Mogoung Township

(5) Mohnyinn Township

(6) Hpakant Township

(7) Tanaing Township

(8) Chi-Hpwe Township

(9) Sawtlaw Township

(b) Bhamaw District

(1) Bhamaw Township

(2) Shwegu Township

(3) Momauk Township

(4) Mansy Township

(c) Putao District

(1) Putao Township

(2) Sumprabum Township

(3) Machanbaw Township

(4) Naung Munn Township

(5) Khaunglanghpu Township

၂။ ကယားပြည်နယ်

(က) လွိုင်ကော်ခရိုင်

(၁) လွိုင်ကော်မြို့နယ်

It lies on Thiri Mingalar Hill. The pagoda takes its name after the hill, Thiri Mingalar, and was built in the period when all peoples of the world were striving hard for peace. The pagoda has a height of 117 feet.

In the cave of the pagoda are images of Five Buddhas who are destined to come to this Bhadda Kappa (the world of Five Buddhas).

မဟာပါသာဏလိုဏ်ဂူ

ကမ္ဘာအေးဘုရားတွင်ကပ်လျက်တည်ရှိပြီး လူတို့ပြုလုပ်ထားသောဂူဖြစ်သည်။ ဗုဒ္ဓသာသနာ (၂၅၀၀)ပြည့်တွင် ဆဋ္ဌသင်္ဂါယနာတင်သောဂူဖြစ်သည်။ လိုဏ်ဂူ၏ အကျယ်အဝန်းမှာ (၁၃၉ × ၁၁၃)မီတာရှိသည်။



Maha Pasana Cave

Quite close to the World Peace Pagoda is the huge man-made cave (Pasana Cave) where the Sixth Buddhist Synod was held. The cave has an area of 139 x 113 sq. metres.

လောကချမ်းသာအဘယလာဘမုနိကျောက်တော်ကြီးဘုရား ရုပ်ပွားတော်မြတ်ကြီး



Lawka Chantha Abhaya Labha Muni Marble Buddha Image

လောကချမ်းသာအဘယလာဘမုနိကျောက်တော်ကြီးဘုရား ရုပ်ပွားတော်မြတ်ကြီး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက် သက္ကရာဇ် ၁၃၆၂- ခုနှစ်၊ ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်၌ မန္တလေးတိုင်း၊ မတ္တရာမြို့နယ် စကျင်တောင်မှ အလေးချိန်တန် ၅၀၀ခန့်ရှိပြီး အလျား ၃၇-ပေကျော်၊ အနံ ၂၄-ပေ၊ ထု ၁၁-ပေကျော်ရှိ ထူးခြားကြီးမားလှသော သလင်းကျောက်ဖြူတုံးကြီးကို ကျောက်ဆစ်ပညာရှင် ဦးတော်တော်ကတွေ့ရှိ၍ ဗုဒ္ဓရုပ်ပွားတော်ထုလုပ်ပြီး နိုင်ငံတော်အား လှူဒါန်းလိုပါကြောင်း အကြီးအကဲများထံ တင်ပြခဲ့ပါသည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျောက်ဖြူတုံးကြီးပေါ်ထွန်းရာ စကျင်တောင်သို့ သွားရောက်ကြည့်ရှု၍ အများပြည်သူတို့ဖူးမြော်ကြည်ညိုနိုင်မည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ထုလုပ်ရန် လွန်စွာသင့်လျော်ကြောင်းကို နိုင်ငံတော်အကြီးအကဲထံ တင်ပြခဲ့ပါသည်။

ဗုဒ္ဓရုပ်ပွားတော်ထုလုပ်ရန် မြန်မာနိုင်ငံရိုးရာပန်းပညာရှင် အစည်းအရုံးဥက္ကဋ္ဌ ဦးသောင်းဟန်က ကြည်ညိုဖွယ်ရာစံပြပန်းချီပုံတော်ကို ရေးဆွဲပေးပါသည်။ ယင်းစံပြပန်းချီပုံတော်နှင့် တူညီစေရန် ကျောက်ဆစ်ပညာရှင် ဦးတော်တော်နှင့်သားများအဖွဲ့က ထုဆစ်ကြပါသည်။ ထုဆစ်ဆဲအကြမ်းထည်ကို မန္တလေးတိုင်း၊ မတ္တရာမြို့နယ်၊ စကျင်တောင်မှနေ၍ ရန်ကုန်မြို့သို့ပင့်ဆောင်ခဲ့ကြပါသည်။ ယခုအခါ အချောသတ် ထုလုပ်ပြီးစီးပြီဖြစ်၍ ကမ္ဘာပေါ်တွင် ဉာဏ်တော်အမြင့်ဆုံးနှင့်အကြီးဆုံး ကျောက်တော်ကြီးဘုရားအား ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ မင်းဓမ္မတောင်တော်၊ ရတနာဂန္ဓကုဋီကျောင်းတော်အတွင်း၌ ကိန်းဝပ်စံပယ်၍ အပူဇော်ခံလျက်ရှိပါသည်။

Lawka Chantha Abhaya Labha Muni Marble Buddha Image

During the time of the State Peace and Development Council, in the year 2000, a monolithic marble measuring 37 ft × 24 ft × 11 ft and weighing 500 tons was discovered in Sagyin (Marble) Hills in Mattaya township, Mandalay Division by the veteran stone sculptor U Taw Taw. He informed the Statesmen of his discovery with an expression that he would like to carve a Buddha Image out of this huge marble block and donate it to the State. The Secretary (1) of the State Peace and Development Council, Lt-Gen Khin Nyunt then paid a visit to Sagyin Hills where the huge white marble block was discovered. He forwarded an advice to the Head of State saying it is much suitable for carving a Buddha Image which may be revered by the public.

U Thaung Han, the Chairman of Myanmar Artists Association had drawn an adorable model portrait of Buddha for sculptor U Taw Taw and sons to be used as a design in carving the Buddha Image. The semi-finished marble image was conveyed in ceremony from Sagyin Hills to Yangon and placed on Mindhamma Hillock in Insein township. Now that it has been completely carved it is stationed in the Grand Temple on top of the said Min Dhamma Hillock for audience.

This Buddha Image known to be the Sacred Stone Image of Buddha has thus become the largest of its kind in the world.

မယ်လမုဘုရား

ရန်ကုန်မြို့၏ မြောက်ဘက်မြောက်ဥက္ကလာပမြို့နယ်တွင် တည်ရှိပြီး ရုပ်လုံးရုပ်ကြွများရှိသောကြောင့် ထင်ရှားသည်။




Mai Lamu (Miss mangrove) Pagoda

Situated in the north of Yangon in North Okkalapa township and famous for its concrete tableaux depicting scenes from the scriptures.

စွယ်တော်မြတ်စေတီ (ရန်ကုန်)

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ဓမ္မပါလကုန်းမြေတွင် စွယ်တော်မြတ်စေတီ(ရန်ကုန်)ကို တည်ထားကိုးကွယ်ခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ.သမ္မတနိုင်ငံတို့၏ ချစ်ကြည်ရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ တရုတ်ပြည်သူ. သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ၁၉၉၄-ခုနှစ်၊ ဧပြီလ (၂၀)ရက် နေ့တွင် ပင့်ဆောင်ခဲ့ပြီး၊ (၄၅) ရက်ကြာ ကိန်းဝပ်စံပါယ် အပူဇော် ခံခဲ့သည်။ ၁၉၉၆-ခုနှစ်၊ ဒီဇင်ဘာလ (၆)ရက် နေ့ တွင်လည်းဒုတိယအကြိမ် ထပ်မံပင့်ဆောင်ခဲ့ပြီး စွယ်တော်မြတ်(ရန်ကုန်)၊ စွယ်တော်မြတ် (မန္တလေး)တို့နှင့် အတူ ကိန်းဝပ်စံပါယ် အပူဇော် ခံခဲ့သည်။

ထိုစွယ်တော်မှာ နှစ်ဆူကို ဌာပနာပြီး ရန်ကုန်မြို့တွင် စွယ်တော်မြတ်စေတီတစ်ဆူ၊ မန္တလေးမြို့တွင် စွယ်တော်မြတ်စေတီ တစ်ဆူတို့အား ရဟန်းရှင်လူပြည်သူလူထု၏ လှူဒါန်းငွေဖြင့် တည်ထား ကိုးကွယ်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်မြို့တွင် တည်ထားကိုးကွယ်ခဲ့သည့် စွယ်တော်မြတ်စေတီတော်တွင် ဌာပနာမည့် ဗုဒ္ဓမြတ်စွယ်တော်ကို ရွှေတိဂုံစေတီရင်ပြင် ချမ်းသာကြီး ဘုရားတန်ဆောင်း စံကျောင်းတော် ရတနာပလ္လင်ထက်၌ အပူဇော်ခံခဲ့သည်။



ဝရဒါဋ္ဌာ ဓာတု စေတီယ စွယ်တော်မြတ် စေတီ(ရန်ကုန်)၏ ရွှေထီးတော်တင်လှူပွဲ မဟာမင်္ဂလာ အခမ်းအနားကို ၁၉၉၆-ခု၊ နိုဝင်ဘာလ(၂၄)ရက်၊ တနင်္ဂနွေနေ့တွင် တပ်ဆင်ပူဇော် လှူဒါန်းခဲ့ပါသည်။

Swedaw Myat (Tooth Relic) Pagoda (Yangon)

The Swedaw Myat Pagoda (Yangon) located in Dhammapala Hillock in Mayangon Township, Yangon Division. Under the bilateral friendship programme between the Union of Myanmar and the People's Republic of China, Buddha's Tooth Relic from China was conveyed to Myanmar on 20 April 1994. The Tooth Relic was kept for public obeisance at various places in Myanmar for 45 days. The Tooth Relic was conveyed to Myanmar for the second time on 6 December 1996 and kept together with the Buddha's Tooth Relic (Yangon) and the Buddha's Tooth Relic (Mandalay) for public obeisance in Myanmar.

Buddha's Two Tooth Relics of Myanmar were enshrined in the two pagodas, one in Yangon and another in Mandalay. Both pagodas were built with public donations. The Tooth Relic which was to be enshrined in the Swedaw Myat Pagoda in Yangon was placed at Chanthagyi Tazaung in Shwedagon Pagoda for public obeisance.

The ceremony to hoist the sacred umbrella of the Waradhata Datu Cetiya Swedaw Myat Pagoda (Yangon) was held on 24 (Sunday) November 1996.


ကျိုက်ခေါက်စေတီတော်မြတ်ကြီး

ရန်ကုန်မြစ်နှင့် ပဲခူးမြစ်ဆုံရာအရပ် ပဲခူးမြစ်၏ တောင်ဘက်ကမ်းပေါ်တွင် သန်လျင်မြို့ တည်ရှိသည်။ ထိုသန်လျင်မြို့၏ တောင်ဘက် တစ်တိုင်ကျော်အကွာတွင်ရှိသော (ဥတ္တရဂ်ကုန်း)ပေါ်၌ ကျိုက်ခေါက်စေတီတော်ကို တည်ထားခဲ့ပါသည်။ ကျိုက်ခေါက်စေတီတော်ကို သာသနာသက္ကရာဇ်-၂၄၁ ခုနှစ်တွင် ရှင်ခေါလကနှင့် သထုံမင်း စူဠာသီရိမာသောကမင်းတို့က တိုက်စေတီအဖြစ် တည်ထားပူဇော်ခဲ့ခြင်းဖြစ်သည်။ ခေတ်အဆက်ဆက် ပြုပြင်တည်ထားကိုးကွယ်ခဲ့ရာ ယခုအခါတွင် စေတီတော်သည် ဥက်တော်အမြင့် (၁၂၃)တောင် ရှိလေသည်။ ဂေါတမ မြတ်စွာဘုရားသခင်၏ ဆံတော်(၆)ဆူနှင့်တကွ သီဟိဠ်(သီရိလင်္ကာ)မှရရှိသော နဖူးသင်းကျစ်ရိုးနှင့်ဓာတ်တော်များ ကိန်းဝပ်ရာ ကျိုက်ခေါက် စေတီတော်သည် သက်တမ်းအားဖြင့် ၂၂၉၈-ခုနှစ် ရှိခဲ့ပြီဖြစ်သော ရှေးဟောင်းသမိုင်းဝင် စေတီတစ်ဆူဖြစ်ပါသည်။



Kyaikkauk Pagoda (Thanlyin township)

This pagoda stands on a hill, about 2 miles south of Thanlyin. The pagoda is quite an ancient one with a height of 185 feet. It was built about 2300 years ago by the Mon Kings of Thaton, enshrining six Hair Relics and one Forehead Bone of Buddha.



ကျိုက်မော်ဝန်းရေလယ်စေတီတော်

သာသနာသက္ကရာဇ်- ၂၁၅ ခုနှစ်တွင် ပါဒနိုင်ငံတော်ကြီးကို စတင်တည်ထောင် နန်းတည်စိုးစံခဲ့သော ဘောဂသေနမင်းသည် ဆရာရသေ့ ပေးအပ်လာသော ဘုရားရှင်၏ဆံတော်နှင့် ဓာတ်တော်များကို ဌာပနာ၍ သာသနာသက္ကရာဇ်- ၂၃စခုဠ်၌ ဆရာရသေ့ညွှန်ပြရွေးချယ်ပေးသော ကျောက်ခုံပေါ်တွင် ဉာဏ်တော်(၇)တောင်အမြင့်ရှိ ကျိုက်မျော်ကင္ဒော့ စေတီတော်ကို စတင်တည်ခဲ့ပါသည်။

ဘောဂသေနမင်းမှ (၁၀)ဆက်မြောက်ဖြစ်သော တွတ္ထနာဂမင်းကြီး လက်ထက်တွင် သီဟိုဠ်ဘုရင်ထံမှ လက်ဆောင်ပဏ္ဏာအဖြစ် ရရှိခဲ့သော ဆံတော်တစ်ဆူ၊ ဓာတ်တော်(၂၇)ဆူကို ရွှေကြုတ်၊ ငွေကြုတ်တွင်ထည့်ပြီး၊ သီရိလင်္ကာမှကြွလာသော ရဟန္တာအရှင်သူမြတ် မိန့်မှာချက်နှင့် မူလ ကျိုက်မျော်ကင္ဒော့ စေတီတော်တွင် ဌာပနာ၍ အဓိဋ္ဌာန်သုံးချက်ပြုကာ ပြုပြင်တည်ဆောက်ခဲ့ပါသည်။ အဓိဋ္ဌာန်သုံးချက်မှာ - (၁)စေတီတော်၏ ရင်ပြင်ကို ရေမလွှမ်းမိုးနိုင်စေသတည်း။ (၂)လာသမျှရဟန်းရှင်လူအပေါင်း ရင်ပြင်တော်ပေါ်၌ နေလောက်စေသတည်း။ (၃)ဤစေတီတော်ကို ပြုပြင်လှူဒါန်းသူသည် ပစ္စုပ္ပန်၌ပင် လောကီစီးပွား တိုးတက်ပါစေသတည်း။

ကောဇာသက္ကရာဇ်-၁၂၇၁ ၌ အမိန့်တော်ရရှေ့နေဦးဘထွန်း၏ ဇနီး ဒေါ်သက်၏ အိပ်မက်အရ ကျိုက်မော်ဝန်းချောင်းရေလယ်တွင်ရှိသော ကုန်းတော်ပေါ် သို့ရောက်ရှိပြီး ဉာဏ်တော်(၇)တောင်ရှိ စေတီပျက်ကို တွေ့ရှိ၍ ဉာဏ်တော်(၃၄)တောင်၊ မုခ်လေးဆင့်ပါသော စေတီတော်ကို မူလစေတီတော် ကိုင်း၍ တည်ဆောက်ခဲ့ပါသည်။ စေတီတော်ကိုလည်း ကျိုက်မျောကင္ဒော့မှ ကျိုက်မော်ဝန်းရေလယ်စေတီတော်ဟု ဘွဲ့တော်ပြုခဲ့ပါသည်။

Kyeik-Hmaw-Wun Yay Lei Pagoda

In Buddhist era 215, there was a Kingdom (in the south of Yangon)called Pada, ruled by King Bawgaa thena. He acquired some of Buddha's Hair Relics from his hermit teacher and , enshrining them, he built this pagoda which was then named Kyeik-hmyaw-ka-taw. It was then a small pagoda that rises about 10 feet.

During the reign of Thethanaga (10th king from the founder), more relics were obtained from Srilanka through eight Arahat monks and thus the pagoda was enlarged.

The King then made three holy wishes that (1)the pagoda platform might never be flooded by river water, (2)the platform might be wide enough for all pilgrims, and (3) all donors to this pagoda might be richly rewarded.

In 1271, Lawyer U Ba Tun and his wife Daw Thet had a dream and came to the site of this pagoda. They found the small pagoda broken down and so rebuilt it to a height of 51 feet with four tiers. The pagoda then got the present name Kyeik-Hmaw-Wun.

ဓနုတ်စေတီတော်(တွံတေးမြို့)

ဓနုတ်စေတီတော်သည် ရန်ကုန်တိုင်း တွံတေးမြို့နယ်၊ ရခိုင်ချောင်းကျေးရွာတွင် တည်ရှိပါသည်။ သာသနာသက္ကရာဇ် ၂၄၀-ခုနှစ်တွင် သထုံမင်းစူဠသီရိမာသောကမင်းက မြတ်စွာဘုရား၏ဆံတော်နှစ်ဆူ၊ဓာတ်တော်(၂၄)ဆူကို ဌာပနာ၍ ဉာဏ်တော်အမြင့်(၁၆)တောင်ရှိသော တိုက်စေတီကို တည်ထားခဲ့ပြီး (ဓနုဂ္ဂဟ)စေတီဟု ခေါ်ဝေါ်ခဲ့သည်။

ဓနုတ်စေတီတော်၏ ပုံတော်မှာ ရန်ကုန်ဆူးလေစေတီအတိုင်း ပန်းတင်ခုံအရင်းမှ ငှက်ပျောဖူး ထိပ်အထိ ရှစ်ထောင့်ချိုးဖြစ်လေသည်။ ဉာဏ်တော်အမြင့်မှာ (၁၂၄)တောင်ရှိပါသည်။ ခေတ်အဆက်ဆက် ရှေးဘုရင်များပြုပြင်တည်ထား ကိုးကွယ်ခဲ့သော သမိုင်းဝင်စေတီ တစ်ဆူဖြစ်ပါသည်။




Danoke Pagoda (Twantay Township)

It is situated in Rakhine-gyaung village, Twantay township, Yangon Division. It was built by King of Thaton in Sasana-era 240, enshrining two Hair Relics of Buddha. Like Sule pagoda of Yangon, it has an octagonal structure from the base up to its banana - bud. It has a height of 186 feet. It was rebuilt by successive Kings as a historic pagoda.

ရွှေဆံတော်စေတီတော်မြတ်ကြီး (တွံတေးမြို့)

ကျိုက်ကေသာခေါင် မြတ်စွာဘုရား၏ဆံတော်(၆)ဆူ ဌာပနာထားသော ရွှေဆံတော်စေတီတော်မြတ်ကြီးအား တွံတေးမြို့တွင် ဖူးမြော်ရပါသည်။ မဟာသက္ကရာဇ် ၁၁၄-ခုနှစ်၊ တန်ဆောင်မုန်း လဆန်း(၁၅)ရက် နေ့တွင် သမိန်ထောဗညားရမ်းမင်းက မြတ်စွာဘုရား၏ဆံတော်များကို ဌာပနာ၍ တည်ထားခဲ့ခြင်းဖြစ်ပါသည်။

ကောဇာသက္ကရာဇ် (၁၁၃၀)၊ သာသနာသက္ကရာဇ် (၂၃၁၂) ခုနှစ်၊ ပြာသိုလပြည့်ကျော်(၅)ရက်၊ အင်္ဂါနေ့တွင် ငလျင်ဒဏ်ကြောင့် ရွှေတိဂုံစေတီတော်နှင့် တပြိုင်နက်ပြိုကျခဲ့ရာ သာသနာသက္ကရာဇ် (၂၃၁၇)ခုနှစ်တွင် ကုန်းဘောင်ဆင်ဖြူရှင်မင်းသည် မူလသံတောင်(၁၂၀)မှ (၁၆)တောင်မြှင့်၍ (၁၃၆)တောင် ပြန်လည်တည်ခဲ့သည်။ ယခုအခါ ဌက်ပျော်ဖူးထိပ်အထိ (၁၃၆)တောင်မြင့်၍ စိန်ဖူးတော်အထိ ပေ(၂၅၀) အမြင့်ရှိပါသည်။ ရှေးမင်းအဆက်ဆက် ပြုပြင်တည်ထားကိုးကွယ်ခဲ့သော သမိုင်းဝင်တန်ခိုးကြီး စေတီတစ်ဆူဖြစ်ပါသည်။



Shwe Sandaw Pagoda (Twantay Township)

Shwe Sandaw or Kyaik-Kay-tha Khaung (in Mon language)means a pagoda in which Hair Relics of Buddha were enshrined. It was built by Mon King Thamein Banyayan in Sasana-era 114.

လွတ်လပ်ရေးကျောက်တိုင် (ရန်ကုန်)

လွတ်လပ်ရေးမော်ကွန်းကျောက်တိုင်ကြီးကို ရန်ကုန်မြို့၏ အလယ်ဗဟို မြို့တော်ကျက်သရေဆောင် မဟာဗန္ဓုလပန်းခြံ၏ အလယ်တည့်တည့်တွင် စိုက်ထူထားခဲ့သည်။ မြန်မာနိုင်ငံ သူ့ကျွန်ဘဝမှလွတ်မြောက်သည့် ၁၉၄၈-ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် အုတ်မြစ်ချခဲ့သည်။ အမြင့်ပေ(၁၅၅)ရှိပြီး နိုင်ငံတော် ဝန်ကြီးချုပ်၏ လွတ်လပ်ရေးမော်ကွန်းကျောက်တိုင် အုတ်မြစ်ချမိန့်ခွန်း တိုင်းပြည်ပြု(ယာယီ) ပါလီမန် ဝန်ကြီးချုပ် မိန့်ကြားသော လွတ်လပ်ရေးနေ့ မိန့်ခွန်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကောက် နှုတ်ချက်များနှင့် သစ္စာအဓိဋ္ဌာန် (၉)ချက်တို့ကို ရေးထိုးထားသည်။



Independence Monument (Yangon)

This monument , 155 feet tall, was constructed when Myanmar gained independence on 4, January 1948 It stands in the Maha Bandoola Park near the City Hall in the heart of capital Yangon On the walls of its marble base are engraved the words of the independence speech of the National Leaders and the Nation's Nine Objectives.

ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်နှင့်ဗိုလ်ချုပ်ပန်းခြံ (ရန်ကုန်)

ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်သည် ဗိုလ်ချုပ်အောင်ဆန်း ပန်းခြံအတွင်း၌ တည်ရှိသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား ရည်စူး၍ ထုလုပ်ထားခြင်းဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ၁၂၇၆-ခုနှစ်၊ တပေါင်းလဆန်း(၁)ရက် (၁၉၁၅-ဖေဖော်ဝါရီလ ၁၃ ရက်)နေ့၌ နတ်မောက်မြို့တွင် မွေးဖွားပြီး ၁၃၀၉-ခု၊ ဝါခေါင်လဆန်း(၂)ရက် (၁၉၄၇၊ ဇူလိုင်လ ၁၉ ရက်)နေ့တွင် မသမာသူများ၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ကျဆုံးခဲ့ရသည်။ နောင်လာနောင်သားများ မြန်မာနိုင်ငံ၏လွတ်လပ်ရေး ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား ထာဝရအမှတ်ရစေခြင်းငှာ ထုလုပ်ထားခဲ့ခြင်းဖြစ်ပါသည်။



Bogyoke Aung San bronze statue and Park (Yangon)

The statue was built in memory of the late General Aung San (13- 2- 1915)-(19- 7- 1947) who fought-for Myanmar's Independence. This bronze statue is situated at the Bogyoke (General) Aung San Park which was also named after him. Bogyoke was born on 13 February 1915 in Natmauk township of Central Myanmar and he expired as a martyr on 19 July 1947.

ရန်ကုန်မြို့တော်ခန်းမ

ရန်ကုန်မြို့၏အချက်အချာနေရာတွင် တည်ရှိသော မြို့တော် ခန်းမအဆောက်အဦကို ၁၉၂၈-ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးရုံး အဆောက်အဦအဖြစ် ဆောင်ရွက်သည်။ ဆောက်လုပ်ခဲ့သော အင်ဂျင်နီယာမှာ ဗိသုကာဦးတင်ဖြစ်ပြီး၊ ကိုယ်တိုင်ပုံစံရေးဆွဲတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အဆင့်(၅)ဆင့်ခွဲ၍တည်ဆောက်ခဲ့ပြီး၊ ၁၉၂၈၊ ၁၉၃၄၊ ၁၉၃၆၊ ၁၉၃၈ခုနှစ်တို့တွင် အဆင့်ဆင့်တည်ဆောက်ခဲ့သည်။ ၁၉၂၈မှ ၁၉၃၉ထိ (၁၁)နှစ်ကြာတည်ဆောက်ခဲ့သော မြို့တော်ခန်းမအဆောက်အဦသည် မြန်မာငွေ(၃၂)သိန်းခန့် ကုန်ကျခဲ့တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။



Yangon City Hall

Yangon City Hall stands in the heart of Capital Yangon, where almost all the city roads meet. The construction of this Hall started since 1928 and it was also meant for the office of the Yangon City Development Committee. Its building plan was drawn by U Tin, renowned architect of that time, and he himself undertook the construction. It has five storeys, finished up floor by floor in 1928, 1934, 1936 and 1938 respectively . It had taken 11 years (1928-1939) and it is said to have cost kyats 32 lakh of the period.

ဦးဝိစာရကျောက်တိုင်

မြန်မာနိုင်ငံ ဗြိတိသျှကိုလိုနီဘဝက ဗြိတိသျှ၏ ဖိနှိပ်မှုများကြားမှ လွတ်လပ်ရေး ရရှိရန်အတွက် ရဲရင့်သောသတ္တိ၊ ရဲရင့်သောစိတ်၊ မျိုးချစ်စိတ်ထက်သန်စွာဖြင့် နိုင်ငံရေးနိုးကြားမှုကို ရှေ့ဆောင်လှုံ့ဆော်ခဲ့သော ရဟန်းတော်တစ်ပါးဖြစ်သည်။ နိုင်ငံရေးလှုံ့ဆော်မှု တရားပွဲများကြောင့် အကြိမ်ကြိမ် ဖမ်းဆီးခြင်းခံခဲ့ရသည်။ နောက်ဆုံးအကြိမ် ဖမ်းဆီးခြင်းခံရပြီးနောက် အစာငတ်ခံ ဆန္ဒပြရာတွင် ၁၆၆ ရက်အကြာ ၁၂၉၂ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၂)ရက်နေ့တွင် ပျံလွန်တော်မူခဲ့ရသည်။ ဆရာတော်ဦးဝိစာရအား ဂုဏ်ပြုသောအားဖြင့် "တိုက်ဂါး အယ်လီလမ်း"ကို ဦးဝိစာရလမ်းဟုခေါ်တွင်ခဲ့ပြီး အထိမ်းအမှတ် ရုပ်တုကိုလည်း ထုလုပ်ထားခဲ့သည်။



Statue of U Wisara

A Myanmar monk who led the people to bravely fight for the country's independence with patriotic spirit during Burma's stride against British imperialism. He was frequently arrested by the British authorities on charges of instigatied political unrest in the country. He died on October 4, 1929, 166 days after he took a hunger strike during his detention. The former Tiger Alley Road was renamed U Wisara Road and a statue was built in honour of

ဝန်ကြီးများရုံး

ဝန်ကြီးများရုံးသည် ၁၈၈၉ ခုနှစ်တွင် ကိုလိုနီခေတ်အတွင်းဝန်များရုံးအဖြစ် တည်ဆောက်ခဲ့ရာ ၁၈၉၂ ခုနှစ်တွင် ပြီးစီးခဲ့ပါသည်။ မြေဧရိယာမှာ ၁၆. ၄၅ ဧကရှိပြီး အဆောက်အဦမှာ အကျယ်အဝန်းအားဖြင့် ၈၇၄ ပေ × ၈၂၀ ပေ ရှိပါသည်။ လွတ်လပ်ရေးရပြီးနောက် ဝန်ကြီးများရုံးအဖြစ် အမည်ပြောင်းလဲခဲ့၍ ယခုအခါ ဒုတိယဝန်ကြီးချုပ်ရုံး၊ ဝန်ကြီးချုပ်ရုံးဝန်ကြီးရုံး၊ ဝန်ကြီးဌာန (၆)ခု၊ အစိုးရအဖွဲ့ရုံးတို့ ရုံးစိုက်ရာ ရုံးကြီးဖြစ်သည်။



The Ministers' Office

Formerly known as the secretariat in the colonial era built in 1889 and completed in 1892. The building, built on 16.45 acre-land, measures an area of 874' x 820'. After the country gained independence it was renamed the ministers' office at which Office of the Deputy Prime Minister, Office of the Minister, of Prime Minister's Office, Six Ministeries and Office of the Government are currently stationed.

ပြည်သူ့လွှတ်တော်

ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော် အဆောက်အဦကို ၁၉၇၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၂)ရက်နေ့တွင် ပန်းတိုင်ချ တည်ဆောက်ခဲ့ရာ ၁၉၈၂ ခုနှစ်တွင် ပြီးစီးခဲ့ပါသည်။ ၁၉၈၄ ခုနှစ် ဆဋ္ဌမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးမှစတင်ပြီး လွှတ်တော် အစည်းအဝေးများ ကျင်းပခဲ့ပါသည်။ မြေဧရိယာ (၅၅)ကေပေါ်တွင် (၁၆)ကရှိ အဆောက်အဦကြီးကို ဆောက်လုပ်ထားခြင်းဖြစ်ပြီး မုခ်ဦးဆောင်၊ ဥက္ကဋ္ဌဆောင်၊ နာယကဆောင်၊ ဧည့်ခံဆောင်၊ လွှတ်တော်ဆောင်၊ သဘင်ဆောင်၊ အထောက်အကူပြုဆောင်စသည်တို့ဖြင့် ဖွဲ့စည်းထားရှိပြီး ကုန်ကျငွေ ကျပ်သိန်း ၂၀၀၀ ကျော် ကုန်ကျခံတည်ဆောက်ခဲ့သည်။



People's Congress (Pyithu Hluttaw)

The ground breaking ceremony of this building on Pyi Road was held in 1982. Congressional sessions were held here since the sixth session of the Congress held in 1984. The building covers 16 acres and built on the 55 acre-plot of land. The building comprises entrance hall, president's hall, patron's hall, reception hall, assembly hall, entertainment hall and supporting hall etc. It was built at the cost of kyats 200 millions.

ရန်ကုန်တက္ကသိုလ်

အိန္ဒိယနိုင်ငံ၊ ကလကတ္တားတက္ကသိုလ်လက်အောက်ခံ ရန်ကုန်ကောလိပ်အဖြစ် ၁၈၇၈ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ (၁)ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်အဖြစ် သီးခြားတည်ထောင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်သည် မြန်မာ့လွတ်လပ်ရေးအတွက် နိုင်ငံ့ခေါင်းဆောင်များ မွေးထုတ်ပေးခဲ့သော ဘူမိနက်သန်နေရာလည်းဖြစ်သည်။



Yangon University

The Yangon College was opened on 1878 as an affiliate college of Calcutta University in India until it was separately established as Yangon University on December 1, 1920. Most of the Statesmen who had bravely fought for Myanma's Independence were the Yangon University Products.

ရန်ကုန် ဆေးရုံကြီး

ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ၁၈၉၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ (၃)ထပ်ရှိသော ပင်မဆေးရုံအဆောက်အဦကြီးမှာ ၁၉၀၅ခုနှစ်၊ မေလ(၆)ရက်နေ့တွင် တည်ဆောက်ခဲ့သော အဆောက်အဦဖြစ်ပါသည်။ ဆေးရုံစတင်တည်ထောင်စဉ်က ခုတင် (၃၄၂)လုံးသာ ရှိခဲ့၍ ဒုတိယကမ္ဘာစစ်ပြီးသောအခါ ခုတင် (၅၄၆)လုံး ဖြစ်လာပါသည်။ ၁၉၆၄ ခုနှစ်မှစတင်ပြီး တိုးချဲ့တည်ဆောက်လာရာ ယခုအခါ ခုတင် (၁၅၀၀)ဆန့် ဆေးရုံကြီးအဖြစ် ရပ်တည်လျက်ရှိပါသည်။



Yangon General Hospital

It was first established in 1899 and the three-storey main building was built on May 6, 1905. It had been extended to a 546 bed-hospital by the end of the World War II from the previous stage of 342 beds at the time it was established With the extension projects carried out since 1964 it now stands as a 1500 bed-hospital.

ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်

ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ကြီးသည် ပြည်သူ့လွှတ်တော် အဆောက်အဦနှင့် ရွှေတိဂုံ စေတီတော် အနောက်ဘက်မုခ်အကြားတွင် တည်ရှိပြီး ၁၉၈၉-ခု၊ဖေဖော်ဝါရီလ(၂၅)ရက်တွင် စတင်တည်ဆောက် ခဲ့သည်။ လုပ်ငန်းအဆင့်ဆင့် ခွဲခြားဆောင်ရွက်ခဲ့ရာ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အား ၁၉၈၉-ခု၊ အောက်တိုဘာလ(၁၀)ရက်တွင် လည်းကောင်း၊ တောင်ဘက်ခြမ်းရှိ လေဟာပြင် အားကစားကွင်းအား ၁၉၉၀-ပြည့်နှစ်၊ ဧပြီလ(၁၈)ရက်တွင်လည်းကောင်း၊ ကျန်တိုးခဲ့လုပ်ငန်းများအား ၁၉၉၀-ပြည့်နှစ်၊ မေလ(၂၂)ရက်တွင်လည်းကောင်း၊ တည်ဆောက် ပြီးစီးခဲ့သည်။ ပြည်သူလူထု အပန်းအဖြေနိုင်ရေးသာမက မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက် ဖော်ကျူးရေး၊ ပြည်ထောင်စု စိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့ကိုပါ ရှေးရှုသည့်အစီအမံများကိုပါ ထည့်သွင်းတည်ဆောက်ထားပါသည်။



People's Square and People's Park

It stands on the main Pyay (Prome) Road, between the great Shwedagon Pagoda and Pyithu Hluttaw (People's Congress) building. The construction of this site started on 25 February 1989 and was completed on 10 October 1990. The original plan was later enlarged with an open-air stadium and other interesting spaces. The Square and Park today has become a popular recreation centre and, with many added attractions, it also serves the people to enhance their love of national heritage and the spirit of unity.

ကန်တော်ကြီး

၁၈၇၈ ခုနှစ် ကာလက ရန်ကုန်မြို့လူထုအတွက် ရေကို ကန်တော်ကြီးမှ သွယ်ယူခဲ့သည်။ ပွဲတော်အခါများတွင် လှေပြိုင်ပွဲများ ကျင်းပသည်။ ကန်တော်ကြီးပန်းခြံအဖြစ်ပြုလုပ်ထား၍ ပြည်သူလူထုအနားယူအပန်းဖြေရာ နေရာလည်းဖြစ်သည်။



Kandawgyi (The Great Lake)

It was used as a reservoir for supplying running water for the residents of Yangon in 1878. It becomes a venue for boat races and a public recreation centre.

အင်းယားကန်

ရန်ကုန်မြို့၏ လူဦးရေ တိုးပွားလာသောကြောင့် ကန်တော်ကြီးရေဖြင့်လုံလောက်မှုမရှိတော့သဖြင့် ၁၈၈၄ ခုနှစ်တွင် အင်းယားကန်မှ ရေကိုပါ ရန်ကုန်မြို့လူထုအတွက် သွယ်ယူသုံးစွဲခဲ့သည်။ ယခုအခါ ရေကူးခြင်း၊ လှေလှော်ခြင်းတို့ကို ပြုလုပ်လေ့ရှိသည့်အပြင် အရိပ်ကောင်းနေရာများ ပေါသောကြောင့် အဖျင်းပြေလာရောက် လည်ပတ်သူများဖြင့် စည်ကားသည်။



Innya Lake

With the growing number of residents in Yangon, Kandawgyi (The Great Lake) alone could not then supply adequate running water to the whole city dwellers and Innya Lake had become another source of water supply for Yangonians 1884. It now becomes a venue for boat races and long-distance swimming contests. It is also crowded with people who take rest there on week-ends.



ရန်ကုန် - သန်လျင်တံတား

ရန်ကုန်-သန်လျင်တံတားသည် သာကေတမြို့နယ်နှင့် သန်လျင်မြို့နယ်တို့အား ဆက်သွယ်ထားသော တံတားကြီးဖြစ်သည်။ ပဲခူးမြစ်ကိုဖြတ်၍ တည်ဆောက်ထားသည်။ တံတားကြီး၏အရှည်သည် (၂၉၃၈. ၅)မီတာ ရှိပါသည်။ ရထားလမ်း၊ ကားလမ်းနှစ်မျိုးလုံး သွားလာနိုင်သော တံတား အမျိုးအစား ဖြစ်ပါသည်။ ကားလမ်းအကျယ် တစ်ဖက်လျှင် (၄. ၅)မီတာစီရှိပြီး၊ အလယ်တွင် ရထားလမ်း ရှိပါသည်။ ဘေးတစ်ဖက်တစ်ချက်စီတွင် (၁. ၅) မီတာကျယ်သော လူသွားလမ်းများပါရှိပါသည်။ တံတားကြီးအား အုတ်မြစ်ချစတင်တည်ဆောက်သောနေ့မှာ (၂၂-၁၀-၈၆)ရက် နေ့ဖြစ်ပြီး၊ (၃၁-၇-၉၃) ရက်နေ့တွင် တံတားကြီးဖွင့်ပွဲအား ပြုလုပ်ခဲ့ပါသည်။ တံတား အမျိုးအစားမှာ သံမဏိဘောင်နှင့် သံမဏိယက်မ တံတားအမျိုးအစားဖြစ်ပါသည်။ ရန်ကုန်-သန်လျင် တံတားကြီးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတို့၏ ကျွမ်းကျင်မှုပူးပေါင်း ဆောင်ရွက်ရေး အစီအစဉ်အရ နှစ်နိုင်ငံအင်ဂျင်နီယာများ၊ ကာယဉာဏဝန်ထမ်းများ ပူးတွဲတည်ဆောက်ခဲ့ပါသည်။

Yangon - Thanlyin Bridge

This great bridge spanning the Bago river near the wide Yangon estuary joins the mainland of Yangon and its suburbs with the island towns of Thanlyin, Kyauktan, Thongwa and others. Its length is 2938.5 metres (nearly 2 miles). It is a rail-cum-road bridge with 4.5 metre wide motorway on each side and a railway in the middle. Besides, it has 1.5 metre wide footpath on each side of the motorway. The construction started on 22.10.86 and the opening ceremony was held on 31.7.93 . It is a steel bridge built by the joint efforts of technicians and workers from the two neighbouring countries of China and Myanmar

ဘုရင့်နောင်တံတား

ဘုရင့်နောင်တံတားသည် အင်းစိန်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့အား ဆက်သွယ်ထားသောတံတားဖြစ်သည်။ ဘုရင့်နောင်တံတားတည်ဆောက်လိုက်ခြင်းဖြင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့ လမ်းပန်းဆက်သွယ်မှု ပိုမိုလျင်မြန်လာပါသည်။ တံတားအရှည်မှာ (၅၀၀. ၂)မီတာ ရှိပါသည်။ ကုန်နှင့်ယာဉ်(၁၃)တန် ခွင့်ပြုပြတ်သန်းသွားလာနိုင်၍ နှစ်လမ်းမောင်းဖြစ်ပါသည်။ စတင်တည်ဆောက်သောနေ့မှာ (၇-၁၂-၉၀) ရက်နေ့ဖြစ်ပြီး၊ တည်ဆောက်ပြီးစီးသည့်နေ့မှာ(၂၄-၆-၉၄) ရက်နေ့ ဖြစ်ပါသည်။ တံတားဖွင့်ပွဲအား (၂၃-၇-၉၄)ရက်နေ့တွင် စည်ကားသိုက်မြိုက်စွာပြုလုပ်ခဲ့ပါသည်။ ဘုရင့်နောင်တံတားကြီးအား မြန်မာအင်ဂျင်နီယာများဖြင့်သာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တည်ဆောက်ခဲ့ခြင်း ဖြစ်ပါသည်။



Bayintnaung Bridge

The 500.2 metre long Bayintnaung Bridge, spanning Insein and Hlaing Thayar townships on Yangon- Pathein Highway. Its construction work started on 7.12.90 and was completed on 24.6.94. The opening ceremony was held on 23.7.94. It has a two-way motor-road. It was constructed by the Public Construction Works using only Myanmar technicians and workers.

ထရိတ်ဒါးဟိုတယ်

ရန်ကုန်မြို့တော်၏ ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်တွင်တည်ရှိသည်။ ရန်ကုန်မြို့ရှိ ဟိုတယ်ကြီးများတွင် အမြင့်ဆုံး ဟိုတယ်ဖြစ်ပြီး၊ ၂၂-ထပ်ရှိသည်။ ၁၉၉၄-ခုနှစ်တွင် စတင် တည်ဆောက် ခဲ့ပြီး ၁၉၉၆-ခု၊ နိုဝင်ဘာလ (၁၄)ရက်နေ့တွင် အခန်း(၉၀)ဖြင့် စတင် ဖွင့်လှစ်ခဲ့သည်။ ယခုအခါ အခန်း (၄၀၇)ခန်းဖြင့် အားလုံး ဖွင့်လှစ်နိုင်ပြီ ဖြစ်ပြီး ကြယ်ငါးပွင့် အဆင့် အတန်းရှိ ဟိုတယ်ကြီး ဖြစ်သည်။



Traders Hotel

It is the tallest among other hotels in Myanmar with 22 floors, standing on the busiest and most important point in downtown Yangon, at the corner of Sule pagoda road and Bogyoke Aung San road. It is a five-Star hotel with 407 rooms.

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ယခင်မင်္ဂလာဒုံလေဆိပ်ကို ၁၉၅၂ ခုနှစ်မှစတင်၍ ပြေးလမ်းတိုးချဲ့ခြင်း၊ လေဆိပ် အဆောက်အဦ ဆောက်လုပ်ခြင်းများပြုလုပ်ခဲ့ရာ ၁၉၅၇ ခုနှစ်၊ ဇန်နဝါရီလ (၈)ရက်နေ့တွင် ပြီးစီးဖွင့်လှစ်ခဲ့ပါသည်။ လေဆိပ်အဆောက်အဦသည် ၄၈၀ပေ × ၉၀ပေသာရှိသဖြင့် ၁၉၉၂ ခုနှစ်တွင် တိုးချဲ့တည်ဆောက်မှုပြုလုပ်ခဲ့ရာ ၄၈၀ ပေ × ၁၈၆ ပေ ဖြစ်လာပါသည်။ ၁၉၉၀ ပြည့်နှစ်တွင် ၂၀၀ပေ × ၄၀ပေရှိသော ဘရေးကြိုးပုဂ္ဂိုလ်ဆောင်ကို တိုးချဲ့တည်ဆောက်ခဲ့ပါသည်။ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ (၇)ရက်နေ့တွင် ဧရိယာအားဖြင့် ၁၄၀ပေ × ၃၄၀ပေရှိသော ပြည်ပဆိုက်ရောက် အဆောင်ကြီးကို စတင်ဆောက်လုပ်ခဲ့ရာ ၁၉၉၆ ခုနှစ် စက်တင်ဘာလ (၁၈)ရက်နေ့တွင် ပြီးစီးဖွင့်လှစ်နိုင်ခဲ့ပြီး ကုန်ကျငွေစုစုပေါင်းမှာ ကျပ်သန်းပေါင်း (၄၈၃. ၂၀)ဖြစ်ကြောင်း သိရှိရပါသည်။ ထို့ပြင် နိုင်ငံတကာမှ အကြီးအကဲများဘား ဂုဏ်ပြုကြိုဆိုရန် ဂုဏ်ပြုဆောင်ကြီးကို ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ (၉)ရက်နေ့မှ စတင်တည်ဆောက်ခဲ့ရာ ၁၉၉၈ခုနှစ်၊ မေလ (၂၉)ရက်နေ့တွင် ပြီးစီးဖွင့်လှစ်နိုင်ခဲ့ပြီး ကုန်ကျငွေစုစုပေါင်းမှာ ကျပ်သန်းပေါင်း (၆၅၈. ၂၇)ဖြစ်ကြောင်း သိရှိရပါသည်။



Yangon International Airport

This airport, formerly known as Mingalardon Airport was extended since 1952 and completed on January 8, 1957. As the former main building of the airport measured 480' x 90' it was extended to 480' x 186' in 1992. The annexed building of 200' x 40' VIP lounge was built in 1990. The construction of the arrival for measuring 140' x 340' for international flights was started on December 7, 1994 and completed on September 18, 1996 at the cost of kyat 483.20 millions. In addition, the construction of the hall for guard of honour parade was started on November 9, 1996 and inaugurated on May 29, 1998 at the cost of kyat 658.27 millions.

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပယ်ဖျောက်ရေးအထိမ်းအမှတ်ပြတိုက်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မြေဧရိယာ ၁၅. ၁၁ ဧက ပေါ်တွင် ၃၀၄ ပေ×၁၈၄ပေ အရွယ် သုံးထပ်အဆောက်အဦဖြစ်၍ ၁၉၉၈ ခုနှစ်၊ ဇူလိုင်လ(၂၅)ရက် (၀၈:၀၀)နာရီတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်မှ အုတ်မြစ်ချပေးခဲ့ပြီး ၂၀၀၁ ခုနှစ်၊ ဇွန်လ (၂၆)ရက်နေ့တွင်ပြီးစီး၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်မှ အခမ်းအနားဖြင့် ဖွင့်လှစ်ပေးခဲ့ပါသည်။ ပြတိုက်ကြီးမှာ သုံးထပ်အဆောက်အဦဖြစ်ပြီး ပြကွက်ပေါင်း ၃၇ ခုဖြင့် ပြသထားပါသည်။ ပြတိုက်တည်ဆောက်ရေးအတွက် ဘဏ္ဍာငွေကျပ်သန်း ၈၆၁. ၅၇၇ နှင့် ပြည်သူလူထုအလှူရှင် (၈၇)ဦးတို့မှ လှူဒါန်းငွေကျပ်သန်း ၈၈. ၃၁ အမေရိကန်ဒေါ်လာ ၃၀၀၀ဘိုး သုံးစွဲခဲ့ကြောင်းသိရှိရပါသည်။



Drug Elimination Museum in Myanmar

A three-storey building measuring 304 x 184 sq-ft on a 15.11 acre plot of land at the corner of Hanthawady and Kyundaw streets in Kamayut Township, Yangon. The Secretary (1) of the State Peace and Development Council Lt-Gen Khin Nyunt laid the foundation stone and inaugurated this museum on June 26, 2001. The museum consists of 37 display booths. It was built at a cost of kyat 861.577 millions plus kyat 88.31 millions and US $ 3000 donated by well-wishers.

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးနှင့် ဝန်ကြီးချုပ်ရုံးဝန်ကြီးတို့မှ
မူးယစ်ဆေးဝါး ပယျောက်ရေးအထိမ်းအမှတ်ပြတိုက်အား ဖဲကြိုးဖြုတ် ဖွင့်လှစ်ပုံ



Minister for Home Affair, Minister for Foreign Affair and
Minister for Prime Minster's office open the Drug Elimination Museum

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မူးယစ်ဆေးဝါး ပယျောက်ရေးအထိမ်းအမှတ်ပြတိုက်အတွင်း
လှည့်လည်ကြည့်ရှုစဉ်



Senior General Than Shwe visits Drug Elimination Museum

မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် ကဗျည်းကျောက်စာတိုင်




Stone inscription of the Drug Elimination Museum

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် ဂုဏ်ပြုဆောင်



Guard of Honour parade hall of Yangon International Airport

ခြောက်ထပ်ကြီးဘုရား



Chauk Htat Gyi Buddha Image (Six-tier Pagoda)

ကရဝိတ်နန်းတော်



Karaweik Palace

ကျိုက်ကလော့စေတီတော်



Kyaikkalott Pagoda

ကျိုက်ကလဲ့စေတီတော်



Kyaikkale Pagoda

အမျိုးသားပြတိုက်



National Museum

ဆီဒိုးနားဟိုတယ်



Sedona Hotel

ရန်ကုန်ဘူတာကြီး



Yangon Railway Station

မဟာဗန္ဓုလတံတား



Maha Bandoola Bridge

ရွှေပြည်သာတံတား




Shwe-Pyi-Tha Bridge

အောင်ဇေယျတံတား



Aung Zeya Bridge

လော်ကားဥယျာဉ် (ထောက်ကြန့်)



Hlawga Garden

လော်ကားဘေးမဲ့ဥယျာဉ် (ထောက်ကြန့်)



Hlawga Wildlife Park

ပန်းလှိုင်ဂေါက်ကလပ်



Pan Hlaing Golf Estate

နိုင်ငံတကာအဆင့်မီ ရေကူးကန်



International Standard Swimming Pool



ပုံတောင်ဒေသမှ တွေ့ရှိရသော ပရိုင်းမိတ်ရုပ်ကြွင်း (အမျိုးသားပြတိုက်)


Primate found in Pon Taung region (National Museum)



မန္တလေးတိုင်း

Mandalay Division

မန္တလေးတိုင်း



မန္တလေးတိုင်း

နယ်နိမိတ်

၁။ မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိပြီး၊ မြောက်ဘက်တွင် စစ်ကိုင်းတိုင်း၊ အရှေ့ဘက်တွင် ရှမ်းပြည်နယ်၊ တောင်ဘက်တွင် ပဲခူးတိုင်းနှင့် ကရင်ပြည်နယ်၊ အနောက်ဘက်တွင် မကွေးတိုင်း၊ စစ်ကိုင်းတိုင်းတို့နှင့် ထိစပ်တည်ရှိသည်။ မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၀ မိနစ်မှ ၂၃ ဒီဂရီ ၄၅မိနစ်အတွင်းနှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၀မိနစ်မှ ၉၆ဒီဂရီ ၅၀မိနစ်အတွင်း တည်ရှိသည်။ အရှေ့ဘက်ကုန်းမြင့်ဒေသများမှအပ ကျန်ဒေသများသည် မြန်မာနိုင်ငံ အလယ်ပိုင်းမိုးနည်းရပ်ဝန်းတွင် ကျရောက်သည်။ ဧရိယာစတုရန်းမိုင်ပေါင်း (၁၄၂၉၄. ၇၂၁) ကျယ်ဝန်းသည်။

မြေမျက်နှာသွင်ပြင်

၂။ မန္တလေးတိုင်းသည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိသောကြောင့် ယေဘုယျအားဖြင့် မြေနိမ့်ဒေသဖြစ်ပြီး၊ ပျမ်းမျှအမြင့်ပေ (၅၀၀)ခန့် ရှိသည်။ သို့သော် အရှေ့ဘက်နယ်နိမိတ်တစ်လျှောက်တွင် ရှမ်းကုန်းမြေမြင့်၏ အစွန်ပိုင်းဒေသများ ပါဝင်လျက်ရှိသောကြောင့် မြင့်မားသည့် တောင်တန်းကုန်းမြင့်များကို တွေ့ရှိရသည်။ မိုးကုတ်အနီးရှိ တောင်များသည် ပေ(၇၀၀၀)ကျော်မြင့်ပြီး၊ ရမည်းသင်းအရှေ့ဘက်ရှိ မိုးထိတောင်သည် ပေ(၄၆၀၀)ခန့် မြင့်သည်။ ပဲခူးရိုးမ၏ မြောက်ဘက်စွန်းရှိ ပုပ္ပါးတောင်သည် ပေ(၄၉၈၁)ရှိသည်။ မန္တလေးမြို့အနီးတွင် မန္တလေးတောင်နှင့် ရန်ကင်းတောင်စသည့်တောင်ကုန်းနိမ့်များရှိသည်။ မြေနိမ့်လွင်ပြင်ဒေသသည် မန္တလေးတိုင်း၏ လေးပုံသုံးပုံခန့် ကျယ်ပြန့်သည်။ အနောက်ဘက်တွင် ဧရာဝတီမြစ်ဝှမ်းလွင်ပြင် ရှိသည်။ ထင်ရှားသောမြစ်များမှာ ဧရာဝတီမြစ်၊ မြစ်ငယ်မြစ်၊ လော်ကျိုမြစ်၊ ပန်းလောင်မြစ်၊ စမုံမြစ်တို့ဖြစ်သည်။

ရာသီဥတု

၃။ တောင်မြောက်ရှည်လျားပြီး၊ ကုန်းမြေအနိမ့်အမြင့် မှုန်စုံပါဝင်သော မန္တလေးတိုင်းတွင် ရာသီဥတုမှုန်စုံ တွေ့ရသည်။ ကုန်းမြင့်ဒေသများတွင် နွေဦးပူပြင်းခြင်းမရှိဘဲ၊ ဆောင်းဦ အတန်ပင်အေးသည်။ အပူဆုံးလဖြစ်သော ဧပြီလတွင် ပျမ်းမျှအပူချိန်မှာ ၇၀ ဒီဂရီဖာရင်ဟိုက်မှ ၇၅ ဒီဂရီဖာရင်ဟိုက်အတွင်းသာရှိသည်။ အအေးဆုံးလများ၏ ပျမ်းမျှအပူချိန်မှာ ၆၀ ဒီဂရီဖာရင်ဟိုက်အောက်တွင်ရှိ၍ ၎င်းလများတွင် အနိမ့်ဆုံးအပူချိန်မှာ ၃၂ ဒီဂရီဖာရင် ဟိုက်မှ ၄၀ ဒီဂရီဖာရင်ဟိုက်အတွင်းရှိသည်။ မြေပြန့်လွင်ပြင်ပိုင်းတွင် အပူဆုံးလ၌ ပျမ်းမျှအပူချိန် ၈၈ ဒီဂရီဖာရင်ဟိုက်ခန့်ရှိပြီး၊ နှေခင်းပိုင်းအမြင့်ဆုံး အပူချိန်မှာ ၁၀၅ ဒီဂရီဖာရင်ဟိုက်မှ ၁၁၀ ဒီဂရီဖာရင်ဟိုက်ကျော်ထိ ရှိသည်။

၄။ ပျမ်းမျှနှစ်စဉ်မိုးရေချိန်သည် မိုးကုတ်မြို့တွင် လက်မ (၁၀၀)ကျော်၊ ပြင်ဦးလွင်မြို့တွင် လက်မ(၆၀)ကျော်ရှိသည်။ ပျဉ်းမနားမြို့၌ (၅၆)လက်မ၊ မန္တလေး၊ ကျောက်ဆည်၊ မိတ္ထီလာမြို့များတွင် (၃၂)မှ (၃၄)လက်မအတွင်းရှိသည်။ ပုပ္ပါးတောင်မကြီး၌မူ ကုန်းမြေမြင့်အမြင့်ကြောင့် မိုးရေချိန် လက်မ(၄၀)ကျော်ရှိသည်။

လူမျိုး၊ ဘာသာစကား

၅။ မန္တလေးတိုင်းတွင် အများဆုံးမှာ ဗမာလူမျိုးများဖြစ်ပြီး၊ အရှေ့ဘက်ကုန်းမြင့်တွင် ပါဝင်သောပြင်ဦးလွင်မြို့နယ်တွင် ဗမာများအပြင် ရှမ်းနှင့်ဓနု အနည်းငယ်ရှိပြီး၊ မိုးကုတ်နှင့် သစိတ်ကျင်းမြို့နယ်များတွင် ရှမ်း၊ လီဆူး၊ ပလောင်လူမျိုးများလည်း ရှိသည်။ လယ်ဝေးနှင့် ပျဉ်းမနားမြို့နယ်များ၌ မြေပြန့် ချင်း(အရိုချင်း) အနည်းငယ်ရှိသည်။ မြန်မာစကားကို အများဆုံးသုံးပြီး၊ တိုင်းရင်းသားများ၏ မိုးရာစကားများလည်း သုံးနှုန်းပြောဆိုကြသည်။

ဘာသာရေးကိုးကွယ်ယုံကြည်မှု

၆။ ဗမာလူမျိုးအများစုဖြစ်သဖြင့် ဗုဒ္ဓဘာသာကိုးကွယ်သူ အများဆုံးဖြစ်ကြသည်။

လူဦးရေ

၇။ မန္တလေးတိုင်းတွင် လူဦးရေ (၆၁၈၀၀၀)ဦးရှိသည်။

MANDALAY DIVISION

Boundary

1. It is situated in the middle part of Myanmar bordering Sagaing Division on the north, Shan State on the east. Bago Division and Karen State on the south and Magway and Sagaing Divisions on the west. It is situated between North Latitude 19° 30' and 23° 45', East Longitude 94° 50' and 96° 50'. Except Eastern Plateau, other areas are in the dry zone in the middle part of Myanmar. Mandalay Division has an area of 14294.721 square miles.

Physical feature

2. As Mandalay is in the middle part of Myanmar its lowlands generally have an average altitude of 500 feet. But as the eastern boundary includes the northernmost parts of Shan Plateau high ranges and mountains are found in the division. Mountains near Mogok are over 7,000 feet and Moe Hti Mountain, east of Yemethin, is about 4,600 feet high. Mount Popa which is on the northernmost part of Bago Yoma range is 4,981 feet high. Near Mandalay City are the two hills called Mandalay Hill and Yankin Hill. The lowland area covers three quarters of Mandalay Division. On the west is the Ayeyarwady valley. The famous rivers in the Division are Ayeyarwady, Myit Nghe, Zawgyi, Panlaung and Samon.

Climate

3. Mandalay Division which is long from south to north and includes low and high mountains have different climates. On its highlands the weather is moderate in the hot season and considerably cold in winter. In the hottest month of April, its average temperature is between 70° and 75° F. Coldest months have an average temperature of below 60°F while the lowest are between 32°F and 40°F. In the lowlands average temperature of the hottest month is about 88°F while daytime temperature rises from 105° to 110°F.

4. Average annual rainfall of Mogok is over 100 inches, and Pyin Oo Lwin has over 60 inches. Pyinmana has 56 inches and Mandalay, Kyaukse and Meik Htila have 32 to 34 inches. On Mount Popa rainfall is over 40 inches.

Race and Language

5. In Mandalay live the majority Myanmars while in the eastern highlands including Pyin Oo Lwin, Myanmar and some Shan and Danu nationals live. In Mogok and Thabeikkyin townships live Shans, Lisu and Palaung nationals. There are few lowland Chins (Ah Shoe Chins) in Leway and Pyinmana townships. Myanmar is the common language and other dialects are also spoken.

Religion

6. The majority of the people are Buddhists by birth.

Population

7. Mandalay Division has a population of 6,188,000.


မဟာမုနိဘုရား

မဟာမုနိဘုရား(မန္တလေး)

ခေတ်ဦးရခိုင်ပြည်၌ မင်းအဆက်ဆက်တို့ ကိုးကွယ်ခဲ့သောဘုရားဖြစ်သည်။ မဟာမုနိဘုရားသည် စေတီမဟုတ်ဘဲ ဗုဒ္ဓရုပ်ပွားတော်ဖြစ်သည်။ မဟာမုနိဘုရားကို ရခိုင်ပြည်နယ်မှ မန္တလေးသို့ ပင့်ဆောင်လာခဲ့ခြင်းကြောင့် ရခိုင်ဘုရားကြီးဟုလည်း ခေါ်ကြပါသည်။ ထိုရုပ်ပွားတော်ကြီးကို ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်က သွန်းလုပ်ခဲ့ခြင်းဖြစ်ပြီး ဘုရားရှင်က ထိုရုပ်ပွားတော်ကို ခုနစ်ကြိမ်ပွေ့ပြီး အသက်သွင်းပေးခဲ့သည်ဟု ဆိုကြပါသည်။ ထို့ ကြောင့် ကိုင်းရှိုင်းသောဗုဒ္ဓဘာသာဝင်များက ယင်းရုပ်ပွားတော်ကို အသက်ရှိသည်ဟုခံယူကြပြီး မဟာမုနိရုပ်ရှင်တော်ဟု ရည်ညွှန်းကြပါသည်။ ထိုရုပ်ပွားတော်၏ ဒါယကာမှာ ရခိုင်မင်းများထဲမှ တစ်ပါးဖြစ်သော စန္ဒာသူရိယမင်းဖြစ်ပါသည်။ ထိုရုပ်ပွားတော်ကို မြန်မာနိုင်ငံ၏မြို့တော်ဖြစ်သော အင်းဝမြို့သို့ မြန်မာအိမ်ရှေ့မင်းသားက ပင့်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။ ရုပ်ပွားတော်ကြီး ဧရာဝတီမြစ်သို့ ရောက်သည့်အခါ အထူးဆောက်လုပ်ထားသော ဖောင်တော်ကြီးဖြင့် မြစ်ရိုးအတိုင်း မြို့တော်ဆီသို့ ဆွဲယူပင့်ဆောင်ရပါသည်။ ရုပ်ပွားတော်ကြီးသည် ယနေ့ထက်တိုင် အထက်မြန်မာနိုင်ငံတွင် ကြည်ညိုခြင်း အခံရဆုံးအကိုးကွယ်ခံဘုရားဖြစ်လာခဲ့ပါသည်။

Mahamuni Image (Mandalay)

The Maha Muni Image has been revered by successive kings of Danyawady or Rakhine state. Mahamuni. which is not a pagoda but an image of the Buddha is also called the Rakhine Buddha- Image since it was brought to Mandalay from Rakhine State. The image is said to have been cast in the life-time of Buddha and that Buddha embraced it seven times thereby bringing it to life. Consequently, devout Buddhists hold it to be alive and refer to it as the Mahamuni Sacred Living Image. Its donor was King Sanda Thuriya, one of Rakhine Kings. It was brought to Innwa, the capital of Myanmar by the Myanmar Crown Prince. When that image got to the river it was hauled in specially built barge up the river to the capital. It has become the most revered object of worship in Upper Myanmar to this day.

ကျောက်တော်ကြီးဘုရား

ပဋ္ဌမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ ကောင်းမှုတော် ဖြစ်၍ မန္တလေးမြို့ မန္တလေးတောင်ခြေရင်း သုဓမ္မာဇရပ်များအနီးတွင် တည်ရှိသည်။ ကျောက်တော်ကြီးဘုရားမှာ ထက်ဝယ်ဖွဲ့ခွေနေတော်မူသည့် ရုပ်ပွားတော်ဖြစ်၍ "မဟာသက္ကမာရဇိန်"ဟု ဘွဲ့တော်ရှိသည်။ စကျင်တောင်မှရသော ကျောက်ကိုအစွဲပြု၍ ကျောက်တော်ကြီးဘုရားဟု လူအများက ခေါ်ဝေါ်ကြသည်။

ရုပ်ပွားတော်အရွယ်ပမာဏမှာ ထက်ဝယ်တော်အပြန် (၁၂) တောင်၊ အဝန်း(၂၈)တောင် (၂)မိုက်(၄)သစ်၊ ခါးတော်အဝန်း(၁၀)တောင် ရှိပါသည်။

Kyauktawgyi Pagoda

It is situated at the foot of Mandalay hill near Thudhamma rest houses in Mandalay. Kyauktawgyi pagoda is an Image sitting crosslegged donated by King Mindon. The people call it Kyauktawgyi pagoda as Kyauktawgyi (Great Stone) was gotten from Sagyin Hill.



မဟာသက္ကမာရဇိန် (ကျောက်တော်ကြီးဘုရား)

သုဓမ္မာဇရပ်

မန္တလေးမြို့ ကျောက်တော်ကြီးဘုရား အရှေ့ဘက်တွင် တည်ရှိသည်။ မင်းတုန်းမင်းကြီး တည်ဆောက်လှူဒါန်းခဲ့ပြီး ယခင်က ပန်းပုထွင်းလက်ရာဖြင့် ရွှေပိန်းချ ထားသော သုဓမ္မာဇရပ်များ ဖြစ်သည်။ မင်းတုန်းမင်းကြီးဆောက်လုပ် လှူဒါန်းခဲ့သော သုဓမ္မာဇရပ်ပေါင်း(၃၃)ဆောင်ရှိသည်။




Thudhamma Zayat (Rest-house)

They are located at the east of Kyauktawgyi pagoda, Mandalay. These rest houses were donated by King Mindon and decorated with gilded wood-carving art works. There are 33 Thudhamma rest houses built by King Mindon.

အတုမရိကျောင်းတော်ကြီး

မန္တလေးမြို့တွင်ရှိသည်။ မင်းတုန်းမင်းတရားကြီးသည် ကောဇာသက္ကရာဇ် (၁၂၂၁)ခုနှစ်တွင် မန္တလေးရတနာပုံ ရွှေမြို့တော်ကြီး၌ သစ်တပ်အတွင်း အုတ်မြို့ရိုးတော်ကြီးနှင့်တကွ မြနန်းစံကျော်ရွှေနန်းတော်ကြီးကို အသစ်တည်ဆောက် နန်းသိမ်းပွဲခံယူပြီးနောက် ၄င်းနှစ် ကဆုန်လဆန်း (၁၃)ရက်နေ့တွင် အုတ်မြစ်ချတော်မူခဲ့သော သတ္တဌာနခုနစ်ဌာနတွင် မဟာအတုလဝေယ် အတုမရိကျောင်းတော်ကြီးလည်း တစ်ခုအပါအဝင် ဖြစ်သည်။



Atumashi (Unrivalled) Monastery

Atumashi monastery is situated in Mandalay. This unique monastery is one among those seven sacred places. The foundation for the unmatched monastery was laid on the 13th waxing of Kason in 1221ME just after the coronation of King Mindon, who built in the City of Mandalay Yadanabon the Golden Royal Palace called Mya Nan San Kyaw together with the brick walls within the wood fortification

မန္တလေး နန်းမြို့ရိုးနှင့် ကျုံး

၁၈၅၃ ခုနှစ်တွင် နန်းတက်သော မင်းတုန်းမင်းသည် မြို့တော်ကို အမရပူရမှ မန္တလေးသို့ ပြောင်းရွှေ့ပြီး ၁၈၅၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃)ရက်နေ့တွင် မန္တလေးမြို့၏ ပထမဆုံးပန္နက်ကို စတင်ချခဲ့ပြီး နန်းမြို့ရိုးကြီးကိုလည်း တည်ဆောက်ခဲ့သည်။

မန္တလေးနန်းမြို့ရိုးသည် ၁၈ ပေ မြင့်ပြီး၊ မြို့ရိုးတစ်လျှောက် ၅၅၀ ပေအကွာ တိုင်း ပြအိုးများထားရှိသည်။ မြို့ရိုးပတ်လည်တွင် တံခါးကြီးများ (၁၂)ရပ်ရှိပြီး အဓိကတံခါးကြီးများမှာ နန်းတော်မှ အရပ်လေးမျက်နှာသို့ထွက်သော တံခါးမကြီးများဖြစ်ကြသည်။ ၂၂၅ ပေ ကျယ်သော ကျုံးကြီးကို မြို့ရိုးပတ်လည်တွင်တူးပြီး ကျုံးနှင့် မြို့ရိုးအကြား စိမ်းလန်းသောမြက်ခင်းကို စိုက်ပျိုးထားသည်။



Mandalay Palace Walls and Moat

King Mindon, who ascended to the throne in 1853, moved the capital from Amarapura to Mandalay. The ground breaking ceremony for construction of the Mandalay Palace walls was held on 13 February, 1857.

Mandalay Palace walls are 18 feet high and for every 550 feet along the walls there is a watch tower. There are 12 main gates along the palace walls. There is a main gate in each four directions. There is a 225 feet moat built along the palace walls. Lawns are set up between the palace walls and the moat.

ပုပ္ပါးတောင်

ပုပ္ပါးတောင်သည် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ အလယ်ဗဟိုတွင်ရှိသည်။ ပုပ္ပါးတောင်၏ ရေမြေတောတောင် သဘာဝသည် အမြိစိမ်းလန်းစိုပြေလျက် ရှိပြီး၊ သဘာဝပေါက် သစ် တောများ၊ အသီးအပင်များဖြင့် မြန်မာနိုင်ငံ၏ မိုးနည်းရပ်ဝန်း ဒေသတွင် တစ်ခုတည်းသော အိုအေစစ်နယ်မြေဟု ဆိုနိုင်သည်။ ပုပ္ပါးတောင်သည် ယခင်က မီးတောင်တစ်ခုဖြစ်ပြီး၊ ယခုအခါ မီးငြိမ်း တောင်ဖြစ်၍ ပတ်ဝန်းကျင်တွင် တောင်ကြားများ၊ လျှိုမြောင် ချိုင့်ဝှမ်းများ ပေါများလှသည်။

တောင်မကြီး၏ အောက်ခြေအကျယ်အဝန်းမှာ စတုရန်းမိုင်(၂၅)မိုင် ရှိပြီး၊ ပင်လယ်ရေမျက်နှာပြင်အထက် (၄၉၈၁) ပေ အမြင့်တွင် ရှိသည်။ ဘူမိဗေဒပညာရှင်များ၏လေ့လာစူးစမ်းသုတေသနပြုချက်အရ ပုပ္ပါးတောင်၏သက်တမ်းသည် နှစ်ပေါင်း အနည်းဆုံး(၂)သန်းနှင့် အများဆုံး(၃)သန်းရှိနိုင်သည်ဟု ခန့်မှန်းကြပါသည်။



Mount Popa

It is laying right at the centre of Myanmar. Mount Popa which is covered with trees and forests is like an oasis in the central dry belt, the region well-known for its scanty rainfall in Myanmar It is an extinct volcano amid many valleys. The mountain comprises two parts namely the wine-glass-shaped plateau and the main mountain

The base of main mountain measures 25 square miles and situated at 4981 feet above sea level Geologists estimated that Mt Popa is minimum 2 million and maximum 3 million years old



ဦးပိန်တံတား

အမရပူရမြို့တွင် ရှိသည်။ မြစ်ပြင်ကဲ့သို့ ကျယ်ပြောလှသော တောင်သမန်းအင်းကိုဖြတ်၍ တည်ဆောက်ထားခြင်း ဖြစ်သည်။ ရှေးနှစ်ပေါင်း(၂၀၀)ကျော်က အမရပူရမြို့စာရေး ဦးပိန်ဦးစီး၍ တည်ဆောက်ခဲ့ခြင်းဖြစ် သောကြောင့် ဦးပိန်တံတားဟု အမည်တွင်ခဲ့သည်။ တံတား အရှည်မှာ (၁)မိုင် နီးပါးခန့်ရှည်ပါသည်။



U Pein Bridge

It is situated in Amarapura township, built across the Taungthaman lake as wide as river. It was built by U Pein over 200 years ago. It is the bridge that bore the name of the builder. The bridge is almost one mile long.

တောင်ပြုန်းနတ်ပွဲ

မန္တလေးတိုင်း၊ မတ္တရာမြို့နယ်၊ တောင်ပြုန်းအရပ်တွင် နှစ်စဉ်ဝါခေါင် လဆန်း (၈)ရက်မှ လပြည့်နေ့အထိ နတ်ယုံကြည် ကိုးကွယ်သူများမှ နတ်ပွဲအဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ မြန်မာနိုင်ငံတွင် အခို့မှာနတ်များကို ယုံကြည်ကိုးကွယ်မှုရှိပြီး (၃၇)မင်းနတ်များဟု ထင်ရှားခဲ့သည်။ ၎င်းတို့တွင် ပို၍ထင်ရှားသောနတ်များမှာ မင်းမဟာ ဂီရိနတ်၊ နှမ တော်နတ်၊ ရွှေနဘေနတ်၊ ရွှေဖျင်းညီနောင်နတ်၊ မင်းကျော်စွာနတ်၊ ရှင်နဲမိနတ် (မနဲလေး)တို့ဖြစ်ကြသည်။ ရွှေဖျင်းညီတော်နတ်နှင့် နောင်တော်နတ်တို့အား မင်းကြီးမင်းလေး ဟုခေါ်ဆိုကြပြီး တောင်ပြုန်းနတ်ပွဲအဖြစ် နှစ်စဉ်စည်ကား သိုက်မြိုက်စွာ ကျင်းပသည်။



Taungpyone Nat Festival

Every year in the Myanmar month of Wagaung (August), there is a hilariously merry celebration of Nat Pwes (Festival of the worshippers of Popa or Taungpyone Nats) of Madaya township in Mandalay division. Foreign travellers know those spiritual beings as 37 Nats. Among them, the most popular are Mahagiri who resides at Mt Popa, Shwe Nabe (Mahagiri's sister), Two Shwe Phyin brothers, Min Kyawzwa and the baby nat Ma Hne Lay.

ကျောက်ဆည်ဆင်အက

ကျောက်ဆည်မြို့ပေါ်တွင် နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လ၌ ဆင်ပွဲဟုခေါ်သော ပွဲတော်ကျင်းပလေ့ရှိသည်။ ဤပွဲတော် ဖြစ်ပေါ်လာပုံမှာ ပုဂံအနော်ရထာမင်းက လယ်တွင်း(၉)ခရိုင်နယ်များအား၊ မိမိတည်ထားခဲ့သော ရွှေသာလျောင်းစေတီပေါ်သို့ ဖူးမြော် ကန်တော့ရန် လာကြရမည်ဟု အမိန့်ပေးခဲ့သည်မှစ၍ အစဉ်အလာဖြစ်ခဲ့ပေသည်။ သီတင်းကျွတ်လဆန်း(၁၄)ရက်နေ့တွင် ကျောက်ဆည်မြို့ အနီးအပါး ကျေးရွာများမှ ဆင်ရုပ်ကြီးများပြုလုပ်လျက် ကခုန်တီးမှုတ်ကာ ထိုဆင်ရုပ်များဖြင့် မြို့တွင်းသို့လှည့်လည်ကြသည်။ ရှေးအခါက ဆင်အစစ်များဖြင့် လှည့်လည်ကြသည်။ ထို့နောက် ရွှေသာလျောင်းစေတီတော်ကို ဖူးမြော်ကန်တော့ကြသည်။ လူငယ်လူရွယ်များပါ ပါဝင်ဆင်နွဲ ပျော်ရွှင်ကြသော ဆင်အကပွဲတော်ကြီးတစ်ခုဖြစ်ပါသည်။



Dancing Elephants at Kyaukse

Every year during October, this festival of Dancing Elephant is held at Kyaukse, a town south of Mandalay. The festival is said to have begun since Bagan period when King Anawrahta constructed dams around here and built Shwethalyaung pagoda. Villagers in the area (some of them elephant riders from the forests nearby) held a ceremony riding elephants around the town, dancing and singing, on their way to the pagoda. Now the festival is held with fake elephants made from bamboo and cane. Their elephant dances are quite amusing and popular.

ပြင်ဦးလွင်မြို့

ပြင်ဦးလွင်မြို့သည် ရှမ်းကုန်းပြင်မြင့်တွင် တည်ရှိသည်။ မန္တလေးမြို့၏ အရှေ့မြောက်၊ (၄၂)မိုင်အကွာတွင်တည်ရှိသည်။ ပင်လယ်ရေမျက်နှာပြင် အထက်ပေပေါင်း(၃၀၀၀)ကျော် မြင့်သောကြောင့် ပြင်ဦးလွင်ရာသီဥတုသည် တစ်နှစ်ပတ်လုံး အေးမြသည်။ ယခင်က ပြင်ဦးလွင်ကို မေမြို့ဟုခေါ်သည်။ ၁၈၈၆-ခုနှစ်တွင် အမှတ်(၅)ဘင်္ဂလားတပ်ရင်းမှ တိုလ်မှူးကြီးမေသည် ပြင်ဦးလွင်နေရာတွင် တောင်ပေါ်စခန်း တည်ခဲ့သောကြောင့် မေမြို့ဟုတွင်သည်။ ပြင်ဦးလွင်သို့ ကားဖြင့်လည်းကောင်း၊ မီးရထားဖြင့် လည်းကောင်း သွားနိုင်သည်။ မန္တလေးမှ ကားဖြင့်သွားသော် (၂)နာရီကျော်ကြာသည်။ ကားလမ်းခရီးတွင် တောင်မျှားကိုကွေ့ပတ်၍ သွားရသောခရီးဖြစ်သည်။

ပြင်ဦးလွင်ရှခင်းသည် စိမ်းလန်းစိုသာယာသည်။ အမျိုးမျိုးသောပန်းတို့၏ ရောင်စုံအလှအပကို မြင်ရသည်။ စိုက်ခင်းများ၊ သစ်သီးဝလံများ ပေါများသည်။ ထင်းရှူး၊ ချယ်ရိ၊ အင်၊ ကညင်၊ ပိတောက်၊ သက်နံးပင်များ ပေါက်ရောက်သည်။ ပြင်ဦးလွင်မြို့သည် ဗြိတိသျှကိုလိုနီအစိုးရ၏ တောင်ပေါ်စခန်းမြို့ ဖြစ်ခဲ့သောကြောင့် ဗြိတိသျှယဉ်ကျေးမှု အငွေ့အသက်ပါသည်။ ဗြိတိသျှတို့၏ နွေဟောင်းဝိသုကာဒီဇိုင်းများ ရှိသောကြောင့် နိုင်ငံခြားသားများ လွန်စွာစိတ်ဝင်စားသည်။ ပြင်ဦးလွင်မြို့သည် ရုက္ခဗေဒဥယျာဉ်၏အလှအပကြောင့် ပိုမို ထင်ရှားသည်။



Pyin Oo Lwin

The city nestles on Shan plateau about 3000 feet above sea level, 42 miles to the east of Mandalay. As a result, it enjoys a cool and pleasant weather all the year round. It was formally called Maymyo (the town of May) after Col May of the No 5 Bengal Infantry Regiment which was stationed there in 1886, a year after the annexation of the whole of Myanmar by the British. You can get to Pyin Oo Lwin by car or by train, just two-hour drive from Mandalay.

Pyin Oo Lwin is famous for its fine climate and the scenery around it. There are waterfalls and caves in its vicinity. Having been first developed by the British, it bears the appearance and atmosphere of a British town. Ancient architectural designs of British are Pyin Oo Lwin's chief tourist attraction sites.

ရတနာဂူနတ်ပွဲ

ရတနာဂူနတ်ပွဲကို တောင်ပြုန်းနတ်ပွဲတော်ရက်အပြီး ဝါခေါင်လပြည့်ကျော်(၈)ရက်မှ(၁၄)ရက်အထိ မန္တလေးတိုင်း အမရပူရမြို့အနီးတွင် ကျင်းပသည်။ တောင်ပြုန်းနတ်ပွဲတွင် နတ် ပေါင်းစုံတို့ စုပေါင်းရောက်ရှိကြပြီး နတ်ညီလာခံကျင်းပလေ့ရှိသည်ဟု နတ်ယုံကြည်သူတို့က ယူဆကြသည်။ ပုပ္ပါးမယ်တော်ကြီး (မယ်ဝက္ကာ) သည်လည်း နှစ်စဉ်နှစ်တိုင်း သားတော်နှစ်ပါး၏ နတ်ပွဲသို့လာရောက် ခြီးမြှင့်ရာမှ တောင်ပြုန်းပွဲအပြီး ပုပ္ပါးသို့ အပြန်ခရီးတွင် အမရပူရမြို့ အနီးရတနာဂူဘုရားတွင် စခန်းထောက်အဖြစ် ကွန်းထောက် ရပ်နားခြင်းကြောင့် နတ်ပွဲကျင်းပရခြင်းဖြစ်သည်။

ရတနာဂူနတ်ပွဲမှာ မူလက ဘုရားပွဲဖြစ်သည်။ သက္ကရာဇ် (၇၃၅)ခုနှစ်တွင် အင်းဝဘုရင်မင်းကြီးစွာစော်ကဲက တည်ထားခဲ့ပြီး အမရပူရမြို့နယ် ငယ်တိုးကျေးရွာအုပ်စု၊ ရွှေလွန်းကျေးရွာ၌ တည်ရှိ သော ထိုဘုရားကို နှစ်စဉ်ဝါခေါင်လပြည့်ကျော်(၈)ရက်မှ (၁၄)ရက် အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။ ဘကြီးတော် (အေဒီ-၁၈၁၉-၁၈၃၇)လက်ထက် ၁၈၂၁-ခုနှစ်တွင် နန်းမတော်မိဖုရားနှင့် စလင်းမြို့စားတို့က ပြည်သူအားလုံးစိတ်ဖော်ရွှင်မှုရစေရန် ရည်သန်ဦးတည်၍ နတ်ပွဲအဖြစ် ဖန်တီးပေးခဲ့ရာမှစကာ ယနေ့အချိန်အထိ ဘုရားပွဲအဖြစ် လူသိနည်းပြီး "ရတနာဂူ" နတ်ပွဲအဖြစ် ပိုမိုထင်ရှားလူသိများလာခြင်းဖြစ်သည်။

Ratanagu Pagoda and Nats Festival

Nat worshippers in Myanmar believe that all earthly (not celestial) Nats hold a conference every year about the last week of August at a venue called Taungbyone, north of Mandalay. The Mother- Nat of Mount Popa, Mei Wunna, attended the meeting regularly because a special nat festival is held there in honour of her two famous sons. On her return from Taungbyone, it is said, she used to make a pilgrimage to this Ratanagu pagoda. Thus, the Nat worshippers take the opportunity to hold the second great Nat festival at Ratanagu.


Originally, Ratanagu has a pious pagoda festival of its own. The shrine was built by King Swa Sawke of Ava(Innwa)dynasty in 735 ME. However, during the reign of King Bagyidaw (1819-1837)of Konbaung dynasty, his queen and her brother (Salin prince) added Nat Pwes to make the pagoda festival more popular. Thus, among common people of today, Ratanagu is known only as a nat-worshipping occasion. The festival is held yearly about the first week of September at the pagoda site in Shwelun village of Nge-doe village tract, Amarapura township

စန္ဒာမုနိဘုရား



Sanda Muni Pagoda

ကုသိုလ်တော်ဘုရား



Kuthodaw Pagoda

ရွှေကြက်ယက်ဘုရား



Shwekyetyet Pagoda

ဗုဒ္ဓစွယ်တော်မြတ်စေတီ(မန္တလေး)




Buddha's Tooth Relic Pagoda (Mandalay)

ဗားကရာကျောင်း




Bargaya Monastery


ရွှေအင်ပင်ကျောင်း(မန္တလေး)



Shweinpin Monastery (Mandalay)

စန္ဒာမုနိဘုရားရှိ ဓမ္မစေတီကျောက်စာများ





Dhamma Zedi stone inscriptions at Sanda Muni Pagoda (Mandalay)

မြနန်းစံကျော်ရွှေနန်းတော်



Mya Nan San Kyaw Golden Palace

ရွှေကျောင်းတော်ကြီး



Shwe Kyaung Taw Gyi (Golden Monastery)

ရွှေနန်းတော်ကျောင်း



Shwe Nandaw Kyaung (Golden Palace Monastery)

မန္တလေးနန်းမြင့်



Mandalay Palace Watch Tower

ဓာတ်တော်ချိုင့် ရေတံခွန်



Dattawchaint Waterfalls

ရှေးခေတ်သူရဲကောင်းများ ကျောက်တိုင်ရုပ်ထု



Memorial Statue of Ancient Heroes

ရန်ကင်းတောင်အလှ



Beauty of Yankin Hill

ရောဝတီမြစ်ရှုခင်း



Scenic view of Ayeyawady River

ပွဲကောက်ရေတံခွန် (ပြင်ဦးလွင်မြို့)



Pwaykauk Waterfalls (Pyin Oo Lwin)

မိုးကုတ်မြို့, ရှုခင်း



Scene of Mogoke

ပုဂံရေးဟောင်းမြို့တော်

Ancient Bagan City



ပုဂံရှေးဟောင်းမြို့တော်

မြန်မာ့သမိုင်းတွင် ပုဂံခေတ်သည် လျှမ်းလျှမ်းတောက် ထင်ပေါ်ကျော်ကြားခဲ့သည်။ ရွှေရောင်လွှမ်းသော ခေတ်တစ်ခေတ်ဖြစ်ခဲ့ပါသည်။ ပုဂံမြို့ သမိုင်းအရ သရေခေတ္တရာ (ယခုပြည်မြို့) ပျက်သုဉ်းပြီးနောက် သမုတိရာဇဝင်းသည် ယုန်လွတ်ကျွန်းဟု အမည်ရသော ဧရာဝတီမြစ်ကမ်းဘေးတစ်နေရာ (ယခု မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ ညောင်ဦးမြို့နယ်အတွင်း တစ်နေရာ)တွင် ခရစ်သက္ကရာဇ် ၁၀၇ ခုနှစ်တွင် နွားပေါင်း ၁၉ ရွာကို စုစည်း၍ ပုဂံမြို့ကို တည်ထောင်ခဲ့သည်ဟု သိရသည်။ ပုဂံမြို့နေရာအား လေးကြိမ်အထိ ပြောင်းရွှေ့တည်ထောင်ခဲ့ရာ ယခုလက်ရှိတည်ရှိနေသည့် ပုဂံမြို့ဟောင်းနေရာမှာ စတုတ္ထမြောက်ပုဂံမြို့ဖြစ်ပြီး ၎င်းမြို့အား ပုဂံမင်းဆက် ၃၄ ဆက်မြောက် ပျဉ်ပြားမင်းက ခရစ်သက္ကရာဇ် ၈၄၉ ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။ ပုဂံနေပြည်တော်တွင် မင်းပေါင်း ၅၅ ဆက်အုပ်စိုးခဲ့ရာ မင်း ၄၂ ဆက်မြောက် ခရစ်သက္ကရာဇ် ၁၀၄၄ ခုနှစ်မှ ၁၀၇၇ ခုနှစ်အထိ နန်းတက်အုပ်စိုးခဲ့သော အနော်ရထာမင်းလက်ထက်တွင် ပထမမြန်မာနိုင်ငံတော်ကို တိုင်းရင်းသားလူမျိုးပေါင်းစုံ ချစ်ကြည်ရင်းနှီးမှုရရှိအောင် စည်းရုံးတည်ထောင်ခဲ့ရာတွင် ယခုလက်ရှိ ရှိနေသော မြန်မာနိုင်ငံမြေပုံဧရိယာအပြင် တရုတ်ပြည်ယူနန်ဒေသ၊ ယိုးဒယား(ထိုင်း)ပြည်၊ ဇင်းမယ်ဒေသ၊ ကမ္ဘောဒီးယားအထိ သြဇာအာဏာစက်ပျံ့နှံ့ခဲ့ပြီး သီဟိုဠ်၊ အိန္ဒိယစသည့် နိုင်ငံများ၏ လေးစားချစ်ကြည်မှုခံခဲ့ရကြောင်း သိရပါသည်။ အနော်ရထာမင်းကြီးသည် မြန်မာနိုင်ငံတစ်ဝှမ်းလုံးအား ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့သည့်အပြင် ဆည်မြောင်းကန်ချောင်းများစွာကိုလည်း တည်ထောင်နိုင်ခဲ့ပါသည်။ ပုဂံခေတ်တွင် အနော်ရထာမင်းကြီး၏ သားတော်ကျန်စစ်မင်းကြီးနှင့် ကျန်စစ်မင်း၏ မြေးတော်အလောင်းစည်သူမင်းကြီးတို့သည်လည်း ပုဂံခေတ်တွင် ထင်ရှားခဲ့သည့်ပုဂ္ဂိုလ်များဖြစ်ကြပါသည်။ ပုဂံမင်းအဆက်ဆက်တို့မှ စေတီပုထိုးပေါင်းများစွာကို တည်ထားခဲ့ရာတွင် စုစုပေါင်း အရေအတွက်မှာ "လည်းဝင်ရိုးသံတည်ည ပုဂံဘုရားပေါင်း"ဟု အဆိုရှိခဲ့ရာ စေတီပုထိုးပေါင်း ၄၄၄၆ ဆူ ရှိခဲ့ကြောင်းသိရှိခဲ့ပါသည်။

ခေတ်ကာလကြာမြင့်ပြီ ဖြစ်သဖြင့် ရာသီဥတုဒဏ်၊ မြေငလျင်ဒဏ်ကြောင့် ပျက်စီးမှုများရှိသော်လည်း ၁၉၈၈ ခုနှစ်မှစ၍ ၂၀၀၀ပြည့်နှစ်အတွင်း မင်းနှင့်ပြည်သူတို့ ကြည်ဖြူစွာပူးပေါင်း၍ ပုဂံဒေသရှိစေတီပုထိုးပေါင်းများစွာကို ပြုပြင်ခဲ့ရာ စေတီပေါင်း (၁၁၀၀)ဆူ ပြုပြင်ခဲ့ပြီး ဖြစ်ပါသည်။ ရှေးခေတ်ပုဂံသည် ရွှေရောင်လွှမ်းသော စေတီပုထိုးအများအပြားကြောင့် ဧရာဝတီမြစ်အတွင်းမှ သွားလာကြသည့် နိုင်ငံခြားသား ကုန်သည်ခရီးသွားများက ရွှေနိုင်ငံဟုအမည်တွင် တမ်းတကြသကဲ့သို့ ယခုမျက်မှောက်ခေတ် ပုဂံဒေသသည်လည်း မြန်မာ့ရိုးရာယဉ်ကျေးမှုစေတီပုထိုးများ ပြည့်လျှံဝန်းနေသည့်အပြင် ပုဂံမြေရှိ မြန်မာနိုင်ငံသားတို့၏ နှုးညံ့သိမ်မွေ့သော နှလုံးသားဖြင့် နွေးထွေးပျူငှာစွာ ကြိုဆိုယုယမှုများကြောင့် ကမ္ဘာလှည့်ခရီးသွားတို့သည် ပုဂံမြေကို တစ်ခေါက်ရောက်ရုံမျှဖြင့် လွမ်းတသသဖြစ်နေကြရမည်ဖြစ်ပါသည်။



Ancient Bagan City

Bagan period is famous in the history of Myanmar. It was a golden age. According to the history of Bagan, it is known that after the fall of Srikhissara (now Pyay), King Thamutiriz merged the 19 villages at a place called Yonhlut Kyun on the bank of Ayeyawady River (a certain place in the present-day Nyaung U Township, Myingyan District, Mandalay Division) and founded Bagan in AD 107. As Bagan was relocated for four times, it is believed that the present-day Bagan is situated in the area of the fourth Bagan city. The fourth Bagan was founded by King Pyinbya, the 34th monarch of the Bagan dynasty in AD 849. Of the 55 Kings who ruled Bagan, King Anawrahta, the 42nd monarch of the dynasty, is the most powerful emperor. King Anawrahta governed Bagan from AD 1044 to AD 1077. The King built the First Myanmar Empire through the amity and unity of the various ethnic people of Myanmar. The domain of the Empire included some parts of Yunnan Province in China, Chiangmai region in Thailand and Cambodia in addition to the present day area of Myanmar. The empire also won the love and respect of countries such as Sri Lanka and India. King Anawrahta had endeavoured for promotion and propagation of Theravada Buddhism in the entire Myanmar and built many dams, reservoirs and canals. Other famous kings of the Bagan dynasty are King Kyansit, the son of King Anawrahta, and King Alaungsithu, the grandson of King Kyansit As the successive kings of the dynasty had built pagodas, it is known that there are about 4,446 pagodas in Bagan

Due to time, weather and earthquake, signs of decay were showing at some of the ancient religious edifices But the government and the people in togetherness were able to renovate 1,100 ancient pagodas during the period from 1988 to 2000. Because of its gold gilded pagodas and stupas, the foreign traders travelling along Ayeyawady River during the ancient times called Bagan "The Golden City". Because of a large number of pagodas and other religious edifices and the warm welcome extended to them by the warm-hearted local Myanmar people, it will be a memorable visit for any tourist who has visited Bagan.

အာနန္ဒာဂူအတွင်းမှ ဗုဒ္ဓရုပ်ပွားတော်များ

ပုဂံမြို့အရှေ့ဘက် သရပါတံခါးအနီးတွင် တည်ရှိသည်။ သက္ကရာဇ်-၄၅၂ ခုနှစ်တွင် ကျန်စစ်သားမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် အာနန္ဒာဂူဘုရားထဲတွင် တည်ရှိပါသည်။ ဂူဘုရားအတွင်း၌ မတ်ရပ်ကိုယ်ပွားတော် လေးဆူကို အလယ်ဗဟိုပြု၍ အရပ်လေးမျက်နှာသို့ မျက်နှာမူလျက် တည်ထားပါသည်။ ဆင်းတုတော်များသည် ဉာဏ်တော်(၃၀)ပေရှိ သစ်သားဆင်းတုတော်များဖြစ်ပြီး အမြင့်(၈)ပေခန့်ရှိ ပလ္လင်ထက်၌ တည်ရှိပါသည်။ မူလဆင်းတုတော် ပုံစံများမှာ အိန္ဒိယနိုင်ငံ၌ ထွန်းကားခဲ့သော ဂုပ္တတ္တားခေတ်လက်ရာဟန်များ ဖြစ်ပါသည်။ မတ်ရပ်ရုပ်ပွားတော်များသည် ပုဂံခေတ်လက်ရာများ ဖြစ်ပြီး၊ မြောက်ဘက်၌ ကကုသန်ဘုရား၊ အရှေ့ဘက်၌ ကောဏဂုံဘုရား၊ တောင်ဘက်၌ ကဿပဘုရား၊ အနောက်ဘက်၌ ဂေါတမဘုရားတို့ဖြစ်ကြပါသည်။



Buddha Images inside Ananda Temple

It is situated on the east of Bagan near Tharapa Gate. There are four standing-posture of Buddha Images inside Ananda Temple built by King Kyansit in 452 ME. Inside the cave are the four Buddha Images standing back to back at the centre facing four directions. These wood carving Buddha Images are 30 feet tall on the 8 feet high Thrones. The Images are art works of Bagan period The Statue in the north is Kakuthan, in the east is Kawnagon, in the south is Kassapa and in the west is Gautama.



Thatbyinnyu Pagoda

Thatbyinnyu Pagoda is one of the most prominent among massive imposing edifices of Bagan. In AD-1144, it was built by King Alaungsithu, in an architectural design styled after Popbhayon Monastery. It stands 201 feet tall. Its height earned it the title of Bagan tower. Its height gives a vantage point for enjoying the famous scene of Bagan.

သဗ္ဗညုဘုရား

သဗ္ဗညုစေတီတော်ကြီးသည် ပုဂံခေတ်ကောင်းမှုတော်စေတီများအနက် ထင်ရှားကျော်ကြားသောဘုရားတစ်ဆူဖြစ်သည်။ ခရစ် ၁၁၄၄-ခုနှစ်တွင် အလောင်းစည်သူမင်းကြီးက ပုပ္ပါရုံကျောင်းတော်ကြီးကို အတုယူကာတည်ထား ကိုးကွယ်ခဲ့သော လိုဏ်ဂူတော်ကြီးဖြစ်ပါသည်။ ဉာဏ်တော်မှာ ဖိနပ်တော်မှ ၎က်မြတ်နားအထိ (၂၀၁)ပေရှိသည်။ အခြားစေတီပုထိုးများအား လွှမ်းမိုးနေသကဲ့သို့ရှိပြီး၊ ပုဂံမှော်စင်ဟုပင် ခေါ်ဆိုနိုင်ပါသည်။ စေတီကြီး၏ အရှေ့တောင်ဘက်တွင် တုရင်းတောင်၊ အရှေ့နှင့် အရှေ့မြောက်ဘက်တွင် ညောင်ဦးဝန်းကျင်နှင့် လွှမ်းခြုံစေတော်၊ မြောက်ဘက်တွင် ဧရာဝတီမြစ်၊ အနောက်ဘက်တွင် မီးမလောင်ကျောင်း။ ဧရာဝတီမြစ်နှင့် တန့်ကြည့်တောင်တို့အား ရှုခင်းကောင်းစွာ မြင်တွေ့နိုင်ပါသည်။

ဓမ္မရံကြီးဘုရား

ဤလို့ကော်ဂူတော်ကြီးသည် ပုဂံတစ်ဝိုက်တွင် ထုထည်အကြီးမားဆုံး ဘုရားကြီး တစ်ဆူဖြစ်ပြီး၊ (၁၂)ရာစုအလယ်ခန့်တွင် နရသူ(ခေါ်) ကုလားကျမင်း တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။ ဗိသုကာအနေဖြင့် မွန်မြန်မာယဉ်ကျေးမှုကို ပေါင်းစပ်တည်ဆောက် ထားခြင်းဖြစ်သည်။ ဓမ္မရံကြီးဟူ၍ ခေါ်ဝေါ်ရခြင်းမှာ ဤဘုရားကြီး၏ အနောက်ဘက်အနီးတွင် ပုဂံခေတ်အချိန်အခါက သီတင်းသီလ နှံ့ပြည့်စုံသော "ဓမ္မရံသီ" အရှင်သူမြတ် သီတင်းသုံးခဲ့သည်ကို အစွဲပြု၍ ခေါ်ဝေါ်ခဲ့ကြဟန်တူသည်။ အနောက်ဘက် ဂန္ဓကုဋီတိုက်တွင် ကျောက်စာနှစ်ချပ်ရှိပြီး "ဓမ္မရံသခင်"ဟူသော အသုံးအနှုန်းကို တွေ့ရသည်။ အခြားယူဆချက်တစ်ရပ်မှာ ဤဂူဘုရားကြီး၏ မူလဘွဲ့တော် "တရားအလင်းရောင်"ဟု အဓိပ္ပါယ်ရသော "ဓမ္မရံသီ"ဖြစ်၍ နောက်ပိုင်းကာလများတွင် "ဓမ္မရံကြီး"ဟု ခေါ်တွင်ကြခြင်းဖြစ်သည်။ ပေါင်းကူးများနှင့် အခြားအခြေခံ ဗိသုကာလက်ရာများမှာ ယခုထက်တိုင် ခိုင်ခံ့ကောင်းမွန်ပြီး၊ လက်ရာပြောင်မြောက်လျက်ရှိပါသည်။




Dhammayangyi Pagoda

It is one of the most massive edifices around Bagan. It was built by Narathu(a) King Kalakya in the mid-12th Century. Its architectural design was combination of Mon-Myanmar culture.

ဗူးဘုရား

ပုဂံမြို့, ကန်တော့ပလ္လင်မြောက်ဘက်၊ ဧရာဝတီမြစ်ကမ်း နပူးတွင် တည်ရှိသည်။ ၃-ရာစုခန့်၌ ပုဂံပြည့်ရှင် ပျူစောထီး မင်းတရားလက်ထက်တွင် ဗူးနွယ်ပင်ကြီးများ မင်းမူနေသည်ကို နှိမ်နင်းအောင်နိုင်သည့် အထိမ်းအမှတ် အဖြစ် တည်ထားခဲ့သည်ဟု ယုံကြည်ကြသည်။ "ပုဂံအစ ဗူးဘုရားက"ဟု ဆိုရိုးစကားလည်း ရှိပါသည်။



Buphaya (Gourd Pagoda)

It is on a promontory on the bank of the River Ayeyawady at Bagan It was built by King Pyusawhti of Bagan in memory of quelling the giant gourd climbers. Buphaya, meaning Gourd pagoda was named after the place he got rid of the giant climbers



အလိုတော်ပြည့်ဘုရား

ပုဂံအလိုတော်ပြည့်ဘုရားသည် လိုဏ်ခံစေတီတစ်ဆူဖြစ်၍ လိုဏ်ဂူပုံစံမှာ အမိုးစောင်းပြဿာဒ်ပုံဖြစ်သည်။ လိုဏ်ဂူအတွင်း နံရံများတွင် ဆေးရေးပန်းချီများ၊ မင်စာများ၊ မွန်စာဖြင့် ရေးထိုးထားသော မြတ်စွာဘုရား ဟောကြားသည့် သုတ္တန်များကို တွေ့ရသည်။ ဂူဘုရား၏ ဗိသုကာလက်ရာများအရလည်းကောင်း၊ နံရံဆေးရေးပန်းချီနှင့် မွန်ဘာသာသုတ္တန်များအရလည်းကောင်း၊ ကျန်စစ်သားမင်းလက်ထက်တွင် တည်ခဲ့သည်ဟု ယူဆရပါသည်။



Alodawpyi Phaya
(Wish - fulfilling Pagoda)

A cave pagoda designed in inclined tier. Its interior was decorated with wall paintings and there were inscriptions in Hmin (Ink) and Mon alphabets describing Suttan- the Sermon of Lord Buddha.



Kantawpalin Pagoda

It is in the southwest of Bagan. Legend had it that King Narapatisithu committed verbal sin against his ancestors so he paid obeisance to them at that place and had the Kantawpalin Zedidaw built there in the year 1174-1211. It towers to a height of 180 feet.


ကန်တော်ပလ္လင်

ပုဂံမြို့အနောက်တောင်ဘက်တွင် ရှိသည်။ ဘဆိုပါ လိုက်ဂုတော်ကြီးကို ခရစ်သက္ကရာဇ် ၁၁၇၄-၁၂၁၁ တွင် နရပတိစည်သူမင်းကြီးက ဘေးလောင်းတော်၊ ဘိုးလောင်းတော်များအား စိတ်မြင့် ပြစ်မှားမိသည်များကို နောင်တရ၍ ယင်းတို့၏ရုပ်တုများကို ထုလုပ်ကာ ရှိခိုးပူဇော်ခဲ့သည့် အထိမ်းအမှတ်အဖြစ် တည်ဆောက်ခဲ့သည်ဟု ယုံကြည်ကြသည်။ ဉာဏ်တော်အမြင့်မှာ ပိန်ပ်တော်မှဂုဏ်မြတ်နားတော် အထိ ပေ(၁၈၀)ခန့်ရှိသည်။

ပဲခူးတိုင်း

Bago Division

ပဲခူးတိုင်း



ပဲခူးတိုင်း

နယ်နိမိတ်

၁။ ပဲခူးတိုင်းသည် အလယ်ပိုင်းချိုင့်ဝှမ်းဒေသကြီး၏ တောင်ပိုင်းတွင် တည်ရှိသည်။ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၀ မိနစ်နှင့် ၁၉ ဒီဂရီ ၃၀ မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၅မိနစ်နှင့် ၉၇ ဒီဂရီ ၁၅ မိနစ်အတွင်းတွင် တည်ရှိသည်။ မြောက်ဘက်တွင် မကွေးတိုင်းနှင့် မန္တလေးတိုင်း အရှေ့ဘက်တွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မုတ္တမပင်လယ်ကွေ့၊ တောင်ဘက်တွင် ရန်ကုန်တိုင်း၊ အနောက်ဘက်တွင် ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့နှင့် ထိစပ်တည်ရှိသည်။ ဧရိယာစတုရန်းမိုင်ပေါင်း (၁၅၂၁၄. ၁၂၉)ကျယ်ဝန်းသည်။

မြေမျက်နှာသွင်ပြင်

၂။ တိုင်း၏အလယ်ပိုင်းရှိ ပဲခူးရိုးမနှင့် အရှေ့ဘက်စွန်း၊ အနောက်ဘက်စွန်းဒေသတို့မှအပ ကျန်ဒေသများသည် မြေနိမ့်လွင်ပြင်များ ဖြစ်သည်။ အရှေ့ဘက်တွင် အရှေ့ဘက်ကုန်းမြင့်ဒေသကြီး၏ အစွန်းပိုင်းဖြစ်သော တောင်စွယ်တောင်တန်းများသည် ပေ(၁၅၀၀)ကျော်မြင့်ပြီး၊ အချို့နေရာတွင် ပေ(၃၀၀၀)ကျော်ထိ မြင့်သည်။ ပန်းတောင်းမြို့နယ်၏ အနောက်ဘက်နယ်နိမိတ်သည် ရခိုင်ရိုးမ၏ ရေဝေတောင်ကြောဖြစ်သည်။ ၎င်းတောင်ကြောရှိ အချို့တောင်ထွတ်များသည် အမြင့်ပေ(၄၀၀၀)နီးပါးထိမြင့်သည်။ အလယ်ပိုင်းရှိ ပဲခူးရိုးမသည် ယေဘုယျအမြင့်ပေ(၂၀၀၀)အောက်ရှိသော တောင်တန်းနိမ့် တစ်ခုသာဖြစ်ပြီး ဧရာဝတီမြစ်နှင့် စစ်တောင်းမြစ်အကြားတွင် မြောက်မှတောင်သို့ သွယ်တန်းလျက်ရှိသည်။ ပဲခူးရိုးမသည် တောင်ဘက်သို့ တဖြည်းဖြည်းနိမ့်ဆင်းသွားပြီး၊ ရန်ကုန်တိုင်းအတွင်းသို့ ဂဝံကမ်းရိုးတန်းအဖြစ် ဆက်လက်သွယ်တန်းသွားသည်။ ပဲခူးတိုင်းအတွင်းရှိ မြစ်များမှာ ဧရာဝတီ၊ စစ်တောင်း၊ ပဲခူးမြစ်နှင့် မြစ်မခမြစ်တို့ ဖြစ်ကြသည်။

ရာသီဥတု

၃။ ပဲခူးတိုင်းသည် အပူပိုင်းတွင် ကျရောက်သောဒေသဖြစ်သည်။ မိုးရေချိန်သည် တောင်မှမြောက်သို့ နည်းသွားရာ တောင်ပိုင်းတွင် မုတ်သုံရာသီဥတုမျိုးရရှိပြီး၊ မြောက်ပိုင်းတွင် အပူပိုင်းဆားဗားနား ရာသီဥတုမျိုး ရရှိသည်။ ပင်လယ်နှင့်နီးသော တောင်ပိုင်းတွင် အအေးဆုံးလနှင့် အပူဆုံးလအပူချိန် ကွာခြားချက်နည်းပြီး၊ မြောက်ပိုင်းတွင် ပိုများသည်။ အပူဆုံးလဖြစ်သော ဧပြီလ၏ ပျမ်းမျှအပူချိန်သည် ပဲခူးမြို့၌ ၈၂ ဒီဂရီဖာရင်ဟိုက်၊ တောင်ငူမြို့၌ ၈၈ ဒီဂရီဖာရင်ဟိုက်၊ ပြည်မြို့၌ ၉၀ ဒီဂရီဖာရင်ဟိုက် အသီးသီးရှိကြသည်။ အအေးဆုံးလဖြစ်သော ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်မှာ ပဲခူးမြို့၌ ၇၅ ဒီဂရီ ဖာရင်ဟိုက်၊ တောင်ငူမြို့၌ ၇၂ ဒီဂရီဖာရင်ဟိုက်၊ ပြည်မြို့၌ ၇၅ဒီဂရီဖာရင်ဟိုက် အသီးသီးရှိသည်။ အပူဆုံးလများဖြစ်သော ဧပြီလနှင့် မေလများ၌ ပြည်မြို့တွင် နေ့ခင်းအပူချိန်သည် ၁၀၀ဒီဂရီဖာရင်ဟိုက်မှ ၁၁၀ဒီဂရီဖာရင်ဟိုက်အထိရှိပြီး၊ ပဲခူးမြို့၌ ၁၀၀ ဒီဂရီဖာရင်ဟိုက်မှ ၁၀၃ ဒီဂရီဖာရင်ဟိုက်အထိ အမြင့်ဆုံး တက်တတ်သည်။ မေလလယ်မှ အောက်တိုဘာလကုန်ထိ မိုးဥတု ဖြစ်သည်။ နှစ်စဉ်ပျမ်းမျှမိုးရေချိန်မှာ ပဲခူးမြို့၌ ၁၃၀လက်မရှိသော်လည်း၊ မြောက်ပိုင်းကျသော တောင်ငူမြို့၌ ၈၃ လက်မ၊ ပြည်မြို့၌ ၄၇လက်မသာ ရှိသည်။

လူမျိုး၊ ဘာသာစကား

၄။ ပဲခူးတိုင်းတွင် ဗမာလူမျိုးအများဆုံး နေထိုင်ကြပြီး၊ ဘခြားဘနည်းငယ်စီနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများမှာ ကရင်၊ မွန်၊ ရှမ်းနှင့် ပအိုဝ်တို့ဖြစ်သည်။ မြန်မာစကားကို အများဆုံးသုံးနှုန်းကြပြီး၊ တိုင်းရင်းသားအလိုက် ိုးရာစကားများသုံးနှုန်းပြောဆိုကြသည်။

ဘာသာရေးကိုးကွယ်ယုံကြည်မှု

၅။ ဗမာလူမျိုး အများဆုံးနေထိုင်ကြသဖြင့် ဗုဒ္ဓဘာသာကိုးကွယ်ကြသူ အများဆုံးဖြစ်ပြီး၊ အခြားဘာသာကိုးကွယ်မှု အနည်းငယ်သာရှိကြသည်။

လူဦးရေ

၆။ ပဲခူးတိုင်းတွင် လူဦးရေ(၄၈၄၈၀၀၀) ဦးရှိသည်။

ပဲခူးမြို့

သမိုင်းနောက်ခံ

၁။ ပဲခူးမြို့သည် မြန်မာနိုင်ငံ၏မြို့တော် ရန်ကုန်မြို့မှ (၈၀)ကီလိုမီတာသာကွာဝေးသည်။ ဤဒေသတွင် မွန်တို့က ရှေးဦးစွာ အခြေစိုက်နေထိုင်ခဲ့ကြသည်။ အေဒီ (၈၂၅)ခန့်တွင် သထုံမြို့မှ သမလန္ဒင့် ဝိမလညီနောင်နှစ်ပါးသည် ပထမဦးဆုံးတည်ခဲ့သည်။ အေဒီ ၁၃ ရာစုတွင် ပဲခူးသည် မွန်နိုင်ငံတော်၏ အချုပ်အခြာမြို့တော်ဖြစ်၍ ဟံသာဝတီမြို့အဖြစ်ထင်ပေါ်ကျော်ကြားခဲ့သည်။ ယနေ့ခေတ်တွင် ပဲခူးမြို့သည် ပဲခူးတိုင်း၏မြို့တော်ဖြစ်သည်။

စီးပွားရေးနှင့် စက်မှုလုပ်ငန်း

၂။ ပဲခူးသည် ဆေးလိပ်လုပ်ငန်းဖြင့်ကျော်ကြားသည်။ ဆေးလိပ်တံဆိပ်အမျိုးမျိုးကို ပဲခူးတွင်တွေ့ရသည်။ အခြားထုတ်ကုန်များမှာ ဆန်၊ ငါးခြောက်နှင့် လက်မှုပစ္စည်းအမျိုးမျိုးတို့ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေး

၃။ ပဲခူးမြို့သို့ ကား (သို့မဟုတ်) မီးရထားဖြင့် ရန်ကုန်မှ သွားရောက်နိုင်ပါသည်။

လှည့်လည်ကြည့်ရှုစရာ

၄။ သွားရောက်ကြည့်ရှုသင့်သော ထင်ရှားသည့်ဘုရားများမှာ ရွှေမော်ဓောဘုရား၊ ရွှေသာလျောင်းဘုရားနှင့် မဟာစေတီတို့ဖြစ်သည်။ ဧပြီလတွင် ကျင်းပလေ့ရှိသော ရွှေမော်ဓောဘုရားပွဲတော်တွင် ပျော်ပွဲရွှင်ပွဲများ၊ ဘုရားဖူးသူများနှင့်စည်ကားသည်။ မြန်မာတို့၏ ရိုးရာလူမှုဘဝကို တွေ့မြင်လိုသောသူများအတွက် ပဲခူးမြို့သည် သွားရောက်လည်ပတ်သင့်သောနေရာဖြစ်သည်။

BAGO DIVISION

Boundary

Bago Division is situated on the south of central valley area, between North Latitude 16° 50' and 19 ° 30' and between East Longitude 94 ° 45' and 97 ° 15' . It borders on the north with Magwe Division and Mandalay Division, on the east with Kayin State, Mon State and Gulf of Martaban, on the south with Yangon Division and on the west with Ayeyarwady Division and Rakhine State. It has an area of 15214.129 square miles.

Physical feature

2. Except for Bago Yoma in the middle of the division and the westernmost part in farther east, all parts of Bago Division are lowlands and plains. On the east is the farthest part of Eastern plateau with ranges high over 1,500 feet and at some places they are high over 3,000 feet. Western border of Padaung Township is the Rakhine Yoma divide. Some peaks in this division are nearly 4,000 feet high. Bago Yoma in the middle has an average height of less than 2,000 feet which extend from north to south between Ayeyarwady and Sittaung rivers. Bago Yoma lowers down towards south gradually and it goes on into Yangon Division as laterite coast. Rivers inside Bago Division are Ayeyarwady, Sittaung, Bago and Myit Makha.

Climate

3. Bago Division falls in the hot zone and its rainfall decrease region-wise from South to North. Southern part has Monsoon while the North has savannah climate. In places close to sea the temperature difference between the coldest and the hottest months is lesser while on the north the difference is more. Average temperature of the hottest month, April, is 82°F in Bago, 88°F in Taungoo and 90°F in Pyay. In the coldest month of January average temperature is 75°F in Bago, 72°F in Taungoo and 75°F in Pyay. In the hottest months April and May, maximum temperature can be 100°F and 110°F in Pyay and in Bago mercury can rise to 100°F or 103°F. From mid- May to the end of October is the Rainy season. Average annual rainfall in Bago is about 130 inches and northern parts of Taungoo has 83 inches while Pyay has 47 inches only

Race and Language

4. Bamar are the majority who live in Bago Division and the rest includes other races such as Kayin, Mon, Shan and Pao. Myanmar language has been used commonly and other dialects are also used by these natives.

Religion

5. As Bamar are the majority, most of the residents are Buddhists and some of them have their own faiths

Population

6. Bago division has a population of 4,848,000.

BAGO

Background History

1. Bago is situated 80 kilometres from the capital, Yangon. Mons have been the first people who settled in this region. At about 825 A.D., Thamala and Wimala, the two prince brothers from Thaton came and set up Bago city. In 13th century A.D. Bago became the capital of Mon State and well-known as Hanthawady. Today Bago has become the capital of Bago Division.

Economy and Industry


2. Bago has been popular for its cheroot industry. Different brands of cheroot are produced in Bago and other products include rice, dried fishes and handicrafts.

Transport

3. To Bago one can go by car or train from Yangon. It will take about two hours.

Sightseeing

4. The pagodas one should visit are Shwe Mawdaw Pagoda, Shwe Thar Lyaung and Mahazedi. Shwe Mawdaw Pagoda Festival, usually held in April, is full of entertainments and shows and a huge throng of pilgrims flock into it. Those who want to observe Myanmar lifestyles and traditions should visit Bago City.



ရွှေသာလျောင်းရပ်ပွားတော်မြတ်ကြီး

ပဲခူးမြို့တွင် ရှိပါသည်။ ဟံသာဝတီ၏ (၁၃)ဆက်မြောက်ဖြစ်သော မိဂါဒီပွမင်းလက်ထက်တွင် မင်း၏ချွေးမတော် မွန်အမျိုးသမီး (ဒလထော်)မှ မြတ်စွာဘုရား၏ တရားတော်များကို အကိုးအကားနှင့် ဟောကြားပဲ့ပြင် လျှောက်တင်တော်မူသဖြင့် မင်းနှင့်မြည်သူတို့ ဗုဒ္ဓမြတ်ဘုရား၌ တည်ကြလျက် သက္ကရာဇ်-၃၅၆ ခုနှစ်၌ နေပြည်တော်၏ အနောက်စူးစူးအရပ် မွန်အခေါ် (ဒေကလွန်)ဟူသော နံ့သာပင်တို့ ပေါ်သည့် ကုန်းတော်ပေါ်တွင် ဥဒ္ဓိသစေတီဝင် သံတောင်(၁၂၀) ရှိတော်မူသော ရှင်ပင်သာလျောင်း(ခေါ်) ရွှေသာလျောင်းရပ်ပွားတော်မြတ်ကြီးအား တည်ထား ကိုးကွယ်ခဲ့ကြပါသည်။

ရှင်ပင်မြတ်ဘုရား၏ ဉာဏ်တော်မှာ အလျား(၁၈၀)ပေ၊ အမြင့် (၅၂½)ပေ၊ မျက်နှာတော် (၂၂½)ပေ၊ နားတော်(၁၅)ပေ၊ မျက်လုံးတော် (၃½)ပေ၊ မျက်ခုံးတော်(၇½)ပေ၊ မျက်ခမ်းတော်(၇½)ပေ၊ နှာခေါင်းတော် (၇½)ပေ၊ လည်တိုင်တော်(၇½)ပေ၊ ပခုံးတော်မှ ခါးတော်ထိ (၄၇½) ပေ၊ ခါးတော်မှဒူးတော်ထိ(၄၇½)ပေ၊ ဒူးတော်မှ ခြေဖဝါးတော်ထိ (၄၇½)ပေ၊ တံတောင်ဆစ်မှ လက်ဖျားထိ (၄၅)ပေ၊ လက်သန်းတော် (၁၀)ပေ၊ ခြေဖဝါးတော် (၂၅½)ပေ၊ ခြေမတော်(၆)ပေ၊ လက်ဖဝါးတော်(၂၂)ပေစသည်ဖြင့် ရှိပါသည်။

ပိဂါဒီပွမင်းမှစ၍ ရွှေမင်းကောင်းမင်းမြတ်တို့ စဉ်ဆက်မပြတ် ကုသိုလ်ပြုခဲ့ရာမှ သာသနာပြုမင်းများမရှိသည့် နှစ်ပေါင်းများစွာ ကာလ၌ ချုံနွယ်ပိတ်ဖုံး တောင်ကုန်းသဖွယ်ဖြစ်နေခဲ့ရာ ဗြိတိသျှအစိုးရလက်ထက် ၁၂၄၂-ခုနှစ်တွင် အောက်မြန်မာပြည် ရန်ကုန်-ပဲခူး မီးရထားလမ်း ဖောက်ရာ တိန္ဒိယတိုင်းရင်းသား ကန်ထရိုက်တစ်ဦးက တုတ်ဖုတ်ပေးသွင်းရန် မြေနေရာတူးယူရာမှ ပေါ်တော်မူခဲ့၍ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့က ရွှေမူမဟုတ် မွမ်းမံလျက် ကုသိုလ်ကောင်းမှု ဈေးဆက်ပြုခဲ့ကြလေသည်။

Shwethalyaung (Reclining) Buddha Image

The Image is located in Bago. It was during the reign of King Miga Dippa the 13th monarch of Hanthawady dynasty that the King and all his subjects became Buddhists after they were being taught the Buddha Dhamma by the King's daughter-in-law Dalla Htaw, a Mon native. The King and the people built the 180 feet long Shinpinthalyaung or Shwethalyaung Reclining Buddha Image at Daekalon west of Bago in 356 ME. Daekalon was a place covered with sandalwood forest.

The face of the Image measures 22.5 feet, the ear 15 feet, the eye 3.75 feet, the eyebrow 7.5 feet, the eyelid 7.5 feet, the nose 7.5 feet, the lip 7.5feet, the neck 7.5 feet, from the shoulder to the waist 47.5 feet, from the waist to the knee 47.5 feet, from the knee to the foot 47.5 feet. Its little finger is 10 feet long, its foot 25.5 feet long, its big toe six feet and its palm 22 feet long.

The ancient monarchs beginning from the King Miga Dippa had preserved the Image throughout the successive periods. But with the passage of time there was no one to protect the Image and it was covered with shrubs, vines and bushes. In 1242 ME when Myanmar was under British rule, an Indian contractor of Yangon-Bago Railway Construction Project accidentally found the Image while digging earth to make bricks. From that time till now the Buddhists have protected and preserved the Image.

Shwe Mawdaw Pagoda

This great pagoda stands as a landmark of Bago. The builders of this ancient pagoda in its initial stage were two Mon traders, Maha Thala and Sula Thala, who acquired two Hair Relics of Buddha while they were in India. The pagoda was then only 75 feet high. In ME (Myanmar Era) 187 and 202, Kings Thamala and Wimala renovated the shrine and raised it to a height of 88 feet. King Anurama in 344 ME and King Razadirit in 747 ME enshrined a Tooth Relic each and raised the pagoda to a height of 277 feet.

In 854 ME, King Banyayan hoisted a new *Htidaw*. Then King Bodaw of Konbaung in 1151 ME hoisted a new *Htidaw* and the pagoda reached to a height of 297 feet.

But in 1279 ME, there was a tremendous earthquake and the top of pagoda from the bell-part came down. All Myanmar people and the government had striven hard to renovate it and today the pagoda is 373 feet and 9 inches high with a new *Htidaw*.



ရွှေမော်ဓောစေတီ

ပဲခူးမြို့တွင် တည်ရှိပါသည်။ မြတ်စွာဘုရားသည် မဟာသာလနှင့် စူဠသာလကုန်သည် ညီနောင်အား "ဆံတော်နှစ်ဆူ" ပေးသနား တော်မူခဲ့ရာ ကုန်သည်ညီနောင်က ဉာဏ်တော်(၇၅)ပေရှိ ရွှေမော်ဓောစေတီကို တည်ထားကိုးကွယ်ခဲ့သည်။ မြန်မာသက္ကရာဇ် ၁၈၇ နှင့် ၂၀၂ ခုနှစ်တို့တွင် သမလမင်းက ဉာဏ်တော် (၈၁)ပေနှင့် ဝိမလမင်းက (၈၈)ပေအထိ တည်ထားပူဇော်ခဲ့ကြသည်။ သက္ကရာဇ်-၃၄၄ တွင် အနုရာမမင်းက ဝုဒ္ဓ၏သွားတော်မြတ် တစ်ဆူကို ဌာပနာခဲ့သည်။ သက္ကရာဇ်-၇၄၇တွင် ရာဇာဓိရာဇ်မင်းက သွားတော်မြတ်တစ်ဆူကိုဌာပနာ၍ ဉာဏ်တော်ကို (၂၇၇)ပေထိ တည်ထားခဲ့သည်။ သက္ကရာဇ်-၈၅၄တွင် ဗညားရံက ထီးတော်အသစ်ပူဇော်ခဲ့သည်။ ဘိုးတော်ဘုရားက စေတီတော်ကို (၂၉၇)ပေအထိ တိုးမြှင့်တည်ဆောက်ခဲ့ပြီး၊ ၁၁၅၁ ခုနှစ်တွင် ထီးတော်တင်ခဲ့သည်။ သက္ကရာဇ်-၁၂၇၉ တွင် လျှင်ဇင်းကြောင့် ပျက်စီးခဲ့ရသော ထီးတော်ကို အသစ်တင်လှူ၍ စေတီတော်အားဉာဏ်တော် (၃၇၃)ပေနှင့် (၉)လက္ခသို့ အသစ်ပြန်လည် ထည်ဆောက်ခဲ့ပါသည်။

ကျိုက်ပုန်ဘုရားကြီး

ပဲခူးမြို့၏ အနောက်တောင်ဘက် (၂)မိုင် (၆)ဖာလုံအကွာ ပဲခူး-ရန်ကုန်ကားလမ်း၏ အနောက်ဘက် (၃)ဖာလုံကျော်ခန့်တွင် တည်ရှိပါသည်။ ပဲခူး-ဥဿာမြို့သစ် ဧရိယာအတွင်း ပါဝင်သည်။ ကျိုက်ပုန်ဆိုသည်မှာ မွန်ဘာသာစကားဖြစ်၍ မြန်မာဘာသာ အားဖြင့် ဘုရားလေးဆူဖြစ်ပါသည်။ ဤဘဒ္ဒကမ္ပာတွင် ပွင့်ပြီးကုန်သော ဘုရားရှင်လေးဆူတို့အား ရည်စူး၍ တည်ထားကိုးကွယ်ခဲ့သော ရုပ်ပွားတော်လေးဆူ ဖြစ်ပါသည်။

မြတ်စွာဘုရား၏ ဗျာဒိတ်တော်အရ "ရာမာဓိပတိ သီရိပရမ မဟာဓမ္မရာဇာဓိရာဇာ" ဘွဲ့အမည်တော်ရှိ ဓမ္မစေတီမင်းကြီးက မြန်မာသက္ကရာဇ်-၈၃၇ ခု၊ တပို့တွဲလပြည့်ကျော် (၁)ရက်နေ့တွင် ဌာပနာတိုက်တည်ပြီး၊ ၈၃၈-ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် အနေကဇာတင်ပါသည်။



Kyaikpon Pagoda

The Pagoda was located three furlongs west of Bago-Yangon Highway and two miles six furlongs south-west of Bago in Ottha new town area. Kyaikpon is a Mon word meaning four pagodas in Myanmar language. The Pagoda is dedicated to the four Buddhas of the Bhaddha aeon.

King Dhammazedi who held the title "Yamadipati Thiriparama Maha Dhammayaza Diyaza" built the Pagoda on the 1st waning of Tabodwe, 837 ME. The King consecrated the Pagoda on the fullmoon day of Kason, 838 ME.

Mahazedi Pagoda


In 1559-60 AD, Bayintnaung(1550-1581) built this *Mahazedi* (which simply means the Great Pagoda) enshrining Buddha's Tooth Relic, emerald Bowl and many other sacred relics sent from Sri Lanka. But in 1564, an earthquake destroyed it and so he renovated the pagoda by hoisting a new *Htidaw*.

Later in 1582, an earthquake destroyed it again and King Nanda (Bayintnaung's son) hoisted a new *Htidaw*.

In 1600 AD, Hanthawady Kingdom disintegrated and Portuguese Ngazinka (De Brito) who styled himself as governor of Thanlyin, came to Bago, put down the pagoda's *Htidaw* and took away all the gold and jewels. This great shrine of Bayintnaung suffered great losses time and again. King Anaukphetlun in 1615, King Thalun in 1633, King Minye Kyawhtin of Innwa in 1697, and King Bodaw of Konbaung in 1706, respectively had to renovate it or put up new *Htidaw* to it.

Even then, the pagoda from its bellpart toppled down in the tremendous earthquake of 1830 AD. For over a hundred years, it lay as a great heap of stones and bricks covered with bushes in the jungle near Bago. Only about the year 1906 that renovation work could be started slowly and its *htidaw* was hoisted in the year 1978

This great shrine, 225 feet high, now rebuilt in modern style, stands tall and stately, makmg pilgrims remember the glorious days of Bay intnaumg in capital Hanthawady



မဟာစေတီတော်မြတ်ကြီး

ပဲခူးမြို့တွင်တည်ရှိပါသည်။ သက္ကရာဇ်-၉၂၁ တွင် ဘုရင့်နောင်မင်းတရားကြီးက သီဟိုဠ်ဘုရင်ထံမှရသော စွယ်တော်ပွားနှင့် မြသပိတ်တော်ကိုဌာပနာ၍ ဉာဏ်တော်သံတောင် (၁၅၀) ရှိသော မဟာစေတီတော်မြတ်ကြီးကို စတင်တည်ဆောက်ခဲ့ပြီး ၉၂၂ -ခု တွင် ထီးတော်တင်ခဲ့သည်။ ၉၂၅-ခုနှစ်တွင် လျှင်ကြောင့် စေတီကြီးပြိုပျက်ခဲ့ရပြီး ၉၂၈-ခုတွင် ထီးတော်အသစ် တင်လှူ ခဲ့သည်။ တဖန် ၉၄၀-ခုနှစ်တွင် လျှင်ဒဏ်ကြောင့် စေတီတော်ထပ်မံပျက်စီးခဲ့ရပြီး ငါးဆုဒါယကာမင်းက ထီးတော်အသစ် တင်လှူခဲ့ပါသည်။ ၉၆၂-ခုတွင် ငလင်ကာက ထီးတော်ကိုချ၍ အဗိုးမပြတ်နိုင်သော ရတနာများကို ဖြုတ်ယူသွားခဲ့သည်။ ၉၇၇-ခုနှစ်တွင် သာလွန်မင်းတရားကြီးက ထီးအသစ် တင်လှူခဲ့ပါသည်။ ၁၁၉၂-ခုနှစ်တွင် မြေလျှင်ကြောင့် ခေါင်းလောင်းတော်ကြီး ပါပြို၍ နှစ်ပေါင်း ရာနှင့်ချီ၍ ပြုပြင်မည့်သူမရှိပြစ်နေခဲ့ရာ ၁၃၂၃- ခုနှစ်မှစ၍ စုပေါင်းပြုပြင်ခဲ့ကြရာ ၁၃၄၀-ခုနှစ်တွင် ထီးတော်အသစ် တင်လှူနိုင်ခဲ့ပါသည်။



နရဏီသိမ်တော်

ပဲခူး-ရန်ကုန်ကားလမ်းမကြီး၏အနောက်ဘက် စာကလေးကွင်းကျေးရွာအနီးတည်ရှိပါသည်။ မြန်မာသက္ကရာဇ်- ၈၃၈ခု၊ နတ်တော်လတွင် ဓမ္မစေတီမင်းက သိမ်သမုတ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။ သိမ်တော်ကျောင်းတိုက်၏ အရှေ့မျက်နှာနှင့် တောင်ဘက်ခြမ်းတို့တွင် ကျုံးရှိခြင်း၊ ကျန်သောမျက်နှာတို့၌ တံတိုင်း နှစ်ထပ်ရှိခြင်း၊ ကျောင်းဝင်း၊ သိမ်ဝင်း၊ ဘုရားဝင်းများ သီးသန့်ရင်ပြင်တော်နှင့် စေတီတော်များရှိခြင်း၊ လက်ရှိထင်ရှားသော စေတီဟောင်းများ ရှိခြင်းတို့မှာ နရဏီသိမ်တော်၏ ထူးခြားချက်များ ဖြစ်ပါသည်။

Narani Ordination Hall

The Narani Ordination Hall is located near Sagalay Kwin village west of Bago-Yangon Highway. King Dhammazedi built the Hall in Nadaw 838 ME. The significance of the Hall is the moat located on its front and southern sector and the double-wall, the monastery compound, the ordination hall compound, the separate pagoda compound,platform and pagodas on the remaining two sectors.



ကမ္ဘောဇသာဒိနန်းတော်

ပဲခူးမြို့တွင်တည်ရှိပါသည်။ အေဒီ-၁၅၅၁တွင် ဘုရင့်နောင် မင်းတရားကြီးတည်ထောင်နန်းစံခဲ့ပါသည်။ အေဒီ-၁၅၆၆ခု၊ (၁၅)နှစ် အကြာတွင် ဟံသာဝတီမြို့ကို တည်ဆောက်ခဲ့သည်။ အေဒီ-၁၅၉၉ ခုတွင် ရခိုင်နှင့်တောင်ငူဘုရင်တို့ တိုက်ခိုက်မှုကြောင့် မီးလောင်ပျက်စီးခဲ့သည်။ ၁၉၉၀ ခုနှစ်၊ ဧပြီလ ၂၅ ရက်တွင် စတင်တူးဖော်ခဲ့သည်။ ထိုသို့တူးဖော်ရာတွင် အဆောက်အဦတို့၏ အောက်ခြေအုတ်ခုံများ၊ ကျွန်းတိုင်များ၊ ရှေးဟောင်းဘုရားများနှင့် ရှေးဟောင်းပစ္စည်းများ တွေ့ရှိခဲ့ရသည်။ ပြန်လည်တည်ဆောက်မှုအနေဖြင့် ဘမရာသနပလ္လင် (စက်တော်ဆောင်)ကို ၁၉၉၄-မေလ ၂၅ရက်တွင် မြေသန့်မင်္ဂလာပြုလုပ်ပြီး ဩဂုတ်လ ၅ရက်တွင် ပန္နက်ချခဲ့ပါသည်။ (၁၆)ရာစု ဟံသာဝတီခေတ် မြန်မာမှုလက်ရာအတိုင်း ပြန်လည်တည်ဆောက်ခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍ မြေနန်းပြာဘီ၊ လက်ဝဲဝင်းဆောင်နှင့် လက်ယာဝင်းဆောင်တို့ကို တည်ဆောက်လျက်ရှိပါသည်။

Kambawzathadi Palace

The palace is located in Bago. The original Palace was built by King Bayintnaung in AD 1551. After 15 years, in AD 1566, the King founded Hanthawady. The Palace was destroyed by fire during the battle between the King of Rakhine and the King of Toungoo. Excavation of the Palace began on 25 April 1990. During the excavation, brick foundations of the ancient buildings, teak pillars and ancient Buddha images and artifacts were found. Ground clearing ceremony for rebuilding the Bamayathana Chamber (Royal Bed Room) was held on 25 May 1994 and the stake-driving-in ceremony on 5 August. The Palace was rebuilt in accord with the Myanmar traditional style of 16th century Hanthawady period.



ရွှေဆံတော်စေတီ
(တောင်ငူမြို့)


ပဲခူးတိုင်း၊ တောင်ငူမြို့(၁၃) ရပ်ကွက် တွင် ရှိပါသည်။ သက္ကရာဇ်-၉၃၀တွင် သီဟိုဠ်ကျွန်းမှ ဓမ္မပါလမင်း၏ လက်ဆောင်ဆံတော်ပွား ရှစ်ဆူ အနက် တစ်ဆူကို ဘုရင့် နောင်မင်းကြီးမှ ညီတော် တောင်ငူဘုရင် မင်းခေါင်အား ပေးတော်မူခဲ့သဖြင့် သက္ကရာဇ် -၉၃၂တွင်ဌာပနာ၍ ရွှေဆံတော်စေတီ တော်မြတ်ကြီးအား စတင်တည်ထားခဲ့သည်။ သက္ကရာဇ် -၉၄၀၊ သီတင်းကျွတ်လပြည့်ကျော် (၈)ရက်နေ့တွင် ဘုရင်မင်းခေါင်ကိုယ်တိုင် ရေစက်သွန်းချထီးတော်တင်လှူခဲ့သည်။ ဉာဏ်တော်အမြင့် (၂၀၀)ပေ၊ ဌက်ပျော်ဖူးထိပ် (၁၆၅)ပေ၊ စေတီရံပေါင်း (၅၆)ဆူ၊ ကျောင်းဆောင်ရုပ်ပွားတော် (၈၃)ဆူ၊ စေတီဖိနပ်တော် လုံးပတ် (၄၀၈. ၁၀)ပေ ဖြစ်ပါသည်။

Shwe Hsandaw Pagoda

Located in Ward 13, Toungoo, Bago Division, the Shwe Hsandaw Pagoda was built in 932 Myanmar Era by Toungoo Governor Min Khaung, a brother of King Bayintnaung. In 930 ME, the King gave his brother a replica of the sacred Hair of Buddha from the eight replica Sacred Hairs he received as the religious present from King Dhamma Pala of Sri Lanka. Thus, the Governor Min Khaung built the Pagoda and enshrined the replica Sacred Hair in the Pagoda. He hoisted the Sacred Umbrella atop the Pagoda and shared the merits gained for building the religious edifice on 8th waning of Thadingyut 940 ME. The Pagoda's height from the foundation to the diamond bud is 200 feet and from foundation to the plantain bud is 165feet. It is circled with 56 small pagodas and has 83 Buddha Images. Its circumference at the foot is 408.10 feet.

သီရိခေတ္တရာရေးဟောင်းသုတေသနပြတိုက်

ပဲခူးမြို့တွင်တည်ရှိပါသည်။ ၁၉၆၀-၆၁ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဆောက်လုပ်ခဲ့ပြီး ၁၉၈၁-၈၂ ခုနှစ်တွင် တိုးချဲ့ဆောင်တစ်ဆောင်ကို ထပ်မံဆောက်လုပ်ခဲ့ပါသည်။ ၁၉၀၆-၀၇ ခုနှစ်က ကျောက်စာဝန် မစွတာတော်စိန်ခိုသည် ရှေးဟောင်းသုတေသနပညာရှင်ပြင်သစ်စစ်ဗိုလ်ချုပ်ကြီး လီယွန်ဒီဗျဲလီယေနှင့်အတူ သရေခေတ္တရာမြို့ဟောင်းကို ကွင်းဆင်းလေ့လာခဲ့ပြီး စုဆောင်းရရှိခဲ့သော ရှေးဟောင်းပစ္စည်းများကို ကျောက်ကာသိမ် ဘုန်းကြီးကျောင်းအတွင်း အဆောက်အဦတစ်ခု ပြုလုပ်သိမ်းဆည်းခဲ့ကြသည်။ ၁၉၃၀-၃၅ ခုနှစ် အတွင်း မော်ဇာပြတိုက်တွင် ကျောက်စာချပ်များ၊ ပျုအရိုးအိုးများ၊ ကျောက်ဆုံကြီးများ၊ အုတ်ကျိုးများ၊ ဗုဒ္ဓရုပ်ပွားတော်များ စသည်ဖြင့် ရှေးဟောင်းပစ္စည်းများ ပိုမိုများပြားလာသောအခါ ပြတိုက်အနေဖြင့် တိုးချဲ့ပြသရန် ပြတိုက်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပါသည်။



Srikhissara Archaeology Museum

Built by the Ministry of Culture in 1960-61, the Museum is located in Bago. An annexed building of the Museum was built in 1981-82. The artifacts collected by an official on stone inscriptions and a French archaeologist during their field survey at Srikhissara old town in 1906-1907 were kept at a building in the compound of Kyaukka-thein Monastery. The Museum was built to keep the increasing number of ancient stone inscriptions. Phyu era urns, stone mortars, broken bricks and Buddha Images which were kept at Hmauza Museum

စိန်ရေ သစ်တောစခန်း

စိန်ရေသစ်တောစခန်းသည် ရန်ကုန်-မန္တလေးလမ်းမပေါ်ရှိ ရန်ကုန်မှ(၁၆၆)မိုင်ကွာဝေးသော အုတ်တွင်းမြို့ အနောက်ဘက် မိုင်(၂၀)အကွာတွင်တည်ရှိသည်။ ပြည်တွင်းပြည်ပမှ လေ့လာရေးဧည့်သည်များ နေထိုင်တည်းခိုရေး စခန်းဖြစ်စေရန် စီစဉ်ဆောင်ရွက်ထားသည်။ ရေမီး အပြည့်အစုံပါဝင်သော သစ်လုံးအိမ်တစ်လုံး၊ ကြိမ်အိမ်တစ်လုံး၊ ပျဉ်းကတိုး အိမ်တစ်လုံး၊ ကျွန်းသားများဖြင့်ဆောက်ထားသော ရွှေကျွန်းဆောင် တစ်လုံး၊ ဝါးဆောင်သုံးလုံးရှိပြီး တစ်ချိန်တည်းတွင် ဧည့်သည်(၄၀)ဦး တည်းခိုနိုင်ပါသည်။

စိန်ရေစခန်းသည် သဘာဝအလျောက် ပေါက်ရောက်နေ သော မြန်မာ့ကျွန်းသစ်နှင့် သစ်မာများကို သုတေသနပြုလေ့လာနိုင်ခြင်း၊ မြန်မာ့သစ်လုပ်ငန်းသဘာဝအရ အသုံးပြုနေသော သစ်ဆွဲဆင်များအား လုပ်ငန်းခွင်အတွင်း လေ့လာနိုင်ခြင်း၊ ပဲခူးရိုးမပေါ်ရှိ သားရဲတိရစ္ဆာန်များနှင့် ကျေးငှက်သတ္တဝါတို့၏ ဓလေ့စရိုက်များအား လေ့လာနိုင်ခြင်း၊ မြန်မာ့ သစ်လုပ်ငန်းအား သင်းသတ်၊ ငုတ်ထုတ်၊ ခုတ်လှဲ၊ သစ်ဆွဲ၊ သစ်မျောလုပ်ငန်းစဉ်များအား လေ့လာခွင့်ရရှိခြင်း၊ ပဲခူးရိုးမနေ ကရင်တိုင်းရင်းသားတို့၏ ရိုးရာဓလေ့စရိုက်များကို ထိတွေ့လေ့လာနိုင်ခြင်း၊ မြန်မာသမိုင်းဝင် ပျူခေတ်(သရေခေတ္တရာ)၏ ယဉ်ကျေးမှုအငွေ့အသက်များကို လေ့လာခွင့်ရရှိခြင်း စသည်တို့ဖြင့် ထူးခြားပြည့်စုံသော သစ်တောစခန်းတစ်ခုဖြစ်ပါသည်။



Seinyay Forest Camp

Seinyay Forest Camp is located 20 miles west of Ottwin on Yangon-Mandalay Highway and 166 miles from Yangon. The Camp is built for the local and foreign visitors to make study tours or vacation trips there. A log cabin, a rattan house, a pyingadoe house, a teak hostel and three bamboo hostels at the Camp can accommodate 40 visitors at a time. Water and electricity are available round the clock at the lodging houses.


The Camp offers the visitors to study Myanmar teak and other hardwood species, elephants at timber extraction work, the wild birds and animals of Bago Yoma forest, the timber extraction process such as girdling , stumping, tree felling and log pulling and drifting, the traditions and culture of Kayin people of the Bago Yoma and ancient cultural artifacts of Pyu era.

ရွှေဆံတော်စေတီတော်မြတ်ကြီး (ပြည်မြို)




Shwe Shandaw Bagoda (Buddha's Hiar Relics) (Pyay)

စိန်သာလျောင်း



Sein Tha Hlaung (Diamond Reclining Buddha Image)

ရွှေဘုံသာမုနိစေတီတော် (မပြုပြင်ရသေးမီပုံ)




Shwe Bontha Muni Pagoda (Before renovation)

ရွှေဘုံသာမုနိစေတီတော် (ပြန်လည်ပြုပြင်ပြီးပုံ)



Shwe Bontha Muni Pagoda (After renovation)

ပေါင်းတည်မြို့ မြတ်စွယ်တော် ကိန်းဝပ်စံပယ်ရာ
ရွှေကျောင်းကြီးတိုက်အတွင်းရှိ
မင်းလက်ဝဲသီရိစေတီတော်



Minletwe Thiri Pagoda

ပေါင်းတည်မြို့ မြတ်စွယ်တော် ကိန်းဝပ်စံပယ်ရာ
ရွှေကျောင်းကြီးတိုက်အတွင်းရှိ
မင်းလက်ျာသီရိစေတီတော်



Minletyar Thiri Pagoda

ပေါင်းတည်မြို့ မြတ်စွယ်တော် ကိန်းဝပ်စံပယ်ရာ ဂန္ဓကုဋီတိုက်တော်



Holy Tooth Relic Shrine (Paungte)

ရွှေမျက်မှန်ဘုရား(ရွှေတောင်မြို့)



Gold Spectacle Buddha Image

ရွှေနတ်တောင်စေတီ(ရွှေတောင်မြို့)




Shwe Nat Taung Pagoda

ဆယ်ထပ်ကြီးဘုရား(ပြည်မြို့)



Sehtat Kyi Buddha Image

ဘောဘောကြီးဘုရား(ပြည်မြို့)



Baw Baw Gyi Pagoda

နဝဒေးတံတား




Nawaday Bridge

စစ်ကိုင်းတိုင်း

Sagaing Division

စစ်ကိုင်းတိုင်း



စစ်ကိုင်းတိုင်း

နယ်နိမိတ်

၁။ စစ်ကိုင်းတိုင်းသည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိပြီး၊ အနောက်ဘက်တွင် ချင်းပြည်နယ်နှင့် အိန္ဒိယနိုင်ငံ၊ မြောက်ဘက်တွင် အိန္ဒိယနိုင်ငံ၊ အရှေ့ဘက်တွင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်း၊ တောင်ဘက်တွင် မန္တလေးတိုင်း၊ မကွေးတိုင်းတို့နှင့် ထိစပ်တည်ရှိသည်။ မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၃၀မိနစ်နှင့် ၂၇ ဒီဂရီ ၃၀ မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီနှင့် ၉၇ ဒီဂရီအတွင်း တည်ရှိသည်။ တိုင်းမှားတွင် အကြီးဆုံးတိုင်းဖြစ်ပြီး၊ ဧရိယာစတုရန်းမိုင်ပေါင်း (၃၆၅၃၄. ၇၁၄)ကျယ်ဝန်းသည်။ တောင်မြောက်ရှည်လျားရှေ့အနောက် ကျဉ်းမြောင်းသည်။

မြေမျက်နှာသွင်ပြင်

၂။ စစ်ကိုင်းတိုင်းမြောက်ပိုင်းသည် တောင်ထူထပ်၍ တောင်မှားမှာလည်း မြင့်မားကြသည်။ တောင်ပိုင်းတွင် တောင်တန်းနိမ့်များနှင့် လွင်ပြင်များရှိသည်။ စစ်ကိုင်းတိုင်းတွင် အကျယ်ပြန့်ဆုံးလွင်ပြင်မှာ မူးမြစ်ဝှမ်းအောက်ပိုင်း ရွှေဘိုလွင်ပြင်ဖြစ်သည်။ ပတ်ကျိုင်တောင်တန်းသည် မြောက်ပိုင်းတွင် ပေ(၁၀၀၀၀)ကျော်မြင့်၍ တောင်ဘက်ပိုင်းတွင်နိမ့်လာသည်။ မူးမြစ်ဖျားတွင်ရှိသော တောင်သုံးတောင်မှာ ပေ(၅၀၀၀)ကျော်မြင့်ပြီး၊ ရှေးက မီးတောင်ဟောင်းတစ်ခုဖြစ်သည်။ ဧရာဝတီမြစ်၏ အနောက်ဘက်ရှိ မင်းဝံတောင်တန်းသည် တောင်ဘက်တွင် ပေ(၅၀၀) ခန့်သာမြင့်သော စစ်ကိုင်းတောင်တန်းနှင့် ဆက်သွားသည်။ ဤဒေသ၏ ထင်ရှားသောမြစ်များမှာ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် မူးမြစ်တို့ဖြစ်ကြသည်။

ရာသီဥတု

၃။ တောင်မြောက်ရှည်လျားပြီး၊ မြေမျက်နှာသွင်ပြင်အမျိုးမျိုးပါရှိသော စစ်ကိုင်းတိုင်းတွင် ရာသီဥတုအမျိုးမျိုးရှိသည်။ မြောက်ပိုင်းသုံးပုံ နှစ်ပုံသည် အပူလျှော့ပိုင်းတွင် ကျရောက်ပြီး၊ တောင်ပိုင်းသုံးပုံတစ်ပုံသည် အပူပိုင်းတွင်ကျသည်။ ပတ်ကျိုင်တောင်၊ နာဂတောင်များပေါ်၌ ဆောင်းဥတုတွင် ရေခဲမှတ်အောက်ရောက်သည်အထိ အပူချိန်ကျဆင်းတတ်ပြီး၊ နွေတွင် အေးမြသည်။ မြောက်ပိုင်းမြေနိမ့်များတွင် ဆောင်းဥတု၌ အပူချိန် ၄၀ ဒီဂရီ ဖာရင်ဟိုက်အထိ ကျဆင်းပြီး၊ နွေတွင် အပူသက်သာသည်။ မိုးနည်းရပ်ဝန်းဒေသကျရောက်သော တောင်ဘက်ပိုင်းသည် အပူလွန်ကဲသော အပိုင်းဖြစ်သည်။ မုံရွာမြို့တွင် ဧပြီလနှင့် မေလတို့၌ နေ့ခင်းပိုင်းအပူချိန်သည် ဟစ်ခါတစ်ရံ ၁၁၀ဒီဂရီဖာရင်ဟိုက်ကျော်ထိ တက်တတ်သည်။ မိုးရေချိန်မှာမြောက်ပိုင်း၌ နှစ်စဉ်(၈၀)လက်မမှ (၁၀၀)လက်မအတွင်းရှိပြီး၊ တောင်ပိုင်းတွင် (၄၀)လက်မထက် လျော့နည်းသည်။

လူမျိုး၊ ဘာသာစကား

၄။ မိုးနည်းရပ်ဝန်းဒေသ ကသာမြို့နယ်နှင့် မန္တလေးမြစ်ကြီးနား လမ်းတစ်လျှောက်ဒေသများတွင် ဗမာလူမျိုးအများဆုံးနေထိုင်သည်။ ရှမ်းလူမျိုးများကို ချင်းတွင်းမြစ်ဝှမ်း ဘထက်ပိုင်းနှင့် ကောလင်း၊ ဝန်းသို၊ ပင်လယ်ဘူးမြို့နယ်များတွင် တွေ့ရသည်။ အနောက်မြောက်ပိုင်း တောင်တန်းများပေါ်၌ မြောက်ပိုင်းတွင် နာဂလူမျိုးများ၊ တောင်ပိုင်းတွင် ချင်းလူမျိုးများ နေထိုင်ကြသည်။ မူးမြစ်ဝှမ်းဘထက်ပိုင်းနှင့် မဲလာမြစ်ဝှမ်းတို့၌ ကဒူး၊ ကဏန်းလူမျိုးများကို တွေ့ရသည်။ ဗမာလူမျိုးအများစုဖြစ်၍ မြန်မာစကားကို အများဆုံးအသုံးပြုကြသည်။ တိုင်းရင်းသားရိုးရာအလိုက် ဘာသာစကားများကိုလည်း ပြောဆိုသုံးနှုန်းကြသည်။

ဘာသာရေးကိုးကွယ်ယုံကြည်မှု

၅။ ဗမာလူမျိုးအများစုဖြစ်၍ ဗုဒ္ဓဘာသာဝင်အများစုဖြစ်ပြီး၊ ခရစ်ယာန်နှင့် ဂိုးရာနတ်ကိုးကွယ်ပသမှုများလည်း ရှိကြသည်။

လူဦးရေ

၆။ စစ်ကိုင်းတိုင်းတွင် လူဦးရေ (၅၁၈၀၀၀၀)ဦးရှိသည်။

SAGAING DIVISION

Boundary

1. Sagaing Division is situated in the middle of Myanmar and on the west of it are Chin State and India, on the north is India, on the east are Kachin State, Shan State and Mandalay Division, on the south are Mandalay and Magwe Division sharing the common border. It is situated between North Latitude 21°30' and 27°30' and between East Longitude 94° and 97°. With an area of 36534.714 square miles Sagaing is the largest among seven divisions.

Physical feature

2. Northern Sagaing Division is mountainous and the ranges are high. On the south are low ranges and plains. The widest plain in the division is Shwebo Plain which is below the Mu River Valley. On the north is Patkwaing Range which rises above 10,000 feet and on the south it lowers down gradually. Taungthonlone Mountain which lies at the headwaters of Mu River is over 5,000 feet high and it is an extinct volcano. Min Wun Range on the west side of Ayeyarwady River joins on the south with Sagaing Range which is only about 500 feet high. Famous rivers in the area are Ayeyarwady, Chindwin and Mu.

Climate

3. The Sagaing Division which extends from north to south has different physical features and different climates. Two-third of the north has less hot climate while one-third of it is in the hot zone. On Patkwaing and Naga ranges temperature usually drops below zero in winter and rather cold in summer. In northern lowlands temperature drops to 40°F in summer and less hot. The southern part which lies in the dry zone has a very hot climate. In Monywa, day temperature during April and May sometimes rises to 110°F. Annual Rainfall in the north is between 80" to 100" and in the south is below 40".

Race and Language

4. Bamar people mostly live in Kathar and in areas along Mandalay-Myitkyina route. Shans are found in upper Chindwin River Valley and Kawlin, Wuntho and Pinlebu townships. On the northwest ranges there live Nagas on the north and Chins on the south. In upper Mu River Valley and Mezar River Valley there live Kadu and Kanan people. Bamars are the majority and Myanmar Language is spoken generally. There are other languages used according to their tradition.

Religion

5. The majority of the populace are Buddhists by birth with the minority Christians and animists.

Population

6. Sagaing Division has a population of 5,180,000.

စစ်ကိုင်းတောင်ရိုး

စစ်ကိုင်းမြို့တွင်ရှိပြီး၊ သူတော်စင်တို့သီတင်းသုံးရာ စစ်ကိုင်းတောင်ရိုးဖြစ်ပါသည်၊ ရဟန်းသံဃာများ၊ သာသနာ့အနွယ်ဝင် သီလရှင်များ၏ တရားဘာဝနာပွားများရာဒေသဖြစ်သည်၊ စစ်ကိုင်းတောင်သည် စစ်ကိုင်းမြို့၏ သဘာဝအလှကို ဖန်တီးပေးထားသည်၊ စစ်ကိုင်းတောင်နှင့် ဧရာဝတီမြစ်တို့ဆုံရာ သာယာလှပသည့် သာသနာ့နယ်မြေဖြစ်နေသည်ဟု ဆိုရပေမည်၊ တောင်ထိပ်တိုင်းရှိ ထုံးဖြူဖွေးဖွေးဝေတီများက ရွှေမြန်မာဘုရင်များနှင့် မြန်မာလူမျိုးတို့၏ ဘာသာတရားကိုင်းရှိုင်းကြပုံကို ထင်ရှားစွာသက်သေထူလျက်ရှိပါသည်၊



Sagaing Hills

Sagaing hills lie, as the name suggests, in the town of Sagaing. This is a place where the monks and nuns meditate leading a secluded life. The natural beauty of Sagaing hills make Sagaing a place worth living. It can be said that Sagaing hills attract pious pilgrims as well as those wishing to lead a serene life. With Ayeyawady meandering around, Sagaing hills present a panoramic view. And the pagodas atop hills symbolize the piety of ancient Myanmar monarchs and their subjects.

ဥမင်ကိုးဆယ်စေတီ


ဤစေတီသည် ပုညရှင်စေတီ၏အရှေ့ဘက် တတိယအမြင့်ဆုံးတောင်ပေါ်၌တည်ရှိသည်။ အင်းဝခေတ် ဘုရင်မင်းခေါင်ကြီး၏ ဆင်ဘိုးစေတီလေးဆူတွင် တစ်ဆူအပါအဝင်ဖြစ်ခဲ့သည့် စေတီဟောင်းနေရာတွင် တည်ထားခဲ့သည်။ ဘုရင်မင်းခေါင်သည် သူ၏ဆရာ အရိယဝံသအရှင်မြတ်ထံလာသောအခါ စီးတော်ဆင်က ဗောဓိပင်ကိုကိုက်ဖြတ်စားသောကြောင့် ဆင်သေသကဲ့သို့ဖြစ်ခဲ့ရသည်။ အရိယဝံသကျောင်း၏ ထောင့်လေးရပ်ရှိတောင်ထိပ်လေးခုတွင် ဆင်၏ ဇာန်ဘိုးနှင့်ညီမျှသော စေတီလေးဆူတည်ခဲ့ရာ ဆင်ကြီး အသက်ပြန်ရှင်ခဲ့သည်။ ထိုစေတီလေးဆူကို ဆင်ဘိုးဘုရားလေးဆူဟု ခေါ်ခဲ့ကြသည်။ ယခုအခါ အရှေ့တောင်နှင့် အနောက်တောင်ထောင့် စေတီနှစ်ဆူမှာ လုံးလုံးလျားလျားပျက်စီးနေသည်။ အရှေ့မြောက်နှင့် အနောက်မြောက်ထောင့် စေတီများမှာ ပြပြင်သူများ ရှိခဲ့သည်အတွက် ထင်ရှားစွာ ဖူးမြော်နိုင်ပါသည်။ ပထမဂန္ဓာရုံဆရာတော် အရှင်ဣန္ဒကဇာတိအရှင်ဣန္ဒာသဘာက ဦးဆောင်၍ မြန်မာသက္ကရာဇ်(၁၂၉၃)ခုနှစ်တွင် အသစ်ပြန်လည်တည်ဆောက်ခဲ့သည်။ ဥမင်(၃၀)ကိုထောက်၍ ဥမင်ကိုးဆယ်ဟုသုံးဆတက်အမည်ပြုခဲ့သည်။ ဥမင်များလည်းရှိသည်။ ဤဘုရားပေါ်မှကြည့်လျှင် အရှေ့ဘက်ရောဝတီနှင့် တောင်၊ မြောက်၊ အနောက်(ပုညရှင်) ရွာခင်းများကိုလှပစွာမြင်ရသည်။



U Min Koesei (Ninety Caves Pagoda)

This pagoda stands on the third highest hill on the east of Ponnyashin in the Sagaing hills. It is one of four Sinboe shrines built by King Mingaungyi of Innwa. The story says that the King once came, riding his elephant, to pay obeisance to his Sayadaw residing at Sagaing hermitage. Unfortunately, the elephant chanced to eat some leaves of the sacred Bo tree and it collapsed and lying unconscious. Thus, on the hill tops near the hermitage, the King had to build four pagodas that cost as much as the price of the royal elephant. The naughty monster then became alive and well. That is how the pagodas are named Four Sinboe Shrines (Price of the Royal Elephant).

Two shrines were ruined and only two (on the north-east and north-west corners of the hermitage)stand today. Shin Eindathapha of Sayei village, in 1931, rebuilt this shrine now known as *U-Min Koesei* (Ninety Caves Pagoda), named after its many caves on the hillside. The scenic view from the pagoda is as enchanting as that of Ponnyashin.



ဇေတဝန်ဘုရား

ဤဘုရားသည် စစ်ကိုင်းတောင်တွင် အစောဆုံးတည်သော စေတီဖြစ်သည်။ မြတ်ဗုဒ္ဓသည် အရှင်အာနန္ဒာနှင့် စစ်ကိုင်းတောင်သို့ ကြွတော်မူစဉ် ဇေတဝန်ဘုရားတည်မည့်နေရာ၌ "ဇေတ" အမည်ရှိဘီလူးခေါင်းဆောင်သည့် ဘီလူး(၉၉)ယောက်တို့က ခရိုင်ဦးကြိုပြု တရားနာ ကြသည်။ မြတ်စွာဘုရားက (၇)ရက်သီတင်းသုံး၍ တရားဟောရာ ဘီလူး(၉၉)ယောက်တို့ သောတာပန်ဖြစ်ကြသည်။ ဘီလူးတို့က ကိုးကွယ်ရန် တစ်စုံတစ်ခုတောင်းရာ မြတ်စွာဘုရားက ရေလဲသင်းပိုင်တစ်ခု ပေးတော်မူခဲ့သည်။ ထိုသင်းပိုင်ကို ဌာပနာ၍ ဘုရားတည်ရာထိုစေတီကို ဇေတဝန်(ဇေတ- ဘီလူးအမည်၊ ဝန - တောတောင်)ဟု ယနေ့တိုင်ခေါ်ကြသည်။ ဘီလူးတို့ သောတာပန် ဖြစ်ကြသည့် အထိမ်းအမှတ်အဖြစ် တည်သောရွာကို သောတာပန်ရွာဟုခေါ်သည်။ မြတ်ဗုဒ္ဓဝါတော် (၂၀)အရတွင် ဤအရပ်သို့ ကြွတော်မူသောကြောင့် ဇေတဝန်ဘုရား၏ သက်တမ်းမှာ (၂၅၆၃) နှစ်ခန့်ရှိပြီးဖြစ်သည်။ ဇေတဝန်ဘုရားအနီး၌ ရှင်အရဟံသိမ် ရှိသည်။ အနော်ရထာ၊ တစ်စီးရှင်သိဟသူ၊ ပုဂံသိဟသူ၊ ရွှေနန်းကျော့ရှင်စနေမင်း၊ အသခံယာစောယွမ်းစသောမင်း အဆက်ဆက်တို့ပြုပြင်ခဲ့ကြသည်။ ဧရာဝတီမြစ်ကို အပေါ်စီးမှ မြင်ရသော မျှော်စင်ရှခင်းသဖွယ်ဖြစ်နေသည်။ စေတီတော်၏ ဥက်တော်အမြင့်မှာ (၉၇)ပေ၊ (၁၁)လက္ခရှိသည်။

Zetawun Pagoda

This pagoda is the earliest one ever built on the Sagaing Hills. It is said that Buddha and Shin Ananda came to this site 2563 years ago (in the 20th year of Buddhahood) and stayed for a week. Ninety-nine *belus*(ogres) of these hills were converted and they ever became *sotapans*. According to their request, Buddha gave them an old yellow robe and they built a pagoda enshrining the sacred piece. The name of the ogre leader was Zeta and the forest they habitated was Zetawuna. Thus the pagoda came to be known as Zetawun. Near this pagoda stands the *Ordination hall* of Shin Arahan, who brought Theravada Buddhism to Bagan.

Zetawun pagoda is 97 feet, 11 inches high and with its platform on the towering hills, it has an overlooking view of the Ayeyawady river.

Soon-U Ponnyashin Pagoda

This most noted pagoda on the Sagaing hills was built by and named after a palace official, Lord Ponnya, in the year 1286 AD The pagoda hill stands like a tower on the highest point of the range, commanding a panoramic view of Sagaing nearby, then Mandalay, Amarapura, Innwa and the Shan Hills on the east of the Ayeyawady, and the Mu valley on the west.

Climbing up the hill (it has two names Ngapha and Dhammika)under the roof of a series of winding stair-cases, looking round at other hills and vales studded with pagodas, you will have a most enchanting sensation never experienced elsewhere. This is also a historic site with most of Myanmar's old capitals around here.

This pagoda was built by King Tazee Shin Thihathu who founded the Royal Capital of Pinya (Vijayapura) in M.E. 674 and Lord Ponnya who was then a subordinate of King Athinkhaya Sawyun who founded the Royal Capital of Sagaing (Zeyapura) in M.E. 677. Thus, the pagoda was named after Lord Ponnya and King Tazee Shin as Ponnya Shin pagoda

Moreover, the pagoda is also called Soon-U Ponnya Shin as donors are obliged to offer Soon (rice and fruits) at this pagoda first in order of priority among others on Sagaing Hills on the fullmoon day of Waso during Buddhist lent each year.



ဆွမ်းဦးပုညရှင်

ဆွမ်းဦးပုညရှင်စေတီတော်ကို မြန်မာသက္ကရာဇ် (၆၈၄) ခုနှစ်တွင် ပုညအမတ်ကြီးက စစ်ကိုင်းတောင်ထွတ်ပေါ်တွင် တည်ခဲ့သည်။ ထိုစေတီတည်သော တောင်ကုန်း၏အနေအထားမှာ ဟားနှင့်တူသောကြောင့် ငဖေးတောင်ဟုခေါ်သည်။ တောတောင် လျှိုမြောင်များ ဝိုင်းရံထားသောကြောင့် တရားဓမ္မကျင့်ကြံသူတို့ ပျော်မွေ့ရာ ဓမ္မိကတောင်ဟုလည်းခေါ်သည်။ စစ်ကိုင်းတောင်တန်း တစ်ခုလုံး၏ ဝဟိုအချက်အချာ ဖြစ်ခြင်းကြောင့် မျော်စင်ကြီးသဖွယ် ဖြစ်နေသည်။ ထိုစေတီမှကြည့်လျှင် မန္တလေး၊ အမရပူရ၊ စစ်ကိုင်းမြို့တော်၊ ရွှမ်းတောင်တန်းကြီးနှင့် ရောဝတီမြစ်အရပ်လေးမျက်နှာရှိ စေတီဘုရားများကို တင့်တယ်ခန့်ညားသော ရှုခင်းသဖွယ်မြင်တွေ့ရသည်။

ပဲရစ်မြို့တော်မှ အီဖယ်လ်မျော်စင်၊ နယူးယောက်မြို့တော်မှ ကမ္ဘာ့ကုန်သွယ်မှုဌာန ညီနောင်မျော်စင်များသို့ တက်သောအခါ ခါတ်လှေကားများပြင့် တက်ရသောကြောင့် စစ်ကိုင်းတောင်တက်ရသကဲ့သို့အရသာမရှိလှပေ။ စစ်ကိုင်းတောင်များသို့ တက်ရသောအခါ မြွေကြောရိုးသဖွယ် သွယ်တန်းနေသော တောင်တန်းများ၏ အပိုးစောင်းတန်းများအောက်က ရှုခင်းများကို ကြည့်ကာတက်ရသောကြောင့် ကြည်နူးဘွယ်ကောင်းလှပါသည်။ ဤဆွမ်းဦး ပုညရှင်စေတီတော်ကို သက္ကရာဇ်- ၆၇၄ ခုနှစ်တွင် ဝိဇယပူရခေါ် ပင်းယနေပြည်တော်ကို တည်ထောင်၍ ထီးနန်းစိုးစံသော တစ်ဗီးရှင် သီဟသူနှင့် သက္ကရာဇ်- ၆၇၇ ခုနှစ်တွင် လေယျာပူရ စစ်ကိုင်းမြို့တည် ဘသခံယာတေယျမင်းတို့၏ ပညာရှိအမတ်ကြီး ဦးပုညတည်ခဲ့သောကြောင့် ပုညရှင်ဟုခေါ်သည်။ စစ်ကိုင်းဝါတွင်း ဘုရားစဉ်များတွင် နှစ်စဉ်ဝါဆိုလပြည့်နေ့၌ ဘဦးဆုံး ဆွမ်းတော်တင်လှူရသောကြောင့် ဆွမ်းဦးပုညရှင်ဟုလည်းခေါ်ပါသည်။

တောင်ဖီလာစေတီ

စစ်ကိုင်းတောင်တန်းပေါ်တွင်ရှိသည်။ ထိုတောင်တန်းကြီး၏ ခါးလယ်တစ်နေရာမှ အနောက်ဘက်သို့ ကန့်လန့်ထွက်နေသော တောင်စွယ်ကို တောင်ဖီလာဟုခေါ်သည်။ တောင်ဖီလာ၌ ညောင်ရမ်းခေတ် သာလွန်မင်းကြီး ဆောက်လုပ်လှူဒါန်းသည့်ကျောင်းတွင် သီတင်းသုံးသော ဆရာတော်ကို တောင်ဖီလာဆရာတော်ဟုခေါ်သည်။ ထိုဆရာတော်က မြန်မာသက္ကရာဇ်(၁၀၀၃)ခုနှစ်တွင် ဝိနည်း(၅)ကျမ်း၊ နိဿယပေစာများကိုဌာပနာ၍ ပူဇော်ခဲ့သည်။ တောင်ဖီလာတောင်ထိပ်တွင် သာလွန်မင်းကြီးကို ဒါယကာပြု၍ စေတီတည်ခဲ့ခြင်းကြောင့် တောင်ဖီလာစေတီဟု ခေါ်သည်။



Taungphilar Zedi

At one point in the middle of the Sagaing Hills stretching from north to south, a hill branches out to the west making as elbow-bend. This is called Taungphilar in Myanmar language and so the pagoda built there is known by the same name. The donar was King Thalun of Nyaungyan . The King also built a monastery and its abbot who was later well-known among Buddhists as Taungphilar Sayadaw.

ကောင်းမှုတော်စေတီ

စစ်ကိုင်းမြို့မြောက်ဘက်(၆)မိုင်အကွာတွင်တည်ရှိသည်။ ရာဇမဏိစူဠာစေတီဟုလည်း အမည်တွင်သည်။ မြန်မာသက္ကရာဇ် (၉၉၈)၊ ခရစ်(၁၆၃၆)ခုနှစ်၊ တော်သလင်းလဆန်း (၁၀)ရက်နေ့တွင် သာလွန်မင်းတရားကြီး တည်ထားကိုးကွယ်ခဲ့သည်။ စေတီ၏ ဉာဏ်တော်မှာ (၁၀၁)တောင်၊ လုံးပတ်(၅၀၂)တောင် (၂)မိုက် (၄)သစ်ရှိသည်။ ကျောက်ဆီးမီးတိုင် (၈၀၂)တိုင်ဖြင့် စေတီကို ဝိုင်းရံထားသည်။ ထို့အပြင် မြန်မာ၊ မွန်၊ ရှမ်းအက္ခရာတို့ဖြင့် ရေးထားသော နိပါတ်ခင်းရုပ်စုံ၊ ဗုဒ္ဓဝင်နှင့် (၃၁)ဘုံတို့ကို နံရံ၌ ရေးချယ်ထားသည်။ စေတီတည်ပြီးနောက် ကောင်းမှုတော်စေတီ ကျောက်စာကို ရေးထိုးထားခဲ့သည်။ သက္ကရာဇ် (၉၉၈)၊ နတ်တော်လပြည့်ကျော်(၁)ရက်၊ သောကြာနေ့တွင် သာလွန်မင်းတရားကြီး အမြဲကိုးကွယ်ခဲ့သည့် စွယ်တော်ဆံတော်တို့အပြင် အရုပ်ရုပ်မှာ၌ပင့်လာသော ဓါတ်တော်မွေတော်နှင့် ပတ္တမြား၊ ရွှေ၊ ငွေ၊ ပယင်း၊ မိုးကြိုးစေတီများကို ဌာပနာထားတော်မူကြောင်းသိရသည်။



Kaunghmudaw Pagoda

Situated at about 6 miles north of Sagaing, it is also known as Yazamani Sula pagoda It was built by King Tharlun in 1636 It is about 152 feet high and surrounded by 802 stone pillars. On the walls are murals and drawings depicting the birth of Buddha captioned in Myanmar, Mon and Shan characters. Kaunghmudaw Zedi stone inscription was written after construction of the pagoda



အရိယဝံသချောင်

စစ်ကိုင်းတောင်ရိုးတွင်ရှိသည်။ အရိယဝံသဆရာတော်တည်ခဲ့ခြင်းကြောင့် အရိယဝံသချောင်ဟုခေါ်သည်။ အင်းဝဘုရင် ဒုတိယမင်းခေါင်က ကြည်ညိုလှသဖြင့် ကျောင်းဆောင် လှူဒါန်းခြင်းဖြစ်သည်။ ဒုတိယမင်းခေါင်၏ကောင်းမှု၊ အရိယဝံသဆရာတော်၏ အဘိဓမ္မာ ဋီကာကျမ်းများပြုရာ ကျောင်းကလေးမှာ ဥမင်ကိုးဆယ်ဘုရား၏ အရှေ့ဘက်တောအုပ်ထဲတွင် ယနေ့တိုင်ရှိသည်။ မြန်မာ့အနုပညာ ဇာတ်ကြိုး(၁၀)ဘွဲ့ သစ်ထွင်းပန်းပုတို့ဖြင့် တန်ဆာဆင်ထားသည်။ အင်းဝခေတ် အနုပညာများကို လေ့လာလိုပါက အရိယဝံသကျောင်းသို့ သွားရောက်မှ ပြည့်စုံမည်ဖြစ်ပါသည်။

Ariya Wuntha secluded monastery

This secluded monastery is situated on the Sagaing Hills. It was named after Reverend AriyaWuntha. It was constructed by King Mingaung II of Innwa Dynasty out of his reverence for the Reverend. This modest monastery where Reverend Ariya Wuntha compiled his Buddhist Abhidhamma canons can still be beheld in the wood to the east of Umin Koe Sei Pagoda. The ten Jatakas(birth stories of Gotama Buddha) are depicted by wood carvings. Should a person want to observe the art and sculpture of Innwa era, he or she has to visit this secluded monastery in Sagaing.



ရွှေတန်ဆာဘုရား

ရွှေဘိုမြို့၊ အမှတ်(၇)ရပ်ကွက်၊ ရှမ်းစုရပ်တွင်ရှိသည်။ ဆင်းတုတော်ကိန်းဝပ်ရာ လိုဏ်ဂူတော်နှင့်တကွ တည်ဆောက်ထားသော ပုထိုးဖြစ်သည်။ ဖိနပ်တော်မှ ချရားသီးအထိ(၄၂)တောင်မြင့်သည်။ နရပတိစည်သူမင်းကြီး တည်ထားကိုးကွယ်ခဲ့သည်။ အလောင်းမင်းတရားကြီး ဦးဘောင်လေယျက မြန်မာသက္ကရာဇ် ၁၁၁၅-ခုနှစ်တွင် ရွှေတန်ဆာရုပ်ပွားတော်အား ဘုရားအတွင်းသို့ပင့်၍ မင်းအဆက်ဆက် ကိုးကွယ်ခဲ့ကြသည်။

Shwe Tansar Pagoda

This pagoda in Shansu ward of Shwebo is a temple with Shwe Tansar Image enshrined in it. The original builder was King Narapati of Bagan but King Alaungphaya renovated it in 1753 AD. Its height is now 63 feet.



ရွှေချက်သိုစေတီ (သို့) ရွှေချက်ကျစေတီ

ရွှေဘိုမြို့တွင်ရှိသည်။ အလောင်းမင်းတရားကြီး၏ ဇာတိချက်ကြွေအထိမ်းအမှတ် တည်ထားခဲ့ခြင်းဖြစ်သည်။ ဉာဏ်တော် (၉၆)တောင်မြင့်သည်။ ဤစေတီကို ၁၁၁၅ ခု၊ ပထမဝါဆို လပြည့်ကျော် (၆)ရက်နေ့တွင် စတင်တည်ဆောက်၍ ၁၁၁၆ ခု၊ တန်ဆောင်မုန်း လပြည့်ကျော် (၆)ရက်နေ့တွင် ထီးတော်တင်ခဲ့သည်။

Shwe Chettho Zedi

This pagoda,as the name implies, stands on the site where King Alaungphaya was born in Shwebo. The King built the shrine and hoisted its Htidaw (Royal umbrella) in 1753 AD. It is 144 feet high.



အောင်မြေဘုရား

စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်တွင်ရှိပါသည်။ မြန်မာသက္ကရာဇ် ၁၂၁၅-ခုနှစ်တွင် မင်းတုန်းမင်းတရားကြီး သမုတ်တော်မူခဲ့သော သာသနာ့ မဏ္ဍိုသိမ်အနီးတွင် အောင်မြေဘုရားတည်ခဲ့ပါသည်။ အောင်မြေကျောင်းတိုက်အတွင်းတွင်တည်ရှိသဖြင့် အောင်မြေဘုရားဟု ခေါ်ကြပါသည်၊

Aungmyay Pagoda (Shwebo)

King Mindon, in memory of his succession to the throne of Mandalay built this pagoda in ME 1215.The shrine also stands in the courtyard of Aungmyay monastery in Shwebo.

မော်ဓေမြင်သာ (ခေါ်) မြို့ဒေါင့်စေတီ

စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်တွင်ရှိပါသည်။ ၁၁၁၉-ခုနှစ်တွင် ပန္နက်ချတည်ဆောက်ပြီး၊ ၁၂၁၀-ခုနှစ်တွင် ဌာပနာသွင်း ထီးတော်တင်လှူခဲ့ပါသည်။ ဤစေတီအား အလောင်းမင်းတရားသည် ပဲခူးဟံသာဝတီရှိ ရွှေမော်ဓေဘုရားပုံစံအတိုင်း တည်ထားခဲ့ခြင်းဖြစ်သည်။ ဉာဏ်တော် (၆၇)တောင် (၁)ထွာရှိပါသည်။ စေတီတော်အား မော်ဓေမြင်သာဟု ဘွဲ့တော်သတ်မှတ်ခဲ့ပါသည်။



Mawdaw Myintha (or) Myodaung Zedi

This is the pious work of King Alaungphaya, the founder of the 3rd Myanmar Kingdom, who built it in the same structural design as Shwe Mawdaw of Bago, which he had paid homage when he conquered the Mon City. The height of this pagoda is 101 feet and its *Htidaw* (umbrella) was hoisted in ME 1210.

Being built at the north-east corner of Shwebo City, the shrine is popularly known as Myodaung Zedi and a great festival is held there every year.



အညာသီဟတောဘုရား

ဤစေတီကို ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ ရောဝတီမြစ်အလယ်တွင် သပ္ပါယ်စွာ တည်ထားခဲ့ရာ ယနေ့တိုင် မင်းအဆက်ဆက်တို့ ကိုးကွယ်ခဲ့သည့် သမိုင်းဝင်ဘုရားတစ်ဆူဖြစ်ပါသည်။ သာသနာသက္ကရာဇ်(၂၁၈)ခုနှစ်တွင် ရောဝတီမြစ်ညာ (သီဟတောဘုမို့)ကုန်းတော်၌ ပါဠလိပုတ်ပြည်မှ ဂေါတမမြတ်စွာဘုရား ဓါတ်တော်မျှားအား သံတောင် (၄)တောင် (ဝါဖတ်ခြင်း) ပုံတော်စေတီကို စတင်တည်ထားခဲ့လေသည်။ သီရိဓမ္မသောကမင်း တည်ထားသောစေတီကို သက္ကရာဇ် (၄၇၇)ခုနှစ်၊ တပေါင်းလပြည့်၊ စနေနေ့တွင် အလောင်းစည်သူမင်းက သက်တော် (၃၂)နှစ်အတွက် ဉာဏ်တော် (၃၂) တောင် အမြင့်ရှိစေတီကို တည်ထားခဲ့သည်။ သီရိဓမ္မာသောကမင်းလက်ထက်က ဂေါတမမြတ်စွာဘုရား၏ သရီရဓာတ်တော်မွေတော် ကိန်းဝပ်နေသည် ဖြစ်သည်။ အညာသီဟတောဘုရားသည် မကြာခဏ ရောင်ခြည်တော်များ ကွန့်မြူးလျက်ရှိသည်။ ဘုန်းတော်၊ တန်ခိုးတော်၊ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသည့် ဗုဒ္ဓသက်တော်ထင်ရှား သပ္ပဲညူမြတ်စွာ ဘုရားအား ဥဒ္ဒိဿရည်မှတ်၍ ဖူးမြော်ကြပါလျှင် ပိတိအဟုံဟုံပြင့် တဒင်္ဂအေးချမ်းမှုသည် ထာဝရအေးချမ်းမှု၏ လမ်းစအကျိုးဆက်များ အာရုံခံစားသိမှတ် ပွားများနိုင်ကြပါသည်။

Anya Thihadaw Pagoda

Anya means upcountry and Thihadaw stands for the Lion's Forest, the name of the rocky island in the River Ayeyarwady, which belongs to Khin-U township of Shwebo district. It is not far from Tagaung and Male, known to be the earliest capitals of the Tagaung dynasty of Myanmar, in the upper reaches of the Ayeyawady. The Pagoda is said to have been built first by ancient Tagaung Kings in the year 325 BC enshrining Buddha's Relics brought from India. Then King Asoka's missionaries rebuilt it in 250 BC. Thirdly, King Alaung Sithu (1112-1167 AD) of Bagan dynasty rebuilt and raised it to a height of 48 feet on his 32nd birthday. It is well-known that the sacred relics enshrined in the pagoda very often emit cosmic rays of light to be revered by opportune pilgrims. Since early days, the pagoda festival held every year at this site was visited by Kings of Innwa and Mandalay going upriver on royal boats and barges.

စေတီတော်ကြီး(၂)ဆူ

ရေဦးမြို့နယ်၊ ဖလံခုံကျေးရွာအုပ်စု၊ ဖလံခုံကျေးရွာရှိ သိုးဘိုးကျောင်းအတွင်းတွင် တည်ရှိပါသည်။ မြောက်ဘက်ရှိ စေတီကြီး၏ ဘွဲ့တော်မှာ မဟာမုနိဖြစ်၍ အလှူရှင်မှာ နန်းမတော်မယ်နုဖြစ်သည်။ တောင်ဘက်ရှိစေတီမှာရွှေစည်းခုံဖြစ်၍ အလှူရှင်မှာ နန်းမတော်မယ်နု၏မောင် စလင်းမင်းသားကြီးဦးအိုဖြစ်ပါသည်။ မြောက်ဘက်ရှိ နန်းမတော်မယ်နု၏ မဟာမုနိစေတီတော်ကြီးမှာ သံတောင်(၁၀၀)မြင့်သည်။



Two Great Pagodas

Nanmadaw Mei Nu was a powerful queen during the reign of King Bagyidaw (1819-1837 AD) of Konbaung dynasty. She and her brother Salin Prince U Oh built these two great pagodas at their birth place, Phalankhon village of Ye-U township, Sagaing division. Maha Muni, the queen's pagoda, stands in the north of Thobo-monastery yard in the village, and it is 150 feet high. Shwesikhon, the prince U Oh's pagoda, stands in the south of the monastery.

ဖိုလ်ဝင်းတောင်

စစ်ကိုင်းတိုင်း၊ မုံရွာမြို့တစ်ဖက်ကမ်း၊ ညောင်ပင်ကြီးဆိပ်မှ (၁၄)မိုင်အကွာတွင် တည်ရှိသည်။ တောင်တန်းသည် ပေ(၉၅၀)ကျော်မြင့်သော တောင်စဉ်တောင်တန်းဖြစ်၍ တောင်ရိုး၏ အောက်တစ်ဖက် တစ်ချက်တို့တွင်လည်း မနက်လွန်းသော ချောက်ကမ်းပါးများ ကျောက်တုံးကြီးများရှိသည်။ သက္ကရာဇ်(၄၁၁)ခုနှစ်တွင် အနော်ရထာမင်းသည် မိမိ၏မဟာမိတ်မင်းဖြစ်သော မဟာဗန္ဓဝမင်းကြီးအား ရွှေစည်းခုံစေတီထီးတော်တင်ပွဲကို ဖိတ်ကြားခဲ့သည်။ ထီးတော်တင်ပွဲမှအပြန် ကျောက်သားပကတိပေါ်မှ ရုပ်ပွားဆင်းတုတော်နှင့် ဧဒဘီများတည်ထားကိုးကွယ်ရလျှင် သာသနာငါးထောင်မက တိုးတက်ရှည်ကြာစွာခိုင်မြဲမည်ဟု စိတ်အကြံဖြင့် ယခုဖိုလ်ဝင်းတောင်ပေါ်တွင် ဝဲဘက်၊ ယာဘက်တောင်ကမ်းပါးတစ်လျှောက် ရုပ်ပွားတော် အဆူပေါင်း (၄၄၄၄၄)ဆူကို တည်ထားကိုးကွယ်ခဲ့သည်။ မှုန်မတ်ဗိုလ်ပါ အားလုံး ဝိုင်းဝန်းဆောင်ရွက်သောကြောင့် ဗိုလ်ဝင်းတောင်၊ ညအခါ အလွန် ကြီးမားသော ပိုးစုန်းကြူးများ ဝင်းဝင်းတောက်လျက်ရှိသောကြောင့် ပိုးဝင်းတောင်၊ ဝိဇ္ဇာဇော်ကျိတို့ ထွက်ရပ်အတွက် ဖိုထိုးရာဖိုဝင်ရာဖြစ်၍ ဖိုဝင်တောင်ဟုလည်းကောင်း အမည်အသီးသီးခေါ်ဆိုခဲ့ကြပါသည်။



Pho - Win Taung (Mountain)

This enchanting range of hills is situated on the west bank of Chindwin river, opposite the busy, trading town of Monywa, about 14 miles away from a riverport village called Nyaungbingyi The hills are nearly a thousand feet high with slopes not so steep, but covered with rock formations

It is said, about the year 1059 AD, King Anawrahta of Bagan started building Shwezigon Pagoda and he invited his ally King Maha Bandawa of this northern hilly area to take part in the ceremony. On his return from Bagan, King Bandawa had an inspiration to build shrines and Images of Buddha along the rock walls of this hilly range, so that later generations might ever remember the Teachings of Buddha Thus the King with his nobles and military men all joined up to do the work The number of shrines and images they built then has said to have amounted to 44,444 Now this range of hills with dotted shrines is known by three names (1) Bo-Win Taung which means the shrines were built by the united effort of all people, (2) Poe Win Taung which says that its hillside by night seem to be lit up by swarms of glow-worms, and (3) Pho-win Taung which means this hillside is frequented by Zawgyis(men with super powers) who come to better their abilities




ရွှေဂူကြီးဘုရား

စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ မြေထူးမြို့တွင်ရှိပါသည်။ ကောဇာသက္ကရာဇ်-၅၄၀ခုနှစ်တွင် နရပတိစည်သူမင်းကြီး တည်တော်မူခဲ့ခြင်း ဖြစ်သည်။ နရပတိစည်သူမင်းကြီးသည် မြေထူးမြို့၏ အရှေ့တောင်ဘက် တာ(၂၀၀)ခန့်ကွာဝေးသောအရပ်တွင် ဘိုးတော်ကဠနမင်းကြီး တည်ထားခဲ့သော ရွှေဂူမြင့် (ခေါ်) ဂူတော်ကို ထပ်မံပြုပြင်၍ ထီးတော်အသစ်လဲခဲ့သည်။ ထိုကဲ့သို့ ပြုပြင်ပြီးလျှင် စကားသားအရင်းပိုင်း ရုပ်တုတော် ရုပ်တော်မူကြီးကို ဓာတ်တော်မွေတော်နှင့်တကွ ဌာပနာ၍ တည်ထားကိုးကွယ်တော်မူခဲ့၏။ ၎င်းရုပ်တုတော်ကြီးသည် အလွန်ထူးဆန်း၍ ကြည်ညိုဖွယ်ကောင်းပါသည်။

Shwe Gugyi Pagoda (Myedu)

This pagoda stands in Myedu, Kantbalu township, Sagaing division. It is a temple type work, originally done by King Kinsana of Bagan. In 1178 AD, his grandson King Narapati Sithu renovated it and hoisted a new *Htidaw*. A standing Image of Buddha, wonderfully carved out of a great trunk of Saga tree was also enshrined in the temple.



ရွှေမွတ်တောဘုရား

ကလေးမြို့၊ ရွှေမုဒ္ဒောစေတီတော်ကြီးသည် ချင်းတွင်းမြစ် နှင့် မြစ်သာဖြစ်ဆုံရာ ကြက်လျှာစွန်းရှိ တောင်ကုန်းပေါ်တွင် ဘုရားတော်အတောင်(၄၀)ခန့်ရှိသော သမိုင်းဝင်စေတီတစ်ဆူဖြစ်ပါ သည်။ သာသနာသက္ကရာဇ်(၂၂၅)ခုနှစ်၌ သီရိဓမ္မာသောက မင်းကြီး တည်ထားသည်ဟု ဆိုပါသည်။ မုဒ္ဒော(၉)ဆူ၊ ဂူ(၉)လုံးဟု စတင် ပန္နက်ချ၍ တည်ထားကိုးကွယ်ခဲ့ပါသည်။ ကောဇာသက္ကရာဇ် (၄၅၀)ပြည့်နှစ်၌ ပုဂံ အလောင်းစည်သူမင်းကြီးမှလည်းကောင်း၊ (၁၂၅၃) ခုနှစ် ရာဇဂြိုလ်သုံးမြို့၌ မင်းအဆက်ဆက် စော်ဘွားအဆက်ဆက်တို့မှလည်းကောင်း၊ ဆက်လက်မွမ်းမံတည်ထား ကိုးကွယ်ခဲ့ပါသည်။

Shwe Moat Htaw Pagoda (Kalemyo)

On a hill at the junction point of two rivers, Chindwin and Myittha, stands this historic Shwe Moat Htaw Pagoda of Kalemyo, Sagaing Division The initial shrine was said to be built by King Asoka in C 250 BC The records described that there were altogether 9 Moat Htaw shrines and 9 caves. But only this shrine is left standing today. King Alaungsithu of Bagan rebuilt it in C 1150 AD. The area around this Kalemyo was known in history as the Three Yazagyo (Raj Gihu) towns, administered in the King's name by a succession of Sawbwas Up to 1891 AD, this pagoda (60 feet high) was renovated and kept well by those Sawbwas

မြို့ချက်အောင်မြေစေတီ

စစ်ကိုင်းတိုင်း၊ ကလေးမြို့တွင်ရှိပါသည်။ လွန်ခဲ့သော နှစ်ပေါင်း(၆၀၀)ကျော်က တည်ထားခဲ့သော ရှေးဟောင်းဘုရားတစ်ဆူဖြစ်သည်။ ကောဇာသက္ကရာဇ်(၁၃၄၂)ခုနှစ်တွင် မြို့ချက် ကျောင်းဆရာတော် ဦးစန္ဒိမာက အောင်မြေကိုဖော်ထုတ်၍ ပြန်လည်ပြုပြင်ခဲ့သည်။



Myochat Aungmyay Pagoda

Situated in Kalemyo, Sagaing division. This ancient pagoda was built 600 years ago. In 1342 ME, it was renovated by Myochat monastery Sayadaw U Sandimar.

ရတနာပုံရွှေဘုံသာစေတီ

စစ်ကိုင်းတိုင်း၊ ကလေးမြို့တွင်ရှိသည်။ သက္ကရာဇ် ၂၁၈၃ခုနှစ်တွင် မြတ်စွာဘုရား၏ သရီရဓာတ်တော်များကိုဌာပနာ၍ သီရိဓမ္မာသောကမင်းကြီးက တည်ထားကိုးကွယ်ခဲ့သည်။ ထို့နောက် သက္ကရာဇ် ၄၅၄-ခုနှစ်တွင် အလောင်းစည်သူမင်းကြီးက ထပ်မံပြုပြင်ခဲ့သည်။ ကောဇာသက္ကရာဇ် ၁၀၅၈ခုနှစ်တွင် ကလေးမြို့စော်ဘွားက ထပ်မံပြုပြင်တည်ထားသည်။ သက္ကရာဇ် ၁၂၆၀-ပြည့်နှစ်၊ တပေါင်းလဆန်း (၁၅)ရက်နေ့တွင် နယ်သူနယ်သားများက ပြန်လည်ပြုပြင် ကြသည်။ စေတီတော်၏ လေးထောင့်ပတ်လည် အတိုင်းအတာသည် (၂၄၀)ပေရှိ၍ ဉာဏ်တော်(၇၀)ပေ (၆)လက်မရှိပါသည်။




Ratanapon Shwe Bontha Pagoda (Kalemyo)

This pagoda is situated in Kalemyo, Sagaing division. It was initially built by the missionaries of King Asoka of India. King Alaungsithu of Bagan period and Yazagyo Sawbwas of Konbaung period rebuilt it respectively. In 1898 AD, people of Kalemyo and other donors joined up to renovate it Now the pagoda's square base measures 240 feet and its height is 70 feet and 6 inches

မြသိန်းတန်စေတီတော်

သက္ကရာဇ် ၁၁၆၃-ခုနှစ်၊ တန်ခူးလပြည့်၊ ကြာသပတေးနေ့တွင် ဘကြီးတော်(စစ်ကိုင်းမင်း)တည်ခဲ့သည်။ စေတီပုံစံမှာ အဓိပ္ပါယ်လေးနက်ပြီး ဗိသုကာလက်ရာ ထူးခြားကောင်းမွန်သည်။ ဥာဏ်တော် (၃၂၁)ပေရှိပြီး အောက်ခြေမှ ထီပ်ဆုံးအထိ စက်ဝိုင်းပုံဖြစ်သည်။ ပရဝုဏ်တံတိုင်းပါရှိပြီး စက်ဝိုင်းပုံပင်ဖြစ်ပါသည်။ ဗိသုကာပုံစံမှာ အောက်ခြေမှ စက်ဝိုင်းပုံပစ္စယံများသည် အတွင်းသို့ တဖြည်းဖြည်း စုစည်းမြင့်တက်သွားပြီး သီတာခုနစ်တန်၊ တောင်ယံခုနစ်ထပ်၊ အာလိန်ငါးဆင့်တို့ဖြင့် တာဝတိံသာရှိ စူဠာမဏိစေတီ၊ မြင့်မိုရ်တောင်နှင့် စကြဝဠာတည်နေပုံကို ပေါ်လွင်အောင် ဖော်ညွှန်းထားသည်။ ထို့ပြင် စောင်းတန်းသုံးသွယ်နှင့် စေတီပတ်လည်၌ နတ်မှူးစစ်သည် (၃၃)ပါး ရုပ်တုများနှင့် ဗိမာန်များကိုပါ ထည့်သွင်းတည်ဆောက်ထားသည်။ မြန်မာသက္ကရာဇ် ၁၂၀၀-ပြည့်နှစ်တွင် မြေငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ရာ ၁၂၃၆-ခုနှစ်တွင် မင်းတုန်းမင်းကြီးက ပြန်လည်ပြုပြင်ခဲ့၍ ယခုလက်ရှိအနေအထားအတိုင်း တွေ့မြင်ရခြင်းဖြစ်သည်။



Mya Theindan Pagoda

The pagoda was first built by King Bagyidaw on Thursday, the fullmoon day of Tagu in 1163 ME. It was destroyed by the 1200 ME earthquake and rebuilt by King Mindon in 1236 ME as seen today.

မင်းကွန်းခေါင်းလောင်းကြီး

စစ်ကိုင်းမြို့၊ မင်းကွန်းပုထိုး တော်ကြီး အနီးတွင် တည်ရှိသည်။ ကမ္ဘာကျော် မင်းကွန်းခေါင်းလောင်းကြီးကို ကြေးပိသာချိန် ၅၅၅၅၅ ပိသာဖြင့် သွန်းလောင်းခဲ့သည်။ "မင်းဖြူ မှန်မှန်ပြော" ဟူသော စကားစုဖြင့် မှတ်တမ်းပြုထားလေသည်။



Mingun Bell

This great bell of world renown stands near the massive Mingun pagoda in the Sagaing Hills. Both are the merit works of King Bodaw (1781-1819 AD) of Konbaung dynasty. The bell was chiefly made of brass, with some other metals added, all weighing 55555 viss (about 80 tons). A cryptogram in Myanmar language "*Vin Phyu Hman Hman Pyaw*," tells the exact weight of the bell to later generations

ပဟိုရ်စည်တော်

မြန်မာသက္ကရာဇ် ၁၁၁၅-ခုနှစ်တွင် အလောင်းမင်းတရားကြီးသည် ရတနာသိမ်ယ်မြို့တော်ကို ဌာန(၇)ဌာန တစ်ပြိုင်တည်း တည်ဆောက်ခဲ့ရာ ပဟိုရ်စည်တော်အပါအဝင် ဖြစ်ပါသည်။ နန်းမြို့အရှေဘက်ထိပ် ရွှေးတော်ယူတံခါး၏ အတွင်းမြောက်ဘက်တွင် ပဟိုရ်စည်ကို ထီးထီးမတ်မတ် တည်ဆောက်ထား ပါသည်။ မုဆိုးဖိုရွာအရှေ့ဘက် ခရီး(၃)တိုင်ခန့် အကွာရှိ လုံးပတ်(၈) တောင်ရှိသော သရက်ပင်ကြီးကို ခုတ်ယူပြီး ပြုလုပ်ထားပါသည်။ စည်တော်မှာ အလျား(၉)တောင်၊ အရှေ့မျက်နှာဝ (၂)တောင်၊ အနောက်မျက်နှာဝ(၁)တောင်(၂)မိုက်၊ ကြေးစလောင်း အထူ(၁)မိုက်၊ လုံးပတ်(၆)တောင်ရှိပါသည်။ ကျွဲသားရေကို လွှမ်းခြုံကျစ်ထားပါသည်။



Bahosi (The Royal Drum of Shwebo)

When King Alaungphaya built the city of Shwebo (offical name :Ratana Theinga) in ME 1115, he constructed 7 sites simultaneously and this Royal Drum Spire was one of them. It stood just inside the Ywedawyu gate in the east of the palace yard. The drum was carved out of a big mango tree with its trunk 12 feet in girth. After completion. the drum measures 13.5 feet in length , the front face 3 feet in diametre and the back face 2 feet 4 inches. It is covered with buffalo hide and strings.

အလောင်းမင်းတရားကြီးအုတ်နန်းပြသာဒ်တော်

စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်တွင်ရှိသည်။ အလောင်းမင်းတရားကြီး၏ သချိုင်းတော်သည် ၁၈၉၈-ခုနှစ်က တည်ဆောက်ခဲ့ပြီး၊ လေးတိုင်စင်ပြသာဒ်ကလေးမျှသာဖြစ်သည်။ မူလသချိုင်းကို ပြန်လည် တူးဖော်ကာ ၁၉၄၂-ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ အလောင်းမင်းတရားကြီး၏ အုတ်နန်းပြသာဒ်သည် ယခုအချိန်တွင် ရွှေဘိုမြို့၊ စည်ပင်သာယာဈေးကြီး၏ အနောက်မြောက်ထောင့်တွင် ထူးခြားစွာတည်ရှိပါသည်။



King Alaungphaya Monument

It was constructed since 1898 AD with a simple 4-post turret.But in 1942, it was renovated and now it stands as a stately structure in the northwest corner of Central Market in Shwebo, Sagaing Division



ခေါင်းလောင်းတော်နှင့် ခေါင်းလောင်းစင်

စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်တွင်ရှိပါသည်။ မြန်မာသက္ကရာဇ် ၁၁၁၅-ခုနှစ်တွင် အလောင်းမင်းတရားကြီး တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဗဟိုစင်ပေါ်ရှိ ခေါင်းလောင်းတော်မှာ ရွှေ၊ငွေ၊ ကြေးဝါ ကြေးနီ၊ သွပ်၊ ကျွတ်၊ ခဲမြွှေဟူသော သတ္တု(၇)မျိုး ရောစပ်ပြုလုပ်ထားသည်။ အလေးချိန်(၃၃၃)ပိဿာ (၃၃)ကျပ်သား(၃)မူး ရှိသည်။ ခေါင်းလောင်း၏စာတမ်းမှာ -

"ဇေယျတု။ တစ်ရာ့တစ်ပါး၊ လူမျိုးများလည်း၊ ကျော်ကြား သတင်း၊ စောရန်ခွင်းကို မငြင်းမဆန်၊ ပုန်ကန်မဝံ့၊ စောင်မာန်ညှဲ၍ အလွန်ပတ်ကုန်း၊ ဇတ္တူလုံးကို ယူကြုံးပိုင်တော်မူစေသော်"ဟူ၍ ယခုခေတ်အရေးအသားဖြင့် ရေးသားထားခြင်းဖြစ်ပါသည်။ ၎င်း စာတမ်း၏ အောက်ခြေတွင် ခြသေ့၊ ကျား၊ ဆင်၊ နဂါးရုပ်များနှင့် အင်းအိုင်ဂါထာမန္တာန်များ ရှိပါသည်။

The Bell of Shwebo

This great bell and the bell-tower was made by King Alaungphaya who founded the third Myanmar Kingdom in 1752-1770 AD. Shwebo was his native town. It is said the King used seven metals to make the bell such as brass, copper, gold, silver, zinc, lead and tungsten. Its weight has all the 3 numbers 333 viss, 33 ticals and 3 mus. On the bell were engraved the pictures of lions, tigers, elephants and dragons, and also some words of mystic incantation.



အုတ်ကျောင်းတော်ကြီး

၁၁၈၁-၁၁၉၉ခုနှစ်တွင် ဘကြီးတော် စစ်ကိုင်းမင်းလက်ထက် စလင်းမင်းသားကြီးဦးအို၏ ဘကြီးတော် ဦးတေ (နေမျိုး/သီဟသူရ ဘွဲ့ခံ)သည် ရေဦးမြို့နယ်၊ မြင်းပေါက်ကျေးရွာအုပ်စု၊ ဝက်ဖိုးကျေးရွာနှင့် မြင်းပေါက်ကျေးရွာ နှစ်ရွာကြားတွင် အုတ်ကျောင်းကြီးတစ်ဆောင်ကို တည်ဆောက်ခဲ့သည်။ ယင်းဦးတေ၏ အုတ်ကျောင်းတော်ကြီးသည် အင်းဝခေတ်တွင် နန်းမတော်မယ်နတည်ဆောက်ခဲ့သည်။ ယင်း ဦးတေ၏ အုတ်ကျောင်းတော်ကြီးသည် အင်းဝခေတ်တွင် နန်းမတော်မယ်နတည်ဆောက်ခဲ့သော မဟာအောင်မြေဘုံစံ၊ အုတ်ကျောင်းတော်ကြီးပုံစံအတိုင်း တည်ဆောက်ခဲ့သည်။ အုတ်ကျောင်း၏ အရွယ်ပမာဏ၊ အကြီးအသေးသာ ကွာခြားသည်။ မိဖုရားခေါင်းကြီး မယ်နု၏အုတ်ကျောင်းထက် သာလွန်ကြီးမားသော အုတ်ကျောင်းကို ဆောက်လုပ်ခွင့်မရှိသဖြင့် ပမာဏသေးငယ်သော အုတ်ကျောင်းကိုသာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

Ok-Kyaungdawgyi (The Great brick monastery)

It stands between two villages named Weffoe and Myinpauk, in Ye-U township of Sagaing division The donar was U Tay, an uncle of Salin Prince U Oh who was the brother -in-law of King Bagyidaw (1819-1837) This monastery was built in the same design as that of Queen Mei Nu's monastery but somewhat smaller, according to the royal sanctions of the day.

မဟာနန္ဒာကန်တော်

မြန်မာသက္ကရာဇ်(၁၁၁၅)ခုနှစ်၊ ပထမဝါဆိုလဆန်း (၆)ရက်၊ ဗုဒ္ဓဟူးနေ့တွင် အလောင်းမင်းတရားကြီးသည် ရတနာသိမ်ယမြို့တော်ကို ဌာန(၇)ဌာနတမြိုင်တည်း ပန်းကျ၍ တည်ဆောက်ခဲ့ရာတွင် မဟာနန္ဒာကန်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ မြို့၏မြောက်ဘက်၌ စိုက်ပျိုးရေးနှင့် မြို့တော်ရေသုံးရေးအတွက် ရည်ရွယ်၍ မဟာနန္ဒာကန်ကြီးကို တူးဖော်ခဲ့သည်။ ကန်ဘောင်အလျား(၂၂၀၀၀)တာရှိပြီး၊ ချောင်းပေါင်း(၉၉)ချောင်းတို့မှ ရေများစီးဝင်ခဲ့သည်ဟု အဆိုရှိသည်။ အလောင်းမင်းတရားကြီးသည် သက္ကရာဇ်(၁၁၂၀)ခုနှစ်တွင် မူးမြစ်မှ တူးမြောင်းဖေါက်ပြီး မဟာနန္ဒာကန်သို့ ရေသွင်းခဲ့သည်။ ယခုအခါ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် မူးမြစ်တွင် ကင်းတပ်ရေလွှဲတမံဆည်ကြီးတည်ဆောက်၍ ယခင်တူးမြောင်းအဟောင်းကိုပင် အသုံးပြုကာ မဟာနန္ဒာကန်အတွင်းသို့ ရေသွင်းပြီး လယ်မြေများအား ရေရရှိစေခဲ့သည်။



Maha Nanda Lake

The Maha Nanda Lake was included in one of the facilities when King Alaung Mintaya built the Yadana Theinga Royal City on 6th waxing day of the first Waso in 1115 Myanmar Era. The City had seven districts. Located in the north of Yadana Theinga Royal City, the lake was built to supply water for cultivation and to supply running water for the City. According to the historical records, 99 creeks flowed into the lake which had a roundabout 36.666 feet long embankment. In 1120 ME, the King built a canal to irrigate water from Mu River to the lake. The State Law and Order Restoration Council built the Kindat Diversion Dam on Mu River and repaired the old canal to supply water to the Lake.

ရေကန်တော်ကြီး

၁၁၈၅-ခုနှစ်ခန့်က ဘကြီးတော်စစ်ကိုင်းမင်း လက်ထက်တွင် စလင်းမင်းသားကြီး ဦးဘိုနှင့် မယ်မင်းသာ (သီရိရတနာ သာမာဝတီ)တို့က တူးဖော်ထားသော ရေကန်တော်ကြီးဖြစ်ပါသည်။



Yaykandawgyi (Great Royal Lake)

During the reign of King Bagyidaw of Sagaing, the lake was dug by Salin prince U Oh and Met Mintha (Thiriyadanathamawady) in 1185.

စစ်ကိုင်းတံတား

မြန်မာနိုင်ငံတွင် ထင်ရှားသောတံတားဖြစ်ပြီး၊ အမြင့်(၁၀၂)ပေ၊ အရှည်(၃၉၄၈)ပေ ရှိသည်။ တံတားကြီးကို ၁၉၃၄ခုနှစ်၊ ဇန်နဝါရီလ (၂)ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ ထိုတံတားကြီးသည် (၇၂၄)မိုင်ရှည်သော ရန်ကုန်မှ မြစ်ကြီးနား မီးရထားလမ်းခရီးကို တောက်လျှောက် သွားနိုင်အောင် ဆက်သွယ်ပေးထားသောတံတားဖြစ်၍ အလွန်အရေးပါသော တံတားကြီးဖြစ်ပါသည်။



Sagaing Bridge

The bridge is 3948 feet long and 102 feet high and famous in Myanmar. It was opened on 2 January, 1934, linking the 724 mile railway line between Yangon and Myitkyina.

မိုးညှင်းသမ္မုဒ္ဓေဘုရား (မုံရွာမြို့)



Moe Nhyin Thanbuddhay Pagoda (Monywa)

ကျောက်ကာ ရွှေဂုနိဘုရား (မုံရွာမြို့နယ်)



Kyaukka Shwe Guni Pagoda (Monywa)



ဟောဓိတစ်ထောင် (မုံရွာမြို့နယ်)

A Thousand Buddha Images (Monywa)



မဟာလယ်တီကျောက်စာတိုက်ကြီး



The Library of Maha Leiti Stone Scriptures

လယ်တီကျောက်စာများ



Maha Leiti Stone Scriptures

မဟာရွှေစည်ကြိုးစေတီတော် (ကန့်ဘလူမြို့)



Maha Shwe Sigyi Pagoda (Kantbalu Township)

တံခွန်တိုင်နှင့်ခေါင်းလောင်း



The Banner pole & Bell

သာသနာ့ဗိမာန်တော်ကြီး(မဟာရွှေစည်ကြိုးစေတီ)



Sasana Beikman (Maha Shwe Sigyi)

နှစ်ကိုယ်ရှစ်ဆူဘုရားများ(မဟာရွှေစည်ကြီးစေတီ)



Twenty-eight Buddha Images

သိမ် (မဟာရွှေစည်ကြီးစေတီ)



Ordination Hall (Maha Shwe Sigyi)

မဟာမုနိ(မဟာရွှေစည်ကြီးစေတီ)



Mahamuni Buddha Image

ကုန်းမြတ်ကြီးဘုရား (ရင်းတော၊ ဝက်လက်မြို့နယ်)



Konmyat Gyi Pagoda (Yindaw, Wetlet Township)

ဟန်လင်းရွှေဂူကြီးဘုရား(ဝက်လက်မြို့နယ်)



Hanlin Shwe Gugyi Pagoda (Wetlet Township)

ဆင်းကွတ် ရွှေဂုံကြီးဘုရား (ဝက်လက်မြို့နယ်)



Sinkut Shwe Gugyi Pagoda (Wetlet Township)

မုဆိုးချို ဆုတောင်းပြည့်ဘုရား (ဝက်လက်မြို့နယ်)



Muso Chon Pagoda

သက်တော်ရှည်ဘုရား



Thettawshay Pagoda

သက်တော်ရဘုရား



Thettawya Pagoda

တတိုင်းမြင်ဘုရား




Tataingmyin Pagoda

ကွမ်းစင်တိုင်ဘုရားကြီး



Kunsintaing Pagoda

အာယုဂဇနအာဘယစေတီ (ဝက်လက်မြို့နယ်)



Ayugazana Abaya Pagoda (Wetlet Township)

ဟံလင်းရွှေဂုသာစေတီ (ဝက်လက်)



Han Lin Shwe Gutha Pagoda (Wetlet)

ဟံလင်းရွှေဂူကြီးစေတီ



Han Lin Shwe Gugyi Pagoda

ဟံလင်းရွှေအင်ပင်စေတီ



Han Lin Shwe Inpin Pagoda

ရွှေမန်းတောစေတီ



Shwe Mandaw Pagoda (Wetlet)

ဟံလင်းရွှေဖောင်ဦးစေတီ



Han Lin Shwe Phaung Oo Pagoda

မင်းကွန်းပုထိုးတော်ကြီး



The Great Mingun Temple

ဟန်လင်းကျေးရွာရှိ ရှေးဟောင်းစေတီပုထိုးများ



Ancient Pagodas in Hanlin Village

ရွှေသာလျောင်းဘုရားကြီး



Shwe Thahlaung Phayagyi (The Reclining Buddha Image)

မိဖုရားဝုဒအတွင်း လျောင်းတော်မူ



The Reclining Buddha Image inside Queen's Cave

ရှေးပျူခေတ်ကျောက်စာတိုင်



Ancient Stone Inscriptions of Pyu era

ရေပူ၊ ရေအေးတွင်းများ (ဟန်လင်းကျေးရွာတွင်ရှိသည်။)



Hot & Cold Wells (Han Lin Village)

ဘေးမဲ့တောကြီး(ရိုမ္မကားကျေးရွာ) မင်းတုန်းမင်းတရားကြီးမှ စာချုပ်လွှာဖြင့် သတ်မှတ်ခဲ့သည်။



Sanctuary (Sheinmaka Village)

တွင်းတောင်၊ ဘုတလင်မြို့နယ် (မုံရွာခရိုင်)



Twintaung (Crater-like Lake) in Butalin Township

ယွန်းထည်လုပ်ငန်း(ကျောက်ကာရွာ၊ မုံရွာ)



Lacquerware Industry (Kyaukka Village, Monywa)

ကျောက်မြောင်းအိုးလုပ်ငန်း(နွယ်ငြိမ်းရွာ၊ ရွှေဘိုမြို့နယ်)



Pottery Industry (Shwe Bo)

စဉ့်အိုးများ ချော်ရည်သုတ်လုပ်ငန်း



Glazing Pottery

ရောဝတီမြစ်ရှုခင်း




Scenic View on Ayeyawady

မကွေးတိုင်း

Magway Division

မကွေးတိုင်း



မကွေးတိုင်း

နယ်နိမိတ်

၁။ မကွေးတိုင်းသည် မြန်မာနိုင်ငံအလယ်ပိုင်းတွင်တည်ရှိ၍ မြောက်လတ္တီတွဒ် ၁၈ဒီဂရီ ၅၅မိနစ်နှင့် ၂၂ဒီဂရီ ၃၀ မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ် ၉၃ဒီဂရီ ၅၅မိနစ်နှင့် ၉၅ ဒီဂရီ ၅၀မိနစ်အတွင်း တည်ရှိသည်။ မြောက်ဘက်တွင် စစ်ကိုင်းတိုင်း၊ အရှေ့ဘက်တွင် မန္တလေးတိုင်း၊ တောင်ဘက်တွင် ပဲခူးတိုင်း၊ အနောက်ဘက်တွင် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်တို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိသည်။ အကျယ်အဝန်း စတုရန်းမိုင်ပေါင်း(၁၇၃၀၅. ၃၂)ကျယ်ဝန်းပြီး၊ တောင်မြောက်ရှည်လျား၍ အရှေ့အနောက်ကျဉ်းမြောင်းသည်။

မြေမျက်နှာသွင်ပြင်

၂။ မကွေးတိုင်းအလယ်ပိုင်း ဧရာဝတီမြစ်ဝှမ်းတစ်လျှောက်သည် မြေနိမ့်ဒေသဖြစ်၍ အနောက်ဘက်ပိုင်းနှင့် အရှေ့တောင်ပိုင်းတွင် ကုန်းမြင့်တောင်တန်းများရှိသည်။ အထူးသဖြင့် အနောက်ဘက်ပိုင်း၌ တောင်ကုန်းထူထပ်သည်။ အနောက်မြောက်ပိုင်းတွင် မြောက်မှတောင်သို့ သွယ်တန်းနေသော ပုံတောင်ပုံညာ တောင်များရှိ၍ ပေ(၃၀၀၀)ကျော်မျှ မြင့်မားသည်။ ရခိုင်ရိုးမသည် မကွေးတိုင်းနှင့် ရခိုင်ပြည်နယ်အကြား နယ်နိမိတ်အဖြစ် တည်ရှိသကဲ့သို့ ပဲခူးရိုးမသည် မကွေးတိုင်းနှင့် မန္တလေးတိုင်းအကြား နယ်နိမိတ်အဖြစ်တည်ရှိသည်။ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်သည် ရေစကြိုမြို့အနီးတွင် ပေါင်းဆုံကြသည်။ ဧရာဝတီမြစ်မှာ အဓိကမြစ်ကြီးဖြစ်ပြီး၊ မြစ်အတွင်းစီးဝင်သော ထင်ရှားသည့်ချောင်းများမှာ ယောချောင်း၊ စလင်းချောင်း၊ မုန်းချောင်း၊ မန်းချောင်း၊ မင်းတုန်းချောင်းတို့ဖြစ်ကြသည်။

ရာသီဥတု

၃။ မကွေးတိုင်း၏ ဒေသအများစုသည် အလယ်ပိုင်းမိုးနည်းရေရှားရပ်ဝန်းတွင် ကျရောက်သဖြင့် နွေဥတုတွင်ပူပြင်းပြီး၊ ဆောင်းဥတု၌ အေးသည်။ အပူဆုံးလဖြစ်သော ဧပြီလ၏ ပျမ်းမျှအပူချိန်မှာ ၉၀ဒီဂရီဖာရင်ဟိုက်ခန့်ရှိပြီး၊ နွေခင်းပိုင်းအပူချိန်မှာ ၁၀၀ဒီဂရီဖာရင်ဟိုက်မှ ၁၁၀ဒီဂရီဖာရင်ဟိုက် အတွင်းရှိသည်။ မကွေးမြို့၏ နွေခင်းအပူချိန်မှာ တစ်ခါတစ်ရံ ၁၁၀ဒီဂရီဖာရင်ဟိုက်ထက်ပင် ပိုတတ်သည်။ အအေးဆုံးလဖြစ်သော ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်မှာ ၇၀ဒီဂရီဖာရင်ဟိုက်ခန့်ရှိပြီး၊ အနိမ့်ဆုံးအပူချိန်မှာ ၅၀ဒီဂရီဖာရင်ဟိုက်ခန့်ရှိသည်။ မကွေးတိုင်းအတွင်းရှိ စလေ၊ ချောက်၊ ပခုက္ကူစသည့် မြို့များသည် မြန်မာနိုင်ငံ၌ မိုးရေချိန်နည်းသော ဒေသများဖြစ်သည်။ ၎င်းဒေသများ၏ ပျမ်းမျှမိုးရေချိန်သည် ၂၂ လက်မမှ ၂၇လက်မအတွင်းသာ ရှိသည်။ မိုးရေချိန်အများဆုံးရရှိသောအပိုင်းမှာ အနောက်ဘက်ကုန်းမြင့် တောင်တန်းဒေသဖြစ်ပြီး၊ နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၄၀ မှ ၆၀လက်မအတွင်း ရရှိသည်။ နှစ်စဉ်မိုးရေချိန်မှာ မှန်ကန်မှုမရှိပေ။ မိုးနည်းသောနှစ်များ၌ ပျမ်းမျှမိုးရေချိန်ထက် လျော့နည်းသွားတတ်သည်။ မိုးအများဆုံးရွာသွန်းသောကာလများမှာ ၇နှင့်၈ကတ်တင်ဘာလများဖြစ်ပြီး၊ ၎င်းနှစ်လကြား၌ မိုးနည်းသွားတတ်သည်။

လူမျိုး၊ ဘာသာစကား

၄။ မကွေးတိုင်းတွင် ဗမာလူမျိုးအများဆုံးနေထိုင်ကြပြီး၊ အနောက်ဘက်တောင်တန်းဒေသများတွင် အရိုချင်းများနေထိုင်ကြသည်။ မြေပြန့်ဒေသဖြစ် သော မင်းတုန်း၊ သရက်၊ မြေထဲ၊ တောင်တွင်းကြီးမြို့နယ်များတွင် အရိုချင်းအနည်းငယ်ကိုသာ တွေ့ရသည်။ မြန်မာစကားကို အများဆုံးသုံးပြီး၊ တိုင်းရင်းသားများမှာ ချင်းဘာသာစကား ပြောဆိုသုံးနှုန်းကြသည်။

ဘာသာရေးကိုးကွယ်ယုံကြည်မှု

၅။ ဗမာလူမျိုးအများစု နေထိုင်ကြသော တိုင်းဖြစ်၍ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည် ကိုးကွယ်ကြပြီး ၊ တိုင်းရင်းသားအများစုမှာ ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြသည်။

လူဦးရေ

၆။ မကွေးတိုင်းတွင် လူဦးရေ (၄,၃၀၁,၀၀၀)ဦး ရှိသည်။

MAGWE DIVISION

Boundary

1. Magwe Division is situated in the middle of Myanmar between North Latitude 18° 55', 22° 30' and between East Longitude 93° 55' and 95° 50'. It borders Sagaing Division on the north ,Mandalay Division on the east,Bago Division on the south and Rakhine and Chin states on the west . It has an area of 17305.32 square miles and the division is long from north to south and narrow from east to west.

Physical feature

2. Along the Ayeyarwady valley in the middle of Magwe Division is the lowland and on the west and the southeast are plateau and ranges. Especially on the west are rugged terrains. On the northwest are Pondaung and Ponnya ranges lining up from north to south. These ranges are as high as over 3,000 feet. Rakhine Yoma range serves as border between Magwe Division and Rakhine State while Bago Yoma range serves as border between Magwe and Mandalay Divisions. Ayeyarwady and Chindwin Rivers joined near Yezagyo. The well-known streams, namely Yaw, Salin, Mone, Mann and Mindon flow into the Ayeyarwady.

Climate

3. As the major part of Magwe Division is in the central dry zone it is rather hot in summer and cold in winter. The hottest month of April has an average temperature of 90°F and its afternoon temperature is between 100°F and 110°F. It sometimes rises to more than 110°F. The coldest month of January has an average temperature of 70°F and minimum temperature is 50°F. Townships in Magwe Division such as Salay, Chauk and Pakokku are places which get lowest rainfalls in Myanmar. Average annual rainfall of that area is between 22" and 27". Highest rainfall is in western plateau area and average annual rainfall is between 40" and 60". Annual rainfall in the area is not regular. When rainfails received less it goes down under average annual rainfall. During the period from June to September it receives more rainfalls.

Race and Language


4. In Magwe Division, majority are Bamar and on the western plateau live Ahshoe Chins. Myanmar Language is mostly spoken and Chin Language is spoken by nationals residing in the area.

Religion

5. As the division is inhabited by majority Bamar they are mostly Buddhists while others mostly profess Christianity.

Population

6. Magwe Division has a population of 4,301,000.



မြသလွန်စေတီတော်မြတ်ကြီး (မကွေးမြို့)

Mya Thalun Pagoda (Magway)

စလင်းမြို့နယ်ရှိ ရွှေပြည်အေး (ကုသိနာရုံ)ဘုရား

စလင်းမြို့၏ အဓိကရကျော်စော ထင်ရှားသော ရှေးဟောင်းသမိုင်းဝင် ဘုရားတစ်ဆူဖြစ်ပါသည်။ အညာဒေသ၏ (၁၂)လရာသီ ပွဲတော်တွင် အပါအဝင်ဖြစ်ပြီး၊ နှစ်စဉ် ကဆုန်လတွင် ဘုရားပွဲပြုလုပ်ကျင်းပပါသည်။ ယင်းပွဲတော်တွင် မြန်မာ့ရိုးရာ နွားလှည်းပြိုင်ပွဲများ ကျင်းပလေ့ရှိပါသည်။ ပွဲတော်ဈေးတွင် စလင်း၊ စေတုတ္တရာ၊ ပွင့်ဖြူမြို့နယ်များက တစ်နှစ်စာဆေးရွက်၊ ထန်းလျက်၊ ငါးပိငါးခြောက်များကို ရှေးယခင်ကလှည်းအစီးပေါင်းထောင်ကျော်ဖြင့် လာရောက်ဝယ်ယူကြောင်းသိရပါသည်။



Kuthinayon Pagoda (Salin Township)

When Buddha was about to pass away, He chose to breathe last at this site of Kuthinayon, a forested area with Ingyin trees near the Kingdom of Mala.Though an unknown wood then, it had been Buddha's native place for six times in His previous existences when He was the king of kings at each time. Its ancient name was Kuthawady city. This Kuthinayon pagoda of Salin is built in memory of Buddha's choice and pilgrims can see paintings and scriptures of the life of Buddha, done by the famous artist U Chit Myei of Mandalay. Every year in May, a festival, inclusive of bull-beauty contests and bullock-cart race is held. Salin on itself is an ancient city among irrigated ricefields in the north of Minbu district, central Myanmar.

ပခန်းဦးမင်းကျော်နတ်

ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်အပိုင် ချင်းတွင်းမြစ် အနောက်ဘက်ကမ်း ပခန်းငယ်တွင် ဦးမင်းကျော်နတ်စံမြန်းသည့် နတ်နန်းရှိပြီး ၎င်းအရပ်တွင် နှစ်စဉ်တပေါင်း လဆန်း(၁)ရက်နေ့မှ (၁၅)ရက် လပြည့်နေ့အထိ (၁၅)ရက်တိုင်တိုင် နတ်ပွဲကျင်းပသည်။ မြန်မာနိုင်ငံတွင် နတ်ယုံကြည် ကိုးကွယ်မှုများရှိပြီး (၃၇)မင်းနတ်များဟု ထင်ရှားခဲ့သည်။ ၎င်းနတ်များတွင် ပခန်းဦးမင်းကျော် (ခေါ်) မင်းကျော်စွာနတ်သည် ထင်ရှားသောနတ်ဖြစ်သည်။ မြန်မာနိုင်ငံအရပ်ရပ်မှ နတ်နေ နတ်ထိန်းများ အားလုံးလိုလိုလာရောက် ကန်တော့ကြသည့်ပွဲဖြစ်ခြင်းကြောင့် မန္တလေးမှ တောင်ပြုန်းပွဲတော်ကဲ့သို့ အလွန်စည်ကားသောနတ်ပွဲဖြစ်သည်။



Pakhan U Min Kyaw Nat

There is still another popular Nat festival held at Pakhamge village, in Yezagyo township on the west bank of the Chindwin river. The occasion is meant for U Min Kyaw alias Min Kyaw Zwa Nat. Among the famous 37 Nats of Myanmar, U Min Kyaw is quite outstanding for his jocular manners and drinking bouts. The festival is held for 15 days in March every year, attended by all worshippers.

မင်းဘူးခရိုင်၊ မင်းဘူးမြို့နယ်မှနဂါးပွက်တောင်

နဂါးပွက်တောင်မှာ ဘူမိဗေဒအမည်အရ သက်ရှိခွံ့မီးတောင်ဟောင်းတစ်ခုဖြစ်ပြီး၊ စတင်ဖြစ်တည်မှု သက်တမ်းမှာ ခန့်မှန်းခြေ နှစ်(၁၀၀)ကျော်ခန့်ရှိပါသည်။ မြန်မာတို့၏ ယုံကြည်ကိုးကွယ်မှုအရ နတ်နဂါးစောင့်သောတောင်ဟု ယုံကြည်မှုရှိပါသည်။



The Nagapwet hillock in Minbu Township, Minbu District

The Nagapwet hillock is a dormant volcano as prescribed by the geologists. This dates back to over a century in estimation. It is believed by traditional Myanmar that this hillock is guarded by the guardian spirits.



ဆောမြို့နယ်ရှိ မြန်မာ့ရိုးရာရေမောင်း

၁၉၂၅-ခုတွင် ဆောမြို့သား ဦးသာအုံက ကလေးမြို့သို့ သွားရောက်ရာမှ အပြန်နည်းရခဲ့ပြီး စတင်တည်ဆောက်အသုံးပြုခဲ့ပါသည်။ ပုံမှန်(၆)မောင်းထောင်းနိုင်ပြီး၊ ရေအားကောင်းချိန်၌ တစ်နေ့လျှင် စပါးတင်း(၂၀)ခန့် ထောင်းနိုင်ပါသည်။ မိုးတွင်းကာလတွင် ရေစီးနှင့် မျှောပါနိုင်သဖြင့် တစ်စစီဖြုတ်၍ သိမ်းထားသည်မှအပ ကျန်ကာလများတွင် ပုံမှန်လုပ်ငန်းလုပ်ဆောင်လျက်ရှိပါသည်။



Myanmar traditional wooden hydro-power rice polishing machine (Hsaw Township)


U Tha On of Hsaw got an idea to build a Myanmar traditional wooden hydro-power rice polishing machine when he visited Kalay in 1925. Normally, it could operate six rice polishing machines. It could produce up to 20 baskets of rice a day during the times the current was strong. The machine was disconnected and kept in a safe place during the rainy season. Except in the rainy season, it could polish rice the whole year.

တန့်ကြည့်တောင်ဘုရား



Tant Kyi Hill Pagoda

စန္ဒကူးနံ့သာ ကျောင်းတော်ရာဘုရား



Sandal-wood Kyaungtawya Pagoda

သီဟိုဠ်ရှင်မြတ်စွာဘုရား(ပခုက္ကူမြို့)



Thiho Shin Buddha Image (Pakokku)

ရွှေမုတ်ဆိုးစေတီတော်(ပခုက္ကူ)



Shwe Muhtaw Pagoda (Pakokku)

အထက်မန်းရွှေစက်တော်ရာစေတီ



Upper Mann Settawya stupa

အောက်မန်းရွှေစက်တော်ရာရှိ ခြေတော်ရာ



Lower Mann Settawya (Buddha's Footprint)

အထက်မန်းရွှေစက်တော်ရာ



Temporarily built guest houses during Mann Settawya Pagoda festival

အောက်မန်းရွှေစက်တော်ရာ



Lower Settawya Pagoda

မြသလွန်စေတီတော်နှင့်ရောဝတီမြစ်ရှုခင်း



Mya Thalun Pagoda on the back of Ayeyawady river

ရွှေမှတ်တော်ဘုရား




Shwe Mudaw Pagoda

ရောဝတီတိုင်း

Ayeyawady Division

ဧရာဝတီတိုင်း



ရောဝတီတိုင်း

နယ်နိမိတ်

၁။ ဧရောဝတီတိုင်းသည် မြန်မာနိုင်ငံအလယ်ပိုင်း ချိုင့်ဝှမ်းကြီး၏ တောင်ဘက်ဆုံးတွင် တည်ရှိသည်။ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၀မိနစ်နှင့် ၁၈ဒီဂရီ ၃၀ မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၅မိနစ်နှင့် ၉၆ဒီဂရီ ၀၅မိနစ်အတွင်းတည်ရှိသည်။ အနောက်မြောက်ဘက်တွင် ရခိုင်ပြည်နယ်၊ မြောက်ဘက်တွင်ပဲခူးတိုင်း၊ အရှေ့ဘက်တွင် ပဲခူးတိုင်း၊ ရန်ကုန်တိုင်းတို့နှင့် ထိစပ်တည်ရှိသည်။ တောင်ဘက်နှင့် အနောက်ဘက်တွင် ကပ္ပလီပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော်တို့ အသီးသီးရှိကြသည်။ ဧရိယာအများစုမှာ ဧရောဝတီမြစ်ဝကျွန်းပေါ်ဒေသဖြစ်ပြီး၊ အကျယ်အဝန်း စတုရန်းမိုင်ပေါင်း ၁၃၅၆၆. ၅၉၃ ကျယ်ဝန်းသည်။

မြေမျက်နှာသွင်ပြင်

၂။ ဧရောဝတီတိုင်း၏ နောက်ဘက်ဆုံးအပိုင်းရှိ ရခိုင်ရိုးမဒေသမှအပ ကျန်အစိတ်အပိုင်းများသည် မြေနိမ့်မြေပြန့်များဖြစ်သည်။ တိုင်း၏ မြောက်ပိုင်းတွင် ရခိုင်ရိုးမသည် ဧရောဝတီတိုင်းနှင့် ရခိုင်ပြည်နယ်ကြား နယ်နိမိတ်အဖြစ်တည်ရှိသည်။ ဤအပိုင်းတွင် ရခိုင်ရိုးမ၏အမြင့်ပေသည် ပေ(၁၅၀၀)မှ (၃၀၀၀)အတွင်းရှိပြီး၊ တောင်ဘက်ပိုင်းတွင် ရခိုင်ရိုးမသည် နိမ့်ဆင်းလာရာ အမြင့်ပေ(၅၀၀)နှင့် (၅၀၀)အောက်တွင်သာရှိသည်။ မော်တင်စွန်းသည် ရခိုင်ရိုးမ၏ တောင်ဘက်စွန်းဖြစ်သည်။ ဧရောဝတီမြစ်မှာ အဓိကမြစ်ကြီးဖြစ်ပြီး ပထမဆုံးမြစ်ခွဲမှာ အင်္ဂပူမြို့နယ်၊ ညောင်ကျိုးအနီးရှိ ငဝန်မြစ်(ဝါ)ပုသိမ်မြစ်ဖြစ်သည်။ မြစ်ဝကျွန်းပေါ်ပိုင်းတွင် မြစ်ခွဲ၊ ချောင်းခွဲများသည် ပိုက်ကွန်ကဲ့သို့ ယှက်ပြောစီးဆင်းလျက်ရှိသည်။ ဧရောဝတီမြစ်သည် ငဝန်၊ သက္ကယ်သောင်၊ ရွှေ၊ ပြန်မလော့၊ ပြင်စလူ၊ ဧရောဝတီ၊ ဘိုကလေး၊ ဖျာပုံ၊ သံဒိ၊ တိုးစသော မြစ်ခွဲများမှတဆင့် ပင်လယ်တွင်းသို့ စီးဝင်သည်။

ရာသီဥတု

၃။ ဧရောဝတီတိုင်းတောင်ပိုင်းသည် အပူပိုင်းမုတ်သုံရာသီဥတုရရှိပြီး မြောက်ပိုင်းသည် အပူပိုင်းဆားဗားနားရာသီဥတုမျိုး ရရှိသည်။ ဧပြီ၊ မေလများသည် အပူဆုံးလဖြစ်ပြီး၊ ဒီဇင်ဘာ၊ ဇန်နဝါရီလများသည် အအေးဆုံးလများဖြစ်သည်။ ဧပြီလ၏ ပျမ်းမျှအပူချိန်သည် တောင်ပိုင်းမြို့များ၌ ၈၅ဒီဂရီ ဖာရင်ဟိုက် ခန့်ရှိပြီး၊ မြောက်ပိုင်းမြို့များ၌ ပိုများသည်။ မေလအလယ်မှ အောက်တိုဘာလအထိ မိုးဥတုဖြစ်သည်။ မိုးရေချိန်သည် တောင်မှမြောက်သို့ နည်းသွားပြီး နှစ်စဉ်ပျမ်းမျှမိုးရေချိန်သည် ပုသိမ်မြို့၌ ၁၂၀လက်မခန့်ရပြီး၊ ဟသ်တမြို့၌ ၉၅လက်မသာရရှိသည်။ တစ်ခါတစ်ရံ ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်သော မုန်တိုင်းများသည် ဧရောဝတီတိုင်းအတွင်း ဝင်ရောက်လာတတ်သည်။

လူမျိုး၊ ဘာသာစကား

၄။ ဧရောဝတီတိုင်းတွင် ဗမာနှင့် ကရင်လူမျိုး အများဆုံးနေထိုင်ကြပြီး၊ ၎င်းတို့သည် လွှင်ပြင်များပေါ်၌ နေထိုင်ကြသည်။ ရခိုင်ရိုးမပေါ်၌ ချင်းလူမျိုး အနည်းငယ်နေထိုင်ကြသည်။ အနောက်ဘက်ကမ်းရိုးတန်းဒေသတွင် ရခိုင်လူမျိုးအနည်းငယ်နေထိုင်သည်။ မြန်မာစကားနှင့် တိုင်းရင်းသားရိုးရာစကားများ သုံးနှုန်းကြသည်။

ဘာသာရေးကိုးကွယ်ယုံကြည်မှု

၅။ ဗမာနှင့် ကရင်အများဆုံး နေထိုင်ကြသဖြင့် ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာကို သက်ဝင်ယုံကြည် ကိုးကွယ်ကြသူ အထူးများပြားသည်။

လူဦးရေ

၆။ ဧရောဝတီတိုင်းတွင် လူဦးရေ (၆၄၃၆၀၀၀)ဦးရှိသည်။

AYEYAWADY DIVISION

Boundary

1. Ayeyawady division is situated in the southernmost part of Central Valley of Myanmar, between North Latitude 15° 40' and 18° 30' and between East Longitude 94° 15' and 96° 05'. It borders Rakhine State on the northwest, Bago Division on the north and east and Yangon Division on the east. To the south and west of it lie Andaman Sea and Bay of Bengal respectively. Its deltaic region covers most of the Division. It has an area of 13566.593 square miles.

Physical feature

2. Except for Rakhine Yoma region on the westernmost part of Ayeyawady Division, the remaining areas are lowlands and plains. Rakhine Yoma on the north of the division serves as its border with Rakhine State. In this area the height of Rakhine Yoma is between 1,500 ft and 3,000 ft and as it lowers down to the south it is 500 ft and less. Cape Mawtin is the southern most part of Rakhine Yoma. Ayeyawady is the main river and the first confluence is Ngawun River or Pathein River near Nyaungkyo in Ingapu Township. In the delta are many confluence of Ayeyawady River in the forms of streams and riverlets flowing and spreading out like a net. So is flowing down into the sea in the forms of Ngawun, Thetkethaung, Ywe, Pyanmalok, Pyinsalu, Ayeyawady, Bogalay, Phyapon, Thandi and Toe rivers.

Climate

3. Southern part of Ayeyawady Division has tropical climate while the north has tropical savanah. April and May are the hottest and December and January the coldest. Average temperature in southern areas is about 85°F and it is higher in northern towns. From mid-May to mid-October is the rainy season. Rainfalls decrease from south to north and average annual rainfall is about 120" in Pathein and 95" in Hinthada. Sometimes cyclones, formed in Bay of Bengal, cross into Ayeyawady Division.

Race and Language

4 In Ayeyawady Division, Bamar and Kayins are the majority and they live in the plains. A few Chins live on Rakhine Yoma range. In the western coastal area live some Rakhine nationals. Languages spoken are Myanmar and other dialects.

Religion

5. As the majority includes Bamar and Kayins there are many Buddhists and Christians in the division.

Population

6. Ayeyawady Division has a population of 6,436,000.


လေးကျွန်းရန်အောင်ဖောင်တော်ဦးစေတီ

ခရစ်သက္ကရာဇ် ၁၁၁၅ ခုနှစ်တွင် ပုဂံဘုရင် အလောင်းစည်သူသည် မဇ္ဈိမဒေသသို့အသွား ခရီးတစ်ထောက်နားခိုက် ဖောင်တော်ဦး အမည်ဖြင့် ကိုးတောင်ပြည့်စေတီကို တည်ထားခဲ့ပါသည်၊ စေတီတော်အနီးရှိ ဝိဟာရဒေဝီ၏ ရေနောက်ကန်နှင့် မောင်ငယ်မြဟ္မဒေဝ မင်းသား တို့၏ ရေကြည်ကန်(၂)ကန်ကိုအစွဲပြု၍ ရေကြည်ရေနောက်ဘုရားဟုလည်း အသိများပေသည်၊



Laykyun Yan Aung Phaungdaw Oo Pagoda

Alaung Sithu, a Monarch of Bagan Dynasty, on his journey to the Majima region (the central India) in 1115 AD, stopped over at a place where he consecrated a 13 feet and 6 inches tall pagoda, which later came to be known as Phaungdaw Oo Pagoda. It is also known as Yaykyi Yaynauk Pagoda for it is situated near the Yaynauk Lake of Viherya Devi and the two Yaykyi Lakes of her younger brother Prince Brahma Deva.



ရွှေမုတ်ဆောဧတီတော်ကြီး

Shwe MuhtawPagoda (Pathein)



Pyidawbyan Man Aung Myin Buddha Image

မောင်တော်မင်းသား၏ ရေကြည်ကန် (လေးကျွန်းရန်အောင် ဖောင်တော်ဦးစေတီ)



Prince's Lake

အစ်မတော်မင်းသမီး၏ ရေနှောက်ကန် (လေးကျွန်းရန်အောင် ဖောင်တော်ဦးစေတီ)



Princess's Lake

နဂါးရုံဘုရား (လေးကျွန်းရန်အောင်ဖောင်တော်ဦးစေတီ)



Nagar Yone Pagoda

ပုသိမ်အရှေ့မြို့နယ်၊ ကန်ကြီးဒေါင့် လောကမုန်ကူဆုတောင်းပြည့်စေတီတော်



Lawkahmanku Pagoda (East of Pathein)

ရွှေဘုန်းမြင့်စေတီ (မအူပင်)



Shwe Phoe Myint Pagoda (Ma-U Pin)

တိလောကမာရဇိန်ဘုရားကြီး (ကျိုက်လတ်)



Tilawkamarazein Buddha Image(Kyaiklatt)

လောကမာရဇိန်သွန်းဘုရားကြီး (ညောင်တုန်းမြို့)



Law-Ka Marazain Buddha Image (Nyaung Done Township)

မော်လမြိုင်ကျွန်းမြို့ဘုရားကြီး



Phayargyi Buddha Image at Mawlamyaing Kyun

သကျမဟာသီရိဘုရားကြီး (ဝါးခယ်မမြို့)



Thetkya Maha Thiri Buddha Image (Wakema)

ပဉ္စမာရဇိန်ရွှေသာလျောင်း ရပ်ပွားတော်ကြီး (ဖျာပုံမြို့)



Pyinsa Marazein Shwe Thalyaung (The Reclining Buddha Image, Phyapon)

မော်တင်စွန်းဖောင်တော်ဦးစေတီ (မော်တင်စွန်း)



Phaungdaw Oo Zedi (Cape Mawtin)

မော်တင်စွန်းဘုရား



Cape Mawtin Pagoda

မော်တင်စွန်းဘုရား



Cape Mawtin Pagoda

ကျောက်ကလပ် (မော်တင်စွန်း)



Kyauk-kalat (Cape Mawtin)

ပသိမ်ထီးနှင့် ပသိမ်သူအလှ







Beauty of Pathein belle and Pathein parasol

ချောင်းသာကမ်းခြေအလှ



Scenic View of Chaung Tha Beach

ချောင်းသာကမ်းခြေ ဆည်းဆာအလှ



Sunset View of Chaung Tha Beach

စစ်သူကြီးမဟာဗန္ဓုလ (ဓနုဖြူ)

အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ (၁၈၂၄ ခုနှစ်)တွင် မြန်မာ့တပ်မတော်ကို ဦးဆောင်ခဲ့သော စစ်သူကြီးဖြစ်သည်။ စစ်သူကြီး မဟာဗန္ဓုလ ဦးဆောင်ခဲ့သော ပန်းဝါတိုက်ပွဲသည် နာမည်ကြီးသည်။ ရခိုင်စစ်မြေပြင်မှ ရန်ကုန်စစ်မြေပြင်သို့ ချီတက်ခဲ့မှုမှာ ကမ္ဘာတွင် စံတင်လောက်သော အံ့မခန်းသည့် စစ်ချီစစ်တက်မြန်ဆန်မှုဖြစ်ကြောင်း မှတ်တမ်းတင်ခဲ့သည်။ မဟာဗန္ဓုလ၏ သတ္တိ၊ ဗျတ္တိ၊ စွမ်းရည်တို့ကို ကမ္ဘာ့စစ်ခေါင်းဆောင်တို့ကပါ လေးစားအတုယူစံတင်ခဲ့ကြရသည်။ စစ်သူကြီး မဟာဗန္ဓုလသည် ၁၈၂၅ ခုနှစ် ဧပြီလ ၁ ရက်နေ့ နံနက်တွင် ဓနုဖြူခံတပ်၌ အင်္ဂလိပ်တို့ကို ခုခံတိုက်ခိုက်ရင်း ကျဆုံးခဲ့ရသည်။ စစ်သူကြီး မဟာဗန္ဓုလရုပ်တုကို ဓနုဖြူမြို့၌(၂၇-၃-၁၉၆၂)ရက်နေ့တွင် ထုလုပ်စိုက်ထူထားခဲ့သည်။



The Military Commander Maha Bandoola

The Great Warrior of Myanma Army who led the offensive against the British forces during the first Anglo-Burmese War that broke out in 1824. Among his fierce encounters against the British troops the battle of Pan-Wa in the Rakhine State was the most famous. Myanmar troops that marched from Rakhine to Yangon where intense fightings took place were so fast that their movement turned out to be the fastest ever recorded in the history of warfare in those days. His manoeuvre out of his courage and intelligence and efficiency during the fierce fightings between his and the British troops was profoundly appreciated by the Great Warriors of the world. He was killed in action at the Fort of Danubyu in the morning of April 1, 1825 while defending the advancing British troops. The Statue of Maha Bandoola was erected on 27-3-1962 in the town of Danubyu.

ဗိုလ်မြတ်ထွန်းတံတား

ညောင်တုန်းမြို့နယ်တွင် တည်ရှိသော ဧရာဝတီမြစ်ကူးတံတားဖြစ်သည်။ သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်ပြီး အရှည် ၈၅၄၉ပေ ရှိသည်။ ၁၅- ၆- ၉၆ ရက်နေ့တွင် စတင်တည်ဆောက်၍ ၁၅- ၁၁- ၉၉ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။



Bo Myat Tun Bridge

Situated in Nyaung Done township across the Ayeyawady River. It has a length of 8549 feet. Built on 15- 6- 96 and completed on 15- 11- 99.

တနင်္သာရီတိုင်း

Tanintharyi Division

တနင်္သာရီတိုင်း



တနသ်ာရီတိုင်း

နယ်နိမိတ်

၁။ တနသ်ာရီတိုင်းသည် မြန်မာနိုင်ငံ၏တောင်ဘက်အစွန်ဆုံးတွင် တည်ရှိသည်။ ကျဉ်းမြောင်းရှည်လျားစွာ တောင်ဘက်သို့ ထိုးထွက်နေသော တနသ်ာရီဒေသ၏ တောင်ဘက်ပိုင်းတွင် တည်ရှိခြင်းဖြစ်သည်။ အရှေ့အနောက် ကျဉ်းမြောင်းပြီး၊ တောင်မြောက်ရှည်လျားသည်။ မြောက်လတ္တီတွဒ် ၉ဒီဂရီ ၃၀မိနစ်မှ ၁၅ဒီဂရီ ၀၅မိနစ်အတွင်းနှင့် အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ ၄၀မိနစ်နှင့် ၉၉ဒီဂရီ ၄၀မိနစ်အတွင်း တည်ရှိသည်။ အရှေ့ဘက်နှင့် တောင်ဘက်တွင် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် ကပ္ပလီပင်လယ်၊ မြောက်ဘက်တွင် မွန်ပြည်နယ်တို့နှင့် ထိစပ်တည်ရှိသည်။ ဧရိယာစတုရန်းမိုင်ပေါင်း (၁၆၇၃၅. ၅၅၇)ကျယ်ဝန်းပြီး၊ ကမ်းရိုးတန်းတစ်လျှောက်တွင် ကမ်းလွန်ကျွန်းပေါင်း (၈၀၀)ခန့်ရှိသည်။

မြေမျက်နှာသွင်ပြင်

၂။ အရှေ့ဘက်ကုန်းမြင့်ဒေသကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်ခြင်းကြောင့် တောင်ထူထပ်သည်။ တောင်တန်းများမှာ ပျမ်းမျှပေ(၃၀၀၀)ကျော်မြင့်ပြီး၊ အနောက်မြောက်မှ အရှေ့တောင်သို့ သွယ်တန်းနေသည်။ မြောက်ပိုင်းတွင် တောင်ညှိတောင်တန်း၏ အဆက်ဖြစ်သော တောင်တန်းရှိပြီး၊ ထိုင်း-မြန်မာနယ်နိမိတ်အဖြစ် တည်ရှိသည်။ မြင့်မိုရ်လက်ခတ်တောင်သည် ပေ(၆၈၀၁)မြင့်ပြီး၊ တနသ်ာရီတိုင်းတွင် အမြင့်ဆုံးတောင်ဖြစ်သည်။ တနသ်ာရီတိုင်းတွင် မြစ်ချောင်းများစွာရှိပြီး အဓိကမြစ်များမှာ ထားဝယ်မြစ်နှင့် တနသ်ာရီမြစ်များဖြစ်ကြသည်။ အခြားထင်ရှားသော မြစ်များမှာ တောင်မှမြောက်သို့ စီးဆင်းနေသော လေညာမြစ်နှင့် ထိုင်း-မြန်မာနယ်နိမိတ်အဖြစ် စီးဆင်းသောပါချန်မြစ်တို့ဖြစ်သည်။ ပါချန်မြစ်ဝတွင် မြန်မာနိုင်ငံ၏ တောင်ဘက်ဆုံးဖြစ်သော ကော့သောင်းအင္ဂူ(ဝိတိုရိယအင္ဂူ)ရှိသည်။ တနသ်ာရီကမ်းရိုးတန်းသည် ကျောက်ဆောင်ထူထပ်ပြီး ကမ်းလွန်ပင်လယ်ပြင်တွင် ကျွန်းစုများစွာရှိသည့်အနက် ဟိန်းဇကျွန်းစု၊ မောင်းမကန်ကျွန်းစု၊ လောင်းလုံဘုတ်ကျွန်းစုနှင့် မြိတ်ကျွန်းစုများမှာ ထင်ရှားပြီး၊ ပုလဲအတွက် မုတ်ကောင်မွေးမြူရေးစခန်းဖြစ်သော ပုလဲကျွန်းသည် မြိတ်ကျွန်းစုတွင် ပါဝင်ပေသည်။

ရာသီဥတု

၃။ အပူပိုင်းမုတ်သုံရာသီဥတုရှိသည်။ မြန်မာနိုင်ငံတွင် အီကွေတာနှင့် အနီးဆုံးအပိုင်းဖြစ်၍ ခြောက်သွေ့သောရာသီဥတု တိုတောင်းပြီး၊ မည်သည့် ဥတုမျှ ပူလွန်းခြင်း၊ အေးလွန်ခြင်းမရှိဘဲ အပူအအေးမျှတသည်။ အပူချိန်ကွာခြားချက် ၅ ဒီဂရီဖာရင်ဟိုက်သာရှိသည်။ မြိတ်မြို့တွင် ဒီဇင်ဘာလနှင့် ဇန်နဝါရီလ ပျမ်းမျှအပူချိန် ၇၈ ဒီဂရီဖာရင်ဟိုက်ရှိပြီး၊ အပူဆုံးလဖြစ်သော ဧပြီလတွင် ၈၃ဒီဂရီ ဖာရင်ဟိုက်ရှိသည်။ နှစ်စဉ်မိုးရေချိန်မှာ မြိတ်မြို့တွင် ၁၆၂လက်မ၊ ထားဝယ်မြို့တွင် ၂၁၅ လက်မရှိသည်။ ထားဝယ်မြို့၏ ပျမ်းမျှလေထုစိုထိုင်းဆမှာ ၇၆ရာခိုင်နှုန်းရှိသည်။

လူမျိုး၊ ဘာသာစကား

၄။ ဗမာ၊ ကရင်၊ မွန်၊ ပသျှူး(ခေါ်)မလေးနှင့် မြိတ်ကျွန်းစုတွင် အများဆုံးနေထိုင်သော ဆလုံလူမျိုးများဖြစ်ကြသည်။ မြန်မာစကားနှင့် တိုင်းရင်းသား ရိုးရာစကားများ ပြောဆိုသုံးနှုန်းကြသည်။

ဘာသာရေးယုံကြည်ကိုးကွယ်မှု

၅။ ဗုဒ္ဓဘာသာဝင်အများစုဖြစ်ပြီး၊ ခရစ်ယာန်ဘာသာဝင် အနည်းငယ်သာရှိသည်။

လူဦးရေ

၆။ တနသ်ာရီတိုင်းတွင် လူဦးရေ (၁[illegible]၀၀)ဦးရှိသည်။

TANINTHARYI DIVISION

Boundary

1. Tanintharyi Division is situated on the southernmost part of Union of Myanmar. It is narrow and long and jutting southwards the sea. It is narrow from east to west and long from north to south. It is situated between North Latitude 9° 30' to 15° 05' and between East Longitude 97° 40' to 99° 40'. On the east and south are Thailand, on west is Andaman Sea and on the north is Mon State sharing common border. It has an area of 16735.557 square miles. There is an archipelago off coast Myeik.

Physical feature

2. As it is a narrow strip against Tanintharyi mountain range the area has rugged terrains. Ranges have an average height of over 3,000 feet lining up from northwest to southeast. On the west is a range annexed to Taung Nyo Range and serving as the border between Myanmar and Thailand. Myintmoe Letkhat Taung, the highest in Tanintharyi Division is 6,801 feet high. In the division are many streams and rivers. The main rivers are Dawei and Tanintharyi rivers. Other rivers include Le Nyar which flows from south to north and Parchan River which serves as Myanmar-Thai border.At the mouth of Parchan River is Kawthoung Cape (formerly Victoria Point) which is the southernmost part of Myanmar. Tanintharyi coast is rocky and among many offshore islands Heinze, Maungmagan, Launglone Boke and Myeik archipelagoes are well-known. Pale Kyun(Pearl island) on which the pearl culture firm is established is included in Myeik Archipelago.

Climate

3. The division has tropical climate. As it is close to Equator its weather is generally temperate. Yearly temperature difference is only 5°F. In Myeik, December-January average temperature is 78°F and in the hottest month of April it has 83°F. Myeik has an annual rainfall of 162 inches while Dawei has 215 inches.

Race and Language

4. Bamar, Kayin, Mon, Pashu or Malays and Salon nationals live in the Division including Myeik archipelago. Myanmar is used as a common language and different dialects are also spoken.

Religion

5. The majority are Buddhists while a few numbers are Christians.

Population

6. Tanintharyi Division has a population of 1,269,000.

ကော့သောင်းမြို့

တနင်္သာရီတိုင်း၊ ကော့သောင်းခရိုင်တွင် ပါဝင်၍ မြန်မာနိုင်ငံ၏ တောင်ဘက်အစွန်ဆုံး မြို့တစ်မြို့ဖြစ်သည်၊ ဘုရင့်နောင်အဉီတွင် ဘုရင့်နောင်မင်းတရားကြီး ရုပ်တုဖော်း ၁၉၉၄-ခုနှစ်၊ နိုဝင်ဘာလ(၂၂)ရက်နေ့တွင် တည်ဆောက်ခဲ့ပြီး သာယာလှပသော မြို့တစ်မြို့ဖြစ်ပါသည်၊



Kawthoung

A coastal town in southernmost Myanmar, located at Cape Baymnaung.
The town is pleasant and beautiful.




ဘုရင့်နောင်မင်းတရားကြီးရုပ်တု

တနင်္သာရီတိုင်း၊ ကော့သောင်းခရိုင် ကော့သောင်းမြို့ ဘုရင့်နောင်အင်္ဂတွင် တည်ရှိသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့၏ လမ်းညွှန်မှုဖြင့် ၁၉၉၄-ခုနှစ် နိုဝင်ဘာလ (၂၂)ရက်နေ့တွင် တည်ဆောက်ပြီးစီးခဲ့သည်။

King Bayintnaung Statue

The Statue is located at the Cape of Bayintnaung in Kawthoung, Taninthayi Division. Under the guidance of the State Law and Order Restoration Council, it had been completed on 22 November, 1994.




ကမ္ဘာပေါ်တွင် အကြီးဆုံးသောပုလဲရတနာကြီး

ကမ္ဘာပေါ်တွင် အကြီးဆုံးသော သဘာဝပုလဲရတနာကြီးကို တနင်္သာရီတိုင်း၊ ကော့သောင်းမြို့နယ်၊ ဇာဒက်ကြီးကျွန်း အနောက်မြောက်ဘက်၊ မက်ကလောက် မုတ်ကောင်ငုတ်ကွက် ဧရိယာမှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ပုလဲအမျိုးအစားမှာ သဘာဝပုလဲရတနာဖြစ်ပြီး အရောင်အသွေးမှာ ငွေရောင်ဖြစ်၍ မိခင်မုတ်ကောင် အမျိုးအစားမှာ Pinctada Maxima ဖြစ်သည်။ အလျား ၆ ဒသမ ၂ စင်တီမီတာ၊ အနံ ၅ ဒသမ ၃ စင်တီမီတာရှိသည်။ အမြင့် ၃ စင်တီမီတာရှိ၍ အလေးချိန် ၄၅ ဒသမ ၁၆ မိုမိ၊ ကရက်အားဖြင့် ၈၄၅ ကရက်၊ ဂရမ်အားဖြင့် ၁၆၉ ဂရမ်၊ ရတီအားဖြင့် ၉၂၉ ဒသမ ၅၀ ရတီရှိသည်။

World's Largest Pearl


It was found on the seabed at Makkalauk pearl oyster exploration area north-west of Zadetagyi Island in Kawthoung township, Taninthayi Division. This silvery pearl was found in an oyster of Pinctada Maxima species and it measures 6.2 cm in length, 5.3 cm in width and three cm in height, exceeding the size of the Hope Pearl recorded as the world's largest in the past. The pearl weighs 845 carats or 169 grams . Myanmar Andaman Pearl Co.,Ltd found the pearl on 18 April, 2001 in the pearl oyster exploration area.

အောင်တော်မူစေတီတော် (ကော့သောင်းမြို့)




Aung Tawmu Pagoda (Kawthoung)

ရွှေသာလျောင်း (ပထက်တောင်၊ မြိတ်မြို့။)



Reclining Buddha Image

ဆလုံကျွန်း ဒီပါအောင်မြေ စိန်ရောင်ခြည် မြစေတီ




Dipa Aungmye Sein Yaung Chi Mya Pagoda (Salon Island)

ဆလုံကျွန်းစေတီနှင့် ဓမ္မပါလကုန်းတော်ပုံ



Salon Island Pagoda on Dhamma Pala Hill

JRJ



ကလိန်အောင်ဆံတော်ရှင်ဘုရား

Kalcin Aung Buddha Hair Relic Pagoda




မျှော်ရစ်ဘုရား




Hmyaw Yit Pagoda

ရှင်မော်ဘုရား



Shin Maw Pagoda

သံသာအေးစေတီ (ကျွန်းစုမြို့။)



Than Tha Aye Pagoda (Kyunsu Township)

နဝရတ်ရေအိုင်ရှုခင်း



Overlooking View of Nawarat Pool

ဗိုလ်ချုပ်ကြီးရုပ်နှင့် ကော့သောင်းမြို့လယ်ရှခင်း



ကော့သောင်းမြို့အဝင် ဆီအုန်းပင်တန်းရှခင်းအလှ



Palm lined Road at the entry of Kawthoung

ဆလုံလူမျိုးများ၏ နေထိုင်စားသောက်မှုဓလေ့



Daily Life of Salon tribe

မြိတ်မြစ်ဝကျွန်း



The Estuary of Myeik

သဉ္ဇေးကျွန်းဟိုတယ်



Tha Htay Kyun Hotel


မောင်းမကန်ကမ်းခြေ



Maung Magan Beach

ရှမ်းပြည်နယ်

Shan State



ကမ်းငြိုးဒေသ

ရှမ်းပြည်နယ်

နယ်နိမိတ်

၁။ ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံအရှေ့အလယ်ပိုင်းတွင် တည်ရှိပြီး၊ တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် ထိစပ်လျက်ရှိသည်။ မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၈ မိနစ်ခန့်မှ ၂၄ ဒီဂရီ ၉မိနစ်ခန့်တွင်ရှိသည်။ မြောက်ယဉ်စွန်းတန်းသည် ရှမ်းပြည်နယ်၏ မြောက်ဘက်ဆုံးနယ်များဖြစ်သော ကိုးကန့်၊ သိန္နီနယ်နှင့် မိုးမိတ်နယ်များကို ဖြတ်သွားသည်။ ပြည်နယ်များတွင် အကြီးဆုံးပြည်နယ်ဖြစ်၍ ဧရိယာစတုရန်းမိုင်ပေါင်း (၆၁၀၉၀)ရှိသည်။

မြေမျက်နှာသွင်ပြင်

၂။ ရှမ်းကုန်းမြေမြင့်သည် လွန်ခဲ့သောနှစ်ပေါင်း(၁၀၀၀)ကပင် ကုန်းဖြစ်နေသော ရှေးအကျဆုံးကုန်းမြေဖြစ်သည်။ ရှမ်းပြည်နယ်တွင် ဘူမိဗေဒခေတ်အချိန်က ရေအိုင်များ အတော်အတန်များခဲ့ပါသည်။ အချို့သောအိုင်များမှာ ထုံးကျောက်များ ပျော်ဝင်သွားရာမှ ဖြစ်လာသော အိုင်များဖြစ်သည်။ ယခုဘက်တိုင် ကျန်ရှိနေသေးသောအိုင်မှာ အင်းလေးရေအိုင်ပင်ဖြစ်သည်။

၃။ ရှမ်းပြည်နယ်၏ ယေဘုယျအမြင့်မှာ ပေ(၃၀၀၀)နှင့် (၄၀၀၀)ကြားတွင်ရှိသည်။ တောင်တန်းများသည်များသောအားဖြင့် တောင်မြောက်သွယ်တန်းသည်။ ဤဒေသရှိ အထင်ရှားဆုံးမြစ်မှာ သံလွင်မြစ်ဖြစ်သည်။ ယင်းမြစ်သည် တရုတ်နိုင်ငံတိဗက်ကုန်းမြေမြင့်မှ မြစ်ဖျားခံ၍ မုတ္တမပင်လယ်ကွေ့သို့ စီးဝင်သည်။ သံလွင်မြစ်ကို ရှမ်းများက နမ့်ခေါင်ဟုခေါ်သည်။ အခြားထင်ရှားသော မြစ်များမှာ ရွှေလီ၊ နမ့တူ၊ မဲခေါင်၊ ဇော်ကိုမြစ်တို့ဖြစ်သည်။

ရာသီဥတု

၄။ ရှမ်းပြည်နယ်သည် ကုန်းမြေအမြင့်ကြောင့် အပူခိုန်လျော့နည်းသည်။ အအေးဆုံးလဖြစ်သော ဒီဇင်ဘာလ၊ ဇန်နဝါရီလများတွင် လစဉ် အပူခိုန် မြေနိမ့်လွင်ပြင်မှအပ ၆၄ ဒီဂရီဖာရင်ဟိုက်အောက်လျော့နည်းသည်။ အပူဆုံးလများမှာ ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်လများဖြစ်သည်။ မိုးရေခိုန်မှာ ကုန်းမြေအနေအထားအလိုက် တစ်နေရာနှင့်တစ်နေရာ ကွာခြားမှုရှိသည်။ ရှမ်းကုန်းပြင်မြင့် အနောက်ဘက်စွန်းနှင့် တောင်တန်းများတွင် မိုးပိုမိုများ၍ မြေနိမ့်ပိုင်းတွင် မိုးနည်းသည်။ ဒေသတစ်ခုလုံး၏ နှစ်စဉ်ပျမ်းမျှမိုးရေ ခိုန်မှာ ၄၀ နှင့် ၆၀ လက်မအတွင်းရှိသည်။

လူမျိုး၊ ဘာသာစကား

၅။ ရှမ်းပြည်နယ်တွင်နေထိုင်ကြသော တိုင်းရင်းသားများအားလုံးကို ရှမ်းတိုင်းရင်းသားများဟု ခြုံ၍ခေါ်ဆိုသော်လည်း အခြား တိုင်းရင်းသားပေါင်း (၄၀)ကျော် နေထိုင်လျက်ရှိသည်။ မွန်ခမာအုပ်စုကြီးမှ ပေါ်ပေါက်လာသော ဝ၊ ပလောင်၊ မြောင်၊ တိဝက်-မြန်မာ အုပ်စုကြီးမှ ပေါက်ဖွားလာသော ကချင်၊ ဇမာနှင့် ရှေးမြန်မာအနွယ်စုနှင့် ထိုင်းတရုတ်အုပ်စုမှ ပေါက်ဖွားလာသော ရှမ်း၊ ရှမ်းတရုတ်များ၊ ကိုးကန့် များ နေထိုင်လျက်ရှိသည်။

၆။ ရှမ်းပြည်နယ်တွင် ရှမ်းအမျိုးသားများသည် ဦးရေအများဆုံးဖြစ်ရာ ဘာသာစကားတွင်လည်း ရှမ်းဘာသာစကား လွှမ်းမိုးသည်။

ဘာသာရေးကိုးကွယ်ယုံကြည်မှု

၇။ ရှမ်းလူမျိုး(၉၅)ရာခိုင်နှုန်းသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ ရှမ်းပြည်နယ်တစ်ခုလုံးရှိ ဗုဒ္ဓဘာသာဂိုဏ်းများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) သုဓမ္မာဂိုဏ်း
(ခ) ရွှေကျင်ဂိုဏ်း
(ဂ) ပွဲကျောင်းဂိုဏ်း
(ဃ) မြိုင်ကျောင်းဂိုဏ်း

(c) ယွမ်းဂိုဏ်း
(စ) ဇောတီဂိုဏ်း
(ဆ) ယောနေဂိုဏ်း
သုမွာဂိုဏ်းနှင့် ရွှေကျင်ဂိုဏ်းသည် ရှမ်းပြည်နယ်တွင် အကြီးအကျယ်ဆုံး၊ အထွန်းကားဆုံးဂိုဏ်းများ ဖြစ်ကြသည်။

၈။ ရှမ်းအမျိုးသားများသည် ဗေဒင်မေးလေ့ရှိသည်။ ပစ္စည်းပျောက်၊ ကျန်းမာရေးအခြေအနေများအတွက် ကြက်ရိုးထိုးဗေဒင်ကို မေးကြသည်။ ထိုးကွင်းထိုးခြင်း၊ အဆောင်အယောင်များ သုံးစွဲခြင်း၊ အလေ့ အထများရှိသည်။ ရှမ်းပြည်နယ်တွင် နတ်ကိုးကွယ်မှုနှင့် စုန်းတစ္ဆေ၊ ကဝေစသော အယူဝါဒများ မထွန်းကားပေ။ ရှမ်းအိမ်များတွင် ဘုရားစင်သာရှိသည်။

၉။ ရှမ်းအမျိုးသားပွဲလမ်းသဘင်များမှာ ဘာသာရေးဆိုင်ရာပွဲများသာဖြစ်သည်။ ရှင်ပြုပွဲ၊ ဘုရားရုပ်ပွားတော်လှူပွဲ၊ ဓမ္မကျမ်းစာ ပုရပိုဒ်လှူပွဲ၊ အိမ်တက်မင်္ဂလာပွဲနှင့် ဆွမ်းတော်ကြီး ကပ်လှူပွဲတို့ဖြစ်သည်။ တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ ရပ်ရွာအလိုက်စုပေါင်း၍ လည်းကောင်း ကျင်းပလေ့ရှိသည်။ ယင်းပွဲကျင်းပသည့်အခါ အလှူဒကာတို့က ကျောင်းကန်ဘုရားအနီး သာယာပြန့်ပြူးသောနေရာတွင် ယာယီမဏ္ဍပ် ဆောက်လုပ်ကျင်းပသည်။ အလှူပွဲတွင် ပတ်ဝန်းကျင်ရှိ ဆွေမျိုး၊ မိတ်သင်္ဂဟများအား ဖိတ်ကြားလေ့ရှိသည်။

၁၀။ ရှမ်းအမျိုးသားများသည် အိမ်တက်မင်္ဂလာပွဲနှင့် တာဝတိံသာပွဲများလည်းကျင်းပသည်။ တာဝတိံသာပွဲတွင် ရှမ်းအမျိုးသားတို့၏ အလွန်လှပသော ဌက်ကိန္နရာအကကို အတီးအမှုတ်များဖြင့် ကပြလေ့ရှိသည်။ အခြားပွဲလမ်းသဘင်များမှာ ရာသီပွဲများနှင့် ဒေသဆိုင်ရာ ဘုရားပွဲများသာဖြစ်သည်။ ဘာသာရေးပွဲတော်များတွင် အကြီးဆုံးပွဲတော်မှာ ဖောင်တော်ဦးဘုရားပွဲတော်ဖြစ်သည်။ ရေလယ်ရှိ ဖောင်တော်ဦးဘုရား ဆင်းတုတော်များကို အဆောင်အယောင် အခမ်းအနားများနှင့် ထုတ်ယူပင့်ဆောင်ပြီး၊ ဖောင်တော်တွင်တင်ကာ ဒေသစာရီ ကြွခိုစေသည်။ ဘုရားပွဲသို့ မြန်မာနိုင်ငံအရပ်ရပ်မှ ဗုဒ္ဓဘာသာဝင်တို့ လာရောက်ဖူးမြော်ကြသည်။

လူဦးရေ

၁၁။ ရှမ်းပြည်နယ်တွင် လူဦးရေ (၄၆၂၉၀၀၀) ရှိသည်။

SHAN STATE

Boundary

1. Shan State is situated on the mid-eastern part of Myanmar bordering China, Laos and Thailand. It is between North Lattitude 19° 28' and 24° 9'. Tropic of Cancer crossed Koekant, Theinni and Moemeit areas on the northernmost part of Shan State. Shan State is the largest among other States, having an area of 61,090 square miles.

Physical feature

2. Shan Plateau has become the land mass since 1,000 years ago. In the past, there were many lakes in the State. Some lakes came out after limestones melted away. The only one that remain intact until today is Inlay lake.

3. Shan State generally rises from 3,000 to 4,000 feet above sea level. Most of the ranges stretch from north to south. The most famous river in the state is Thanlwin River that rises in Tibet mountains in China and flows down into the Gulf of Martaban. Shan people usually call Thanlwin Nam Khaung. Other famous rivers are Shwe Li, Nammatu, Mekong and Zawgyi.

Climate

4. Shan State has relatively low temperature as it is a plateau. December and January are the coldest months with a monthly temperature of less than 64°F. The hottest months are April, May, June and July. Rainfalls differ according to the physical features in different areas. Westernmost and mountainous areas have more rainfalls and lowlands have less rainfalls. The whole state has an average annual rainfall of 40 to 60 inches.

Race and Language

5. Although people living in Shan State are generally called Shans there are over 40 other indigenous races. Wa, Palaung and Myaung from Mon-khmar tribe, Kachin, Bamar and ancient Myanmar from Tibeto-Burman tribe and Shans, Sino-shans and Koekants from Sino-Thai tribe are also residing in Shan State.

6. As Shans are the majority in the state, Shan language is dominant among other languages.

Religion

7. About 95 percent of Shans profess Buddhism. Buddhist sects in the Shan State are as follows:-

(a) Thudhammar Sect
(b) Shwekyin Sect
(c) Pwe Kyaung Sect
(d) Myaing Kyung Sect
(e) Yuan Sect
(f) Zawti Sect
(g) Yaw Nay Sect

Among these Buddhist Sects, Thudhammar and Shwekyin are the largest and most powerful.

8. Shan people believe in fortune-telling and astrology. They used to consult fortune tellers with chicken bones when they lost properties and for good health. They usually wear tattoos and talisman. They neither believe in witchcraft and ghosts nor superstitions. There are only altars with Buddha images in their households.

9. Their festivals are related to religious rites. They include novitiation ceremonies, donation of Buddha images to monasteries or pagodas, donation of Buddha scriptures to monks, house warming, and alms donations to monks. These festivals are held individually or collectively community-wise . When the festival is held donors set up a temporary pandal and all the friends and relatives are cordially invited to attend the donation ceremony.

10. Shan people also hold house-warming festival and Tarwateinthar festival. In the Tarwateinthar festival Shans usually conduct beautiful mythical bird dance with the accompaniment of Shan music. Other festivals are seasonal and pagoda festivals. Phaungdaw Oo Buddha images from the middle of Inlay Lake are shown around the villages in the lake during this pagoda festival. Buddhists all over Myanmar come up to Shan State to attend this festival and worship Buddha images.

Population

11. Shan State has a population of 4,629,000.


တောင်ကြီးမြို့

တောင်ကြီးမြို့သည် ရှမ်းပြည်နယ်၏မြို့တော်ဖြစ်သည်။ ရှမ်းလူမျိုးများနှင့် အခြားတိုင်းရင်းသားလူမျိုးများ၏ အရပ်ဒေသဖြစ်သည်။ ဗမာ၊ ပအို့ဝ်၊ ကချင်၊ ပလောင်၊ ခနု၊ ဝ၊ လားဟူ၊ ပဒေါင်၊ တောင်ဒူး၊ ယင်း၊ ရဲ၊ ကယား၊ လီရှောနှင့် အင်းသားလူမျိုးတို့သည် ယင်းလူမျိုးတို့၏ မိုးရာအလိုက်၊ ယဉ်ကျေးမှုအလိုက် နေထိုင်ကြသည်။ ရှမ်းကုန်းပြင်မြင့်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း(၃၀၀၀) မှ (၄၀၀၀)အထိ မြင့်သည်။ အချို့တောင်တန်းများသည် ပေ(၅၀၀၀) မှ (၇၅၀၀)အထိ မြင့်သည်။ အေးချမ်းသောရာသီဥတုကြောင့် နွေရာသီတွင် အနားယူရာ နေရာအဖြစ် နာမည်ကျော်ကြားသည်။ အေးချမ်းသောလများဖြစ်သည့် ဒီဇင်ဘာလနှင့် ဇန်နဝါရီလများတွင် အပူချိန်သည် ၆၀ ဒီဂရီ ဖာရင်ဟိုက် ဝန်းကျင်ရှိသည်။ ပူနွေးသောလများဖြစ်သည့် ဧပြီလ၊ မေလ၊ ဇွန်လနှင့် ဇူလိုင်လများတွင် အပူချိန်သည် ၇၀ ဒီဂရီမှ ၁၀၀ ဒီဂရီ ဖာရင်ဟိုက် ဝန်းကျင်အထိရှိတတ်သည်။



Taunggyi

Taunggyi is the capital of Shan State and native of Shan and other nationals, Bamar, Pa-O, Kachin, Palaung, Danu, Wa, Lar Hu, Padaung, Yin, Yon, Kayah, Li Shaw and Inthar choose to live here according to tradition and culture. Shan Plateau has an altitude that rises from 3,000 to 4,000 feet above sea level. Some mountain ranges are as high as 5000 to 7500 feet. As it has cold climate, it is popular as a summer resort. In the cold months of December and January its temperature is around 60° F. In the hot months of April, May, June and July it rises to around 70°F to 100° F.



ဖောင်တော်ဦးဘုရား(အင်းလေး)

အင်းလေးကန်တွင် ဖော်တော်ဦးဘုရားသည် အလွန်ကျော်ကြားသည်၊ ဗုဒ္ဓရုပ်ပွားတော် ငါးဆူရှိသည်၊ ဖောင်တော်ဦး ဘုရားပွဲတော်ကို နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လတွင် ခမ်းခမ်းနားနား ကျင်းပပါသည်၊




Phaungdaw Oo Pagoda (Inlay)

Phaungdaw Oo Pagoda in Inlay lake is very famous. Inside the pagoda are five Buddha Images and the festival is held yearly in Thadingyut (October)with grandeur.

ပင်းတယ ရွှေဥမင်ဘုရား

ပင်းတယမြို့ ရွှေဥမင်ဘုရားသည် ရှမ်းပြည်နယ်တောင်ပိုင်းတွင် တည်ရှိပြီး ရှုခင်းသာယာလှသော တောင်ကမ်းပါးယံရှိ သဘာဝ ကျောက်လိုဏ်ဂူထဲတွင် ခေတ်အဆက်ဆက် စေတနာရှင်များ ကြိုးကြိုးစားစား တည်ထားခဲ့ကြသည်။ ရှမ်းအမည် ပင်းတယဖြစ်ပြီး မြန်မာအနက်အဓိပ္ပါယ်မှာ စွယ်တော်ပန်း အဖြူပင်များပေါများသည့် အဓိပ္ပာယ်ရသည်။ ပင်းတယသည် မြောက်လောင်ကျိတွဒ် ၉၆ ဒီဂရီ ၃၇ မိနစ်တို့ ဆုံမြေမြင့်၏ အနောက်တက်စွန်းတွင် တည်ရှိပြီး အမြင့်ရှိသည်။



ပင်းတယမြို့သို့ ကားဖြင့်တိုက်ရိုက်ရထားစီးပြီး ထိုမှတဆင့်ကားဖြင့် ဆက်တောင်ရိုး၊ ရှမ်း၊ ပအို၀်၊ ပလောင်၊ ကရင် နေထိုင်ကြ၍၊ ဓနုလူမျိုး အများဆုံးဖြစ်ပြီး၊ ပအို၀်နှင့် ပလောင်တို့ကအနည်းဆုံးဖြစ်ပြီး ဓလေ့ထုံးဘမ်း အစဉ်အလာတို့မှာလည်း ကြသည်။

ရွှေဥမင်ဘုရားအပြင် ပင်းတယသည့် ညောင်ပိန္နဲပင်ကြီးများနှင့် ပင်းတယများသည် နေပြောက်မထိုးလောက်အောင် အကောင်းဆုံး သဘာဝတည်းခိုရိပ်သာများ ထင်ရှားသည်။ ကန်ထဲရေဆင်းချိုးပါက အသားမည်းသူများပင် အသားဖြူသွားသည်ဟု ပြောစမှတ်ရှိသည်။

ရွှေဥမင်လိုဏ်ဂူတော်သည် ပင်လယ်ရေမျက်နှာပြင် အထက်(၄၉၇၀)ပေမြင့်၍ အာရုံခံသံပြဿဒ်ကြီး၏ အရှေ့ဘက်ပြတင်းမှ အရှေ့မြောက်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်လျှင် ပင်းတယကန်ကြီးအား ဝန်းရံထားသောမြို့ရှုခင်းကို အပေါ်စီးအမြင်ဖြင့် သာတောင့်သာယာရှုမြင်ရပါသည်။ ရွှေဥမင်ဘုရားပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ကျင်းပပြီး မြေလတ်ဒေသတစ်ခွင်၌ ထင်ရှားကျော်ကြားသောပွဲတော်ကြီးဖြစ်သည်။ တစ်နှစ်လျှင် ပွဲတော်လာသူဦးရေမှာ (၆၀၀၀၀)ခန့်ရှိလေသည်။


မြေပြန့်လွင်ပြင်ကျယ်ကျယ်ရှိရာ အရပ်ဟုလတ္တီတွဒ် ၂၀ ဒီဂရီ ၀၄ မိနစ်နှင့် အရှေ့ဖြတ်သန်းရာတွင် တည်ရှိသည်။ ရှမ်းကုန်းပင်လယ်ရေမျက်နှာပြင်အထက် ၃၈၈၀ပေ သွားနိုင်သကဲ့သို့ အောင်ပန်းမြို့အထိ လက်သွားလာနိုင်သည်။ တောင်သူ၊ ဓနု၊ တိုင်းရင်းသားများနှင့် ဗမာလူမျိုးများ တောင်ရိုးမှာ ဒုတိယအများဆုံးဖြစ်သည်။ ဗုဒ္ဓဘာသာ၀င်အများစုဖြစ်ကာ လူမှုရေး ဗုဒ္ဓဘာသာ၏အဆုံးအမကို ဦးထိပ်ထား

မြို့၏ သာယာလှပပုံကို ဖော်ကျူးထားကန်လည်း ရှိကြသည်။ ညောင်ပိန္နဲပင်ကြီး သိပ်သည်းနေပြီး ဘုရားဖူးများအတွက် ဖြစ်ကြသည်။ ပင်းတယကန်မှာလည်း



Shwe U-Min Pagoda of Pindaya

Situated in Pindaya, southern Shan State, Shwe U-Min Pagoda was built in a stone cave and renovated tim: and again by Buddhist devotees. Pindaya has been a Shan name with the meaning in Myanmar Language of a wid· plain where Swedaw flowers are growing. Pindaya is situated on the point between North Latitude 20° 04' and East Longitude 96° 37' crossing each other. It is on the southern-most part of Shan plateau and its elevation is 3,880 feet above sea level.



One can go to Pindaya via Aung Ban by car or by train. Populace here includes Taungthu, Danu, Taungyoc Shan, PaO, Palaung, Karen and Myanmar. Danus are the ma jority and Taungyocs are second largest in number. Pa-O and Palaung are the smallest in num- ber and majority are Bud- dhists. Their social traditions are related to Buddha's teach- ings.

Apart from Shwe U-Min pagoda, there have been huge Nyaung Pein Hne trees and Pindaya lake The trees are grown so closely that branches are thickly intertwined and the sun rays cannot pierce the leaves thus, providing a cool fine shade for pilgrims. Shwe U-Min cave is situated at 4970 feet above sea level and when one longs for from eastern win- dow of iron spired ordination hall, one will get a bird's eye view of Pindaya lake surrounded by houses. Shwe U-Min Pa- goda festival is held yearly and it is attended by about 60,000 pilgrims from all over the coun- by every year.

အင်းလေးကန်

အင်းလေးကန်သည် ရှမ်းပြည်နယ်တွင် ထင်ပေါ်အကျော်ကြားဆုံး ရှုခင်းလှပသည့်နေရာဖြစ်သည်။ ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့၏ တောင်ဘက်(၃၀)ကီလိုမီတာခန့်အကွာတွင် တည်ရှိသည်။ အင်းလေးကန်သည် (၂၂. ၄)ကီလိုမီတာရှည်၍ (၁၀. ၂)ကီလိုမီတာကျယ်ဝန်းသည်။ ရေတိမ်၍ အထူးလှပသည်။ သီးနှံစိုက်ခင်းများ၏ ရေခဲ့အသစ်အဟောင်းများကြောင့် ဖြစ်ပေါ်လာသော ကွန်းမျောများရှိသည်။

ကြည်လင်ပြာလဲ့သော တောင်များအကြားတွင် အင်းလေးကန်သည် ပင်လယ်ရေမျက်နှာပြင်အထက် (၉၀၀)မီတာမြင့်သည်။ နိုင်ငံခြားခရီးသည်များအကြားတွင် ကျော်ကြားသောကန်ဖြစ်သည်။ ခြေနှင့်လှေလှော်ခြင်း၊ ရေမျောကျေးရွာများနှင့် ရောင်စုံစျေးများ၊ ပွဲတော်များကြောင့် ကျော်ကြားသည်။ ပွဲတော်အချိန်အခါမဟုတ်သည့်တိုင် ရေကန်အတွင်းနေသော အင်းသားများကို ခြေတံရှည်အိမ်များ ရေမျောစိုက်ခင်းများနှင့်အတူ တွေ့ရှိရသည်မှာ အလွန်စိတ်ဝင်စားဖွယ်ကောင်းသည်။ အင်းသားများသည် အင်းလေးကန်၏အနေအထားနှင့် ကိုက်ညီအောင် နေထိုင်တတ်ကြသည်။ ၎င်းတို့သည် ရေပေါ်တွင် ခြေတံရှည်အိမ်များကို ဆောက်လုပ်နေထိုင်သည်။ ရေမျောစိုက်ခင်းများကို ပြုလုပ်ကြသည်။ ရှည်မျောမျော လှေများကို ခြေထောက်ဖြင့် လှော်ကြသည်။ ပိုးထည်ယက်လုပ်ငန်းတွင် အမျိုးသမီးများသည် နာမည်ကြီးသည်။



Inlay Lake

Inlay lake is the most famous site in Shan State for its beautiful scenes. It is situated about 30 km south of Taunggyi. the capital of Shan State. Inlay lake is 22.4 km long and 10.2 km broad. It is shallow and very scenic. Vegetable plantations re seen on the floating islands made by farmers.

It lies 900 meters above sea level and is surrounded by blue mountains. It is very popular among foreign tourists. Its native leg-rowers, floating plantations and villages and markets, and the festival make Inlay lake famous. Even off the festival periods, Inlay people seen in stilted homes together with floating islands are very impressive. One sight that will rivet your attention is a leg-rower, the most famous and unique feature of Inlay. Another sight is that of floating islands made up of compose and silt. All visitors to the Inlay region are also fascinated by its famous hand-loom industry and its beautiful products.

ရေကန်တောင်နဂါးရုံ ဆုတောင်းပြည့်ဘုရား

လားရှိုးမြို့၊ ရပ်ကွက်(၅) ရေကန်တောင်ပေါ်တွင် တည်ရှိ ပါသည်။ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၊ တိုင်းမှူးဗိုလ်ချုပ်တင်ငွေ ဇနီးဒေါ်လှလှသိန်းမိသားစုနှင့် စေတနာရှင်များက လှူဒါန်းတည် ထားခြင်း ဖြစ်ပါသည်။



Yekan Taung Nagayone Pagoda

It is situated on Yekantaung, ward No.5 of Lashio. Northeast Command Commander Major General Tin Ngwe and his wife Daw Hla Hla Thein and family together with other donors have built the pagoda.

တောင်ကြီးမြို့နယ်၊ မွေတော်ကတ္ကူစေတီတော်



Mwetaw Katku Pagoda (Taunggyi Township)

သာသနာ့ဗိမာန် (လားရှိုးမြို့၊ ရပ်ကွက်(၁)တွင် တည်ရှိပြီး မြန်မာမူဗိသုကာလက်ရာများဖြင့် ခမ်းနားစွာ မွမ်းမံတန်ဆာဆင်ထားပြီး သာသနာရေးရာပွဲများ ကျင်းပလေ့ရှိပါသည်။)



Sasana Beikman (Buddhist Ordination Hall) situated in ward No.1, Lashio, is decorated with Myanmar traditional architectural works and use as a venue for religious ceremonies.



ရေကန်တောင် ဆုတောင်းပြည့်စေတီ

Yekan Taung Pagoda






Traditional Inlay Boat Race

အင်းလေးရေပေါ်စျေး



Inlay floating market

ပြဒါးလင်းဂူ



Pyadilin Cave

သာသနာ့ဗိမာန်တော်နှင့် ကျိုင်းတုံရွာခင်း



The Sasana Beikman against the scene of Kengtung City



နောင်တုံကုန် (ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့)

Naungton Lake (Kengtung, Shan State)



ကျိုင်းတုံဟိုတယ်



Kengtung Hotel

ကျိုင်းတုံဟိုတယ်အား အဝေးမှမြင်ရပုံ



Distant View of Kengtung Hotel

သစ်တစ်ပင်တောင်ကုန်း (ကျိုင်းတုံမြို့)




Thit Ta Bin Hillock (Kengtung)

သစ်တစ်ပင်တောင်ကုန်းအား အဝေးမှမြင်ရပုံ



Distant view of Thit Ta Bin Hillock

ပင်လုံကျောက်တိုင်



The Pinlon Monument

စည်းလုံးခြင်းရပ်တု (လားရှိုးမြို့တော်ခန်းမရှေ့တွင် တည်ရှိပါသည်။)



ကွမ်းလုံကြိုးတံတား (ကွမ်းလုံမြို့အဝင် သံလွင်မြစ်ကို ဖြတ်ကူးထားသော ကြိုးတံတားပုံ)



Kwanlon Suspension Bridge spanning Thanlwin River



ကမ္ဘာကျော် ဂုတ်ထိပ်တံတားကြီး

The world Famous Goke Hteik Viaduct





တာချီလိပ်မြို့ရှုခင်း

မူဆယ်မြို့အဝင်ရှုခင်း



Entrance of Muse City



Panoramic view of Tachileik

မူဆယ်မြို့ တပ်မတော်ည့ဉ်ရိပ်သာမှ ရွှေလီမြို့ဘက်သို့ ရှုခင်းပုံ




Shwe Li City seen from Tatmadaw Guest House in Muse

ကချင်ပြည်နယ်

Kachin State

ကချင်ပြည်နယ်



ကချင်ပြည်နယ်

နယ်နိမိတ်

၁။ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖြစ်ကြသော ကချင်လူမျိုးအများစုတို့ နေထိုင်ရာကချင်ပြည်နယ်သည် မြန်မာနိုင်ငံမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းအရပ်တွင်တည်ရှိ၍ တောင်ထူထပ်ပေါများလှသည်။ အကျယ်အဝန်းအားဖြင့် စတုရန်းမိုင်ပေါင်း (၃၃၉၀၃)ခန့်ရှိပြီး၊ မြောက်လတ္တီတွဒ် ၉၆ဒီဂရီနှင့် ၉၈ဒီဂရီ ၄၄မိနစ်အကြားတွင် တည်ရှိသည်။

မြေမျက်နှာသွင်ပြင်

၂။ တိဘက်ကုန်းပြင်မြင့်မှ ထိုးထွက်လာသော တောင်တန်းတောင်စွယ်များသည် ကချင်ပြည်နယ်တွင် မြောက်ဘက်မှတောင်ဘက်သို့ လက်ချောင်းများသဖွယ် ဒေါင်လိုက်သွယ်တန်းလျက်ရှိသည်။ အချို့သောတောင်ထွဋ်များမှာ ပေ(၁၀၀၀၀)အထက်တွင်ရှိပြီး၊ အများအားဖြင့် ပေ(၃၀၀၀)မှ (၇၀၀၀)ထိ မြင့်မားသည်။

၃။ တောင်တန်းအသွယ်သွယ်ယှက်ဖြာနေသဖြင့် ကချင်ပြည်နယ်တစ်ခုလုံးတွင် မြစ်ကြီးနားနှင့် ဗန်းမော်ခရိုင်အတွင်းရှိ ဧရာဝတီမြစ်ဝှမ်းဒေသ၊ အနောက်ဘက် နယ်နိမိတ်တစ်လျှောက် တောင်တန်းများနှင့် ကုမ္ပန်းတောင်တန်းအကြားရှိ ဟူးကောင်းချိုင့်ဝှမ်းဒေသတို့မှလွဲ၍ ကျန်ဒေသတို့တွင် မြေပြင်အနေအထားမှာ ညီညာပြန့်ပြူးခြင်းမရှိ။ တောင်တန်းတောင်စွယ်များဖြင့်သာ ပြည့်နှက်လျက်ရှိပါသည်။

၄။ မြေမျက်နှာပြင်အနေအထားကိုလိုက်၍ မြစ်များသည် မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းလျက်ရှိကြရာ ဧရာဝတီမြစ်မှာ အထင်ရှားဆုံးနှင့် အကြီးဆုံးမြစ်ပင်ဖြစ်သည်။ မေခမြစ်နှင့် မလိခမြစ်နှစ်သွယ်တို့ပူးပေါင်း၍ ဧရာဝတီမြစ်အဖြစ် စီးဆင်းလာခြင်းဖြစ်ပါသည်။

ရာသီဥတု

၅။ မြေမျက်နှာသွင်ပြင် အခြေအနေကိုလိုက်၍ ကချင်ပြည်နယ်တွင် ရာသီဥတုအမျိုးမျိုးရှိပါသည်။ မြောက်ဘက်တောင်တန်းဒေသများဖြစ်သော အမြင့်ပေ(၉၀၀၀)အထက်ပိုင်းတွင် သမပိုင်းဂုန်ရာသီဥတု၊ ထိုဒေသ၏တောင်ဘက် ပိုနိမ့်သောတောင်တန်းဒေသများတွင် အပူလျှော့ပိုင်း ရာသီဥတု၊ မြေပြန့်အရပ်များနှင့် အနိမ့်ပိုင်းဒေသများတွင် အပူပိုင်းဂုန်ရာသီဥတုဟူ၍ အသီးသီးကွဲပြားခြားနားသည်။

၆။ ကချင်ပြည်နယ်တစ်ခုလုံးသည် အနောက်တောင်မုတ်သုံရာသီလမ်းကြောင်းအတွင်းတွင် ကျရောက်သဖြင့် မိုးများသောဒေသဖြစ်သည်။ အချို့သောဒေသများတွင် မိုးသည် တစ်နှစ်လုံးရွာသွန်းနေတတ်သည်။ မြေပြင်အခြေအနေကိုလိုက်၍ အချို့နေရာတွင် မိုးရေချိန် ၂၀၀ လက်မ အထိ ရွာသွန်း၍ အချို့မိုးနည်းသောဒေသများတွင် လက်မ(၅၀)မှ (၇၀)ထိ ရွာသွန်းသည်။ တောင်မြင့်ပိုင်းဒေသများတွင် အလွန်အေးမြသော ရာသီဥတုရှိ၍ အချို့ဒေသများတွင် ဆီးနှင်းများကျရောက်ပြီး၊ တစ်နှစ်ပတ်လုံး ဆီးနှင်းများဖုံးအုပ်လျက်ရှိသည်။

လူမျိုး၊ ဘာသာစကား

၇။ ကချင်လူမျိုးများသည် တိဘက်-မြန်မာအုပ်စုတွင်ပါဝင်ကြသည်။ ကချင်လူမျိုးများတွင် ဂျိမ်းဖော၊ မရူ၊ လရှီ၊ လီဆူး၊ အဇီးဟူ၍ မျိုးနွယ်စုကွဲများရှိသည်။ ဂျိမ်းဖောစကားမှာ ကချင်ပြည်နယ်တွင် လူသုံးအများဆုံးသောစကားလည်းဖြစ်သည်။ စာပေလည်းရှိပြီးဖြစ်၍ ယင်းကို စာသင်ကျောင်းများတွင် သင်ကြားပို့ချသည်။

ဘာသာရေးကိုးကွယ်ယုံကြည်မှု

၈။ ကချင်လူမျိုးတို့၏ ဘာသာရေးယုံကြည်မှုတွင် နတ်များသည်အဓိကဖြစ်သည်။ တောတောင်ရေမြေ၊ မြစ်ချောင်း၊ အင်းအိုင်၊ မြို့ရွာ၊ နယ်မြေ၊ အိုးအိမ်စသည်တို့၌ နတ်များရှိသည်ဟု ယုံကြည်ကြသည်။ လူတို့နေ့စဉ်လုပ်ဆောင်နေသော ဦးပွားရေးလုပ်ငန်းမှအစ လူမှုဆက်ဆံရေးနှင့်

ဆိုင်သော အိမ်ထောင်ပြုခြင်း သားမွေးခြင်း၊ လူတစ်ဦးတစ်ယောက်ကောင်းကျိုး၊ ဆိုးကျိုးမှန်သမျှကို နတ်များကပင် ဖန်တီးကြသည်ဟု ယုံကြည်ကြသည်။

၉။ ကချင်လူမျိုးတို့ ရိုးရာဓလေ့ထုံးစံများအရ ကျင်းပသောပွဲလမ်းများတွင် မနောပွဲမှာ အကြီးကျယ်ဆုံး၊ အခမ်းနားဆုံးဖြစ်သည်။ အိမ်သစ်တက်ပွဲ၊ မင်္ဂလာဆောင်ပွဲ၊ အသုဘပွဲစသော လူမျိုးရေးဆိုင်ရာပွဲလမ်းများ ရိုးရာနတ်ပူဇော်ပွဲနှင့် အခြားနတ်ပူဇော်ပွဲများ၊ စီးပွားရေးဆိုင်ရာကောက်သစ်စားပွဲစသောပွဲလမ်းတို့မှာ ကျေးရွာတစ်ရွာ(သို့မဟုတ်) အိမ်ထောင်(သို့မဟုတ်) အမျိုးအနွယ်တစ်ခု၊ နှစ်ခုနှင့်သာ သက်ဆိုင်သောပွဲများဖြစ်သည်။ ပွဲကျင်းပသော ရက်များလည်း တစ်ရက်နှစ်ရက်ခန့်သာ ကြာညောင်းသည်။ မနောပွဲမှာမူ ရွာတစ်ရွာ၊ အမျိုးအနွယ်တစ်ခုနှင့်သာမက နယ်မြေတစ်ခုလုံးတွင်ရှိသော ကျေးရွာအားလုံးနှင့်တကွ ထိုနယ်မြေအတွင်းတွင် နေထိုင်ကြသောအနွယ်အားလုံးနှင့် သက်ဆိုင်သောပွဲဖြစ်၍ ပွဲရက်မှာ အနည်းဆုံး(၄)ရက်မှ (၈)ရက်ထိကြာမြင့်တတ်သည်။ မနောပွဲကျင်းပမည်ဆိုလျှင် တစ်နှစ်ခန့်ကြိုတင်ပြင်ဆင်ရသည်။

၁၀။ မနောပွဲပြီးဆုံး၍ (၁)နှစ်တိတိကြာမှ လုပ်ငန်းအဆုံးသတ်သည်။ မနောပွဲအတွင်း လာလာသမျှ ပရိသတ်အား ထမင်း၊ ဟင်း၊ အရက်၊ ခေါင်ရည်များဖြင့် ဧည့်ခံကျွေးမွေးရသည်။ ညစဉ်ညဦးမှ မိုးသောက်ယံထိ ယောကျ်ား၊ မိန်းကလေး၊ လူကြီးမကျန် အားလုံးစုရုံး၍ ပျော်ပျော်ပါးပါးကခုန်မြူးပျော်ကြသည်။ မနောပွဲကို အကြောင်းအမျိုးမျိုးကြောင့် ကျင်းပကြသည်ဖြစ်ရာ စစ်အောင်ခြိန်တွင် အောင်ပွဲခံသည့်သဘောဖြင့် ကျင်းပသောမနောပွဲ(ပဒန်မနော)၊ အသက်အရွယ်ကြီးရင့်သော အဘိုးအို၊ အဘွားအိုများ သေဆုံးသောအခါ ကျင်းပသောမနောပွဲ(ဂျူမနော)၊ အိမ်ထောင်စုတစ်စုမှ အိမ်သားဖြစ်သူ ညီအစ်ကိုတစ်ဦးဦး နယ်မြေသစ်တည်ထောင်နေထိုင်သောအခြိန်တွင် ပဒိုင်နတ်ကို ဝေခြမ်းပင့်ဆောင်ယူသော အထိမ်းအမှတ်အဖြစ် ကျင်းပသောမနောပွဲ(ကွမ်ယန်မနော)၊ နယ်မြေသစ်ရှိ မကောင်းဆိုးဝါးများကို နှင်ထုတ်သော အထိမ်းအမှတ်အဖြစ် ကျင်းပသောမနောပွဲ(ရှဒစ်ဖော့မနော)ဟူ၍ ရှိသည်။ မနောပွဲမှာ ဘာသာရေးပွဲဖြစ်သော်လည်း စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး အားလုံးနှင့်လည်း အကျုံးဝင်သည်။

လူဦးရေ

၁၁။ ကချင်ပြည်နယ်တွင် လူဦးရေ (၁၂၀၂၀၀၀)ရှိပါသည်။

KACHIN STATE

Boundary

1. Kachin State is situated in the north and northeast of the country and it is a mountainous region. It has an area of 33,903 square miles.

Physical feature

2. Its mountain ranges stretch from north to south in the form of fingers. Some peaks are as high as 10,000 feet or more and most of the mountains rise to the height ranging from 3,000 to 7,000 feet.

3. As Kachin state is covered with mountain ranges, all the areas except the Ayeyarwady Valley between Myitkyina and Bamaw districts, the Hookaung valley between the ranges along its western border, are full of ranges and slopes.

4. According to the state's physical feature rivers flow from north to south and the headwaters of Ayeyarwady, the Maykha and Mɛylikha rivers converge near Myitkyina and form the Ayeyarwady river.

Climate

5. Kachin State has different climates with respect to its physical feature. In northern area with ranges rising above 9,000 feet, the weather is temperate. On the south in lower ranges the weather is less tropical . In the plains and low lands the weather is tropical.

6. Kachin state falls in the direction of South-west Monsoon and so it gets heavy rainfalls. Some of its areas get rains all the year round. Depending on its physical feature some areas receive annual rainfalls of up to 200 inches and some places receive annual rainfalls of 50-70 inches. Areas with high mountains have a very cold climate with snows falling and covering all year round.

Race and Language

7. Kchin belongs to Tibeto-Burman sub-tribe. The inhabitants of Kachin State are Jinphaw, Maru, Lashi, Lisu, Azi tribes. Jinphaw language is useful in Kachin State. Kachin had own literature and taught at school .

Religion

8. Animism is the major faith of Kachin people. They believe that there are spirits guarding jungles, mountains, rivers, land, streams, lakes, towns, villages and houses. They believe that these spirits create good and bad consequences in their daily life and financial and social affairs of the society.

9. Among the Kachin traditional festivals, Manaw festival is the largest and usually held with grandeur. Festivals for house warming, marriage and funeral are included in national festivals while other festivals such as worshipping traditional spirits and new harvest festivals are individual and family undertakings. These festivals are held only for one or two days. Manaw festival covers the whole tribe in the area and participated by all the people living in the villages surrounding that particular area. The Manaw festival usually takes 4 to 8 days. Kachins usually take about one year to prepare for Manaw festival.

10. Manaw festival is held and completed after another one year. Guests attending the festival are fed with curry and rice, liquor and Khaung Ye (local spirit). Every night all the attendees of different ages have to dance cheerfully from dark to dawn. There are many kinds of Manaw festivals namely Padan Manaw held when a war is won, Ju Manaw held grand parents are dead, Kwanran Manaw held when a family member or a sibling leaves and set up a new territory and Shadiphaw Manaw held to ward off evil spirits. Although Manaw festival is a religious ceremony, it covers financial, social and political affairs of Kachin people.

Population

11. Kachin State has a population of 1,202,000.

ကချင်မနောပွဲ


မနောပွဲသည် မြန်မာနိုင်ငံမြောက်ပိုင်းတွင်နေထိုင်ကြသော ပြည်ထောင်စုသားများဖြစ်သည့် ကချင်(ဝါ)ကျင်းဖော အမျိုးသားတို့၏ ဓိုးရာကိုးကွယ်မှုမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ မနောပွဲကို အထူးသဖြင့် မိုးတိမ်များကင်းစင်သည့်ဆောင်းရာသီနှင့် နွေရာသီတို့တွင် ကျင်းပလေ့ရှိသည်။ ကချင်တို့၏ ဓိုးရာနတ်တို့ကို ပသသော ယစ်ပူဇော်ပွဲဖြစ်သည်။ ရွာလုံးကျွတ်၊ နယ်လုံးကျွတ် ပါဝင်ဆင်နွှဲသည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းများနှင့် တွေ့ဆုံကြရသည်။ မနောပွဲတွင် မနောအဆောင်တော်နှင့် အလှမ်းဝေးရာ၌ စိုက်ထူထားသော မနောတိုင်ကြီးများကို ပတ်ချာလှည့်၍ ယောကျ်ားများ မိန်းမများပါဝင် ဖျော်ရွှင်မြူးတူးစွာ ကကြပါသည်။



Kachin Manaw Festival

Manaw festival was born out of Kachin (or) Ginphaw nationals' traditional belief. Kachins are the nationals who live on the northern part of Myanmar. Manaw Festival is formally held in winter or summer when the sky is clear and the weather is fine. This is a traditional Kachin Festival offering sacrifices to spirits. As it is participated by all people in the state they meet each other during the occasion. In the festival there are Manaw poles a bit far from Manaw Hall and men and women happily dance around these poles.

အင်းတော်ကြီးဘုရား



Inndaw Gyi Pagoda

ကောင်းမှုလုံစေတီတော် (မချမ်းဘော)



Kaunghmulon Pagoda (Machanbaw)

မေခနှင့် မလိခ မြစ်ဆုံရှုခင်းအလှ



The Confluence of May Kha & Mali Kha

ဝိုင်းမော်မြို့နယ်ရှိ ဘဒါဇိယာတောင်၏အလှ



The scenic view of Mt Badaziya

ဂျင်းဖောအလှူနှင့် ဝါရောင်ဆည်



Ginphaw youths in front of Washaung Dam

ပူတာအိုမြို့ရှိ တောင်ကုန်းများပေါ်တွင် ဆီးနှင်းများဖုံးလွှမ်းနေပုံ



Snow-capped mountains in the vicinity of Putao

မူလာရီဒီး ကြိုးတံတား (ပူတာအိုမြို့နယ်)



Mulashidi Supinsion Bridge (Putao Township)

တာပိန်မြစ်ကူးကြိုးတံတား



Tapein suspension bridge

လီဆူးအမျိုးသားနှင့် အမျိုးသမီး ရိုးရာယဉ်ကျေးမှုဖြစ်သည့် အဒွန်ရိုနေသည့်ပုံ



A Lisu couple enjoying Khaung Ye (Local liquor)

ဗလမင်းထင်မြစ်ကူးတံတားကို နောက်ခံထားသည့် လီဆူးမောင်မယ်



A Lisu couple poses at the entrance of Bala Minhtin Bridge

မူလာရိုဒီးကျေးရွာ



Mulashidi Village

ရောဝတီ ဒုတိယမြစ်ကျဉ်း



The second Defile of Ayeyawady River



ကမ္ဘာအကြီးဆုံး ကျောက်စိမ်းတုံးကြီး

မြန်မာနိုင်ငံသည် ရေမြေသဘာဝသယံဇာတကြွယ်ဝသည့်အပြင် ကျောက်မျက်ရတနာများဖြင့် ကုလုံကြွယ်ဝသော နိုင်ငံဖြစ်ပေသည်။ အထူးသဖြင့် ကချင်ပြည်နယ် ဖားကန့်ဒေသမှ ထွက်ရှိသော ကျောက်စိမ်းများသည် ကမ္ဘာပေါ်တွင် အကောင်းဆုံးနှင့် အလှပဆုံးဖြစ်ပြီး အရည်အသွေးလည်း ကောင်းမွန်လှပေသည်။

ကျောက်စိမ်းမြို့တော်ဖြစ်သော ကချင်ပြည်နယ်၊ ဖားကန့်မြို့တွင် ကမ္ဘာ့အကြီးဆုံးကျောက်စိမ်းတုံးကြီးကို ၂၀၀၁ ခုနှစ်က ထပ်ဖံတူးဖော်တွေ့ရှိခဲ့ပေသည်။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ကျောက်စိမ်းနဂါး (ကျောက်မျက်ရတနာ)ဂျွမ်ကော်လီမိတက်တို့ ဖက်စပ်အကျိုးတူ လုပ်ကိုင်လျက်ရှိသော လုံးခင်း ဖားကန့်ရတနာမြေ ဖားကန့်ကြီးမော်ရှိ နမ့်မော်ထုတ်လုပ်ကွက်မှ တူးဖော်တွေ့ရှိသည့် ကျောက်စိမ်းတုံးကြီးသည် အလျားပေ(၇၀)၊ အမြင့်ပေ(၂၀)၊ ဒုံ(၁၆)ပေနှင့် အလေးချိန်တန်(၂၀၀၀)ကျော်ရှိကာ ကမ္ဘာတွင် အကြီးဆုံးသော ကျောက်စိမ်းတုံးကြီးဖြစ်ပေသည်။



The world's largest jade stone

Myanmar is a country blessed with abundant mineral resources. Especially, jade stones found in Phakant are of the best quality in the world with very attractive lustre.


In 2001, the giant jade stone was found in Phakant, the jade city of Myanmar. It was found at the Nanthmaw mining block jointly run by the Myanma Gems Enterprise and Kyauksein Nagar (Gems) Company Limited.

The massive jade stone dubbed Jade Dragon, is 70 feet long, 20 feet high and 16 feet wide weighing over 2,000 tons. It is the largest of its kind ever found in the world.

ရခိုင်ပြည်နယ်

Rakhine State

ရခိုင်ပြည်နယ်



ရခိုင်ပြည်နယ်

နယ်နိမိတ်

၁။ ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်ရခိုင်ရိုးမတောင်တန်းကြီးနှင့် ဘင်္ဂလားပင်လယ်အော်အကြားတွင် တည်ရှိသည်။ မြောက်ဘက်၌ ချင်းပြည်နယ်၊ တောင်ဘက်၌ ဧရာဝတီတိုင်း၊ အရှေ့ဘက်၌ ရခိုင်ရိုးမတောင်တန်းကြီး၊ အနောက်ဘက်၌ ဘင်္ဂလားပင်လယ်အော်တို့ ဝန်းရံလျက်ရှိသည်။ ဧရိယာစတုရန်းမိုင် (၁၂၈၀၀)ခန့် ကျယ်ဝန်းသည်။

မြေမျက်နှာသွင်ပြင်

၂။ ရခိုင်ပြည်နယ်သည် တောင်ထူထပ်ပေါများပြီး၊ မြေမျက်နှာသွင်ပြင်သည် မြောက်ဘက်၌မြင့်၍ တောင်ဘက်သို့ တဖြည်းဖြည်း နိမ့်ဆင်းသွားသည်။ ထင်ရှားသော တောင်တန်းများမှာ အနောက်ရိုးမတောင်တန်းကြီး၊ မယူ(မေယု) တောင်တန်းကြီး၊ မင်းကြီးတောင်တန်း၊ သြရမတောင်၊ ဘဲငါးရာတောင်၊ ပျဉ်မတိမ်တောင်များဖြစ်ကြသည်။ ရခိုင်ရိုးမတောင်တန်းသည် ပေ(၃၀၀၀)ကျော်မြင့်၍ အချို့ တောင်ထွတ်များသည် ပေ(၆၀၀၀)ကျော် မြင့်သည်။

၃။ တောင်များသည် မြောက်ဘက်၌ မြင့်၍ တောင်ဘက်သို့နိမ့်ဆင်းသွားသောကြောင့် မြစ်များသည်လည်း မြောက်မှတောင်သို့ စီးဆင်းသည်။ ထင်ရှားသောမြစ်များမှာ နတ်မြစ်၊ မယူမြစ်၊ ကုလားတန်မြစ်၊ လေးမြို့မြစ်၊ သံတွဲမြစ်တို့ ဖြစ်သည်။ အလွန်လှပသော ငပလီကမ်းခြေသည် သံတွဲမြို့နယ်တွင် တည်ရှိသည်။ အင်ဒရူးပင်လယ် (ခေါ်)လုံးသာချိုင်၊ မေယိုးဘေး(ခေါ်) သပြုချိုင်၊ ဂွအော်နှင့် ရွှေဝါချိုင်စသည်တို့မှာ ထင်ရှားသော ပင်လယ်အော်၊ ပင်လယ်ကွေ့များ ဖြစ်သည်။

ရာသီဥတု

၄။ ပင်လယ်နှင့်နီးကပ်သောကြောင့် ရာသီဥတုမျှတသည်။ အနောက်တောင်ရာသီလေ ရှေ့ဦးစွာတိုက်ခတ်ရာဒေသဖြစ်၍ မိုးများသည်။ ဤဒေသတစ်ခုလုံးသည် မိုးများပြီး စွတ်စိုသောရာသီဥတုရှိကြသည်။ တစ်နှစ်လျှင် ပျမ်းမျှအားဖြင့် မိုးရေချိန် လက်မ(၂၀၀)ကျော်ခန့် ရွာသွန်းသည်။ စစ်တွေတွင် တစ်နှစ်ပတ်လုံး ပျမ်းမျှအပူချိန် ၇၄ ဒီဂရီဖာရင်ဟိုက်ရှိသည်။

၅။ ရခိုင်ပြည်နယ်သည် ငွန်၊ ငူလိုင်၊ သြဂုတ်လများ၌ မိုးအများဆုံးရွာသွန်းသည်။ မိုးဦး၊ မိုးနှောင်းပိုင်းတွင် တစ်ခါတစ်ရံ မုန်တိုင်းများ ဖြတ်သန်းသည်။

လူမျိုး၊ ဘာသာစကား

၆။ ရခိုင်ပြည်နယ်တွင် နေထိုင်ကြသော တိုင်းရင်းသားလူများစုမှာ ရခိုင်များဖြစ်သည်။ ရခိုင်လူမျိုးအပြင် ရခိုင်များနှင့် အမျိုးအနွယ် တူသော်လည်း တစ်ဦးနှင့်တစ်ဦး အဆက်အသွယ်ခက်ခဲမှုကြောင့် သီးခြားအမည်များခေါ်တွင်နေကြသော တိုင်းရင်းသားများလည်းရှိသည်။ ယင်းတို့မှာ သက်၊ ဒိုင်းနက်၊ မြို၊ မရမာကြီးတို့ဖြစ်သည်။

၇။ ရခိုင်တိုင်းရင်းသားတို့ သုံးစွဲနေသော ဘာသာစကားသည် အရပ်ဒေသကိုလိုက်၍ လေယူလေသိမ်းတွင် မြန်မာနှင့် အနည်းငယ်သာကွာသည်။ သက်၊ ဒိုင်းနက်၊ မြို၊ မရမာကြီးတို့တွင် ဘာသာစကားသီးခြားရှိကြသည်။

ဘာသာရေးကိုးကွယ်ယုံကြည်မှု

၈။ ရခိုင်တိုင်းရင်းသားတို့သည် ဗုဒ္ဓဘာသာကိုးကွယ်ယုံကြည်ကြသည်။ ဘီစီခြောက်ရာစုခွဲ ဂေါတမဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် ရခိုင်ပြည်သို့ ဗုဒ္ဓသာသနာတော် ရောက်ရှိခဲ့သည်။ ဘုရားမပွင့်မီက ရခိုင်တိုင်းရင်းသားတို့သည် နေနတ်၊ လေနတ်၊ ဗိဿနိုးနတ်၊ သိဝနတ်၊ နန္ဒီနတ်၊ မီးနတ်၊ ရေနတ်တို့ကို ကိုးကွယ်ယုံကြည်ခဲ့သည်။ စုန်း၊ ကဝေနှင့် မှော်အတတ်ပညာများကိုလည်း ယုံကြည်စွဲလမ်းကြသည်။ အတိတ်၊ နိမိတ်ကောက်ခြင်းနှင့် နက္ခတ်ဗေဒင်ပညာတို့ကိုလည်း ယုံကြည်ကြသည်။

၉။ ရခိုင်တိုင်းရင်းသားတို့၏ ရိုးရာပွဲတော်များအနက် သင်္ကြန်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။ ရခိုင်တို့၏ သင်္ကြန်ပွဲမှာ တစ်မူထူးခြားသည်။ သင်္ကြန်မကျမီ သုံးရက်ခန့်ကတည်းက သက်ဆိုင်ရာ ရပ်ကွက်အသီးသီးမှ ရပ်ကွက်ခေါင်းဆောင်တို့သည် တိုင်ပင်ဆွေးနွေးခြင်း၊ အလှူငွေကောက်ခံခြင်းတို့ ပြုလုပ်သည်။ သင်္ကြန်အကြိုနေ့တွင် မဏ္ဍပ်များထိုးကာ ကရမက်၊ နံသာဖြူ၊ နံ့သာနီစသော အမွှေးတုံးများကို ကျောက်ပျဉ်များတွင် အမျိုးသမီးများက သွေးကြသည်။ ည (၁၂)နာရီခန့်သို့ရောက်လျှင် သွေး၍ရသော နံ့သာပုံးများကို ထမ်းရွက်၍ အရပ်ထဲတွင် ဝုံမောင်းတီးကာ တစ်ညလုံးကခုန်မြူးကြသည်။ သင်္ကြန်အကျနေ့တွင် ဘုရားများကို ရေသပ္ပာယ်ပြီး နံ့သာရည်ဖြင့် ပက်ဖြန်းကြသည်။ နံနက်ပိုင်းတွင် ဘုရားရေသပ္ပာယ်ခြင်း အလေ့အထမှာ စစ်တွေမြို့ပေါ်တွင်သာရှိပြီး တောမြို့ဒေသနှင့် ကျေးလက်ဒေသများတွင်မူ ညပိုင်းတွင်ပြုလုပ်လေ့ရှိသည်။

၁၀။ သင်္ကြန်ရေကစားပွဲတော်တွင် အမျိုးသမီးများက လှည့်လည်ရေပက်ခြင်း မပြုဘဲ၊ နီးစပ်ရာမဏ္ဍပ်များအတွင်းမှနေ၍ ရေကစားလေ့ရှိသည်။ မဏ္ဍပ်အတွင်းရေကစားရန်အတွက် ရေကိုလောင်းလေ့များ၊ သံစည်ပိုင်းများဖြင့်တည်ထားလေ့ရှိသည်။ ပထမရောက်လာသောအဖွဲ့ ရေကစားနေကြစဉ် နောက်အသင်းရောက်လာလျှင် မဏ္ဍပ်ထဲသို့မဝင်သေးဘဲ အပြင်တွင် ကခုန်သီဆိုနေကြသည်။ အလွန်စည်းကမ်းရှိလှသည်။ ရှေးအခါက အမျိုးသားရေပက်ခံအဖွဲ့များသည် မြင်းရထား၊ နွားလှည်းများဖြင့် အမျိုးသမီးရေလောင်းမဏ္ဍပ်များသို့ လှည့်လည်ဝင်ထွက် ရေကစားလေ့ရှိသည်။

၁၁။ မဏ္ဍပ်အတွင်းရှိ လောင်းလှေ၏ တစ်ဖက်စီတွင် အမျိုးသားနှင့် အမျိုးသမီးတို့ မျက်နှာချင်းဆိုင် ရေအပြိုင်ပက်ကြသည်။ အနိုင်အရှုံးကို ဒိုင်က ဆုံးဖြတ်ပေးသည်။ သင်္ကြန်အတက်နေ့တွင် နေ့နံသင့်ရာအရပ်သို့ သွားရောက်၍ ရွှေရည်၊ ငွေရည်၊ အမွှေးနံ့သာရည်တို့ဖြင့် ဦးခေါင်းလျှော်ကြသည်။ နှစ်သစ်အတွက် မင်္ဂလာရှိစေရန် ဆုတောင်းကြသည်။ ရခိုင်ရိုးရာပွဲတစ်ခုဖြစ်သော ကျင်ပွဲသည်လည်းမပါလျှင် မပြီးသောပွဲတစ်ခုဖြစ်သည်။ ကျင်ပွဲသည် ရခိုင်ရိုးရာ နပမ်းပွဲဖြစ်ပြီး၊ ဘုရားပွဲ၊ ဘုန်းကြီးပျံပွဲတော်များတွင် ကျင်းပလေ့ရှိသည်။

<u>လူဦးရေ</u>

၁၂။ ရခိုင်ပြည်နယ်တွင် လူဦးရေ (၂၆၁၀၀၀၀) ရှိသည်။

RAKHINE STATE

Boundary

1. Rakhine State is situated between the Rakhine Yoma Range in the western part of Myanmar and the Bay of Bengal. It borders Chin State on the north, Ayeyarwady Division on the south, the Rakhine Yoma on the east and Bay of Bengal on the west. It has an area of about 12,800 square miles.

Physical feature

2. Rakhine State is rugged with mountains and the land is high on the north while it gradually lowers down to the south. Famous mountains are the west Yoma Ranges, the May Yu Range, the Mingyi Range, Awrama Mountain, 500 Ducks Mountain and Pyinmatein Mountain. Rakhine Yoma is over 3,000 feet high and other mountain peaks are over 6,000 feet high.

3. As the mountains are high on the north while they lower down to the south rivers also are flowing down southwards. Famous rivers are Nat River, Mayu River, Kaladan River, Lay Myo River and Thandwe River. The very beautiful Ngapali Beach is situated in Thandwe Township. Andrew Bay or Lonetha Gyaing, Mayo Bay or Thabyu Gyaing, Gwa Aw and Shwewah Gyaing are famous bays and gulfs.

Climate

4. As the Rakhine State is a coastal region it has a temperate climate. As the region is the first to where the Southwest Monsoon enters it gets much rains. It has an average rainfall of over 200 inches every year. Sittwe, the capital of Rakhine State, has a yearly average temperature of 74°F.

5. Rakhine State has much rains in June, July and August. In early and later months of Rainy season hurricanes sometimes blow past the state.

Race and Language

6. The majority of the population are Rakhine nationals. There are some ethnic groups related to them. They call themselves with other names as they cannot contact each other due to transport problems. These ethnic groups are Thet, Daing Net, Myo and Maramargyi.

7. The language used by Rakhine nationals is the same as that of Myanmar although it is being spoken with a different accent depending on different areas they live in. Thet, Daing Net, Myo and Maramargyi have their own dialects.

Religion

8. Rakhine nationals profess Buddhism. In B.C 600 when Lord Buddha was still alive, Sasana had reached Rakhine State. Before Buddha, Rakhine nationals worshipped gods of sun, wind, fire, water, Vishnu, Siva and

Nandi They have superstitions of witchery, wizardry and magic. They also believe in omen, astrology and fortune-telling

9. Among the traditional festivals Rakhines usually celebrate the Thingyan water festival on a larger scale. The Rakhine Thingyan festival is a bit unique. Three days before the festival elders from different townships and village-heads hold discussions and start collecting donations. On the eve of Thingyin, they set up pandals in which women start grinding all the sandalwoods on the stone slabs. At about midnight Rakhine people carry baskets of those perfume blended water and dance around their living quarter the whole night to the beats of drums and gongs. On the Akya Day, the second day of Thingyan, they poured perfume blended water on the images of Buddha and that practice is dominant in Sittwe only while in rural areas it is done usually in the evening.

10. During the Thingyan water festival, women do not go around pouring water but they usually stay in nearby pandals and throw water at revellers. They usually keep water in long boats and old barrels inside the pandals. When the first group is revelling water the next group is waiting outside the pandal dancing and singing. These reveller groups are well disciplined and well behaved. In the past, man revellers went around in pony carriage and bullock carts to the pandals where women are throwing water.

11. Inside the pandal men and women stand in row face to face throw water to each other. An umpire has decided the winner. On the Atet Day, the last day of Thingyan, people usually go to the directions astrologically favorable to their birthdays and wash their hair with perfume blended water in which gold and silver ornaments are immersed They also pray for the new year blessings. Rakhine traditional wrestling Kyin game is always held during the Thingyan water festival Kyin game is the Rakhine traditional wrestling which is usually held at the pagoda festivals and at the funeral processions of monks.

Population

12. Rakhine State has a population of 2,610,000.

လက်ဝဲသလုံးတော်မာတုစေတီ

စစ်တွေမြို့နှင့် (၃)မိုင်ခန့်အကွာ စစ်တွေ-ရသေ့တောင်လမ်းပေါ်တွင် တည်ရှိသည်။ ဗုဒ္ဓမြတ်စွာဘုရားရှင် ရခိုင်ခရိုင်တိသို့ ကိုယ်တော်တိုင် ကြွလာတော်မူစဉ် ကျောက်တော်တောင်(ခေါ်) မောရပဗ္ဗတ သေလာဂိရိတောင်ပေါ်၌ ဆင်းသက်ရပ်တန့်နေစဉ် ဗာဒိတ်တော် မိန့်ကြားရာ ပါဝင်သည့် စေတီဓါတ်တော်တစ်ဆူဖြစ်ပါသည်။ ဘုရားရှင်နှစဉ်က နန္ဒစူဠပဗ္ဗတ တောင်ပေါ်၌ ပဒတ်မင်းဖြစ်ခဲ့ဖူး၍ ခရိုင်တိခေတ်တွင် သူရိယစက္ကမင်းက လက်ဝဲသလုံးတော်ဓါတ်ဘုရားကို တည်ထားခဲ့သည်ဟု အဆိုရှိခဲ့ပါသည်။




Letwe Thalondaw Datu Relic Pagoda

It is situated on Sittway-Yethedaung Road, about three miles from Sittway. When Lord Buddha paid a visit to Rakhine Danyawady and took a rest on Kyauktaw mountain (or) Mawrapabbata Thaylagiri Mountain and prescribed venues to build pagodas. It was noted that that place was one of the venues When Buddha was a King of Lizard in early series of life on Nanda Sulapabbata Mountain it was reported that in Danyawady Era Letwe Thalondaw Data Relic pagoda was built by King Thuriya Setka.

ရတနာမာရ်အောင်စေတီ

ရတနာမာရ်အောင်စေတီတော်သည် မြောက်ဦးမြို့ရှိ မာရ်ငါးပါး စေတီတော်အနက် တစ်ဆူအပါအဝင်ဖြစ်သည်။ အေဒီ- ၁၆၅၂ ခုနှစ်တွင် စန္ဒသုဓမ္မရာဇာ တည်ထားတော်မူခဲ့သည်။ စေတီတော်၏ ထူးခြားချက်မှာ မာရ်ငါးပါးတွင် ဥာဏ်တော်အမြင့်ဆုံးဖြစ်၍ ပေ (၁၈၀)ရှိသည်။ ကျောက်ဆစ် ပန်းပြောက်လက်ရာများဖြင့် တန်ဆာဆင်ထားသည်ကို တွေ့ရသည်။



Yadana Mahn Aung Pagoda

Yadana Mahn Aung Pagoda is one of the five Mahn Pagodas in Mrauk U. King Sanda Thudhamma Yazar built it in A.D 1652. One peculiar fact is that it is the highest (180 feet) among Five pagadas and decorated with stone stucco carvings.

သက္ကမာရ်အောင်စေတီ

သက္ကမာရ်အောင်စေတီတော်သည် မြောက်ဦးမြို့ရှိ မာရ်ငါးပါးစေတီတော်များအနက် တစ်ဆူအပါအဝင်ဖြစ်သည်။ အေဒီ-၁၆၂၉ ခုနှစ်တွင် ဘုရင်သီရိ သုဓမ္မာရာဇာက တည်ထားတော်မူခဲ့သည်။ ပထမဆုံးသော စေတီတော်ဖြစ်သည်။ စေတီတည်ထားပုံမှာ နှံတည်းဟူသော လောကီဘုံမှ ဗုဒ္ဓတည်းဟူသော ကြာပွင့် ပွင့်လာဟန် သရုပ်ဖော်ထားခြင်းဖြစ်သည်။ စေတီတော်၏ပစ္စယာများတွင် မုခ်ထွက်တံကဲများ၊ ခိုနန်းချိုးများဖြင့် မွမ်းမံခဲ့ခြင်းဖြစ်ရာ ထူးခြားသော ဗိသုကာလက်ရာတစ်ခု ဖြစ်ကြောင်းတွေ့ရသည်။ စေတီတော်မှာ (၁၁၄)ပေအမြင့် ဥာဏ်တော်ရှိသည်။ စေတီတော် အနောက်ဘက်အဝင်ဝ၌ ဘီလူးကြီးနှစ်ကောင်စောင့်နေဟန် ကျောက်ဆစ်ဖြင့် ထုဆစ်ထားသည်။



Thekkya Mahn Aung Pagoda

Thekkya Mahn Aung Pagoda is one of the five "Mahn" Pagodas in Mrauk U King Thin Thudhamma Yarzar built it in A .D 1629. It was the first one to be built among five pagodas. The pagoda was built in a design depicting water lily (signifying Buddha) blooming out of a quagmire (signifying mundane world) On the turrets of the pagoda Myanmar architectural decoration works are seen The pagoda has a height of 114 feet On the western gate of pagoda are the two statues of ogre guarding the pagoda

ဇိနမာရ်အောင်စေတီ

ဇိနမာရ်အောင်စေတီတော်သည် မြောက်ဦးမြို့ရှိ မာရ်ငါးပါးစေတီတော်အနက် တစ်ဆူအပါအဝင်ဖြစ်သည်။ အေဒီ-၁၆၅၂ ခုနှစ်တွင် စန္ဒသုဓမ္မရာဇာ.တည်ထားတော်မူခဲ့သည်။ အရှေ့ဘက်မုခ်သို့ မုခ်ထားလျက် အတွင်းဂန္ဓကုဋိတိုက်တော်ပါရှိသည်။ အောက်ပစ္စယာထောင့်များတွင် ကိုယ်နှစ်ခုပါသော ပူးရုပ်တစ်ကောင်စီ စောင့်လျက်ပါရှိသည်။ အထက်ပစ္စယာများတွင်လည်း ပူးရုပ်တစ်ကောင်စီ အစောင့်ပါရှိသည်။




Zina Mahn Aung Pagoda

Zina Mahn Aung Pagoda is also one of the five "Mahn" Pagodas in Mrauk U. King Sanda Thudhamma.Yazar built it in A :D. 1652. The gate is on the east and there is Gandakuti(holy interior room) inside the pagoda. On the turrets of the pagoda are images of guinea pig with twin bodies guarding the pagoda.

လောကမာရ်အောင်စေတီ

လောကမာရ်အောင်စေတီတော်သည် မြောက်ဦးမြို့ရှိ မာရ်ငါးပါးစေတီတော်များအနက် တစ်ဆူအပါအဝင်ဖြစ်သည်။ အေဒီ-၁၆၅၂ ခုနှစ်တွင် စန္ဒသုဓမ္မရာဇာ တည်ထားတော်မူခဲ့သည်။ စေတီတော်အတွင်း၌ ဂန္ဓကုဋိတိုက်တော်ပါရှိပြီး စေတီတော်၏အထွတ်မှာ အလွန်ပြေပြစ်သပ်ပိုင်လှသည်။ ပစ္စယာအဆင့်ဆင့်ရှိ မုခ်တံကဲများတွင် ကျောက်ဆစ်လက်ရာများပါရှိသည်။



Lawka Mahn Aung Pagoda

Lawka Mahn Aung Pagoda is one of the five "Mahn" Pagodas in Mrauk U. King Sanda Thudamma Yarzar built it in A..D.1652. Inside the pagoda is Gandakuti (holy interior room) and the spire is done proportionately On the turrets of the pagoda gates are decorated with stone stucco carvings.

မင်္ဂလာမာရ်အောင်စေတီ

မင်္ဂလာမာရ်အောင်စေတီတော်သည် မြောက်ဦးမြို့ရှိ မာရင်ဒါးပါးစေတီတော်အနက် တစ်ခုအပါအဝင်ဖြစ်သည်။ အေဒီ-၁၆၈၅ ခုနှစ်တွင် ဥက္ကာလာပမင်း တည်ထားတော်မူခဲ့သည်။ မြောက်ဦးမြို့ ခေတ်နှောင်းလက်ရာတစ်ခုဖြစ်သည်။ စေတီတော်၏ပုံစံမှာ ထုခွန်လုံးပိတ်ဖြစ်ပြီး ကျောက်ဆစ်လက်ရာများဖြင့် မွမ်းမံထားသည်။ မာရင်ဒါးပါးတွင် နောက်ဆုံးတည်ထားခဲ့သည့် စေတီတော်ဖြစ်သည်။



Mingalar Mahn Aung Pagoda

Mingalar Mahn Aung Pagoda is also one of the five "Mahn" Pagodas in Mrauk U. King Okkalapa built it in A .D. 1685. It is the work done in old Mrauk U Era. Design of the pagoda is solid cone structure with spine on top and decorated with stone stucco carvings. It is the last to be built among the five "Mahn" pagodas.

သျှစ်သောင်းပုထိုးတော်ကြီး

"အပြည်ပြည်ကို၊ ရှင်ငယ်ရစ်ဝန်း၊ အေးမှုထမ်း"ဟူသော ဥဒါန်းအရ ရှင်သယ်ဆရာဦးမြဝါကြီးမှ၍ အေဒီ(၁၅၃၁-၁၅၅၃) ဘုရင်မင်းတကြီးက၊ ၁၃၅၆-ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့သည်။ ရန်အောင်ဇေယျပုထိုးတော်ကြီးဟုလည်း ခေါ်သည်။ အနောက်ဘက်ရှိ တစ်ဆယ့်နှစ်တိုင်းနှင့် ပေါ်တူဂီရေတပ်ကြီးကို အောင်နိုင်သော အထိမ်းအမှတ်အဖြစ် တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်၍ ရန်အောင်ဇေယျ ပုထိုးတော်ကြီးဟု ခေါ်ဆိုခြင်းဖြစ်သည်။

မြောက်ဦးမြို့, မြောက်ဘက်၊ မိုင်ဝက်မျှအကွာ၊ ဖိုးခေါင်တောင်ကလပ်၊ မြေညီပြင်မှ ပေ(၄၀) ခန့်အမြင့်တွင်တည်ရှိသည်။ သျှစ်သောင်းပုထိုးတော်ကြီးကို ဝက်ပါသဖွယ် လိုက်ဂူတော်(၅)ထပ်ဖြင့် တည်ဆောက်ထားပြီး လိုက်ဂူတော်၏ခေါင်မိုးပေါ်တွင် ဗဟိုစေတီတော်ကြီး တစ်ဆူနှင့် စေတီအရံ(၂၆)ဆူကို ခေါင်း လောင်းမှောက်ပုံစံမျိုးဖြင့် တည်ထားသည်။ ပုထိုးတော်ကြီးမှာ အလျား(၁၆၀)ပေ၊ အနံ(၁၂၄)ပေ၊ သိမ်တော်ကြီးမှာ အလျား (၇၀)ပေ၊ အနံ(၄၆)ပေ၊ အောက်မဟာရံမှ ဗဟိုစေတီတော်ကြီးအဟ့ဖ်ာ ဆီ အမြင့်(၈၆)ပေ ခန့်ရှိသည်။



Shitthoung Pattodawgyi

Located in Mrauk-U, the last capital of Rakhine Kings, it is the most well-known pagoda for all its sculptures depicting the Rakhine heritage. It is also named as Yan Aung Zeya (Pagoda for Victory) because King Nimba built it in 1356 AD in memory of his great conquest over 12 Bengal towns and the Portuguese navy.

The pagoda stands on a hill, 40 feet above the town level, with five layers of caves forming a great underground maze. On the roof of the Pattodawgyi was built the pagoda and 26 accompanying smaller pagodas



ကိုးသောင်းပုထိုးတော်ကြီး


နောင်ပွင့်တော်မူမည့်ဘုရားပေါင်း (၈၄၀၀၀) (အရေအတွက်အားဖြင့် ၉၀၀၀၀ ဟုအဖြည့် သခ်္ခါဖြင့် ဆိုသည်)ကို ရည်မှန်း၍ မင်းဗာဘုရင်၏သားတော် မင်းတိက္ခာက အေဒီ-၁၅၅၃ ခုနှစ်တွင် တည်ထားခဲ့သည်။ အဘရှစ်သောင်း၊သားကိုးသောင်းဟု ဆိုရိုးစကားရှိသည်။

ပုထိုးတော်ကြီးတည်ဆောက်ထားပုံမှာ ရခိုင်ဘူရော ဗုဒ္ဓေါဟု ဆိုရလောက်အောင် ထုထည်ကြီးမားလှပြီး အချိုးကျကျ ထုဆစ်ထားသော ကျောက်တုံးကြီးများဖြင့် တည်ထားခြင်းဖြစ်သည်။ အရှေ့ အနောက် ပေ (၂၃၀)၊ တောင်မြောက် ပေ(၂၅၀)ခန့်ရှိသည်။ အနားသုံးဘက်ကို အဆင့်ဆင့်ပြုလုပ်ထားပြီး တစ်ဆင့်စီ၌ ကျောက်တုံးများဖြင့်ဆင့်၍ ပြုလုပ်ထားသော စေတီငယ်များရှိသည်။

Koethaung Pattodawgyi

The Myanmar word Shitthoung stands for the number 80,000 and Koethaung for 90,000. These numbers roughly indicate a myriad of Buddhas who are to rise in the countless worlds to come. To commemorate the fact. King Minba built Shitthoung Pagoda and his son King Minteikkha (in 1553) built this Koethaung pagoda.So the Rakhine people said Father 80,000 and Son 90,000.

It is a massive stupa carved out of hard rocks. The pagoda base is almost a square, 250 feet by 230 feet On its three sides, there are three terraces, each with a row of small stupas.



ကူတောင်ဘုရား

မြောက်ဦးခေတ် အေဒီ-၁၃၅၁ခုနှစ်ခန့်တွင် ဘုရင်မင်းဗာကြီး တည်ထားခဲ့သော ကျောက်တစ်လုံးတည်းထွင်း ဂူဘုရား (၉)ဆူအနက် တစ်ဆူအပါအဝင် ဖြစ်သည်။ ရသေ့တောင်မြို့နယ်၊ ကူတောင်ကျေးရွာတွင် တည်ရှိသည်။ ကျောက်ထွင်းပန်းလက်ရာများ၊ ကျောင့်က်များ၊ ရေသတ္တဝါများ၊ လူနှင့်နတ်ဒေဝါတို့၏ ကျောက်ပန်းဒီဇိုင်းများကို ကျောက်ဂူမျက်နှာပြင်ပေါ်တွင် ထုထားသည်မှာ လက်ရာအဆင့်အတန်း မြင့်မားလှသည်။

Kutaung Pagoda

It was one of the nine single-rock carved pagoda built by King Minbagyi in Mrauk-U period in AD 1351. It was situated in Kutaung village, Yathetaung township. On the walls of the cave are engraved scrollwork, pictures of birds, aquatic creatures, human beings and celestial beings in decorative designs



ထုက္ကန့်သိမ်ပုထိုးတော်ကြီး

ဘုရင်မင်းဖလောင်း၊ အေဒီ(၁၅၇၀-၁၅၃၃)က ထုက္ကန့်သိမ် ပုထိုးတော်ကြီးကို အေဒီ-၁၅၇၁တွင် တည်ထားခဲ့သည်။ ထုပ်တန်းကြီးမျှားသဖွယ် ကြီးမားရှည်လျားသောကျောက်တန်း ကျောက်တုံးကြီးများဖြင့် တည်ဆောက်ထား၍ ထုက္ကန့်သိမ်ဟုခေါ်သည်။ ပေ(၃၀)မြင့်သောကတျာတောင်ကိုအုတ်တံတိုင်း လေးဘက်ကာရံပြီး စည်မျက်နှာပြင်ကဲ့သို့ညီကာ ပြေပြစ်သွားသောကုန်းမြေပြင်ပေါ်တွင် ပုထိုးတော်ကို တည်ဆောက်ထားသည်။ ပုထိုးတော်ကြီးတည်ရှိရာကုန်းပေါ်သို့ အရှေ့ဘက်နှင့် တောင်ဘက်တို့မှ ကျောက်လှေကားကြီးတစ်ခုစီဖြင့် တက်ရသည်။

ဥပုသ်တော်ဆောင်မှာ ပုထိုးတော်ကြီးနှင့် တစ်ဆက်တည်းဖြစ်သည်။ ပုထိုးတော်ကြီး၏ ခေါင်မိုးပေါ်တွင် ထောင့်လေးထောင့်၌ ခေါင်းလောင်းမှော်သဏ္ဌာန် အရန်စေတီငယ် တစ်ဆူကျစီရှိသည်။ ပုထိုးတော်ကြီး၏ လိုဏ်ထပ်အတွင်းသို့ ခရုပတ်သဖွယ် လက်ယာရစ်ဝင်ရပြီး လက်ဝဲ၊ လက်ယာ နှစ်ဘက်စလုံးတွင် မုခ်ဖွင့်ဘုရားများရှိသည်။ ဘုရားတစ်ဆူစီ၏ မုခ်ပေါက်တစ်ဖက် တစ်ချက်စီတွင် မြောက်ဦးခေတ် တစ်ခေတ်လုံး၏ လူအဆင့်အတန်း ဘွဲ့ထူးဂုဏ်ထူးရာထူးအဆင့်အတန်း၊ အစုံအလင်ဖြင့် ယောကျ်ားမိန်းမအရွယ်အမျိုးမျိုး၏ ဝတ်ဆင်ထုံးဖွဲ့မှုများကို ဘုရားအား ကြာဖူးကိုင်လျက်ပူဇော်ဟန် အသေးစိတ်ထုလုပ်ထားသည်။ ရခိုင်တို့၏ ပေါင်းတော်(၄၀)၊ စလွယ်တော်(၉) ပါးနှင့် ဆံထုံးထုံးနည်း (၆၄)မျိုးတို့ကို ဤလိုဏ်ဂူတော်အတွင်း လေ့လာနိုင်သည်။

Htokkant Ordination Pattodawgyi

The Htokkant Ordination Pattodawgyi, built by King Min Phalaung in 1571, stands not far away from Shitthoung Pattodawgyi of Mrauk.U. It is said this Pattodawgyi is named Htokkant because long and massive rocks were used as cross beams (Htokkant). A natural hill supported by four man-made walls formed the base of the Pattodawgyi and there are two rock staircases, on the east and south, to climb up the hill.

A sabbath chamber was also built along with the Pattodawgyi. At each of the four corners of the Pattodawgyi's roof, there is a small bell-shape pagoda. Then came the most interesting part – the underground caves with stairs spiralling down as if entering a great conch. At regular places on the cave-sides, stairway or doorways were dug up with carved Buddha Images on each side of the way. Then on the walls, there are stone sculptures of men and women, young and old, of all classes and status in life, with their respective styles of dresses with lotus-buds in their hands paying homage to the Buddha. The intricate carvings depict such details as 40 styles of men's head-wear, 9 styles of insignia strings and 64 styles of women's hair-dos.

မဟာမုနိဘုရား

ကျောက်တော်မြို့နှင့် (၅)မိုင်ခန့်အကွာတွင် တည်ရှိသည်။ ကျောက်တော်-မြောက်ဦး ကားလမ်းပေါ်၌တည်ရှိသဖြင့် သွားလာရေး လွယ်ကူသည်။ ဘီစီ-၅၈၀ မှ ၅၂၈-ထိ စိုးစံခဲ့သော တတိယ ဓညဝတီမြို့တည် ဘုရင်စန္ဒာသူရိယ၏ မနောအဓိဌာန်ဖြင့် ပင့်ဖိတ်ချက်အရ ရခိုင်ဓညဝတီသို့ ကြွရောက်တော်မူသော ဗုဒ္ဓဘုရားရှင်၏ ကိုယ်စားတော်အဖြစ် သွန်းလုပ်ကိုးကွယ်ခွင့်ပြုသည့် မဟာမုနိဘုရားရှင် ဖြစ်သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေကိုယ်တိုင် မဟာမုနိဘုရား ဘက်စုံပြုပြင်မွမ်းမံတည်ဆောက် ရေးကိုလမ်းညွှန်လျက်ရှိသဖြင့် ဘုရားရှင်နှင့်တကွ သိမ်တော်၊ ကန်တော်၊ ဥယျာဉ်တော်များမှာ ယခင်ကထက် ပိုမိုသပ္ပာယ်သပ်ယပ် လှပလျက်ရှိနေပါသည်။

Maha Muni Buddha Image

History says that the famous Buddha Image (Mahamuni)at this pagoda was cast very long ago, during the reign of King Sanda Thuria (3rd Danyawaddy dynasty; 580-528BC). At that time Buddha himself was still living and He let the devout Rakhine King to make the Image, which might be the first in the land of Myanmar

The pagoda stands about 5 miles to the south of the old Rakhine city of Kyauktaw The present government of Senior General Than Shwe has built good roads in this part and also made all-round renovations to the pagoda with Ordination Hall, ponds and gardens.

မဟာမုနိဘုရား



Maha Muni Buddha Image



လက်ဆည်ကန်

မြောက်ဦးမြို့၊ ဇီနမာရိအောင်စေတီတော်၏ အနောက်တောင်ဘက်တွင်တည်ရှိသည်။ ယခုအခါတွင် လက်ဆည်ကန်အား လက်ဆေးကန်ဟု ခေါ်တွင်ကြသည်။ ဧက(၁၀၀)ကျော် ကျယ်ဝန်းပြီး တောင်နှစ်တောင်ကိုဆက်ထားသည်။ နန်းတော်တောင်ဘက်မှ ချည်းကပ်လာသောရန်သူဗိုလ်ကို လက်ဆည်ကန်မှရေဖြင့် ရေတံခါးမှ တစ်ဆင့် မြောက်ဘက်မြေနိမ့်ကျွံကို ရေဖြည့်ပြီး တိုက်ခိုက်ရေးအတွက် စီမံခဲ့သောကန်တော်ဖြစ်သည်၊ တောင်နှစ်တောင်ကို ဆက်ထားသော အမြင့် (၁၂)ပေ မြို့ရိုးတွင် ရွှေပေါက်ပင်တံခါးနှင့် အနောက်ဘက်တွင် အကျယ် (၈)ပေ၊ အမြင့် (၁၇)ပေ၊ အရှည်(၂၄)ပေရှိ လက်ဆည်ကန် တံတားတို့ရှိသည်။ ရေကြည်များပြင့် အေးမြကြည်လင်နေပြီး၊ သဘာဝရှုခင်းများ ကောင်းမွန်သဖြင့် မြောက်ဦးမြို့သူတို့ အပန်းဖြေအနားယူရာ နေရာဌာနတစ်ခုဖြစ်ပါသည်။

Let-se Lake

This irrigated lake known as Let-se-kan or Let-say-Kan was first dug up as a military defence measure during the days of Mrauk-U dynasty in Rakhine State Enemies approaching the city from the south could be repulsed by letting off volumes of Lake water through the gates The lake has an area of over 100 acres between two hills There is also a long wall, 12 feet high, built as a fort with a gate named Shwe pauk-pin and a bridge named Let-se-kan The well-known pagoda Zina Mahn Aung stands on the north-west of the lake With its enchanting environment, the site now has become a holiday resort of Mrauk-U

မြောက်ဦးနန်းတော်ကုန်း

မြောက်ဦးခေတ်(အေဒီ- ၁၄၃၀-၁၇၈၅) ဘုရင်များထီးနန်း စိုက်ခဲ့ရာ နန်းတော်ကုန်းမှာ မြောက်ဦးမြို့တွင် ယနေ့တိုင်တည်ရှိနေသည်။ အမြင့်ပေ(၅၀)ခန့်ရှိပြီး ကျောက်တံတိုင်းသုံးထပ် ကာရံထားသည်။ အတွင်းဘက်အကျဆုံးကျောက်တံတိုင်းသည် စတုရန်းပုံဖြစ်ပြီး အနား တစ်ဖက်လျှင် ပေ(၆၀၀)ခန့် ရှည်သည်။ အပြင် ဘက်အစွန်ဆုံးအထပ်သည် တောင်/မြောက် ပေ (၁၆၀၀)၊ အရှေ့/အနောက် ပေ(၁၇၄၀)ခန့် ရှည်လျားသည်။ နန်းတော်ဝင်း သုံးထပ်မှာ ဧရိယာ (၁. ၂) စတုရန်းမိုင်ရှိပြီး ရွှေဝင်းတော်အတွင်း၌ ရွှေနန်းကိုးဆောင်၊ မြေနန်းဆောင်များ၊ လွှတ်တော်ရုံးများ၊ ဘိသိတ်သွန်းရေကြည်များထားရှိရာ နံ့သာကန်တော်၊ ပဟိုရ်စည်ထားရှိရာ နန်းမြင့်မျှော်စင်၊ နက္ခတ်ရုံတော်၊ ပန်းခုံတော်နှင့် လက်နက်တော်တိုက်များတည်ရှိသည်။ ရွှေဝင်းတော်၏တောင်ဘက်၌ စီးတော်ရေယဉ်များစခန်းချခဲ့သော သိင်္ဂနဒီချောင်း၊ မြောက်ဘက်၌ ဆင်ဖြူတော်ကုန်းနှင့် မိဖုရားအဆောင်တော်များရှိခဲ့သည်။ ယခင်ရတနာခန်းမဆောင်ထားရှိခဲ့ရာ နေရာအနီး၌ ယခုအခါ ရှေးဟောင်း သုတေသနပြတိုက် ဖွင့်လှစ်ထားရှိသည်။




Mrauk-U Palace Hill

The traces of Mrauk-U period (AD- 1430-1785) in which the kings made their capital at Nandaw Gon can still be seen till today at the town of Mrauk-U. The ancient city has three layers of 50 feet stone walls. Each stone wall which is closest to the capital is about 600 feet and all the walls form a square shape. Each of the outmost layer wall on northern and southern sides stretches 1600 feet. Each of the eastern and western walls is 1740 feet long. The palace area occupies 1.2 square miles. Within the royal compound, there are nine royal buildings, buildings with earthen floors, parliament buildings, buildings where water used for coronations is housed, royal pond, tower where there is a *Bahosi*(central drum), astronomical observatory, carpentry house and arsenals. To the south of the royal compound are royal vessels. To the north of Theinganadi stream are white elephant hill and buildings for the queens. Near the place where there was the treasury house, an archeological museum is built.

ရခိုင်ပြည်နယ် ဗုဒ္ဓပြတိုက်

စစ်တွေမြို့၊ တရားသီးစုရပ်ကွက်ရှိ၊ မဟာကုသလကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ စုဆောင်းထားရှိသည့် ရှေးဟောင်း ယဉ်ကျေးမှုပစ္စည်းများကို အခြေခံ၍ ရခိုင်ပြည်နယ်၊ ဗုဒ္ဓပြတိုက်ကို နိုင်ငံတော်မှ တည်ဆောက်ပေးခဲ့ရာ ၁၉၉၆ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ စစ်တွေမြို့ မန်ကျည်းမြိုင်ရပ်ကွက်တွင်တည်ရှိပြီး ဧရိယာ (၃. ၆၅၇)ကေ ကျယ်ဝန်းသည်။

ဗုဒ္ဓဝင်ပြခန်း၊ ဘုရားခန်း၊ ဗုဒ္ဓပြခန်း၊ ဓာတ်တော်ပြခန်း၊ ဗုဒ္ဓ စာပေပြခန်းစသည်ဖြင့် ရှေးဟောင်း ဓာတ်တော်မွေတော်၊ စာပေပုရပိုက်များ အစုံအလင်ပြသထားသဖြင့်၊ ရှေးဟောင်းသမိုင်း သုတေသီများအတွက် အဓိကကျသည့် ပြတိုက်ကြီးတစ်ခုဖြစ်သည်။



Buddhist Museum in Rakhine State

This museum started with the articles of ancient cultural heritage collected by Reverend Pandita, the presiding monk or abbot of Maha kuthala monastery in Tayarthizu ward in Sittway. Formally opened on 18th February in 1996, this museum is located at Magyee Myaing Ward in Sittway with the pagoda precinct measuring 3 657 acres.

This museum is a compulsory place of study for researchers on archaeology as it has the exhibition room on the previous Lives of Buddha (Jakatas), the Altar, the exhibition room on the ultimate Life of Buddhahood was attained, the exhibition room displaying the sacred relics There are also palm-leaf and parabaik (writing tablet made of paper, cloth or metal in the form of accordion folds) manuscripts among the exhibits

ရခိုင်ယဉ်ကျေးမှုပြတိုက်

စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ လမ်းမကြီးနှင့် ရေတွင်းလမ်းထောင့်တွင်တည်ရှိသည်။ အလျား (၁၂၂)ပေ၊ အနံ (၉၄)ပေ၊ အမြင့် (၅၂)ပေရှိ၍ (၄)ထပ် အဆောက်အဦဖြစ်သည်။ ၁၉၉၆-ခုနှစ်၊ ဖေဖော်ဝါရီလ (၁၉)ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည်။

ရခိုင်ယဉ်ကျေးမှုဓလေ့ထုံးစံ သရုပ်ဖော်ပန်းချီကားချပ်များနှင့် ရခိုင်ရှေးဟောင်းမြို့တော်များပြခန်း၊ ရခိုင်စာပေပြခန်း၊ ရခိုင်ရိုးရာ အနုပညာပြခန်းနှင့် ရှေးဟောင်းအမွေအနှစ်ပြခန်းများကို ပြသထားသည်။ ရခိုင်ဗီသုကာပြခန်း၊ ဗုဒ္ဓယဉ်ကျေးမှုပြခန်းနှင့် ဓလေ့ထုံးစံများ ပြခန်းတို့ကိုလည်း သီးခြားထည်ဝါစွာ ပြသထားရှိပါသည်။



Rakhine Culture Museum


This museum is situated at the corner of the main Road and Yaydwin street in Mawleik Ward in Sittway. This is a four storeyed building which is 122 feet long, 94 feet wide and 52 feet high. It was inaugurated on 19th February, 1996.

The centre of the museum is a large painting depicting the Rakhine culture and customs. Other no less significant displays are the exhibition of ancient cities of Rakhine, the exhibition of Rakhine literature, the exhibition of Rakhine traditional arts and the exhibition of cultural heritage. In addition, there are still separate exhibition halls that display the architecture of Rakhine, the Buddhist culture and traditions.

စစ်တွေဟိုတယ်

စစ်တွေမြို့၊ အနောက်စံပြရပ်ကွက်၊ ပင်လယ်ကမ်းခြေတွင် တည်ရှိသည်။ ဧရိယာ ၃၅. ၂၇ ဧက ကျယ်ဝန်းပြီး အထူးအိပ်ခန်း (၈)ခန်း၊ ရိုးရိုးအိပ်ခန်း (၃၂)ခန်းနှင့် ဧည့်ခန်းတို့ပါရှိသည်။ အခန်းပေါင်း (၄၀)ရှိ၍ ဧည့်သည် (၈၀)ဦး တစ်ပြိုင်တည်း တည်းခိုနိုင်သည်။ မြန်မာ့အစားအစာ၊ တရုတ်အစားအစာ၊ အနောက်တိုင်း အစားအစာများနှင့် အဖျော်ယမကာများ ရရှိနိုင်သည်။ အမှတ်တရပစ္စည်း အရောင်းဆိုင် ဖွင့်လှစ်ထားရှိပြီး ယွန်းထည်များ၊ ကနုကမာပစ္စည်းများ၊ ရခိုင်ရိုးရာအထည်များ၊ ဆင်စွယ်အရုပ်များကို အလွယ်တကူဝယ်ယူနိုင်ပါသည်။

ဘင်္ဂလားပင်လယ်၏အလှကို ရှုစားနိုင်ပြီး၊ ဘုရားပုထိုးများပေါများရာ ရခိုင်ရှေးဟောင်းမြောက်ဦ မြို့တော်နှင့် မိုင် ၄၀ ခန့်သာ ကွာဝေးသဖြင့် သမိုင်းသုတေသီများ၊ နိုင်ငံခြားသားဧည့်သည်များအတွက် တစ်ထောက်နားခိုရန် ကောင်းမွန်သည့်နေရာစခန်းကြီး တစ်ခုဖြစ်သည်။



Sittway Hotel

It is located on the beach in west Sanpya ward, Sittway. The land occupies 35 27 acres and the hotel has 40 rooms eight luxurious rooms and 32 ordinary rooms and a lounge It can accommodate 80 guests Myanmar, Chinese and Western food as well as drinks and liquor are available There is a souvenier shop where lacquerware, sea shells and Rakhine traditional costumes and ivory products are on sale

Visitors can enjoy the scenic view of Bay of Bengal Because the Rakhine ancient city of Mrauk-U is only about 40 miles away, it is highly recommended for historians as well as foreign tourists to make a visit to the hotel



စစ်တွေပို့ဂ်ရှုခင်းသာ

စစ်တွေမြို့၊ တောင်ဘက်အစွန်း ပင်လယ်ကမ်းခြေတွင် တည်ရှိသည်။ ၁၈၄၄ ခုနှစ်မတိုင်မီက ပေါ်တူဂီအင်ဂျင်နီယာတစ်ဦး တည်ဆောက်ခဲ့သည်။ မြန်မာနိုင်ငံ၏ ပထမဦးဆုံးမီးပြတိုက်ဖြစ်သည်။ ၎င်းမီးပြတိုက်အား ယခုအခါ ပို့ဂ်စခန်းသာမျှော်စင်အဖြစ် အသုံးပြုလျက် ရှိသည်။ စစ်တွေမြို့နှင့် ပတ်ဝန်းကျင်များ၊ ဘင်္ဂလားပင်လယ်အော်အလှနှင့် ကမ်းခြေတစ်လျှောက် ရှုခင်းသာများကို ခံစားကြည့်ရှုနိုင်သည်။

စစ်တွေပို့ဂ်ကို ယခင်က Fakir Point ဟုခေါ်တွင်ခဲ့ရာမှ ယခုအခါ View Point ဟုခေါ်တွင်လာသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် အပန်းဖြေစခန်းတစ်ခုအဖြစ် စနစ်တကျပြုပြင်ဆောင်ရွက်ပေးမှုကြောင့် ပို့ဂ်စခန်း ရှုခင်းသာတွင် ယခင်ကထက် အပန်းဖြေအနားယူသူများ စည်ကားလျက်ရှိသည်။

Sittway View-point

The site on the seaside, at the southernmost edge of Sittway, was said to be constructed by a Portuguese engineer before 1844 AD. It was also the first Light House site in Myanmar. Now the Light House is used as a view-point tower, from which travellers can see the scenic beauties of the beach and the bay.

This view-point (called Fakir Point in prewar days) is now systematically reconstructed by the authorities to become a seaside resort for holiday makers.



ငပလီဟိုတယ်

ငပလီဟိုတယ်မှာ သံတွဲမြို့နှင့် (၈)မိုင်ခန့်အကွာ လင်းသာရွာနှင့် ညပြင်ရွာအကြား ပင်လယ်ကမ်းခြေတွင်ရှိသည်။ ဧရိယာ (၉. ၇၂)ဧက ရှိပြီး၊ အထူးခန်း(၂၀)၊ ရိုးရိုးခန်း(၃၄)ခန်းနှင့် ဧည့်ခန်းတို့ ရှိသည်။ နှစ်ထပ်ဆောင်(၃)ဆောင်၊ တစ်ထပ် ဘန်ဂလို(၁၈)ဆောင်ရှိသည်။ ဧည့်သည် (၅၀၀)ဦးတစ်ပြိုင်တည်း တည်းခိုနိုင်သည်။ မြန်မာအစားအစာ၊ တရုတ်အစားအစာ၊ အနောက်တိုင်း အစားအစာများနှင့် အဖျော်ယမကာများ ရရှိသည်။ ပင်လယ်ကမ်းခြေဒေသထွက် ပုစွန်၊ ဂဏန်း၊ ပြည်ကြီးငါး၊ ကရုကမာ၊ ယောက်သွား၊ ရေမျောက်၊ ငါးမျိုးစုံတို့ကို သီးခြား အစီအစဉ်ဖြင့် ဆောင်ရွက်ပေးသည်။ အမှတ်တရပစ္စည်းများအနေဖြင့် ငါးပိ၊ ငါးခြောက်၊ ငနီတူ၊ ပြည်ကြီးငါး၊ ခရုဖြင့် ပြုလုပ်ထားသော ပစ္စည်းများ၊ ခရုခွံကြီးများ၊ အုန်းသီးခွံဖြင့်ပြုလုပ်ထားသည့်ပစ္စည်းများ ရရှိနိုင်သည်။ ပြည်တွင်း ပြည်ပဧည့်သည်များ အလွန်နှစ်သက်ကြသဖြင့် တစ်နှစ်ထက် တစ်နှစ် တည်းခိုအနားယူသူများ များပြားလာသည်။ ၁၉၉၅-၉၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် (၇၉)သိန်းကျပ် ဝင်ငွေရှိခဲ့ရာမှ ၉၆-၉၇ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် (၁၀၀)သိန်းထိ တိုးတက်ရရှိခဲ့သည်။

Ngapali Hotel

Ngapali Hotel is located at Ngapali beach between Lmtha and Nyabyin villages eight miles from Thandwe Located on a 9.72 -acre compound, the Hotel houses 20 special rooms and 34 economy class rooms It has three two-storey buildings and 18 bungalows. It can accommodate 500 visitors Myanmar, Chinese and western cusine and beverages are available at the Hotel. Seafood such as prawn, crab, squid, oyster, mussel, octopus and various kinds of fishes are being served under a special programme Souvenirs made from shells and coconut husk and large shells are available. The number of local and foreign guests coming to the Hotel is increasing annually The Hotel earned 10 million kyats in fiscal 1996-97 up from 7 9 million Kyats in fiscal 1995-96

ငပလီကမ်းခြေ အပန်းဖြေစခန်း

သံတွဲမြို့မှ ၄ မိုင်ခန့်အကွာ ဇီးဖြူကုန်းကျေးရွာအနီး ပင်လယ်ကမ်းခြေဖြစ်သည့် မဇင်းမှ လုံးသာအထိ ၈ မိုင်ခန့်ရှည်လျားသည်။ ၁၉၆၄ ခုနှစ်တွင် သတင်းစာ၊ ဂျာနယ်အသီးသီးမှဖော်ထုတ်ခဲ့သဖြင့် ထင်ရှားလာခဲ့သည်။ ငပလီကမ်းခြေတွင် အောက်ပါ ဟိုတယ်၊ တည်းခို ရိပ်သာများရှိကြသည်-

ငပလီကမ်းခြေဟိုတယ်	(၂) ခု
ရွှေဝါခြံငှါ့ အပန်းဖြေစခန်း	(၃) ခု
Silver Beach ဟိုတယ်	(၄) ခု
လင်းသာဦးဧည့်ရိပ်သာ	
ပုဂ္ဂိုလိကတည်းခိုရိပ်သာ	(၅၀) ခန့်

ငပလီကမ်းခြေနှင့် ပတ်ဝန်းကျင်တွင် လုံးသာဖောင်ဆိပ်၊ အဏ္ဏဝါရိပ်သာ၊ ငပလီဗိုလ်တဲများ၊ မောင်တောကျောက်နှင့် မဇင်း လေယာဉ်ကွင်းတို့မှာ ရှုခင်ဖွယ်ရာကမ်းခြေ၏ အလှအပများဖြစ်သည်။ ငပလီကမ်းခြေသည် သဲသောင်ပြေပြစ်ခြင်း၊ သဲများဖြူဖွေးခြင်း၊ ဓာတုအညစ်အကြေးကင်းခြင်း၊ သန့်ရှင်းခြင်းနှင့် ကမ်းခြေရှည်လျားခြင်းတို့ကြောင့် ရောက်ဖူးသူတိုင်းအား စွဲမက်စေခဲ့သည်။

Ngapali beach resort

It is located near Zeepyugon village and is four miles away from the town of Thandwe. The beach stretches eight miles. It has become well-known since 1964 because of wide media coverage. The beach has the following facilities:

Ngapali beach hotels	2
Shwewagyaing recreation centre	3
Silver beach hotels	4
Linthan - Oo guest house	
Private-owned guest houses	about 50

At the Ngapali beach and its surroundings, Lonetha raft jetty, Annawa Guest House, Ngapali Guest House, Maungdaw Kyauk and Mazin airfield are places worth visiting. Ngapali because is well-known for its smooth beach, white sand, being free from chemical waste, cleanliness and a long beach.



ငပလီကမ်းခြေ အပန်းဖြေခန်း

Ngapali beach resort



ကမ်းသာယာအပန်းဖြေစခန်း

ရခိုင်ပြည်နယ်၏ တောင်ဘက်အစွန်ဆုံး ဂွမြို့နယ်တွင်တည်ရှိပြီး ဂွမြို့မှ ၁၆ မိုင် ၇ ဖာလုံ၊ သံတွဲမြို့မှ ၆၁ မိုင် ၁ ဖာလုံအကွာ၊ သံတွဲ-ဂွ လမ်းပေါ်၌ တည်ရှိသည်။ ၁၉၉၅ ခုနှစ် ရွှေရတုတပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၄- ၃- ၉၅ ရက်နေ့တွင် ကမ်းသာယာအပန်းဖြေစခန်းကို ဖွင့်လှစ်ခဲ့သည်။ တည်းခိုဆောင် ၂၀ ရှိပြီး၊ ဧည့်သည် ၄၇ ဦးတစ်ပြိုင်တည်း တည်းခိုနိုင်သည်။ သံတွဲ-ငပလီကမ်းခြေကဲ့သို့ သာယာရှုမောဖွယ်ကောင်းသည့် ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းတစ်ခုဖြစ်သည်။ ငသိုင်းချောင်း-ဂွ လမ်းပေါ်တွင်တည်ရှိနေသဖြင့် ရန်ကုန်မြို့နှင့် အခြားသောပြည်နယ်တိုင်းများမှ သွားလာဆက်သွယ်မှုချောမွေ့လျက်ရှိသည်။ စုစုပေါင်း ၂၂၄. ၆၁ ဧက ကျယ်ဝန်းပြီး ဟိုတယ်အဆောက်အဦများ၊ အုန်းပင်တန်းကြီးများ၊ ငွေရောင်သဲသောင်ပြင်များဖြင့် စည်ကားလှပလျက်ရှိသည်။






Kanthayar beach resort

It is located in Gwa, southernmost township of Rakhine State, western Myanmar. It is situated 16.875 miles away from the town of Gwa on 61 miles one furlong Gwa-Thandwe highway. It was formally opened on 24 March 1995 in commemoration of the 50th Anniversary Armed Forces Day, held on 27th March 1995. It is as pleasant and still unspoilt as Ngapali beach in Thandwe. Because it is on the Ngathainggyaung-Gwa highway, it is accessible to the capital Yangon and other States and Divisions. The land area occupies 224.61 acres. There is a long stretch of coconut palm trees and a silvery beach.

ကရင်ပြည်နယ်

Kayin State

ကရင်ပြည်နယ်



ကရင်ပြည်နယ်

နယ်နိမိတ်

၁။ ကရင်ပြည်နယ်သည် မြောက်လတ္တီတွဒ် ၁၆ဒီဂရီ ၄၆မိနစ်နှင့် ၁၉ဒီဂရီ ၂၁မိနစ် အကြားတွင်တည်ရှိ၍ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၅မိနစ်နှင့် ၉၈ဒီဂရီ ၅၄မိနစ်အကြားတွင် တည်ရှိပြီး၊ ဧရိယာစတုရန်းမိုင်(၁၁၀၉၀)ရှိသည်။ မြောက်ဘက်တွင် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်၊ အနောက်ဘက်တွင် တောင်ငူခရိုင်၊ သထုံခရိုင်နှင့် မော်လမြိုင်ခရိုင်၊ တောင်ဘက်တွင် ရေးမြို့နယ်နှင့် အရှေ့ဘက်တွင် ထိုင်းနိုင်ငံတို့နှင့် ထိစပ်လျက်ရှိသည်။

မြေမျက်နှာသွင်ပြင်

၂။ ကရင်ပြည်နယ်၏ အရှေ့ဘက်ပိုင်းသည် ကုန်းမြင့်တောင်တန်းပိုင်းဖြစ်၍ အမြင့်ပေ(၅၀၀၀)ခန့် ရှိသည်။ အနောက်ဘက်ပိုင်းသည် မြေနိမ့်လွင်ပြင် ဖြစ်ရာ ပေ(၁၀၀၀)ဝန်းကျင်မျှသာ ရှိသည်။ အရှေ့ဘက်တောင်တန်းဒေသတွင် အမြင့်ဆုံးတောင်မှာ ဟိုကကြီးတောင်တန်းဖြစ်၍ ပေ(၈၆၀၇)မြင့်သည်။ ပြည်နယ်၏ မြောက်ဖျားရှိ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်များပါ ဆုံသည့်နေရာတွင် ဂန်းတောင်တန်းရှိ၍ ပေ(၅၅၂၄)မြင့်သည်။ ဒေါနတောင်တန်းသည် တောင်မြောက်သွယ်တန်းလျက်ရှိပြီး၊ ပေ(၆၈၂၂)မြင့်သည်။ ပြည်နယ်၏ အနောက် ဘက်နယ်နိမိတ်တွင် တောင်ညီတောင်တန်းတည်ရှိပြီး၊ ပေ(၄၂၂၉)မြင့်သည်။

၃။ တောင်တန်းများတည်ရှိပုံကိုလိုက်၍ မြစ်ချောင်းများမှာလည်း တောင်မြောက်စီးဆင်းသည်။ ထင်ရှားသောမြစ်မှာ သံလွင်မြစ်ဖြစ်သည်။ ထိုင်းနယ်စပ်တွင် နယ်နိမိတ်အဖြစ် သောင်ရင်းမြစ်သည် သံလွင်မြစ်အတွင်းသို့စီးဝင်သည်။ အခြားထင်ရှားသောမြစ်လက်တက်များမှာ ဟောင်သရော (သို့မဟုတ်) ကျိုင်းမြစ်၊ ဒုံသမိမြစ်များဖြစ်သည်။

ရာသီဥတု

၄။ ပူအိုက်စွတ်စိုသော ရာသီဥတုရှိသည်။ အပူချိန်သည် မည်သည့်အခါမျှ ၇၁. ၉ ဒီဂရီဖာရင်ဟိုက်ထက် မလျော့ပေ။ မိုးများစွာရွာသွန်းသည်။ နှစ်စဉ်မိုးရေချိန်လက်မမှာ အနည်းဆုံး (၁၂၀)လက်မဖြစ်၍ အများဆုံး(၁၉၀)လက်မခန့်ဖြစ်သည်။

လူမျိုး၊ ဘာသာစကား

၅။ ကရင်တိုင်းရင်းသားများသည် တိဘက်-မြန်မာမျိုးကွဲတွင် ပါဝင်သည်။ တောင်ပိုင်းကရင်နှင့် မြောက်ပိုင်းကရင်ဟူ၍ နှစ်ပိုင်းခွဲခြားနိုင်သည်။ ပိုးကရင်၊ စကောကရင်နှင့် ပသျှောကရင်များကို တောင်ပိုင်းကရင်ဟုခေါ်ပြီး၊ ဘွဲ့၊ ပလခိုးကရင်များကို မြောက်ပိုင်းကရင်ဟု ခေါ်ဆိုနိုင်သည်။

၆။ ဒေသအလိုက် အုပ်စုအလိုက် ပြောဆိုသောဘာသာစကားများသည် အသံအနိမ့်အမြင့်၊ အလေးအပေါ့၊ အတက်အကျ၊ အဆွဲအငင်၊ ဝဲသံ၊ အောသံ၊ နှာခေါင်းသံ၊ အာစောက်သံ၊ အာခေါင်သံ၊ လည်ချောင်းသံများပါကြသော်လည်း အရင်းခံမြစ်ခြင်း အတူတူပင်ဖြစ်သည်။

ဘာသာရေးကိုးကွယ်ယုံကြည်မှု

၇။ မြေပြန့်ကရင်များသည် ဗုဒ္ဓဘာသာအယူဝါဒနှင့် ရတနာသုံးပါးပူဇော်ဆည်းကပ်ခြင်းကို လက်ခံကြသည်။ ကရင်အမျိုးသားများအနက် ဗုဒ္ဓဘာသာကို သာသနာပြုပြန့်ပျံ့ပေးသည့် ပုဂ္ဂိုလ်မှာ ဦးနန္ဒမာလဘွဲ့အမည်ရှိ ဖူတာမိတ်ဘုန်းတော်ကြီး ဖြစ်သည်။ ကရင်ဗုဒ္ဓဘာသာဝင်များအနက် ပထမဆုံး ရဟန်းဘောင်ဝင်ခဲ့သူဟုဆိုရှိသည်။

၈။ ကရင်တိုင်းရင်းသားများအနက် ခရစ်ယာန်သမာကျမ်းစာကို ဖတ်ရှုပြီး ခရစ်ယာန်ဘာသာအဖြစ် ကူးပြောင်းခဲ့သူမှာ ဦးသာဖြူဖြစ်သည်။ ၎င်းသည် စကောကရင်အမျိုးသားဖြစ်၍ အမေရိကန်နှစ်ချင်းသာသနာပြုအဖွဲ့ခေါင်းဆောင် ဒေါက်တာဂျပ်ဆင်၏ တပည့်ဖြစ်သည်။ ဦးသာဖြူသည် ထားဝယ်မြို့၌ နှစ်ချင်းမင်္ဂလာခံယူ၍ ခရစ်ယာန်ဘာသာဝင်ဖြစ်ခဲ့ရာမှ ကရင်လူမျိုးများအတွင်း သာသနာပြုခဲ့သည်။

၉။ ကရင်တိုင်းရင်းသားများသည် သဘာဝဓမ္မကို ကိုးကွယ်ခြင်း၊ နတ်အမျိုးမျိုးကိုးကွယ်ခြင်း၊ အလေ့အထရှိသည်။ ဗေဒင်၊ ယတြာ၊ ဂါထာ၊ မန္တရား၊ ရေမန်း၊ လက်ဖွဲ့၊ အင်းအိုင်များကိုလည်း ယုံကြည်ကြသည်။ တစ္ဆေ၊ မင်စာ၊ ကျပ်၊ ဖုတ်၊ ဘီလူး၊ သရဲ၊ သဘက်များရှိသည်ဟု ယုံကြည်ကြသည်။ ရိုးရာနတ် အမျိုးမျိုးရှိကြသည်။ ကွယ်လွန်ပြီးသောမိဘများကို ပသခြင်း၊ ကန်တော့ခြင်းကို နတ်စားသည်ဟု ခေါ်သည်။

၁၀။ ကရင်တိုင်းရင်းသားများသည် နှစ်စဉ်နှစ်တိုင်း နှစ်သစ်ကူးပွဲတော်ကို ပြာသိုလဆန်း(၁)ရက်နေ့တွင် ကျင်းပကြသည်။ ကောက်ဦးကောက်သစ်ပေါ်ချိန်ဖြစ်၍ ရွာဖွေလုပ်ကိုင်ရရှိသောသီးနှံများကို ဘုရားအားရည်စူး၍ ဦးဦးဖျားဖျား အလှူဒါနပြုကြသည်။ နတ်စားသောကရင်များသည် အရိုးကောက်ပွဲများကျင်းပသည်။

လူဦးရေ

၁၁။ ကရင်ပြည်နယ်တွင် လူဦးရေ (၁၄၀၃၀၀၀)ရှိသည်။

KAYIN STATE

Boundary

1. Kayin state is situated between north latitude 16°46' and 19° 21' and between east longitude 96° 25' and 98° 54'. It has an area of 11,090 square miles. It borders Shan and Kayah states on the north, districts of Taungoo, Thahton and Mawlamyaing on the west, Ye township on the south and Thailand on the east.

Physical feature

2. Eastern part of Kayin state is a highland rising to about 5,000 feet above sea level while the western part is low lands of about 1,000 feet above sea level. The highest peak in the Eastern Range is Mt Hokakyo at a height of about 8,607 feet . On the northernmost part where Kayah and Shan states meet, is Gam Range rising 5,524 feet above sea level. Dawna Range that stretches from south to north is 6,822 feet high. On the west of the state lies Taung Nyo Range rising 4,259 feet.

3. Rivers and streams flow from south to north as do the mountain ranges. Famous rivers also flow from south to north. Thanlwin is the famous river in the state. Thaungyinn River bordering Thailand flows into Thanlwin. Other famous tributaries are Houngthayaw (or) Gyaing River and Donthami River.

Climate

4. Kayin States has a tropical climate. Temperature is never less than 71.9°F. It has heavy rainfalls. Its annual rainfall is minimum 120 inches and maximum 190 inches.

Race and Language

5. Kayin belongs to Tibeto-Burman sub-tribe. Kayins can be divided into two groups as southern and northern tribes. Po Kayin, Sakaw Kayin and Pashu Kayin are Southern tribes and Bwe and Palachi Kayins may be called Northern tribe.

6. Kayin language belongs to Tibeto-Burman languages groups. Although there are many different dialects they have a common origin.

Religion

7. Kayins residing on the plains profess Buddhism. The first Kayin who propagated Buddhism was U Nandamalar, a Kayin monk. He was the first Kayin national who entered Buddhist monkhood.

8. Among Kayins the one who read the Bible and converted to Christianity was U Tha Phyu. He was a sakaw Kayin and a follower of Dr. Judson who led the American Baptist mission. U Tha Phyu was baptized in Dawei and he became a missionary among the Kayin people.

9. Kayin people have traditions to worship Nature and Spirits. They accept astrology, mantra, magic, talismen and other sacred things. They also believe in ghosts, elf, vampires, demons and demigods. They worship various traditional spirits. To worship the late parents is called adoration of spirits.

10. Kayin nationals usually hold New Year Festival on the first waxing day of Pyatho (January) every year. As it is the harvest time they offer crops to Lord Buddha and made donations. Kayins who worship spirits also make fortune-telling with bones.

Population

11. Kayin State has a population of 1,403,000.

မြတ်မုနိရုပ်ပွားတော်စံပါယ်ရာ
ဘားအံမြို့လယ်ကျက်သရေဆောင်၊ သေဋ္ဌမာရ်အောင် ဘုရားကြီး

ကရင်ပြည်နယ် ဘားအံမြို့၊ ဗိုလ်ချုပ်လမ်းတွင်ရှိပါသည်။ ဘုရားဝင်းကြီးရှိ ကြေးဆင်းတုတော်ကို ရဲကျောင်းဆရာတော် ဦးအာဒိစ္စရံသီက ဦးဆောင်၍ သက္ကရာဇ် (၁၂၇၉)ခုနှစ်တွင် သွန်းလောင်းခဲ့ပြီး (၁၂၈၄)ခုနှစ်တွင် ပြီးမြောက်ခဲ့သည်။ ထိုကြေးဆင်းတုတော်သည် ဥာဏ်တော်အမြင့်(၉)တောင်(၁)မိုက်ရှိပြီး ခကြေး ပိဿာချိန် (၄၆၀၀) ရှိသည်။ ကြေးဆင်းတုတော် ရုပ်ပွားကြီးတည်ရှိ၍ သာသနိကအဆောက်အဦတို့ဖြင့် တင့်တယ်စေရန် ဘုရားကြီးမြောက်ဘက် ကိုက်(၂၀)ခန့်တွင် ပဋ္ဌကတဲတိုက် နှစ်ထပ်အဆောက်အဦတစ်ခုကို တည်ဆောက်လေသည်။ ပဋ္ဌကတ်တိုက်ရှေ့ မြေကွက်လပ်တွင် မူလယွန်းရှမ်းများတည်ခဲ့သော (၉)တောင်ပြည့်စေတီတော်ကိုငုံ၍ စစ်ကိုင်းကောင်းမှုတော်ပုံတူကိုယူပြီး တည်ဆောက်ခဲ့ရာ (၁၉၆၀)ပြည့်နှစ်၊ ဇူလိုင်လ(၁၉)ရက်နေ့တွင် ရေစက်ချခဲ့သည်။ ယခုအခါ ကျက်သရေဆောင် သေဋ္ဌမာရ်အောင် ဘုရားကြီးဝင်းအတွင်း ညစဉ်မီးရောင်စုံများ ထွန်းညှိလျက်ရှိပြီး၊ ပဋ္ဌကတ်တိုက် အဆောက်အဦနှင့် သာသနိကအဆောက်အဦတွင် နှစ်စဉ်အဘိဓမ္မာစာမေးပွဲ၊ ပါဠိပထမပြန်စာမေးပွဲ၊ ဓမ္မာစရိယစာမေးပွဲတို့ကိုကျင်းပပြီး အသံမစဲပဋ္ဌာန်းပွဲကိုလည်း နှစ်စဉ်ကျင်းပလေ့ရှိသည်။



The Glorious Thehta Mahn Aung Pagoda in downtown Pha-An where Myat Muni Buddha Image is enshrined

The pagoda is situated in Bogyoke street in Pha-An. The bronze holy Buddha Image was cast under the guidance of Ye-kyaung Abbot U Ardissaransi in ME 1279 and completed in ME 1284. That bronze holy Image has a height of 9 taung and 1 mike (about 170 inches) and a weight of 4,600 viss. To let the image be surrounded by decent Sasana monuments, such buildings are constructed and a two-storeyed library of Tipitaka Buddha Scriptures has been built among others on the north of the pagoda. In the plot opposite to the library was a 9- taung (162 inches) high pagoda originally built by Yun Shan copying the design of Kaung Hmudaw pagoda in Sagaing on 19 July 1960 after pouring the water of libation. Nowadays colourful bulbs are lit in row inside the Glorious Thehta Mahn Aung pagoda's walls and Abidhamma, Pali Pahtamabyun and Dhammacariya exams are held in the Tipitaka library and Sasana buildings every year. Also non-stop recitation of Pahtan scriptures is usually held every year.

လုမ္ဗိနီဥယျာဉ်ရှိ ဆင်းတုတော်ကို ငွေကပင်တောင်နောက်ခံဖြင့် မှုးတွေ့ရပုံ

ငွေကပင်တောင်ခြေရှိ လုမ္ဗိနီဥယျာဉ်တော်ကြီးအတွင်းတွင် ဘုရားအဆူပေါင်း တစ်ထောင့်ရှစ်ဆယ်အဆူကို တည်ထားပါသည်။ ငွေကပင်တောင်၏ အလှနှင့် ဆင်းတုတော်များအား လုမ္ဗိနီဥယျာဉ်အတွင်း မှုးတွေ့ရသည်မှာ ကြည်ညိုဖွယ်ကောင်းလှပါသည်။



Buddha Images in Lumbini Garden at the foot of Zwgabin Hill

Inside the Lumbini Garden at the foot of Zwegabin, 1,080 Buddha Images are built. It is adorable to see these Images inside Lumbini Garden against the beautiful Mount Zwegabin.

ရွှေယင်မျော် ပြည်တော်အေးစေတီတော်

ကရင်ပြည်နယ်၊ ဘားအံမြို့. မြောက်ဘက်၊ အဓိကရကျောက်စွန်းပေါ်တွင်မြို့အဝင် ကျက်သရေဆောင် ရွှေယင်မျော်ပြည်တော်အေးစေတီတော်ကို ဖူးတွေ့ရပါသည်။ ရန်ကုန်မြို့၊ ကမ္ဘာအေးစေတီတော် ပုံသဏ္ဌာန်ကဲ့သို့ လိုက်စေတီအဖြစ်တည်ထားပြီး၊ ဉာဏ်တော်(၅)တောင် မြင့်သော ဆင်းတုတော်တစ်ဆူ ကိန်းဝပ်သည်။ လိုက်၏ ထိပ်ပေါ်တွင် ဉာဏ်တော်(၃၂)တောင် မြင့်သော စေတီတော်ကို တည်ထားပြီး ထောင့်လေးထောင့်တွင် ပွင့်တော်မူပြီးသော ဘုရားလေးဆူကိုရည်မှန်း၍ ဉာဏ်တော်ကိုးတောင်မြင့်သောစေတီလေးဆူရှိသည်။ ထိုစေတီတော်ကို လေသာကျောင်းဆရာတော် ဦးစန္ဒာဘာသက ကြိုးမှူး၍ သက္ကရာဇ်(၁၃၂၀)ပြည့်နှစ်၊ နယုန်လဆန်း(၁၀)ရက်နေ့တွင် ပန္နက်ရိုက် တည်ဆောက်ခဲ့ရာ သက္ကရာဇ် (၁၃၂၇)ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ထီးတော်တင်ခဲ့သည်။

ရွှေယင်မျော်ပြည်တော်အေးစေတီမှ ရှုမျော်ကြည့်လျှင် မိုင်းညိုညို၊ ညိုပြာသန်းနေသော ဒွဲကပင်တောင်နှင့် ဖားပုတောင်တို့ကို မြင်တွေ့နိုင်ပြီး တသွင်သွင်စီးဆင်းနေသောသံလွင်မြစ်၏အလှကိုလည်း ကြည့်ရှုခံစားနိုင်မည် ဖြစ်ပါသည်။



Shweyinhmyaw Pyidaw Aye Pagoda

Shweyinhmyaw Pyidaw Aye Pagoda is located on a massive rock called "Adikaya" north of Hpa-an in Kayin State. It is a temple-like pagoda whose shape resembles to that of the Kaba Aye Pagoda in Yangon. A 7.5 feet high Buddha Image is kept in the pagoda for public obeisance. On the temple-like structure is a 48 feet high shrine housing four Buddha Images. The Pagoda was built under the supervision of a monk, U sandovasa of Letha Monastery. The wedge driving ceremony was held on the 10th Waxing of Nayon, 1320 Myanmar Era. The sacred Htidaw hoisting ceremony was held on the fullmoon day of Taboung in1327 ME.

From the pagoda, a visitor can enjoy the beautiful scenery of bluish Zwegabin and Hpapu Mountains and the Thanlwin River.



ဝူဝေစေတီ

ဝူဝေစေတီသည် ဘားအံ-ပိုင်ရမ်းလမ်းအတိုင်းသွားလျှင် (၈)မိုင်ခန့် ခရီးအရောက် ဇွဲကပင်တောင်၏ အနောက်တောင်ဘက် တောင်ခြေရင်းတွင် ရှိသည်။ ဘုက်တော် ပေ(၃၀) ခန့်မြင့်သော ဝူဝေစေတီသည် မြတ်စွာဘုရားခွင့်ပြုတော်မူသော ဥဒိဿစေတီနှင့် ဓမ္မစေတီတစ်ဆူ ဖြစ်ပါသည်။

Duway Pagoda

Duway pagoda is situated on the southwest foot of Mount Zwegabin and one can arrive there by going about 8 miles along Pha-An-Paingyan Road. Being high about 30 feet, Duway pagoda has been built as a pagoda of dedication and Dhamma shrine according to Lord Buddha's recommendation

ရေးဟောင်းသမိုင်းဝင် ဘုရင်ညီနောင်ဂူဘုရား

ကရင်ပြည်နယ်၊ ဘားအံမြို့၊ မြို့ကလေး-သထုံကားလမ်း အတိုင်းသွားလျှင် မြို့ကလေးမှ(၁၂)မိုင်ခန့် အကွာတွင်ရှိပါသည်။ ဘုရင်ညီနောင်ဂူအား အဝေးမှကြည့်လျှင် တောင်ခါးပန်းတိုင် အဆင့်အဆင့်သော အနိမ့်အမြင့်တို့တွင် ထုံးဖြူဖြူစေတီများကို မြင်တွေ့ရသည်။ သထုံပြည်ကို အနော်ရထာမင်းစော သိမ်းပိုက်ယူသောအချိန်တွင် မန္တဟာမင်း၏သားတော် သီဟကုမာရန့်၌ စိတ္တကုမာရမင်းသားနှစ်ပါးသည် နေပြည်တော်မှ တိတ်တဆိတ်ထွက်ပြေးပြီး ယခုဂူနေရာတွင် လုံခြုံအေးချမ်း၍ ဗုဒ္ဓရုပ်ပွားတော်များကိုဖူးတွေ့ရသောအခါ ညီနောင်နှစ်ပါးစခန်းချ၍ တရားအားထုတ်ခဲ့လေသည်။ ထို့ကြောင့် ဘုရင်ညီနောင်ဂူဟု အမည်တွင်လေသည်။ တောင်ခြေရင်း လိုဏ်ဂူတောင်ဘက်တွင် ပူနွေးသောရေအိုင်ရှိသည်။ ထိုရေအိုင်နှင့် တစ်ဆက်တည်း အနောက်ဘက်ပေ(၂၀)ခန့်တွင် ရေအေးအိုင်တစ်ခုရှိသည်။ ရေပူရေကြောင်း၊ ရေအေးကြောင်းတို့သည် တောင်မှမြောက်သို့ စီးဆင်းကြသည်။ သို့သော် ရေပူနှင့် ရေအေးတို့ ရောနှောခြင်းမရှိ။ ထူးဆန်းလှသောရေပူစမ်းတွင် ရေခိုးပါက ရောဂါကင်းသည်ဟု ယုံကြည်ကြ၍ ဘုရားဖူးညီသည်များ တပျော်တပါး ရေခိုးကြသည်။ ဘုရားဖူးများ နေ့စဉ်စည်ကားလျက်ရှိသော ဒေသ၏အလှတစ်ပါးဖြစ်ပါသည်။



Ancient Bayin Nyinaung Cave Pagoda

It is situated about 12 miles from Myaing Galay on Thaton-Myaing Galay motor road in Pha-an Township, Kayin State. Bayin Nyinaung cave can be seen from afar with whitewashed pagodas standing on different slopes. When Thaton was annexed by King Anawrahta, Thaton King Manuha's two sons, Thihakumara and Sittakumara, secretly left the capital for that cave where they found solace and Buddha Images. Then they took refuge in the cave and practiced meditation. That was why the cave was called Bayin Nyinaung Cave (cave of King brothers). At the foot of the hill on the south of the cave is a hot pool and adjoining it on the west about 20 feet is a cold pool. Hot and cold water join and flow down from south to north. As hot and cold water never mix pilgrims enjoy bathing inside the spa believing all maladies can be cured. It is one of the spots crowded with pilgrims.

အံ့ဩဖွယ်ဂူအတွင်း အလှအပများစုဝေးရာ ရေးဟောင်းသမိုင်းဝင် ဆဒ္ဒန်ဂူဘုရား

ကရင်ပြည်နယ်၊ ဘားအံမြို့တောင်ဘက် မိုင်(၂၀)ခန့်အကွာ ဇဲကပင်တောင်စွယ်၏အဆုံးတွင်ရှိပါသည်။ ဆဒ္ဒန်ဂူအဝင်ဝတွင် ဆင်ဖြူတော်ရုပ်လုံး တစ်ဖက်လျှင်တစ်ကောင်စီထုလုပ်ထားပါသည်။ ထိုစောင်းတန်းမှ အုတ်လှေကားကိုတက်လျှင် ဆန်းကြယ်လှပသောဂူဝင်ပေါက်ကို တွေ့နိုင်ပါသည်။ လိုဏ်ဂူအဝသည် ပေ(၁၀၀) (၁၅၀)ခန့် ကျယ်ဝန်းသည်။ ဂူအတွင်းဆင်းတုတော်နှစ်ဆူကိုလည်း ဖူးတွေ့ရသည်။ ဂူ၏အဝ လိုဏ်ဝန်းခွံတောင်ကမူလေးများအပေါ်တွင် စေတီငယ်လေးများတည်ထားပါသည်။ မတ်ရပ်ရုပ်ပွားတော်များကိုလည်း ဖူးတွေ့နိုင်ပါသည်။ ဂူထဲသို့ဝင်လျှင် ပေ(၅၀)ခန့်သာ အလင်းရောင်ရှိသည်။ ပေ(၅၀)ကျော် ဂူအတွင်းသို့ဝင်လျှင် မှောင်အတိရှိပြီး မီးတုတ်၊ ဖယောင်းတိုင်စသည့် အလင်းရောင်တို့ဖြင့် သွားလာကြရသည်။ အံ့ဖွယ်ဆန်းပြား ထူးထွေခြားနှင့်ပြည့်စုံသော ဆဒ္ဒန်ဂူသည် ကရင်ပြည်နယ်၏ ကျက်သရေဝင်စေသော အလှတစ်မျိုးပင် ဖြစ်ပါသည်။



Historical Sadan Cave Pagoda in which amazing beautiful artifacts are enshrined

It is situated at the end of Zwegabin ridge , 20 miles south of Pha An, Kayin State . At the mouth of Sadan cave are two huge white Elephant statues which can be seen on left and right of the entrance. If one goes up the brick steps of that stairway the wonderful entrance of the cave can be seen The entrance measures about 150 feet Inside the cave are two Buddha Images. At the entrance area are small pagodas as well as standing Buddha Images built on the hills. One can get natural light up to 50 feet when entering the cave. Beyond that distance falls complete darkness. This Sadan Cave is one of the glories of Kayin state.

ရေးဟောင်းအမွေအနှစ်များတည်ရှိရာ ထင်ရှားသော ကော့ဂွန်းဂူဘုရား

ကရင်ပြည်နယ်၊ ဘားအံမြို့မှ သံလွင်မြစ်အတိုင်း စုန်ဆင်းလျက်(၆)မိုင်ခန့်အကွာ ကော့ဂွန်းရွာတွင်တည်ရှိပါသည်။ သမိုင်းအရ ရှေးအကျဆုံး ကျောက်လိုဏ်ဂူဖြစ်သည်။ တစ်ဘက် ပွင့် လိုဏ်ဂူဖြစ်၍ အလင်းရောင်ကောင်းစွာရသည်။ ဂူဝအကျယ်မှာ ပေ(၁၀၀)ခန့်ရှိပြီး အတွင်းသို့ ပေ(၁၅၀)ခန့် ဝင်ရောက်နိုင်သည်။ ဂူအတွင်း၌ သဘာဝအလျောက်ဖြစ်ပေါ်နေသော ဇကျောက်သားပေါ်တွင် အရွယ်အမျိုးမျိုးရှိသော ပထမံအုတ်ခွက်ဘုရားများ၊ ဆင်းတုတော်များ၊ ထွင်းထုထားသည်။ အဝေးမှကြည့်လျှင် ကျောက်သားကို မမြင်ရဘဲ ရွှေရောင်မြရောင်တဝင်းဝင်း ထွက်နေသည်။ ဂူအတွင်း၌ ထူးဆန်းသော ဝိဿနိုးနတ်ရုပ်၊ ခြောက်မြောင့် စေတီ၊ မုတ္တမမိဖုရား လျှဒါန်းထားသောကျောက်စာ၊ ရပ်တော်မူဘုရားနှင့် တင်ပျဉ်ခွေ၊ လျောင်းတော်မူ ဆင်းတုတော်များ မရေမတွက်နိုင်အောင်တည်ထားသည်။ ရှေးဟောင်းလက်ရာတို့ဖြင့် ထူးဆန်းလှပသော ကော့ဂွန်းဂူကို ပြည်တွင်းပြည်ပမှ သုတေသီတို့က အလေးထားလေ့လာကြသည်။ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဖြစ်သည့် ရှေးအဆက်ဆက်မှ အနုပညာလက်ရာများလေ့လာ၍ မကုန်နိုင်အောင် လှို့ဝှက်ဆန်းကြယ်လျက်ရှိနေပါသည်။




Kawgun Cave Pagoda

Sailing downriver Thanlwin about 6 miles from Pha-An in Kayin state, one will reach Kawgun village where Kawgun Stupa is situated. According to some historical records, it is noted that the cave is one of the most ancient caves in this area. With its wide open entrance the interior of the cave receives full natural light. The mouth of the cave is 100 feet wide and one can go inside up to about 150 feet. Inside the cave are Pahtaman votra tablets and Buddha Images carved on natural rocks. When one looks from afar no rock but the reflection of colours in gold and emerald can be seen. Inside the cave are the statue of Vishnu, the hexagonal pagoda, the stone inscription donated by the Moattama Queen and numerous Buddha Images in standing, sitting and reclining positions. Local and foreign visitors prefer to visit and study this wonderful Kawgun Cave. Numerous artworks preserved for centuries can be observed in this cave.

ဝက်ပါစေတီတော်မြတ်တည်ရှိရာ ကော့ကသောင်ဂူ

ကရင်ပြည်နယ်၊ ဘားအံမြို့၏အရှေ့ဘက်(၇)မိုင်ခန့်အကွာ အိမ်ထဲကျေးရွာအုပ်စု၌ပါဝင်သည်။ ရှေးဟောင်းလက်ရာများထက် ခေတ်သစ်ပြုပြင်ထားသောလက်ရာများဖြင့် ဂူအတွင်း၊ အပြင်ကို အလှဆင်ထားသည်။ ဂူအပြင်ရှိ သာယာလှပသော မြက်ခင်းပြင်ရှုခင်းနှင့် ဝက်ပါဘုရားတို့သည် ဘုရားဖူးလာသူတို့အား ဆွဲဆောင်သောနေရာများဖြစ်သည်။ တရားဥပုသ်၊ ကုသိုလ်ယူလိုသူများနှင့် အပန်းဖြေအနားယူလို သူများအတွက် အလွန်စိတ်ကြိုက်ဖြစ်စေမည့် နေရာဖြစ်သည်။



Kawkathaung Cave Pagoda

The cave is situated in Enhte village-tract, seven miles east of Pha An in Kayin State. The interior and exterior of the cave are decorated with recently renovated artifacts rather than the ancient ones. Fine scene of meadow outside the cave and Wingabar Buddha Images are fascinating.



ကျောက်ကလပ်စေတီ

ကျောက်ကလပ်စေတီသည် အပေါ်ကျောက်တုံးပေါ်တွင် တည်ထားသော စေတီတစ်ဆူဖြစ်သည်။ အဝေးမှ လှမ်းမျှော်ကြည့်လျှင် အလွန်လှပဆန်းကြယ်ပြီး လယ်မြေများအကြားတွင် ထူးထူး ဆန်းဆန်း ကျောက်ဆောင်ကျောက်တုံးများ ဖြစ်ပေါ်နေသည်မှာ အလွန်အံ့ဘွယ်ရာ ဖြစ်သည်။ ကျောက်ကလပ်စေတီတော်၏ တောင်ခြေတွင် ဘုန်းတော်ကြီးကျောင်းနှင့် ဇရပ်တစ်ဆောင်ရှိသည်။ ကျောက်ကလပ်စေတီ၏ အရှေ့တည့်တည့် (၃)မိုင်ခန့် အကွာတွင် မြို့ငယ်အံ့ဆိုင်းနေသော ဒဲကပင်တောင်တန်းကို မြင်တွေ့နိုင်ပါသည်။

Kyaukkalat Pagoda

Kyaukkalat Pagoda is the one built on the upper rock and one can be awe-struck from afar to have an amazing view in which rocks and stones are formed in the fields. There is a rest house attached monastery at the foot of the mountain.



Shwe Myin Wun Pagoda (Myawady Township)

The pagoda is situated east of Dawna Range in Kayin state, in downtown Myawady which is lying on the bank of Thaungyin River on Myanmar-Thai border. The holy pagoda is being worshipped by all people from that border area. When Gotama Buddha, in Mahar Era 111 after he got eight lents, arrived Myawaddy on Dethasayi tour together with His 500 disciples He gave away one Hair relic to Mayor Sumana who kept it in golden box and enshrined in Shwemyin Wun pagoda. In Mahar Era 925 ,when King Bayintnaung marched to fight a war he made a sojourn at Myawaddy and renovated the pagoda. In 1147, Myin Wun Minister Mahar Minhla Minkhaung renovated it again.

This 2500-years old pagoda has a height of 1,23 feet, 3 inches. The circumference of its bell shape is 108 feet. The foundation has a circumference of 404 feet Buddhist devotees who have visited Myawaddy usually worship this sacred pagoda.

မြဝတီမြို့နယ်မှတန်ခိုးကြီးသော သမိုင်းဝင် ရွှေမြင်းဝန်စေတီတော်မြတ်ကြီး

ကရင်ပြည်နယ်၊ ဒေါနတောင်တန်း အရှေ့ဘက်၊ မြန်မာ-ထိုင်းနယ်ခြားဒေသ သောင်ရင်းမြစ်ကမ်းပေါ်ရှိ မြဝတီမြို့လယ်တွင် တည်ရှိပါသည်။ နယ်စပ်ဒေသရှိ ရဟန်းရှင်လူတို့ ယုံကြည်အားကိုးပူဇော်ခဲ့သော စေတီတော်မြတ်ကြီးဖြစ်ပါသည်။ ဂေါတမဗုဒ္ဓသည် ဝါတော်(၈)ဝါရချိန် မဟာသက္ကရာဇ်(၁၁၁)ခုတွင် ရဟန္တာငါးရာနှင့်အတူ မြဝတီမြို့ကလေးသို့ ဒေသစာရီကြွချီတော်မူစဉ် သုမနမြို့စားအား ဘုရားရှင်ပေးခဲ့သော ဆံတော်ကို ရွှေကြုတ်တွင်ထည့်၍ ဌာပနာကာ ရွှေမြင်းဝန်စေတီအား တည်ထားခဲ့ခြင်းဖြစ်သည်။ သက္ကရာဇ် (၉၂၅)ခုနှစ်တွင် ဘုရင့်နောင်မင်းတရားကြီး စစ်ချီစဉ် မြဝတီ၌ ခေတ္တနားခိုက် မွမ်းမံပြင်ဆင်ခဲ့သည်။ သက္ကရာဇ် (၁၁၄၇)ခုနှစ်တွင် မြင်းဝန်မင်းကြီး မဟာမင်းလှမင်းခေါင်က ထပ်မံပြင်ဆင်ခဲ့သည်။ သက်တမ်းအားဖြင့် နှစ်ပေါင်း (၂၅၀၀)ကျော် ရှိပြီး၊ ဥကၠဋ္ဌတော်အမြင့် (၁၂၃) ပေ (၃)လက်မ၊ ခေါင်းလောင်းပေါက်အဝန်း(၁၀၈)ပေ၊ အောက်ဖိနပ်တော် အဝန်း(၄၀၄)ပေ ရှိသည်။ မြဝတီမြို့သို့ရောက်ရှိလာကြသော မြန်မာနိုင်ငံ အရပ်ရပ်မှ ဗုဒ္ဓဘာသာဝင်များ ယုံကြည်အားထားစွာ ဖူးမျှော်လျက်ရှိသော တန်ခိုးကြီးစေတီတော်မြတ်ဖြစ်သည်။

ဘုရင်ညီနောင်ဂူဘုရားအဝင်




The entrance of Bayin Nyinaung Cave Pagoda

ဆဒ္ဒန်ဂူဘုရားအဝင်



The entrance of Sadan Cave Pagoda

ကော့ဂွန်းဂူဘုရားအဝင်



The entrance of Kawgun Cave Pagoda

ကော့ကသောင်ဂူဘုရားအဝင်




The entrance of Kawkathaung Cave Pagoda

ကော့ကသောင်ဂူမှ ဝက်ပါစေတီ



Kawkathaung Cave Pagoda

ရွှေရင်မျှော်ဘုရားမှ ဖား၊ နဂါးနှင့် သံလွင်တစ်ဘက်ကမ်းမှ ဖားပုတောင်



Shwe Yin Hmyaw Pagoda

သံလွင်တံတားဘက်မှ မြင်ရသော ဇွဲကပင်တောင်အလှ



The serene beauty of Zweganbin Hill

သံလွင်တံတား (ဘားအံ)



Thanlwin Bridge (Pha-an)

မွန်ပြည်နယ်

Mon State

မွန်ပြည်နယ်



မွန်ပြည်နယ်

နယ်နိမိတ်

၁။ မွန်ပြည်နယ်သည် မြန်မာနိုင်ငံ၏ တောင်ပိုင်းတွင်တည်ရှိပြီး၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၅၁ မိနစ်နှင့် ၁၇ ဒီဂရီ ၃၄ မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၂ မိနစ်နှင့် ၉၈ ဒီဂရီ ၁၂ မိနစ်အကြားတွင် တည်ရှိသည်။ ဧရိယာစတုရန်းမိုင်ပေါင်း (၄၇၄၇. ၇၅၀) ကျယ်ဝန်းသည်။ မြောက်ဘက်တွင် ပဲခူးတိုင်းနှင့် ကရင်ပြည်နယ်၊ အရှေ့ဘက်တွင် ကရင်ပြည်နယ်နှင့် ထိုင်းနိုင်ငံ၊ တောင်ဘက်တွင် တနင်္သာရီတိုင်း၊ အနောက်ဘက်တွင် မုတ္တမပင်လယ်ကွေ့နှင့် ကပွလီပင်လယ်များ ဝန်းရံလျက်ရှိသည်။

မြေမျက်နှာသွင်ပြင်

၂။ မွန်ပြည်နယ်သည် တောင်ကုန်းများထူထပ်ပြီး၊ မြေနိမ့်လွင်ပြင်များကို မြစ်ဝှမ်းဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသနှင့် ကမ်းရိုးတန်းတစ်လျှောက်တွင်သာတွေ့ရသည်။ ထင်ရှားသောတောင်တန်းများမှာ မော်လမြိုင်နှင့် ကရင်ပြည်နယ်အကြား၌ တောင်ညီတောင်တန်းများ ဖြစ်သည်။ မွန်ပြည်နယ်၏ အကြီးမားဆုံး၊ အကျယ်ပြန့်ဆုံးလွင်ပြင်မှာ သထုံလွင်ပြင်နှင့် မော်လမြိုင်လွင်ပြင်တို့ဖြစ်သည်။

၃။ မြစ်ချောင်းများမှာ မြောက်မှတောင်သို့စီးဆင်းပြီး ၊မြစ်ကြောင်းတိုသည်။ ထင်ရှားသောမြစ်မှာ သံလွင်မြစ်ဖြစ်ပြီး၊ မြောက်မှတောင်သို့ စီးဆင်းကာ မုတ္တမပင်လယ်ထဲသို့ စီးဝင်သည်။ သံလွင်မြစ်အတွင်းသို့ ဒုံသမိမြစ်၊ ကျိုင်းမြစ်၊ အတ္တရံမြစ်တို့ စီးဝင်ကြသည်။ အခြားထင်ရှားသော မြစ်များမှာ မြောက်ဘက်ကရင်ပြည်နယ်အတွင်းရှိ အရှေ့ရိုးမတောင်တန်းမှ မြစ်ဖျားခံလာသော ဘီးလင်းမြစ်နှင့် ဝါးဂရုမြစ်တို့ဖြစ်သည်။

ရာသီဥတု

၄။ မွန်ပြည်နယ်သည် ပူနွေးစွတ်စိုသော ရာသီဥတုရှိသည်။ အိကွေတာဆန်သော ရာသီဥတုကို တွေ့ရသည်။ အိကွေတာနှင့် အတန်ငယ်နီးကပ်သည့်အတွက် တစ်နှစ်အတွင်းအပူချိန်ကွာခြားချက် နည်းသည်။ မွန်ပြည်နယ်တွင် မော်လမြိုင်မြို့၏ မတ်လအတွင်း နေ့စဉ်အပူချိန်ကို ကြည့်ပါက ၉၃. ၄ ဒီဂရီဖာရင်ဟိုက်၊ အနိမ့်ဆုံး ၇၄. ၇ ဒီဂရီဖာရင်ဟိုက်သာရှိသည်။ မုတ်သုံဝင်ရောက်မှသာမက ပင်လယ်နှင့် နီးကပ်စွာ တည်ရှိမှုကလည်း အပူချိန်မြင့်တက်ခြင်းကို ထိန်းချုပ်ထားသည်။

၅။ မွန်ပြည်နယ်သည် နှစ်စဉ်မိုးအများဆုံးရရှိသော ဒေသတစ်ခုဖြစ်သည်။ ပြည်နယ်၏ အနောက်ဘက်တွင် ပင်လယ်ရိုချင်း၊ ပင်လယ်ဘက်တွင် အနောက်တောင်မုတ်သုံလေတိုက်ခတ်ခြင်းတို့ကြောင့် မိုးရွာသွန်းမှုကို အထောက်အကူပြုသည်။ တစ်နှစ်အတွင်းရွာသွန်းသော မိုးရေချိန်လက်မမှာ (၂၀၀)ခန့်ဖြစ်သည်။ တစ်နှစ်အတွင်း ငွန်၊ ဇူလိုင်လများသည် မိုးအများဆုံးသော လများဖြစ်သည်။ ယင်းပြည်နယ်၏ နှစ်ပေါင်းအတန်ကြာ ကောက်ယူတွက်ချက်ထားပြီးသော စာရင်းအရ မော်လမြိုင်မြို့တွင် (၁၉၀. ၀၉)လက်မ ရရှိ၍ ကျိုက္ခမိတွင် (၁၉၈. ၇၇)လက်မနှင့် သထုံတွင် (၂၁၇. ၀၁)လက်မ ရရှိကြသည်။

လူမျိုး၊ ဘာသာစကား

၆။ မွန်တို့သည် မွန်ဂိုလွိုက်အနွယ်များ ဖြစ်ကြသည်။ မွန်တို့၏ မျိုးရိုးဇစ်မြစ်မှာ မွန်ဂိုအနွယ်ပင်ဖြစ်သည်။ ယခုအခါ မွန်လူမျိုးများသည် သထုံ၊ ကျိုက်ထို၊ ဘီးလင်း၊ ပေါင်၊ မုတ္တမ၊ မော်လမြိုင်၊ သံဖြူ ဇရပ်၊ ရေး၊ ကျိုက်မရော၊ ချောင်းဆုံ၊ ပဲခူး၊ ရန်ကုန်၊ ကရင်ပြည်နယ်တို့တွင် နေထိုင်ကြသည်။ မွန်တို့ ပြောသောစကားမှာ မွန်ခမာစကားအနွယ်ပင်ဖြစ်သည်။ ပြောဆိုသောစကားများမှာ နေရာဒေသကိုလိုက်၍ ပြောဆိုဟန်ကွဲပြားသည်။

ဘာသာရေးကိုးကွယ်ယုံကြည်မှု

၇။ မွန်လူမျိုးအများစုမှာ ဗုဒ္ဓဘာသာများဖြစ်သည်။ ဂိုးမာနတ်အမျိုးမျိုးကိုလည်း ပူဇော်ပသကြသည်။ မွန်ကုန်သည် တဖုသနှင့် ဘလ္လိကညီနောင်တို့သည် ဆံတော်မာတ်ရှစ်ဆူကိုရရှိပြီး၊ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသည်။ သီရိခမ္ဘာသောကမင်းလက်ထက်တွင် တတိယ

သင်္ဂီယနာတင်ပြီးနောက် ဗုဒ္ဓဘာသာနှင့် စာပေယဉ်ကျေးမှုများကို ဖြန့်ဖြူးပေးခဲ့ရာ ဗုဒ္ဓဘာသာသည် သုဝဏ္ဏဘူမိသထုံပြည်သို့ ရောက်ရှိလာခဲ့သည်။ သုဝဏ္ဏဘူမိမှ ရှင်ဗုဒ္ဓယောသသည် အေဒီ-၄ ရာစုတွင် သီဟိုဠ်ကျွန်းမှ ပိဋကတ်တော်များကို မွန်အက္ခရာဖြင့် ကူးယူခဲ့သည်။ ဘာသာတရားကို ကြည်ညိုလေးစားသူများဖြစ်၍ စေတီပုထိုးမြောက်များစွာ တည်ကြသည်။ အောက်မြန်မာပြည်တွင် မွန်တို့လက်ရာဖြင့် ရွှေတိဂုံ၊ ပဲခူး ရွှေမော်ဓော၊ တန်ခိုးကြီးဘုရားနှစ်ဆူကို တည်ထားခဲ့သည်။

၈။ မွန်တို့သည် နိုးရာနတ်အမျိုးမျိုး ကိုးကွယ်ကြသည်။ အရေးပါသောနတ်များမှာ မိသားစုနတ် (သို့မဟုတ်) မိဖိုးဖလာနတ်၊ အိမ်စောင့်နတ်၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်၊ လယ်ယာစောင့်နတ်၊ တောင်စောင့်နတ်တို့ ဖြစ်ကြသည်။ မွန်တို့သည် စုန်းပြုစားခြင်း၊ လိပ်ပြာဖမ်းခြင်းတို့ကို ယုံကြည်ကြသည်။

၉။ မွန်တို့သည် ရှေးအခါကတည်းက မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ရပ်တည်ခဲ့သည်။ အနုပညာ၊ ဂီတနှင့် အကတွင်လည်း မိမိတို့မာန်၊ မိမိတို့တူရိယာဖြင့် ထင်ရှားခဲ့သည်။ ဘာသာရေးဆိုင်ရာ နိုးရာပွဲတော်များ၊ ဆယ့်နှစ်လ ရာသီပွဲတော်များကို အစဉ်အလာမပျက် ကျင်းပကြသည်။ နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးသည့် တန်ဆူးလတွင် သင်္ကြန်ပွဲ၊ သဲပုံစေတီပွဲများကို ကျင်းပလေ့ရှိသည်။ ဥပုသ်သီလဆောက်တည်၍ ဒါနပြုလုပ်ကြသည်။ လမ်းပြင်ခြင်း၊ ရေတွင်းရေကန်ဆယ်ခြင်း၊ တံတားဆောက်ခြင်းတို့ကို သင်္ကြန်တွင်း၌ စုပေါင်းဆောင်ရွက်ကြသည်။ မွန်အမျိုးသားတို့၏ သင်္ကြန်ထမင်းမှာ နံ့သာကို ဖယောင်းမီးဖြင့်သင်းသော ထမင်းပြုတ်နှင့် ငါးခြောက်ထောင်းကြော်၊ အချဉ်တို့ဖြင့် ကျွေးမွေးခြင်း ဖြစ်သည်။ သင်္ကြန်တွင်းအခါတွင် ကျွေးသောကြောင့် သင်္ကြန်ထမင်းဟုခေါ်ခြင်းဖြစ်သည်။

လူဦးရေ

၁၀။ မွန်ပြည်နယ်တွင် လူဦးရေ (၂၃၇၇၀၀၀)ရှိသည်။

MON STATE

Boundary

1. Mon State is situated on the southern part of Myanmar between North Lattitude 14° 51' and 17° 34', and between East Longitude 96° 52' and 98° 12'. It has an area of 4,747.750 square miles. The state borders Bago Division and Kayin State on the north, Kayin State and Thailand on the east, Tanintharyi on the south, Gulf of Martaban and Andaman Sea on the west.

Physical feature

2. Mon State is very hilly and low plains can be seen in the valleys, the delta and along the coast. Famous mountain ranges are Taung Nyo ranges between Mawlamyaing and Kayin State. The largest and widest plains in Mon State are Thahton plains and Mawlamyaing plains.

3. Rivers and streams flow from north to south and their lengths are short. The famous river is Thanlwin which flows from north to south into the Gulf of Martaban. Donthami River, Gyaing River and Ahtaran River flow into Thanlwin river. Other famous rivers are Beelin and Wargaru rivers which rise in the East Yoma ranges in Kayin State.

Climate

4. Mon State has a tropical climate. As it is situated near Equator there is no much difference in yearly temperature. The daily temperature of Mawlamyaing , the capital of Mon State in March is maximum 93.4°F and minimum 74.7°F only. Monsoon and closeness to sea have controlled the high temperature. Being a coastal region that lies facing the entry of monsoon has made the state suffer less heat

5. Mon State has the highest rainfall every year. The southeasterly monsoon winds blowing across the Andaman sea bring heavy rainfalls on the state. Annual rainfall is about 200 inches. Heaviest rainfalls usually occur in June and July. According to data collected years ago, Mawlamyaing received 190.09", Kyeikkhami 198.77" and Thahton 217.01"

Race and Language

6. Mons are Mongoloid tribes. At present, Mons are residing in Thahton, Kyeikhto, Beelin, Paung, Moattama, Mawlamyaing, Thanpyuzayak, Mudon, Ye, Kyeikmaraw, Chaungzone, Bago, Yangon and Kayin State. The language spoken by Mons belongs to Mon-Khmar group. Dialects differ in different places.

Religion

7. Majority of Mons are Buddhists. They also worship traditional spirits. Two Mon trader-brothers called Taphusa and Balika obtained eight sacred Hair Relics of Gautama Buddha and became Buddhist devotees. During the reign of King Siri Damma Soka, the Third Buddhist Synod was held and Buddhist literature and others were propagated. So Buddhism has reached Suvamna Bommi or Thahton state. Reverend Shin Buddha Gosa in 4th Century A D, had copied Tipitaka Buddhist Scriptures in Sri Lanka in Mon alphabets. Mons were so pious a people that they used to set up stupas and pagodas. In lower Myanmar, Mon architecture has been seen in two famous pagodas namely Shwedagon and Bago Shwe Maw Daw.

8. Mons also worship traditional spirits. Important spirits for them include family spirits, house spirits, town spirits, village spirits, field and farm spirits, jungle spirits and mountain spirits. They also believe in witchcraft and possession of spirits.

9. Mon people have lived with their own culture since the days of yore. They are well-known for their own style and instruments in culture and arts. They usually hold religious and seasonal festivals according to their traditions. In the month of Tagu when New Year comes, Thingyan water festival and sand pagoda festival are usually held. Mons usually observe sabbath and give away donations. They take part cooperatively in road construction, cleaning of wells and lakes. Mons usually give Thingyan feast with candle-scented boiled rice, dried fish grinded and fried and pickles. Thus rice and curry is fed during Thingyan festival and so it is called Thingyan rice


Population

10. Mon state has a population of 2,337,000.

ကျိုက်ထီးရိုးစေတီ

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်တွင်တည်ရှိပါသည်။ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးစေတီသည် အရှေ့ရိုးမတောင်တန်း ပေါင်းလောင်းတောင်ပေါ်တွင် တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ(၃၆၀၀)ခန့် အမြင့်တွင်ရှိသည်။ မြန်မာနိုင်ငံတွင် စေတီပုထိုး အမျိုးမျိုးရှိကြသည့် အနက် ထူးဆန်းအံ့ဩဖွယ်အကောင်းဆုံး တည်ထားသောစေတီဖြစ်ပေသည်။ တည်နေပုံဆန်းကြယ်ခြင်း တောတောင်သာယာ ကြည်နူးဖွယ်ကောင်းခြင်း၊ ဘုရားဖူးသွားရာတွင် နားနေရန် စခန်းအဆင့်အဆင့်ရှိခြင်းများကြောင့် ကျော်စောထင်ရှားလှပေသည်။


ကျိုက်ထီးရိုးစေတီတည်နေပုံမှာ အံ့ဩဖွယ်ကောင်းလှသည်။ ကြီးမား၍ မတ်စောက်သော ကျောက်ဆောင်တစ်ခု၏အစွန်းတွင် လုံးပတ်(၅၀)ပေခန့်ရှိသော ဦးခေါင်းပုံသဏ္ဌာန် ကျောက်တုံးကြီးတစ်ခုက ပြုတ်လုတည်းကာ တင်၍နေသည်။ ထိုကျောက်တုံးကြီးပေါ်တွင် ဥာဏ်တော်(၁၅)ပေခန့် မြင့်သောစေတီကို တည်ထားခြင်းဖြစ်သည်။



Kyaik Hteeyoe Pagoda

It is situated in Kyaikhto Township, Mon state. It is on the Paunglaung Mountain in the Easten Yoma Range, about 3,600 feet above sea level. It is one of the fantastically built pagodas in Myanmar and famous for its strange position, natural scenic views and availability of sojourns stage by stage.

It is miraculous to see the position of Kyaik Hteeyoe. On the edge of a huge steep rock is a round boulder in the shape of human head with 50 feet in circumference. It seems to be hanging on the rock and about to fall off. Kyaik Hteeyoe Pagoda, about 15 feet high , is built on the boulder.



ကျိုက်ထီးရီးစေတီ

Kyaik Hteeyoe Pagoda

တောင်ဝိုင်းဘုရား (မော်လမြိုင်မြို့)




Taung Waing Pagoda (Mawlamyine)

မော်လမြိုင်တောင်တန်းအလှနှင့် ဥဇီနစေတီတော်



Scene of Mawlamyine Range and U Zina Pagoda

မော်လမြိုင်မြို့ရှိ ဦးဇီနဘုရားနှင့် ပတ်ဝန်းကျင်ရှုခင်းအလှ




U Zina Pagoda and its environs (Mawlamyaing)

ပတ္တမြားစေတီ (မော်လမြိုင်မြို့)



Padamya Pagoda (Mawlamyaing)

ဇင်းကျိုက်စေတီ



Zinkyaik Pagoda

ဇင်းကျိုက်တောင်နှင့် စေတီပုထိုးများရှုခင်း



Scene of Pagodas on Zinkyaik Hill

ရိုးဂိုးဆံတော်ရှင်စေတီတော်



Yogo Pagoda

ကျိုက်မရောဆုတောင်းပြည့်ဘုရားကြီး



Kyaikmayaw Buddha Image

ဗန္ဓိသေလာဆဲတော်ရှင်စေတီ (နွားလှည်းတောင်)



Bandithela Pagoda

ကျောက်တလုံးတောင် (နဂါးမောက်တောင်)



Kauktalone Hill

ခရုံဂူဘုရား



Khayone Cave Pagoda

စေယျဂုဘုရား



Sabei Cave Pagoda

ကျိုက်ခမီရေလယ်ဘုရား (သံဖြူရေပြင်မြို့နယ်။)



Kyaik Khami Yayle Pagoda (Pagoda amidst water), Thanbyu Zayet Township.

ဝင်းစိန်တောရ လျောင်းတော်မူဘုရား



Win Sein Tawya Reclining Buddha Image

မုဒုံကန်တော်ကြီးစေတီတော်နှင့် ရေကန်သာ



Mudon Great Lake and Pagoda

မုဒုံကန်ကလေးစေတီတော်နှင့် ရေကန်သာ



Mudon Small Lake and Pagoda

မုဒုံ ကန်ကလေးရာဘာခြံ



Kankalay Rubber farm (Mudon)

မွန်ပြည်နယ်၊ ကျိုက်မရောမြို့အဝင် ကားလမ်းနှင့် ထန်းတောရှုခင်းအလှ



The scenic beauty of palm-lined road at the entry of Kyaikmaraw, Mon State

မော်လမြိုင်ဟိုတယ်



Mawlamyaing Hotel

မော်လမြိုင် အအေးခန်းစက်ရုံ



Cold Storage facilities in Mawlamyaing

ရာဘာစေးခြစ်နေပုံ



Rubber industry

မော်လမြိုင် ကျဲကော်ခြံ



Pomelo orchard in Mawlamyaing

စစ်တောင်းတံတား



Scenic view of Sittaung Bridge, Mon State

သံဖြူဇရပ်မြို့၊ စစ်သခင်္ဂျီးများ



World War II Cemetery in Thanbyu Zayet Township

သံဖြူဇရပ်မြို့ ဆားလုပ်ငန်း



Salt Industry in Thanbyu Zayet Township

စက်ခဲကမ်းခြေ (သံဖြူဇရပ်မြို့နယ်)





Setse Beach (Thanbyu Zayet Township)


ကယားပြည်နယ်

Kayah State

ကယားပြည်နယ်







ကယားပြည်နယ်

နယ်နိမိတ်

၁။ ကယားပြည်နယ်သည် မြောက်လတ္တီတွဒ် ၁၈ဒီဂရီ ၃၀မိနစ်နှင့် ၂၀မိနစ်အကြားတွင် လည်းကောင်း၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီနှင့် ၉၇ဒီဂရီ ၅၅မိနစ်အကြားတွင်လည်းကောင်း တည်ရှိသည်။ ကယားပြည်နယ်၏ အကျယ်အဝန်းမှာ (၄၅၀၆) စတုရန်းမိုင် ကျယ်ဝန်းပြီး၊ မြောက်ဘက်တွင် ရှမ်းပြည်နယ်၊ အနောက်ဘက်တွင် ရမည်းသင်းခရိုင်နှင့် ကရင်ပြည်နယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံတို့နှင့် ထိစပ်လျက်ရှိသည်။

မြေမျက်နှာသွင်ပြင်

၂။ ကယားပြည်နယ်သည် တောင်ကုန်းထူထပ်ပြီး ၊ တောင်တန်းများမှာ များသောအားဖြင့် ပေ(၄၀၀၀)ကျော် (၅၀၀၀)နီးပါးထိမြင့်ကြသည်။ ထင်ရှားသောတောင်တန်းများမှာ လွိုင်ဟိုထားတောင်ထိပ်(အမြင့်ပေ-၅၅၂၂)၊ ဆီဆိုး(အမြင့်ပေ-၅၁၂၉)၊ ဆကလိဆိုး(အမြင့်ပေ-၅၁၅၁) တို့ဖြစ်ကြသည်။

၃။ သံလွင်မြစ်သည် ကယားပြည်နယ်၏ အရှေ့ဘက်ခြမ်းကိုဖြတ်လျက် မြောက်မှတောင်သို့ စီးဆင်းလျက်ရှိသည်။ နန့်ပွန်မြစ်သည် မြောက်မှတောင်သို့ စီးဆင်းလာပြီး၊ သံလွင်မြစ်နှင့် ဖားဆောင်းအနီးတွင် ပေါင်းဆုံသည်။ နန့်ပွန်မြစ်အတွင်းသို့ ဘီလူးချောင်း၊ ထူးချောင်းတို့ စီးဝင်ကြသည်။ ဘီးလူးချောင်းမှ ဖြစ်ပေါ်လာသောလောပိတရေတံခွန်သည် ပေ(၆၀၀)ခန့်မြင့်၍ လောပိတရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ထားသည်။ ကယားပြည်နယ်တွင် ထူးဆန်းအံ့သြဖွယ်ကောင်းသော သဘာဝလိုဏ်ခေါင်းကြီးရှိသည်။ ထိုလိုဏ်ခေါင်းသည် လွိုင်ကော်မြို့ အရှေ့ဘက်စူးစူး (၁၂) မိုင်ခန့်ကွာဝေးသော တောင်တန်းတွင်ရှိ၍ အလျားအလွန်ရှည်လျားသည်။ ယင်းလိုဏ်ဂူကို ကယားတို့က ကျတ်ဂူဟုခေါ်သည်။

ရာသီဥတု

၄။ ကယားပြည်နယ်သည် အပူပိုင်းတွင်ရှိသော်လည်း တောင်ကုန်းများရှိသဖြင့် ပူသင့်သလောက်မပူပေ။ လွိုင်ကော်မြို့၏ အပူချိန်မှာ ပျမ်းမျှ (၇၁. ၅) ဒီဂရီဖာရင်ဟိုက်မျှသာရှိသည်။ ကယားပြည်နယ်သည် မိုးအသင့်အတင့်ရရှိသည်။ မိုးရေချိန် ၄၀ လက်မမှ ၅၀ လက်မခန့်ရှိသည်။ လွိုင်ကော်မြို့၏ နှစ်အလိုက်မိုးရေချိန်မှာ ၄၉. ၅၉ လက်မ ရရှိသည်။

လူမျိုး၊ ဘာသာစကား

၅။ ကယားပြည်နယ်တွင် ကယား၊ ဂေခို၊ ဂေဘား၊ ကယန်း၊ ပရဲ့၊ မနုမနော၊ ယင်းတော်၊ ယင်းတလဲ့စသည့် အမျိုးသားတို့အား ကယားအမျိုးသားများဟု ခေါ်ဝေါ်ကြသည်။ ကယားလူမျိုးတို့သည် ကယားစကားကိုပြောဆို၍ ကယားစာပေဟူ၍ မရှိခဲ့ပေ။ တခြားသော ဂေခို၊ ဂေဘားစသည့် လူမျိုးခြားတို့သည်လည်း မိမိလူမျိုး၏စကားကို ပြောဆိုကြသော်လည်း တစ်ဦးစကားကိုတစ်ဦး နားလည်ကြသည်ကို တွေ့ရှိရသည်။

ဘာသာရေးကိုးကွယ်ယုံကြည်မှု

၆။ ကယားအမျိုးသားတို့သည် ဗုဒ္ဓဘာသာ၊ နတ်၊ ခရစ်ယာန်ဘာသာများကို ကိုးကွယ်ကြသည်။ အိမ်များတွင် ဘုရားဆင်းတုများ၊ ရုပ်ပွားတော်များကိုလည်းကောင်း၊ နတ်ရုပ်များကိုလည်းကောင်း၊ ကိုးကွယ်ထားခြင်းမရှိပေ။ နတ်စင်များကို ရွာအပြင်တွင် ဆောက်လုပ်ထားသည်။ ဂေခို၊ ဂေဘားစသည့် အခြားသောတိုင်းရင်းသားများသည်လည်း နတ်များကို ကိုးကွယ်ယုံကြည်ကြသည်။ တောတောင်စောင့်နတ်များကို ပြစ်မှားမိလျှင် ထိုနတ်များ ဖမ်းစားတတ်သည်ဟု ယုံကြည်ကြသည်။

၇။ ကယားတို့၏ ကပွဲများတွင် တီးမှုတ်သောတူရိယာများမှာ ဖားစည်၊ မောင်းကြီး၊ မောင်းငယ်၊ အိုးစည်၊ ဝုံတို၊ ပလွေနှင့် လင်းကွင်း၊ နဲများကို တီးမှုတ်ကြသည်။ ဖားစည်မှာ ကယားအမျိုးသားတို့၏ အထွတ်အမြတ်ဖြစ်သည်။ ထို့ကြောင့် ဖားစည်ကို မင်္ဂလာအခမ်းအနားများတွင်သာ တီးလေ့ရှိသည်။ ကယားအမျိုးသားတို့သည် မိမိတို့၏ ရိုးရာအစဉ်အလာ ဓလေ့ထုံးစံအရ အိမ်သစ်ဆောက်လုပ်ပြီးစီးသောအခါ၌ အိမ်တက်မင်္ဂလာပွဲတော်ကို ခမ်းနားစွာ ကျင်းပသည်။ ဖားစည်ကို မြန်မာ့နန်းသုံးမင်္ဂလာ စည်တော်ကြီးကဲ့သို့ အထွတ်အမြတ်ထားကြသည်။

၈။ ကယားအမျိုးသားတို့တွင် ရာသီပွဲတော်အမျိုးမျိုးရှိသည့်အားလျော်စွာ ယင်းပွဲတော်များနှင့် သက်ဆိုင်သောကပွဲများလည်း အမျိုးမျိုးရှိသည်။ ကယားတို့သည် ဟော်ပွဲရွှင်ပွဲများသာမက အသုဘပွဲများတွင်လည်း အသုဘအလောင်းကိုဝိုင်း၍ ကလေ့ရှိကြသည်။ ကယားတို့သည် ဗုဒ္ဓဘာသာဝင်များ၊ ခရစ်ယာန်ဘာသာဝင်များဖြစ်လာကြသော်လည်း ရှေးရိုးဓလေ့ထုံးစံများဖြစ်သည့် ရိုးရာနတ်များ ကိုးကွယ်မှုနှင့် ပူဇော်ပသပွဲများမှာ ယနေ့တိုင်အောင်ပင် တည်တံ့ခိုင်မြဲလျက်ရှိသည်။ ယင်းပွဲများအနက်မှ ကူထိုးဆိုး(ခေါ်) တံခွန်တိုင်တက်ပွဲတော်သည် ကယားတို့၏ အလွန်အရေးပါသောပွဲတော်ဖြစ်သည်။ ယင်းပွဲတော်မှာ နတ်ပူဇော်ပွဲတစ်ခုဖြစ်သည်။ ကူထိုးဆိုးနတ်မှာ တံခွန်တိုင်နတ်(သို့မဟုတ်) မိုးရေပေးသောနတ်ဟု ခေါ်ဆိုနိုင်သည်။ ထိုနတ်ပူဇော်ခြင်းအားဖြင့် မိုးလေဝသမှန်ကန်ပြီး အသီးအနှံများ ဖွံ့ဖြိုးလိမ့်မည်ဟု ကယားတို့က ယုံကြည်ကြသည်။ ရှေးအခါက ပြည်နယ်တစ်ခုလုံး မကျင်းပဘဲ ဒေသအလိုက် ကျင်းပလေ့ရှိကြသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် တံခွန်တိုင်ပွဲတော်ကို ပြည်နယ်ပွဲတော်အဖြစ်သို့ ပြောင်းလဲခဲ့သည်။ တံခွန်တိုင်ပွဲကို နှစ်စဉ်တန်ခူးလနှင့် ကဆုန်လများတွင် ကျင်းပသည်။

လူဦးရေ

၉။ ကယားပြည်နယ်တွင် လူဦးရေ (၂၄၆၀၀၀) ရှိသည်။

KAYAH STATE

Boundary

1. Kayah State is situated between North Latitude 18 ° 30' and 20° and between East Longitude 97° and 97° 55'. It has an area of 4,506 square miles. It borders Shan State on the north, Yamethin district and Kayin State on the west and Thailand on the East.

Physical feature

2. Kayah State is mountainous and most of its mountain ranges are as high as 4,000 to nearly 5,000 feet. Famous mountains are Loi Hoe Hta peak (height 5,522 feet), Sesoe peak (height 5,129 feet) and Sakalesoe peak (height 5, 151 feet)

3. Thanlwin River flows from north to south across the eastern part of Kayah State. Nampun River flows from north to south to join Thanlwin near Phasaung. Baloo Chaung and Htoo Chaung also flow into Nampun River. Lawpita falls which originates from Baloo Chaung is 600 feet-high and there is the Lawpita Hydro-Power plant in its vicinity. There is an extraordinary natural tunnel in Kayah State. This tunnel is very long and is in the mountain range which is situated at about 12 miles eastward Loikaw, the capital of Kayah state. This tunnel is known to Kayah people as Kyatgu, or the cave of ghosts.

Climate

4. Although Kayah State is in the tropic zone, it is not very hot as it is surrounded by mountains. Average temperature of Loikaw is 71.5°F only. It receives considerable amount of rainfall. Its annual rainfall ranges from 40" to 50". Loikaw's annual rainfall is 49. 59".

Race and Language

5. The inhabitants of Kayah State are Kayah, Gayko, Gayba, Kayam, Paye, Manumanaw, Yinbaw, Yintale tribes who are called Kayah people. Kayah people speak Kayah language although they have no written language. Other tribes such as Gayko, Gayba, etc. speak their own dialects but they understand each other.

Religion

6. Kayah people profess Buddhism, Animism and Christianity. They have no Images of Buddha or spirits placed on alters inside their houses. They have built the alters outside the village. Gayko, Gayba and other tribes worship spirits as deities. They believe that they will be punished if they insult these guardian spirits of mountains and jungles.

7. In Kayah Festivals musical instruments such as Pharsi (Frog drum), big gong, small gong, Oesi (long drum), Bondoe (short drum), flute, cymbal and oboe are played. Pharsi (Frog drum) is the sacred artifact of Kayah people who usually beat it on auspicious occasions. Kayah people usually hold housewarming ceremony after they have built a new house according to their traditions. They adore Pharsi (frog drum) as much as Myanmar people do to their big royal drum (Sidawgyi) kept in the palace.

8. As Kayah people have many seasonal festivals, they have many dances related to them. Kayah people usually dance not only on happy occasions but also at funerals where they dance around the body of dead person. Although Kayah people became Buddhists or Christians they keep traditions of worshipping spirits and offering to these deities. Among these festivals, Kuhtosoe or climbing the Tagundaing (banner pole) festival is very important. This is actually the festival of sacrifices. Kuhtosoe deity is Tagundaing spirit or the spirit who gives away rains. Kayah people believe that by worshipping this deity they will get good rains and good harvest. In the past, the festival was not held statewide but held in parts of the state. After Myanmar regained independence, Kuhtosoe Tagundaing festival became the state festival. It is usually held in Tagu (April) and Kasone (May) every year.

Population

9. Kayah state has a population of 246,000.



တောင်ကွဲစေတီနှင့် တိုင်းရင်းသူ (လွိုင်ကော်မြို့)

Taungkwe Zedi (Split-boulder Pagoda) and a native girl (Loikaw City)

တောင်ကွဲစေတီ (လွိုင်ကော်မြို့)



Taungkwe Zedi (Split-boulder Pagoda), Loikaw City


ကိန္နရီ ကိန္နရာမောင်နှံ



A mythical-bird couple

ငွေတောင်ဆည်

ငွေတောင်ဆည်သည် ကယားပြည်နယ်၏ ထင်ရှားသောရှုခင်းရုက္ခက်များတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ကယားပြည်နယ် လွိုင်ကော်မြို့တွင် တည်ရှိသည်။ ကယားပြည်နယ်၏ စိုက်ပျိုးရေးကို အထောက်အကူပြုနေသည့် ဆည်ကြီးဖြစ်သည်။



Ngwe Taung Dam


Ngwe Taung Dam is one of the popular scenic views of Kayah State and it is situated in Loikaw. The dam is the mainstay for the state's agriculture.



Padaung (or) Kayan damsels

Kayan damsels pounding rice in traditional hand mortar and sifting it with sieve. In Kayah state, not only Kayah, Gaykho, Gayba, Paye, Manu Manaw, Yinbaw, Yintale, Pakukaren, Padaung (or) Kayan but also Shan, Pa O, Inthar, Myanmar and other nationals live. Padaung (or) Kayan women's dress is hand- woven frock worn down to knees. They usually wear brass rings at their neck. These rings are narrow in the middle and wide at top and bottom. Moreover , they wear brass rings from knees down to ankles.





ပဒေါင်(ခေါ်)ကယန်းတိုင်းရင်းသူမျာ

ပဒေါင်(ခေါ်)ကယန်းတိုင်းရင်းသူမျာ ရိုးရာလက်ဆုံဖြင့် မောင်းထောင်း(ဆန်ဖွတ်)ဆန်ပြာနေပုံဖြစ်သည်။ ကယားပြည်နယ်တွင် ကယား၊ ဂေခို၊ ဂေဘား၊ ပရဲ၊ မနုမနော၊ ယင်းဘော်၊ ယင်းတလဲ၊ ပကူးကရင်၊ ပဒေါင်(ခေါ်)ကယန်း တိုင်းရင်းသားများအပြင် ရှမ်း၊ ပအိုဝ်၊ အင်းသားမြန်မာနှင့် အခြားတိုင်းရင်းသားများ နေထိုင်ကြသည်။ ပဒေါင် (ခေါ်) ကယန်းအမျိုးသမီးများ၏ အင်္ကျီမှာ ခေါင်းစွပ်ကျပ်ခုတ်ထည်များသာဖြစ်၍ ဒူးအထိသာ ဝတ်ဆင်ထားသည်။ ၎င်းတို့သည် လည်ပင်းတွင် ကြေးခွေများစွပ်ထားကြသည်။ ကြေးခွေများ၏ ပုံသဏ္ဌာန်မှာ အလယ်တွင်သိမ်ပြီး အပေါ်နှင့် အောက်ဖက်တွင် ကျယ်၍သွားသည်။ ၎င်းအပြင်ဒူးအောက် ခြေသလုံးနှင့် ခြေမျက်စေ့အထက်တွင်လည်း ကြေးခွေများစွပ်ထားကြသည်။

လောပိတရေတံခွန်

လောပိတရေတံခွန်သည် ကယားပြည်နယ်၏ စိတ်ဝင်စားဖွယ်ကောင်းသော ရှုခင်းရှုကွက်များ တသွင်သွင်စီးဆင်းနေသော ရေတံခွန်များတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ကယားပြည်နယ် လွိုင်ကော်မြို့ အရှေ့တောင်ဘက်(၁၂)မိုင်ခန့်တွင် တည်ရှိသည်။ ရှမ်းပြည်နယ်တောင်ပိုင်းညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်ကြီးတွင် မြစ်ဖျားခံခဲ့ပြီး ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့ကို ဖြတ်သန်းစီးဆင်းခဲ့သော "ဘီလူးချောင်း"သည် လွိုင်ကော်မြို့ကိုလွန်၍ (၇)မိုင်မျှ စီးဆင်းမိသောအခါ မြေနိမ့်နှင့်တွေ့သည်တွင် တဟုန်တိုးစီးဆင်းလာပြီး ရံဖန်ရံခါ ရေတံခွန်များ ဖန်တီးပေးသည်။ ပထမဦးဆုံး "မထေးကူ" ရေတံခွန်ကို ဖြစ်ပေါ်စေ၍ ဒုတိယအနေဖြင့် "လောပိတ"ရေတံခွန်ကို ဖန်တီးသည်။ ပေ(၆၀၀)ခန့် ကျဆင်းနေသော လောပိတရေတံခွန်၏ အနီးအနားတွင် လောပိတရေအားလျှပ်စစ်ဓါတ်အားပေးစက်ရုံ တည်ဆောက်ထားပြီး ၎င်းစက်ရုံကြီးမှ လျှပ်စစ်ဓါတ်အားများကို မြန်မာနိုင်ငံအနှံ့အပြားသို့ ပေးပို့ဖြန့်ဝေနိုင်ပါသည်။



Lopita Waterfall

Lopita waterfall is one of the great waterfalls in Kayah State making itself one of the most impressive views in the area. It is situated 12 miles southeast of Loikaw, the state's capital. Biluchaung rises in Inlay Lake in Nyaung Shwe, southern Shan state and flows through Shan and Kayah states. When it flows about seven miles past-Loikaw it faces low lands and starts to flow with a sudden force making waterfall, so often . The first waterfall is Mahtayku waterfall and the second is Lopita. Near Lopita waterfall flowing downhill from above 600 feet is situated Lopita Hydroelectric Power Plant which is supplying electricity all over Myanmar.

အမှတ်(၁) လျှပ်စစ်မော်တော်အားပေးစက်ရုံ (လောပိတ)



Hydroelectric Power Plant No.1 (Lawpita)

အမှတ်(၂) လျှပ်စစ်မော်တော်အားပေးစက်ရုံ (လောပိတ)



Hydroelectric Power Plant No.2 (Lawpita)

သီရိမင်္ဂလာပုံကျောင်း (မင်္ဂလာဟော်ကြီး)




Thiri Mingalapon Monastery

ချင်းပြည်နယ်

Chin State

ချင်းပြည်နယ်



ချင်းပြည်နယ်

နယ်နိမိတ်

၁။ မြောက်မှတောင်သို့ သွယ်တန်းလျက်ရှိသော ချင်းပြည်နယ်သည် မြန်မာနိုင်ငံ၏အနောက်မြောက်ပိုင်းတွင် တည်ရှိပြီး၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။ မြောက်လတ္တီတွဒ် ၂၀ဒီဂရီနှင့် ၂၄ဒီဂရီကြား၊ အရှေ့လောင်ဂျီတွဒ် ၉၃ဒီဂရီ ၁၅မိနစ်နှင့် ၉၄ဒီဂရီအတွင်းတည်ရှိသည်။ ဧရိယာစတုရန်းမိုင်ပေါင်း (၁၃၉၀၂)မိုင်ရှိပြီး၊ မြောက်မှတောင်သို့ မိုင်ပေါင်း(၃၀၀)ကျော်ရှည်သည်။

မြေမျက်နှာသွင်ပြင်

၂။ ချင်းပြည်နယ်သည် တောင်ထူထပ်သောဒေသဖြစ်၍ ကုန်းမြေပြန့်လုံးဝမရှိသလောက်ရှားပါးသည်။ အမြင့်ဆုံးဖြစ်သော ဝိတိုရိယတောင်သည် ပေပေါင်း(၁၀၄၀၀)မြင့်၍ တောင်ပိုင်းချင်းတောင် ကန်ပက်လက်နယ်တွင်ရှိသည်။

၃။ အခြားထင်ရှားသောတောင်များမှာ ချင်းတွင်းမြစ်နှင့် မဏိပူရမြစ်တို့အကြားရှိ လေသာတောင်တန်း၊ အုတ်ဘုတ်တောင်တန်းနှင့် ရွှင်းတောင်တန်းများ ဖြစ်သည်။ လေသာတောင်တန်းသည် မြောက်ဘက်၌ နော်ကိုတွန်းတောင်ထိပ်အဖြစ် ပေ(၈၇၆၅)မြင့်မားလာပြီး၊ တောင်တန်း၏ အလယ်တွင် ထွမ်ဗွမ်း(ခေါ်) ကနေဒီတောင်ထိပ်အမည်ဖြင့် အမြင့်ပေ(၈၈၇၁)ရှိသည်။

၄။ အလယ်ပိုင်းတွင် တောင်တန်းများသည် ကျောရိုးသဖွယ် မြောက်မှတောင်သို့ အဆင့်ဆင့်စီတန်းလျက်ရှိကြသည်။ ချင်းပြည်နယ်သည် မြင့်မားသော ဒေသဖြစ်သောကြောင့် မြစ်များ၊ ချောင်းများသည် အဖက်ဖက်သို့ အမျိုးမျိုးစီးဝင်ကြသည်။ မြင့်မားသောတောင်တန်းများ အကြားမှ ဖြတ်စီးလာသော မြစ်ချောင်းများဖြစ်သဖြင့် ကျဉ်းမြောင်းပြီး ရေစီးသန်သည်။ ကုလားတန်မြစ်မှလွဲ၍ ကျန်မြစ်များသည် ကျောက်ဆောင်ကျောက်ခဲတုံးများထူထပ်ပြီး ရေတိမ်သောကြောင့် ရေကြောင်းခရီးအတွက်လည်းကောင်း၊ သစ်ဖောင်မျှောရန်အတွက်လည်းကောင်း အသုံးမဝင်ပေ။

ရာသီဥတု

၅။ ချင်းပြည်နယ်သည် ရာသီဥတုအေး၍ အပူခိုန်အခြေအနေမှာ အပူလျော့ပိုင်းတွင် ရှိသည်။ မြင့်မားသောတောင်တန်းဒေသဖြစ်သောကြောင့် တောင်များ၏အမြင့်သည် အပူခိုန်ကိုလျော့ပါးစေသည်။ ဟားခါး၊ ကန်ပက်လက်နယ်များတွင် ဆောင်းဥတု ညဘက်များ၌ အပူခိုန်သည် ရေခဲမှတ်ထိ ကျဆင်းလာပြီး မကြာခဏာရေများခဲလျက် ရှိသည်။ ဟားခါးမြို့တွင် ဒီဇင်ဘာလ၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလများ၏ ပျမ်းမျှအပူခိုန်မှာ (၃၅. ၉)ဒီဂရီ၊ (၃၄. ၉)ဒီဂရီ၊ (၃၇. ၈)ဒီဂရီအသီးသီးရှိကြသည်။ ဟားခါးမြို့၏ ပျမ်းမျှအမြင့်ဆုံးအပူခိုန်သည် ၈၂. ၂ဒီဂရီ ဖြစ်၍ မေလသည် အပူဆုံးလဖြစ်သည်။

၆။ ချင်းပြည်နယ်သည် မိုးများသောဒေသတစ်ခုလည်း ဖြစ်သည်။ ဟားခါးမြို့၏ တစ်နှစ်အတွင်း မိုးရေခိုန်မှာ ၈၉. ၅၃လက်မဖြစ်၍ ကန်ပက်လက်မြို့၏ တစ်နှစ်အတွင်း မိုးရေခိုန်မှာ ၁၀၅. ၅၆လက်မ ဖြစ်သည်။ ဟားခါးမြို့၏ တစ်နှစ်လုံး မိုးရွာရက်ပေါင်း(၁၁၈)ရက်၊ ကန်ပက်လက်မြို့၏ တစ်နှစ်လုံး မိုးရွာရက်ပေါင်း(၁၂၇)ရက်ဖြစ်သည်။ ချင်းပြည်နယ်တစ်ခုလုံးသည် မိုးသည်းထန်စွာရွာသော ဒေသတစ်ခုဖြစ်သည်။ မိုးသားတိမ်တိုက်များဖြင့် အုံ့ဆိုင်းမှိုင်းညို၍ အမြဲတစေ စွတ်စိုထိုင်းမှိုင်း၍နေသည်။

လူမျိုး၊ ဘာသာစကား

၇။ ချင်းတို့သည် တိဘက်-မြန်မာအုပ်စုဝင် ဖြစ်သည်။ အခြေခံအားဖြင့် ချင်းတို့အား ကသည်း၊ မေထေးချင်းနှင့် ချင်းရိုးရိုးဟူ၍ ခွဲထားသော်လည်း ဒေသအလိုက် ခွဲခြားခေါ်ဝေါ်ကြသည်။ တီးတိန်ချင်း၊ ဖလန်းချင်း၊ ဟားခါးချင်း၊ မင်းတပ်ချင်း၊ မတူပီချင်း၊ ကန်ပက်လက်ချင်း၊ ပလက်ဝချင်း၊ မြေပြန့်ချင်းဟူ၍ အမည်အမျိုးမျိုးရှိသည်။ အခေါ်အဝေါ်ကွဲသော်လည်း မျိုးနွယ်တူခြင်းကို ပေါင်းပါက(၄၄)မျိုးသာရှိသည်။ ချင်းပြည်နယ်၌ မျိုးနွယ်စုများ ကွဲပြားနေသော်လည်း ဘာသာဗေဒသုတေသနပြုခြင်းအားဖြင့် အခြေခံတူညီမှုများကို တွေ့ရသည်။ ပင်မဘာသာကြီး တစ်ခုတည်းမှ ပေါက်ဖွားသောဒေသန္တရဘာသာစကားစုငယ်များဖြစ်ကြောင်း ယူဆနိုင်သည်။

ဘာသာရေးကိုးကွယ်ယုံကြည်မှု

၈။ ချင်းပြည်နယ်တွင် ယုံကြည်ကိုးကွယ်သော ဘာသာတရားများမှာ နတ်ကိုးကွယ်မှု၊ ခရစ်ယာန်ဘာသာ၊ ပေါင်ကျင်ဟောင်ဘာသာနှင့် ဗုဒ္ဓဘာသာတို့ ဖြစ်ကြသည်။ နတ်ကိုးကွယ်မှုသည် ချင်းတို့၏ မူလပင်ရင်း ကိုးကွယ်မှုဖြစ်သည်။ ချင်းတို့သည် စုန်း၊ နတ်၊ ကဝေ အယူအဆများလည်း ရှိသည်။

၉။ ချင်းလူမျိုးတို့၏ ရာသီအလိုက်ကျင်းပရသောပွဲများတွင် ခေါင်ပွဲမှာ အကြီးဆုံးပွဲဖြစ်သည်။ ဂုဏ်အတွက်ပြုလုပ်ရသောပွဲဖြစ်သည်။ ခေါင်ပွဲတွင် ရှာယူး(ခေါ်)တစ်ညကျင်းပပြုလုပ်သောပွဲ၊ မကူးယူး(ခေါ်)နှစ်ညကျင်းပရသောပွဲ၊ လုံယူး(ခေါ်) ရက်သတ္တပါတ်ပြုလုပ်ရသောပွဲဟူ၍ ရှိသည်။ ရှာယူးသည် လူတစ်ဦးတစ်ယောက်အတွက် ပထမဦးဆုံးပြုလုပ်ရသောပွဲဖြစ်သည်။ ဤပွဲကို တစ်ညသာကျင်းပရ၍ ရေချောင်းမှ အဓိကရကျောက်ဖျာတွင် ကြက်ဥခေါင်ရည်စသည်တို့ဖြင့် နတ်များအားပူဇော်ပသပြီး၊ တခမ်းတနားဖြင့် အိမ်သို့ပင့်ခဲ့ရသည်။ အိမ်သို့ရောက်လျှင် နွားနောက်၊ ကွဲ၊ နွား စသည့်တိရစ္ဆာန်ကို ကြိုတင်ပြင်ဆင်ထားရှိသော နတ်တိုင်တွင်ချည်၍ နတ်ဆရာ၏အလိုအရ တန်ခိုးကြီးသောနတ်များအား တိုင်တည်ကာ ပူဇော်ပသရသည်။ ရောက်ရှိလာသော ဆွေမျိုး၊ မိတ်သင်္ဂဟများအား ခေါင်ရည်၊ အစားအစာများနှင့် ဧည့်ခံကျွေးမွေးရသည်။ မည်သူမဆို ပါဝင်စားသောက်နိုင်ခွင့်ရှိသည်။ နောက်တစ်နေ့တွင် ကျောက်ဖျာတွင် တောတောင်ခင်ရှိန့် အခမ်းအနားဖြင့် တင်ရသည်။ ပွဲရှင်လင်မယားတို့သည် ဝတ်ကောင်းစားလှများဝတ်ဆင်ပြီး ပါဝင်ရသည်။ နတ်ဆရာက တန်ခိုးကြီးနတ်အသီးသီးကို ပင့်ဖိတ်ပူဇော်ကာ ပွဲရှင်လင်မယားတို့၏ သားသမီး ထွန်းကားရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့အတွက် ဆုတောင်းပေးရသည်။ ကျပွဲရှင်အိမ်ထောင်စုဝင်များသေဆုံးလျှင် အရိုးအိုးကို ကျကျောက်ဖျာအောက်၌ ထားရန်ဖြစ်သည်။ ကျရှာယူး(ခေါ်) ပွဲမျိုးကို သုံးကြိမ်တိုင်တိုင် ကျင်းပပြုလုပ်ပြီးမှသာ လုံယူး(ခေါ်)ပွဲကြီးကို ကျင်းပပြုလုပ်နိုင်ခွင့်ရှိသည်။

လူဦးရေ

၁၀။ ချင်းပြည်နယ်တွင် လူဦးရေ (၄၅၈၀၀၀)ရှိသည်။

CHIN STATE

Boundary

1. Chin State which stretches 300 miles from north to south is situated in the northwest of Myanmar having common borders with India and Bangladesh. It is between north latitude 20° and 24° and between east longitude 93° 15' and 94° . It has an area of 13,902 square miles.

Physical feature

2. Chin State is a mountainous region with almost no plains. Mount Victoria, situated in Kanpeklek area on the south of Chin Hills, is 10,400 feet high.

3. Other famous mountains are Lay Thar, Invote and Shwin ranges between Chindwin and Manipura rivers. Lay Thar ranges on the north rises 8,765 feet as Naw Ko Vom Peak and on the south it rises 8,871 feet as Kennedy Peak.

4. In the middle part of the state mountain ranges lie in rows from north to south. As the Chin state is the highlands, rivers and streams flow down in all directions. As these waterways flow down across the high mountain ranges they are narrow having rapid currents. Rivers, except Kaladan, have rocks and stone bed and as they are shallow they are not useful for navigation or for floating down logs.

Climate

5. Chin state has the cold climate and the temperature is always low. As the state is a hill station, high mountains usually make temperature drop. In Hakha and Kanpeklek areas temperature drops to almost freezing point . In Hakha average minimum temperature for December, January and February are 35.9°F, 34.9°F and 37.8°F respectively. Average maximum temperature is 82.2°F and May is the hottest month.

6. Chin State has much rains. Hakha has an annual rainfall of 89.53" and Kanpeklek has 105.56". Hakha has 118 raining days and Kanpeklek has 127 days in a year. Chin State has heavy rainfalls and it is overcast with rain clouds, wet and damp.

Race and Language

7. Chin people belong to Tibeto-Burman race. Although Chins have been divided generally according to regions they are called as Kathe, May Htay Chins and ordinary Chins. There are also Tidim Chins, Phlam Chins, Hakha Chins, Mindat Chins, Matupe Chins, Kanpeklek Chins, Palekwa Chins and Lowland Chins. Although they are called with different names they can be integrated into 44 tribes. There are different tribes in Chin State but when phonological study is made they have a main language and groups of dialects have developed from it.


Religion

8. In Chin State there are faiths such as animism, Christanity, Paung Kyin Haung religion and Buddhism. Animism is the main faith of Chin people. They have also believed in witch-craft and other superstitions.


9. Chin people hold seasonal festivals and Khaung feast is the largest among them. This is held for taking honour. Among Khaung festivals there are one-night occasion called Shar Yu, two-night occasion called Maku Yu and one-week occasion called Lone Yu. Shar Yu is usually held for an individual for the first time. This is held for only one night and in the ceremony chicken eggs and Khaung liquor are offered to the spirits on the main stone slab in the stream. Then they called upon the spirits to visit their household. When they arrived back home they tied wild ox, buffalo and cow at the altar pole and they had to sacrifice them as the consultant's wishes saying prayers. Relatives and friends are fed with khaung liquor and food. All have rights to enjoy the occasion. The next day stone slab have to be lifted up on a ridge ceremonially. Hosts have to participate in good dresses. The consultant calls upon powerful spirits and prays for good children, good health and good wealth as blessings for the hosts. When family members of the hosts pass away, their urns have to be placed under the stone slab. Only a person who held Kya Sher Yu thrice could hold Lone Yu festival.

Population

10. Chin state has a population of 458,000.



ချင်းပြည်နယ်မှ ထူးဆန်းလှပသော ဆတောင်းပြည့် ရိ(ဒ်)ရေကန်ကြီး



The unique heart-shaped Reh Lake in Chin State

ချင်းပြည်နယ်မှ ထူးဆန်းလှပသော ဆတောင်းပြည့် ရိ(ဒ်)ရေကန်ကြီး

ချင်းပြည်နယ်၏ အလှဆုံးနေရာကို ပြပါဆိုလျှင် ရိ(ဒ်)ရေကန်ကို ပြရပါလိမ့်မည်။ ရိ(ဒ်)ရေကန်သည် ချင်းပြည်နယ် ဖလမ်းမြို့နယ် အတွင်းရှိ အိန္ဒိယတောင်တန်းကြီးများအကြား လှပစွာတည်ရှိနေသည်။ ရိ(ဒ်)ရေကန်ကြီး၏ ထူးခြားမှုမှာ အသဲပုံသဏ္ဌာန်ဖြစ်ပြီး တစ်နှစ်ပတ်လုံး ရေမခန်းခြောက်ခြင်းပင်ဖြစ်သည်။ ရိ(ဒ်)ရေကန်သည် ဒေသခံများ၏ ရိုးရာကိုးကွယ်ယုံကြည်မှုများနှင့် အထွဋ်အမြတ်ထားရာဖြစ်သည်။ အိန္ဒိယဘက်မှလည်း ဆုမွန်တောင်းရန် မပြတ်လာလေ့ရှိကြောင်းသိရသည်။ မြန်မာနှင့်အိန္ဒိယကို ရိ(ဒ်)ခြောင်းကလေးဖြင့် ပိုင်းခြားထားပါသည်။ ရိ(ဒ်)ကျေးရွာကလေးသည် နယ်စပ်ဒေသကျေးရွာ ကလေးတစ်ရွာဖြစ်သည်။ ရိ(ဒ်)ရွာသို့ ဖလမ်းမြို့မှ (၆၅)မိုင်၊ တီးတိန်မြို့မှ (၃၅)မိုင် ခရီးသွားရသည်။ ကားလမ်းတစ်ခုသာ ရှိပါသည်။

The Reh lake which is unique and beautiful is believed to fulfill one's wishes

The Reh lake can be shown as the prettiest spot in Chin State. It is in Phalam Township, Chin State, between Chin Mountains and the Indian ranges. One strange characteristic of the lake is having the heart shape and being full of water all the year round. Reh lake is significant with faiths and traditions of local people in this area. People from Indian border usually come to pray at the lake. Reh stream is dividing India and Myanmar on the border and Reh village is a small border village situated 65 miles from Phalam and 35 miles from Tidim. The only access to the lake is a road.

ချင်းပြည်နယ်၊ တစ်မစ်ချိုင့်ဝှမ်း၏ ရှုခင်းမှာ သာယာကြည်နူးဖွယ် ဖြစ်ပါသည်။



The Tik Mik valley in Chin State

ချင်းပြည်နယ်၏ နံနက်ခင်း နေထွက်စ ရှုခင်းအလှ



The scene of Chin State at sunrise

ချင်းပြည်နယ်၊ ဖလမ်းမြို့၏ တစ်စိတ်တစ်ဒေသ ရှုခင်းအလှ



A partial view of Phalam in Chin State

ချင်းလူပျိုမြို့များ လက်ဖက်ခူးနေကြပုံ



Chin Belles Picking Tea-leaves

လက်ဖက်ခူးရာမှအပြန်



Homeward Bound After Picking Tea-leaves



ချင်းလုံမပျိုနှင့် ချင်းတောင်ပန်းသီးအလှ

A Chin Belle & The Apple on Chin Hill





၁၉၉၆ ခုနှစ်၊ မြန်မာ့ခရီးသွားနှစ် ဖွင့်ပွဲအခမ်းအနားတွင်

၁၉၉၆ - ခု၊ မြန်မာ့ခရီးသွားနှစ်ဖွင့်ပွဲ အခမ်းအနားကျင်းပရေး၊ ညစာစားပွဲကျင်းပရေးနှင့် လှည့်လည်ပြသ ဖျော်ဖြေရေး သတင်းမှတ်တမ်း

၁။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်ချက်အရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု ဟတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် မြန်မာ့ခရီးသွားနှစ်တွင် ခရီးသွားအထိမ်းအမှတ် ဖွင့်ပွဲတစ်ရပ် ကျင်းပပြု လုပ်သွားရန် ဦးဆောင်ညွှန်ကြားခဲ့သည်မှာ - မြန်မာ့ခရီးသွားနှစ်ဖွင့်ပွဲအခမ်းအနား၊ ညစာစားပွဲနှင့် လှည့်လည်ဖျော်ဖြေရေး အစီအစဉ်များသည် အခြားသော နိုင်ငံများက အသိအမှတ်ပြု ဖော်ထုတ်ချီးကျူးရလောက်သည်အထိ ခမ်းနားထည်ဝါစေရန်၊ ကမ္ဘာလှည့် ခရီးသည်များ အံ့ချီးဘနန်းဖြစ်စေရန်၊ မြန်မာ့ရေမြေ၊ တောတောင်အလှ သဘာဝကို မြည်းစမ်းသိရှိရပြီးနောက် တိုင်းနှင့်ပြည်နယ်များရှိ ရှုကွင်းရှုကွက်၊ ပြကွင်းပြကွက်များသို့ သွားရောက်လိုသော စိတ်များ၊ ဖြစ်ပေါ်လာစေရန် မြန်မာတို့၏ ရိုးသားဖော်ရွေမှုနှင့် မြန်မာ့ယဉ်ကျေးမှုတို့ကို လေးစားအသိအမှတ်ပြုလာစေရန် ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြင့်နှင့် နေထိုင်ခဲ့ကြသော မြန်မာတို့၏ သမိုင်းအစဉ်အလာကို သိရှိကြစေရန်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့လက်ထက်တွင် တိုင်းကျိုးပြည်ပြု ဆောင်ရွက်ချက်များနှင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတိုးတက်မှုများကို နိုင်ငံတကာက မျက်ဝါးထင်ထင် တွေ့မြင်စေရန် ဟူသော ရည်ရွယ်ချက်များအပေါ် အလေးအနက်ထား၍ ဒေသီးသားရေးတာဝန်အဖြစ် ရှုမြင်ခံယူဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း လမ်းညွှန်မိန့်ကြားခဲ့ပါသည်။

၂။ ၁၉၉၆-ခုနှစ်၊ မြန်မာ့ခရီးသွားနှစ် ဖွင့်ပွဲအခမ်းအနားကို ၁၉၉၆-ခု၊ နိုဝင်ဘာလ(၁၈)ရက်နေ့ နံနက်(၀၈၀၀)နာရီအချိန် သုဝဏ္ဏလူငယ်အားကစားလေ့ကျင့်ရေးကွင်းတွင် လည်းကောင်း၊ ညစာစားပွဲအခမ်းအနားအား ၎င်းနေ့ (၁၈၀၀)နာရီအချိန်တွင် ပြည်သူ့ဥယျာဉ်နှင့် ပြည်သူ့ရင်ပြင်၌လည်းကောင်း အသီးသီးကျင်းပခဲ့ရာ အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံတကာမှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သံတမန်များနှင့် ကမ္ဘာလှည့်ခရီးသည်များ အနေဖြင့် အခမ်းအနားအား ခန့်ညားထည်ဝါစွာ ပြင်ဆင်ထားရှိမှု ဖျော်ဖြေတင်ဆက်မှု အစီအစဉ်များ ပြန့်ပြောင်ကောင်းမွန်မှုတို့ကို အံ့သြဘနန်းချီးမွမ်းကြပါသည်။ မြန်မာလူမျိုးတို့၏ ယဉ်ကျေးသိမ်မွေ့မှု၊ ဖော်ရွေပျူငှာမှုနှင့် နွေးထွေးစွာ ကြိုဆိုမှုတို့ဖြင့် ၁၉၉၆-ခု၊ ပြန်မာ့ခရီးသွားနှစ်ကို စည်ကားသိုက်မြိုက်ထည်ဝါစွာ ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။



ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် အဖွင့်အမှာစကားပြောကြားစဉ်

The Record of the opening ceremony, the dinner and the Entertainment programmes of the Visit Myanamr Year 1996

1. Under the guidance of Chairman of the State Law and Order Restoration Council Senior General Than Shwe, Secretary 1 of the State Law and Order Restoration Council Lt-Gen Khin Nyunt gave a counsel to organize the opening ceremony of the Visit Myanmar Year 1996.

In His counsel, the secretary 1 spoke of the need to give special attention to the objectives to hold the opening ceremony of the Visit Myanmar Year 1996, the dinner commemorating the Visit Myanmar Year and entertainment programmes on a grand scale in order to win the attention and admiration of foreign nations to strive to win the praise to townists; to enable tourists to taste the sceneries of Myanmar as a mean to arouse their interest to visit tourist destinations in States and Divisions; to enable tourists to know Myanmar's sincerity and hospitality; to enable tourists to know Myanmar's past glories; and to enable tourists to witness the nation-building endeavours of the State Law and Order Restoration Council and the progress in political, economic and social sectors of the State and to materialize the objectives as a national taks.

2. The opening ceremony of the Visit Myanmar Year 1996 was held at Thuwunna Youth Sports Training Centre on 18 November 1996 at 8 am and the dinner, at the People's Square and People's Park at 6 pm the same day. The grandeur of the ceremony, the dinner and entertainment programmes have won the applause of the distinguished guests from international nations and diplomats from foreign missions and tourists. The Visit Myanmar Year 1996 was opened on a grand scale with the courteousness, hospitality and warm welcome of the Myanmar people.

အခမ်းအနား တက်ရောက်လာကြသော နိုင်ငံတော်အကြီးအကဲများ



Statemen attand opening ceremony of Visit Myanmar Year 1996

ညစာစားပွဲတွင် အက အလှ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြစဉ်



Secretary-1. Lt.Gen Khin Nyunt and dignitaries enjoying
the entertainment at the dinner in honour of Visit Myanmar Year

ငှက်များဘေးမဲ့လွှတ်ကြပုံ



Secretary-1 Lt. Gen Khin Nyunt and dignitaries seen freeing the birds

အခမ်းအနား တက်ရောက်လာသူများ



The audience at the ceremony

ရာဇဂဟ သိရိပစ္စယ ဂဇရာဇ ရတနာဆင်ဖြူတော်

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ အထက်နန်းရာအုပ်စုတွင် အသက်(၈)နှစ်ခန့်အရွယ်ရှိ ကြန်အင်လက္ခဏာအရပ်ရပ်နှင့် ပြည့်စုံသော ဆင်ဖြူတော်တစ်စီး ပေါ်ထွန်းလာခဲ့သည်။

ဆင်ဖြူတော်လေးသည် စွယ်စုံ(အထီး)ဖြစ်ကာ မျက်လုံးသည် ပုလဲအရောင်ရှိသည်။ ကျောသည် ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ကာ နားရွက်သည် အခြားသော ဆင်များထက်ကြီးမားသည်။ အမြီးသည် ဖြောင့်စင်းသွယ်တန်းကာ မြီးဆံများသည် တံခါးပိတ်ပုံသဏ္ဌာန်ရှိကြောင်း၊ ခြေသည်းများသည် ဖြူဖွေးး၍ ရှေ့ခြေသည်း (၅)ခုစီ၊ နောက်ခြေသည်း(၄)ခုစီပါဝင်ကာ အသားအရေသည် မိုးရာသီ၌ "ပန်းရောင်သန်းသည့် အဖြူရောင်"၊ ဆောင်းနှင့် နွေရာသီ၌ "အုန်းခွံရောင်သန်းသည့် အဖြူရောင်"ဖြစ်ပြီး အမွေးအမှင်များမှာ အဖြူရောင်ဖြစ်ကြောင်းတွေ့ရသည်။

အဆိုပါ ဆင်ဖြူတော်လေးအား ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ မင်းဓမ္မကုန်းတော်တောင်ဘက် မင်းဓမ္မကုန်းတော်ဥယျာဉ်အနီး မြင့်မြတ်သော ကုန်းမြေပေါ်တွင်၊ ရှေးထုံးစံများနှင့်အညီ မြေသန့်မဂ်လာပြု၊ သဲဖြူခင်း၊ ရာဇမတ်ကာ၊ အမွှေးနံ့သာရည်များ ပက်ဖြန်း၍ ပရိတ်ကမ္မဝါစာများ ရွတ်ဖတ်သရဇ္ဈယ်ထားသည့်နေရာ၌ တည်ဆောက်ထားသော ရတနာဆင်ဖြူတော်အဆောင်သို့ ပို့ဆောင်ထားရှိခဲ့သည်။

ရတနာဆင်ဖြူတော်လေး၏ ဘွဲ့အမည်မှာ "ရာဇဂဟ သိရီ ပစ္စယ ဂဇရာဇ"ဟူ၍ ဖြစ်သည်။

ယခုကဲ့သို့ ဆင်ဖြူတော်တစ်စီး ထူးထူးခြားခြား ပေါ်ထွန်းလာခြင်းသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းသာယာပြီး၊ ဘေးအန္တရာယ်အသွယ်သွယ်တို့မှ ကင်းစင်ပျောက်မည့် အတိတ်ကောင်းဖြစ်သကဲ့သို့ ဆန်ရေစပါး၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားပေါများကြွယ်ဝကာ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဘက်ဘက်မှ ပိုမိုဖွံ့ဖြိုးတိုးတက်မည့် နိမိတ်ကောင်းကို ဆောင်လျက်ရှိပေသည်။

The White Elephant
(Yaza Gaha Thiri Pissaya Gaza Yaza)


An eight-year old elephant which possesses those characteristics of a white elephant in every respect was found Ahtetnanya village-tract, Rathedaung Township, Rakhine State in Myanmar.

The young white elephant has pearl eyes, a banana bough-like back and larger ears compare to those of other elephants. Moreover, it has a long and straight tail shaped like the Tahgah Paik (closed door). It has white nails; five on each foreleg and four on each hindleg. Its skin turned pink during the rainy season while it turned light brown in winter and summer.

It arrived in Yangon on November 15th, 2001 and was brought to the holy plot of land near the Mindhamma Hillock Garden in Insein Township. The young white elephant was then placed at the temporary shed which was built on the venue where mantra recitation process was observed in rites and ritual. It was later poured with perfume blended holy water there.

The newly emerged young white elephant was named "Yaza Gaha Thiri Pissaya Gaza Yaza".

Emergence of the white elephant is a good omen for the nation at a time when the State is endeavouring to build a peaceful, modern and developed nation. It is assumed that the nation will be peaceful, prosperous and free from all dangers because of the white elephant.



ရာဇဂဟ သိရိပစ္စယ ဂဇရာဇ ရတနာဆင်ဖြူတော်

The White Elephant (Yaza Gaha Thiri Pissaya Gaza Yaza)



နိဒါန်း

မြန်မာနိုင်ငံအကြောင်း သိကောင်းစရာများကို စာပေ၊ ဆောင်းပါး၊ ဓာတ်ပုံ၊ ဗီဒီယို၊ ရုပ်ရှင်များတွင် မြင်ဖူးကြသူများရှိသကဲ့သို့ အချို့မှာ ကြားဖူးရုံမျှသာ ရှိကြပါသည်။ အချို့ကမူ ကိုယ်တိုင်ကိုယ်ကျ လာရောက်လည်ပတ်ဖူးသူများလည်း ရှိကြပါသည်။ မြန်မာနိုင်ငံအကြောင်း စိတ်ဝင်စားသော နိုင်ငံခြားစာရေးဆရာအချို့ဆိုလျှင် မြန်မာ့စကား၊ မြန်မာ့ထုံးစံများကို အသေးစိတ် လေ့လာသိရှိ နားလည်ကြပါသည်။ မြန်မာနိုင်ငံသည် အမှန်တကယ်ပင် ကမ္ဘာ့အလယ်တွင် စိတ်ဝင်စားဖွယ်ကောင်းသည့် ထေရဝါဒဗုဒ္ဓဘာသာစစ်စစ်အား ယုံကြည်ဆည်းကပ်ကိုးကွယ်သည့် ထူးခြားသော နိုင်ငံတစ်နိုင်ငံပင်ဖြစ်ပါသည်။ ဘုရားပေးသော ဆုလာဘ်အဖြစ် တောတောင်၊ စိမ့်စမ်း၊ မြစ်ချောင်းများကသာ စိမ်းလန်းစိုပြေ သာယာနေသည်မဟုတ်၊ မြန်မာလူမျိုးတို့၏ နူးညံ့သိမ်မွေ့သော နှလုံးသား၊ သနားကြင်နာတတ်သော အပြုအမူ ဓလေ့စရိုက်တို့ကလည်း အခြားနိုင်ငံသူ၊ နိုင်ငံသားအားလုံးကို မေတ္တာဓာတ်ဖြင့် ဆွဲညှို့ရစ်ပတ်ထားသည့်အတွက် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသော ဧည့်သည်တော်များသည် တစ်ဝဲဝဲ တလည်လည်ဖြင့် မခွဲနိုင်မခွာရက်ဘဲ ရှိကြရခြင်းဖြစ်ပါသည်။ မြန်မာလူမျိုးများနှင့် ဆက်ဆံရာတွင် မြန်မာ့မျက်နှာမှ အပြုံးပန်းများကို နေရာအနှံ့တွေ့မြင်နေကြရသော ထိုဧည့်သည်တို့သည် မြန်မာနိုင်ငံက မခွဲရက်နိုင်သည်မှာ သိပ်တော့လည်း မဆန်းပါပေ။ မြန်မာနိုင်ငံသို့ တစ်ခါရောက်ဖူးသော နိုင်ငံခြားသား တော်တော်များများသည် နောက်တစ်ခါ ပြန်လာပါဦးမည်ဟု ပြောသွားကြသည်ချည်းပင်ဖြစ်သည်။ မြန်မာနိုင်ငံသည် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုအနေဖြင့် အနည်းအပါးအားနည်းနေသည်ဟု ဆိုရသော်လည်း စိတ်ပိုင်းဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှု၊ တစ်နည်းအားဖြင့် စိတ်ချမ်းသာအောင် ဖန်တီးမှုအပိုင်းတွင်မူ မည်သည့်နိုင်ငံနှင့်မျှ နှိုင်းယှဉ်၍မရအောင် ချမ်းသာလှပေသည်။ ထိုစကားရပ်သည် မြန်မာများပြောသော စကားရပ်မဟုတ်ပါ။ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားများ ပြောသော စကားပင်ဖြစ်ပါသည်။ ကမ္ဘာလှည့် ခရီးသည်များမှ ဘာသာရေးယုံကြည်ချက် (ဗုဒ္ဓဘာသာအပေါ် ယုံကြည်မှု)၊ လူမှုရေးနှင့် ယဉ်ကျေးမှုအဆင့်အတန်းအား လေ့လာသုံးသပ်နိုင်ရေးအတွက် မြန်မာနိုင်ငံသို့ လာရောက်ကြရာဝယ် ဗုဒ္ဓဟောကြားတော်မူခဲ့သော တရားစစ်၊ တရားမှန်များကို လေ့လာသုံးသပ် စမ်းသပ်ကျင့်ကြံပြီး မြန်မာတို့၏ ရိုးသားဖြူစင်လှသော စိတ်ဓာတ်ဖြင့် နွေးထွေးသော ပြုစုယုယဆက်ဆံမှုများကို ခံစားရသောအခါတွင်မူ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အချမ်းသာဆုံးနိုင်ငံတစ်နိုင်ပါဟု မှတ်ချက်ပြုသွားကြပါသည်။ အချမ်းသာဆုံးဆိုသည်မှာ အမှန်တကယ်ချမ်းသာမှုကို ပေးစွမ်းနိုင်သည့် စိတ်၏ အပမ်းဖြေရာ၊ စိတ်ကို နှစ်သိမ့်နိုင်စရာ၊ စိတ်ဖြေစရာ၊ စိတ်သန့်ရှင်းစင်ကြယ်အောင် တည်ဆောက်နိုင်စေရာ ဗုဒ္ဓဟောကြားထားသည့် တရားတော်များကို အမြဲမပြတ်နာယူမှတ်သားနေရသော အကျိုးတရားများကြောင့် မြန်မာလူမျိုးတို့ စိတ်ချမ်းသာနေရခြင်းဖြစ်သည်ကို ဆိုလိုကြခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် နိုင်ငံခြားသားများပှတစ်ဆင့် ပြောကြားသော စကားရပ်တစ်ခုမှာ မြန်မာနိုင်ငံတွင် စိတ်ကိုသန့်ရှင်း စင်ကြယ်အောင် ပြုလုပ်ပေးသော စက်ယန္တရားကြီးရှိနေပါသည်။ ၎င်းမှာ အခြားမဟုတ်ပါ။ ဗုဒ္ဓ၏ တရားတော်များနှင့် ကိုးကွယ်ဆည်းကပ်ရာအဖြစ် ရတနာသုံးပါး ရှိနေခြင်းဖြစ်ပါသည်။ ဘုရား၊ တရား၊ သံဃာ စသော ရတနာသုံးပါးအား ယုံကြည်စွာကိုးကွယ် ဆည်းကပ်ခြင်းအားဖြင့် အမြဲတမ်းစိတ်ထားဖြူစင်မြင့်မြတ်ပြီး စိတ်ချမ်းသာနေမည်ဖြစ်ပါသည်။ ရွှေမြန်မာတို့သည် ဘာသာတရားအပေါ် ယုံကြည်မှု ရှေးယဉ်ကျေးမှုကို စဉ်ဆက်မပြတ် ထိန်းသိမ်းမှု၊ မျိုးချစ်စိတ်ဓာတ်ရှိမှုတို့ကြောင့်လည်း မြန်မာနိုင်ငံဟု ကမ္ဘာ့အလယ်မှာ အရှည်တင့်တယ်စွာ ရပ်တည်နေနိုင်ခြင်းဖြစ်ပါသည်။ ဗုဒ္ဓ၏အဆုံးအမနှင့် မူလရှိရင်းစွဲ ရိုးသားဖြူစင်သော စေတနာ သဒ္ဓါတရားကြောင့်လည်း မည်သည့်လူမျိုး၊ မည်သည့်ဘာသာနှင့်မဆို အဆင်ပြေအောင် ပေါင်းသင်းဆက်ဆံ နေထိုင်နိုင်ခြင်းဖြစ်ပါသည်။ မြန်မာလူမျိုးတို့၏ စိတ်ရင်းသဘောထားမှာ အတ္တမလွန်ကဲဘဲ အတ္တ ပရမျှတသော လူမျိုးများဖြစ်ပါသည်။ မိမိကိုယ်တိုင် ခံစားရမှ စည်းစိမ် ချမ်းသာလို့ မယူဆဘဲ သူတစ်ပါးအားလည်း ကျွေးမွေး ပေးကမ်းစွန့်ကြဲ၍ ပီတိဝေဖြာ စိတ်ချမ်းသာမှု ရယူကတ်ကြပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ သဘာဝ ပသာဒ ရှုခင်းရှုကွက်များ၊ မြန်မာတို့၏ ဓလေ့စရိုက် လိုက်လျောညီထွေရှိသည့် ပျော်ရွှင်ချမ်းမြေ့မှုကို အတူတကွ ခံစားနိုင်ကြစေရန်အတွက် မြန်မာများက ကမ္ဘာသူကမ္ဘာသားအပေါင်းအား မြန်မာနိုင်ငံသို့ လာရောက်လည်ပတ် လေ့လာနိုင်ကြပါရန် စိတ်ကောင်းစေတနာဖြင့် ဖိတ်ကြားလိုက်ရပါသည်။

သူရမြင့်မောင်

Epilogue

Facts on Myanmar, its people and its culture, are known to some foreigners through newspapers, books, TV etc. Some have just heard of the name while some have the chance even to visit and personally know Myanmar. There are also a few foreign writers who have come and diligently studied Myanmar language, history and culture, and have written some books.

It is true that, among nations of the world, Myanmar is the only one that has inherited and practised the true Theravada Buddhism. Myanmar is also blessed with the beauties of nature such as blue mountains, green fields, great rivers, small streams, serene lakes and mysterious caves. Above all, Myanmar nationals have, in their possession, a rare gem called "*Metta Cetana*", i e. the All-embracing love, or love to all living beings.

This *Metta* (Loving kindness) radiates in the face and manners of all Myanmar nationals. It attracts and charms visitors to Myanmar, who cannot help but feel the response in their own hearts because it says, love begets love. Thus they feel sad that their wonderful vacation days are so short and that parting from this lovely land has come so swift. Then they all decide to come back soon, in very near future.

The one thing all visitors say in their departure is that Myanmar is spiritually the richest nation in the world. We Myanmar are proud and so much obliged for the tribute to our nation. It is true that Myanmars value *Metta*, the spirit of compassion, above all else. Even farmers and workers, who are not so well-off, have the blessed Myanmar spirit that "Our guests much have the best things at our home". They will feel hurt if they are paid, because the coming of guests itself has already paid a great tribute to their home. That is why Myanmars call visitors to their home as "Golden Guests".

This spiritual richness, of course, has come from the "*Teachings of Buddha*, which are known as "*Dhamma*". Though Buddha, the teacher, has passed away, the teachings still live, inherited and disbursed by monks, or our "*sangha*". These *Three Gems* (Buddha, Dhamma and Sangha) are the riches we all Buddhists inherit and we need no more. We may work for some material things but they don't count so much.

Visitors to Myanmar, because they come more or less from industrialised countries, often give the remark that there is a Great Machine in Myanmar to purify the mind of the people and make them happy and contented. It is an apt remark and the Great Machine is none other than the *Three Gems*. These gems mould our people to become well-balanced persons, abstaining from evils and doing good as best we can.

We wish that more visitors may come and share these benefits of spiritual richness (the Great Machine work all time and answers to everyone who touches) while, at the same time, they may witness the unique natural beauties that make Myanmar well-known as the Golden Land.

ရာစောဆနဓာကြည်မိုးထိပ်
ဓာတ်နှစ်ဆောင်ထွန်းကားပြုံးဝေးဦးစီးဖွင့်.
ဘွဲ့ဒေးဝေးရန်ဝမ်း

Thu Ra Myint Maung

ဖြန့်ချိရေး

ချမ်းသာစာပေ

အမှတ်-၁၂၀၊ ၃၄ လမ်း(အလယ်)

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၂၈၇၅၅၀

Design: Future World Graphic Studio